
The YATI MAGAZINE
Vol. 11,No.127, OCTOBER,2014
စိန်စမ္ပယ်ဖူး
စိန်တိုက်
အမှတ်(၁၆၉)၊ ၈၄ လမ်း၊ ၃၁ - ၃၂ ကြား၊ မန္တလေး။


The YATI MAGAZINE
Vol. 11,No.127, OCTOBER,2014

MEDIA GROUP
Asian Fame Media Group

ငွေသော်တာ
CEO
ceo@popularmyanmar.com

The YATI MAGAZINE
VOL-11, NO-127, OCTOBER, 2014
စာပေအနုပညာမဂ္ဂဇင်း

**Editorial & Technical Director** ဖိုးနိုင်လင်း (ponainglin@gmail.com)
**Art Director** မောင်မောင်အောင် (cartoonmma@gmail.com)
**စီမံအုပ်ချုပ်ရေးမှူး** ဒီဇိုင်းပန်းချာန် (pannzan@gmail.com)
**တာဝန်ခံအယ်ဒီတာ** ဒေါက်တာမြင့်သူဇာထွန်း (zarkalay174@gmail.com)
**Creative အယ်ဒီတာ** နွေးနွေးစစ်အောင် (nwaynwaysisaung@gmail.com)
**အမှုဆောင်အယ်ဒီတာ** ဖြိုးစုပိုပို (phyoesupopo@gmail.com)
**ကဗျာအယ်ဒီတာ** လင်းထိပ်သျှင်
**လက်ထောက်အယ်ဒီတာ** သီတာစိုး၊ နေရီရီလင်း
**ဒီဇိုင်း** လင်းထွဋ်၊ ဖိုးမြတ်လင်း
**လက်ထောက်ဒီဇိုင်း** ဝင်းဝင်းလှိုင်
**စာစီစာရိုက်** ခင်သက်လှိုင်
**စာပြင်** ဥမ္မာအေး၊ ခိုင်ဖူးဝေ
**ကြော်ငြာအဖွဲ့** တင်စန္ဒာဝင်း (Manager)
သက်ဝေစံ (Marketing Communication Coordinator)
ဌေးလင်းအောင် (Assistant Manager)
**ဘဏ္ဍာရေးအဖွဲ့** မိုးယုမာ
(လက်ထောက်အထွေထွေ မန်နေဂျာ)
ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊
နီလာဝင်း (လ/ထ မန်နေဂျာ)
**ဖြန့်ချိရေးအဖွဲ့** သက်ထွန်းအောင်၊ ညီညီနိုင်၊
သောင်းမြတ်ကျော်၊ ထူးထူးအောင်
**ရုပ်ပုံဓာတ်ပုံပညာရှင်** ဝဏ္ဏခွာနီး၊ အေးဇော်မိုး(စက်မှု)၊
ကိုလင်း (Studio K)၊ မျိုးမြင့်ဆွေ (eye box - studio)၊
ကိုနိုင်(Popular)၊ နေရန်အောင်

**ထုတ်ဝေသူ** ဒေါ်နန်းကလျာဝင်း (၀၄၃၀၈)
**ဥပဒေအကြံပေး** ဦးအီနုစ် (တရားရုံးချုပ်ရှေ့နေ)
**ဖလင်** Eagle
**အတွင်းကာလာခွဲ** ကမ္ဘာဦး
**စာအုပ်ချုပ်** ရွှေသမီး
**တန်ဖိုး** ၂၀၀၀
**အုပ်ရေ** ၁၅၀၀
**ပုံနှိပ်** ငွေကံ့ကော် (မြ-၀၆၃၆၁)၊
အောင်သိန်းသန်း (မြ-၀၅၉၉၂)

**အယ်ဒီတာအဖွဲ့ရုံးခန်း**
အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၇၇၂၈၃၄
စာတိုက်သေတ္တာအမှတ်-၁၄၀
e-mail address : yatimagazine@gmail.com
facebook address : http://www.facebook.com/yatimagazine

**မန္တလေးရုံးခွဲ**
အမှတ် ၁၉၊ လမ်း ၃၀ (၆၅ × ၆၆) လမ်းကြား၊ မန္တလေးမြို့။
ဖုန်း- ၀၉-၄၀၂၆၃၇၃၉၆၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**
ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂

**ဒို့တာဝန်အရေးသုံးပါး**
- ပြည်ထောင်စု မပြိုကွဲရေး ··· ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ··· ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ··· ဒို့အရေး

**ပြည်သူ့သဘောထား**
- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# အယ်ဒီတာနှုတ်ခွန်းဆက်

ရွှင်လန်းပျော်မွေ့ချမ်းမြေ့သာကြည် - ရတီ

## အာရောဂျံ ပရမံလာဘံ

လူတိုင်းတွင် သက်ရှည်ကျန်းမာလိုစိတ် ရှိကြပါသည်။ ထို့ကြောင့် အသက်ရှည်ရာ အနာမဲ့ကြောင်းနည်းလမ်းတွေကို ရှာဖွေကြသည်။ ဓာတုဆေးဝါးမျိုးစုံဖြင့် ဇီဝကို ကျားကန်ကြသည်။ အသက်ရှည်အနာကင်းသူတွေ အဘယ်ကြောင့် သက်ရှည်ကျန်းမာနေကြသည်ဆိုခြင်းကို လေ့လာသုတေသနပြုကြရာဝယ် ဓာတုဆေးဝါးဖြင့်ကျားကန်ခြင်းထက် သဘာဝအတိုင်းရိုးရိုးလေးနေသည်က ပို၍ အစွမ်းထက်ကြောင်းကို သိကြရလေတော့၏။ ထို့ကြောင့် သဘာဝဓာတ်စာတွေ သဘာဝကုထုံးတွေကို လေ့လာရှာဖွေကြပြန်သည်။ ဤတွင် တိရစ္ဆာန်တို့၏ အသားကိုလျှော့ပေါ့စားသုံးခြင်းကလည်း သက်ရှည်ကျန်းမာရေးကို အထောက်အကူပြုကြောင်း သိလာကြလေတော့သတည်း။

တိရစ္ဆာန်တို့၏ အသားစားသုံးခြင်းကို လျှော့ချခြင်းသည် အမျိုးသမီးထုကြီးကို ထိပ်ဆုံးက သတ်ဖြတ်နေသူဖြစ်သော နှလုံးရောဂါဖြစ်ပွားခြင်းကို လျော့ကျစေသည်ဟု ကျန်းမာရေးသုတေသီတို့က ဆိုကြသည်။ နီရဲသောအသားနှင့် အမျိုးမျိုးအဖုံဖုံပြုပြင်စီရင်ထားသော အသားတို့တွင် အဆီဓာတ်များစွာ ပါဝင်နေပြီး၊ ယင်းတို့ကြောင့် မကောင်းသော ကိုလက်စထရောများ ခန္ဓာကိုယ်တွင်းများပြားလာစေကာ နှလုံးသွေးကြောကျဉ်းခြင်းနှင့် အခြားနှလုံးရောဂါတို့ကို ဖြစ်ပွားနှုန်းကို မြင့်တက်စေကြောင်း ဆိုကြသည်။ တိရစ္ဆာန်တို့၏အသားကို လျှော့ပေါ့စားသုံးခြင်းသည် ကျန်းမာရေးကို ပိုမိုကောင်းမွန်စေသည်သာမက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုး အမြတ်များကိုလည်းရရှိစေသည်ဟု သုတေသီတို့ကဆိုကြပါသေးသည်။

ထို့ကြောင့်ပင်လျှင် 'အပြည်ပြည်ဆိုင်ရာ သက်သတ်လွတ်စားသုံးသူများ သမဂ္ဂ' အဖွဲ့ကြီးက နှစ်စဉ်နှစ်တိုင်း၏ အောက်တိုဘာလ ၁ ရက်နေ့ကို 'ကမ္ဘာ့ သက်သတ်လွတ် နေ့' ဟူ၍ သတ်မှတ်ကာ ထိုလတစ်လလုံးတွင်ပင် သက်သတ်လွတ်စားသုံးခြင်းဆိုင်ရာ ဟောပြောပွဲများ၊ စည်းရုံးခြင်းများ အပါအဝင် အခြားအခမ်းအနားများကို ကျင်းပလေ့ ရှိကြသည်။

ကမ္ဘာ့သက်သတ်လွတ်နေ့၏ ဆောင်ပုဒ်မှာ 'သက်သတ်လွတ်စားသုံးခြင်းဖြင့် သက်ရှည်ကျန်းမာပျော်ရွှင်မှုကိုမြှင့်တင်ရန်' ဟူ၍ဖြစ်ပါသည်။

ထို့ကြောင့်ပင်လျှင် ကမ္ဘာ့သက်သတ်လွတ်စားသုံးခြင်းနေ့ကို အလေးဂရုပြုခြင်း အဖြစ်လည်းကောင်း၊ သက်သတ်လွတ်စားသုံးခြင်းနှင့်ပတ်သက်၍ စာဖတ်သူတို့ သတိပြုမိစေရန်အတွက်လည်းကောင်း ယခုလထုတ် ရတီမဂ္ဂဇင်း၏ မျက်နှာဖုံးနှင့် ဖက်ရှင်ကဏ္ဍဝယ် အသီးအနှံများဖြင့်သာ ဆင်ယင်ထားသော ဖက်ရှင်များကို ထည့်သွင်းဖော်ပြထားပါသည်။

လစဉ်ပါနေကျ သိမှတ်ဖွယ်ရာကဏ္ဍများအပြင် ဝါလကင်းလွတ်သီတင်းကျွတ်ဝယ် လက်ထပ်မင်္ဂလာပွဲများကျင်းပ ပြုလုပ်ကြမည့် မင်္ဂလာမောင်နှံတို့အတွက် သိသင့်သိထိုက်ရာတို့ကို ပြီးခဲ့သည့်လက ဖော်ပြခဲ့သော်ငြား ယခုလတွင်လည်း ထပ်မံရောက်ရှိလာသည့် ဆောင်းပါးအချို့ကို ထပ်မံဖော်ပြထားပြန်သလို၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင်ကျရောက်သည့် 'ဟယ်လိုဝင်း' ပွဲတော်ဆိုင်ရာ ဖက်ရှင်ဒီဇိုင်းများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။


**စာဖတ်ပရိသတ်အပေါင်း**
**သက်ရှည်ကျန်းမာပျော်ရွှင်ကြပါစေကုန်သတည်း**
**အယ်ဒီတာအဖွဲ့**

YATI

MAGAZINE

# CONTENTS

VOL.11, NO.127, OCTOBE




2 အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ

7 မင်းဆွေနှစ်(မုံရွာ)၊ လင်းမြတ်အိမ်၊ ငွေကြည်(စလင်း)၊ မော်မင်းသန်း၊ လေပြည်ချမ်းချမ်း၊ မင်းညွန့်လှိုင်

ကာတွန်း

13 မြေဇာ၊ မောင်မောင်၊ အာကာ၊ လှကြီးမင်း၊ ကိုညာဏ်

ရတီအထူးကဏ္ဍ

Cover
မေဝရေ့စ်

26 Flash Back Fashion
သော်မျိုးနောင်
နေရီရီလင်း

31 Joyful Event
မြင့်မြတ်သော်တာ၊ နှင်းပွင့်ကေရီ၊ ချမ်းမင်းရဲထွဋ်၊ J Naw၊ ဥက္ကာမင်းသာ၊ နန်းဝန္နာလှထွန်း၊ ညီလင်းထက်၊ မေဘာရဏီသော်၊ မင်းကျော်သာ၊ ဝိုင်ဖြိုးသု
သီတာစိုး၊ နေရီရီလင်း

48 Special Cover Image
ပက်ထရစ်ရှာ
ဖြိုးစုပိုပို

58 Updating Fashion
လွှမ်းပိုင်၊ Bobby Soxer
သီတာစိုး

66 Now You See Me
ဂုမြတ်နှီးကျော်
သီတာစိုး

74 Mod Mom
မြရွှေဝါ၊ Gucci၊ Kisscurl
ဖြိုးစုပိုပို



# Joyful EVENT

MODEL . MYINT MYAT THAWDAR
MAKE UP . SOE SOE DARLI / DESIGNER . KAUNG SET THU
PHOTO . KO LINN ( STUDIO K )
ARRANGED BY THIDASOE

YATI
MAGAZINE

# CONTENTS

VOL.11, NO.127, OCTOBER, 2014

78 Wings of Hope
လွန်းမိုးယံ
ဖြိုးစုပို

82 Music Plus Yati
Because We're Musicians Orpheus
Band
Zigzag

86 သူပြောတဲ့ သူ့အကြောင်း
မင်းသွေး
သီတာစိုး

91 Strategic Notes
ဒေမင်းမိုမို၊ အဲလက်စ်၊ ယွန်းယွန်း
ဖြိုးစုပို








96 Beyond the Women
ဆွေရင်ထိုက်
ဖြိုးစုပို

170 စကားပြောသော နေ့စွဲများ
နွေနီဒါန်း

## ရတီနိုင်ငံတကာ

22 Beatles အဖွဲ့ကို ပုံဖော်ခဲ့သူ
ဂျွန်လင်နွန်
သိမ့်နှင်းအိမ်

134 တော်ဝင်မဟုတ်သော်ငြား
စည်းလုံးခြင်းကို အားအဖြစ်ယူ
ကာ နိုင်ငံကိုအုပ်ချုပ်နေတဲ့
ဘယ်လ်ဂျီယံတော်ဝင်တို့
အကြောင်း
နန်းစံမဒီ

140 Beauty & Hair
တင်လတ်သွန္တာမိုလ်

176 Twilight ဝတ္ထား
ရော်ဘတ်ပက်တီဆင်နဲ့
ခရစ္စတင်းစတီးဝတ်
ရဲသစ်

180 Int'l Music News
ဖြိုးဖြိုး

184 Int'l Fashion Week



YATI
MAGAZINE

# NTENTS

.. NO.127, OCTOBER, 2014


189 Bollywood News
AKM

195 ရတီကိုရီးယား
ငင်မြင့်စံ

102 မမရတီအမေးအဖြေ

ရတီအသောအတွေ့
198 ကတ်သီးကက်သတ်ပြောတဲ့
တောက်တီးတောက်တဲ့

201 Facebook Funnypage

ရတီကျန်းမာရေး
107 မောင်မခေါ်ရာ မယ်မလိုက်နိုင်တဲ့
ဒေါက်တာမြင့်ဦး (ဂျီပီ)
110 ချမ်းမြေ့ပျော်ရွှင်အိမ်ထောင်ရှင် – ၂
ဒေါက်တာဇာနည်ဝင်း

104 လှပစိုပြည်ရတီမေ
မာဦး

ရတီဆောင်းပါး
20 ရဟန်းနှင့် ဝါလွန်မီဒီယာလွတ်လပ်ခွင့်
မမှဂရိ
129 ခန္ဓာကိုယ်ခုခံစွမ်းအားကို မြှင့်တင်ပေးတဲ့ ဟင်းသီးဟင်းရွက်များ
အေးစီချို
132 လောကသုံးပါး၏ ယမန့်အမြဲအမနေ
ကျော်ဦး







# YATI MAGAZINE

# CONTENTS

27, OCTOBER, 2014




## ပူးနှသစ်လွင် ကဗျာဥယျာဉ်

172 လင်းဆုပိုင် (ခန္တီး)၊ လင်းအိမ်ငယ်၊ ဒွန်သီဟ (ပဲ)၊ မောင်ကြည်နိုင် (သံတွဲ)၊ ဒေါက်ဒေါက်၊ မင်းအိမ်၊ ဝင်းမင်းထက်၊ ဖြိုးသစ်

## ရတီဗေဒင်

160 ဒေါက်တာမြတ်သစ် (မန္တလေး)

163 တက္ကသိုလ်စိုးမိုးနိုင်

## ရည်ညွှန်းပွဲ့သိ ချစ်သူဆီ

155 ထိုက်တန်တဲ့ အမှောင်ညတွေ
**ရည်ဝေ(လင်းရောင်ခြည်)**

## ရတီဝတ္ထုတို

112 ငှက်မြစ်ရင်ကွယ်
**မီမိုး**


118 ဂျဉ်းမျှာကာလေး
**သတိုး**

122 လွှန်
**တက္ကသိုလ်စိုးစံ**

146 ကြောက်ကြေး
**မြတ်ကိုကို (ရကွ)**

150 သိပ်လှတဲ့ သတို့သမီးလေး
**ဖြိုးဖြိုး**


ပန်းချီသရုပ်ဖော်
မောင်နိုး၊ မြတ်မင်းဟန်၊ စိုးသော်တာ၊ ခေတ်ဘုန်းမိုး၊
လင်းငြိမ်၊ ပန်းချာန်



# ရန်ကုန်

ခုဟာက
လမ်းဆုံလမ်းမလား
လမ်းပျောက်နေတာလား
ကုန်းလမ်းကမရရင်
ရေလမ်းနဲ့သွားလို့မရဘူးလား

အမှောင်နဲ့မကျွတ်မလွတ်သေးတဲ့ခေတ်ကြီး
ဒီထက် အမှောင်နဲ့ ထွန်းညှိနေရတဲ့ခေတ်ကြီး
အများကိုတရားချလည်း
တရားက မတရားတော့
မြစ်ကို အလျားလိုက်ကူးသလို
ညတာက ရှည်သင့်တာထက် ပိုရှည်
ငြိမ်းချမ်းရေးအတွက် စစ်တိုက်တာတွေ ရပ်ပါတော့

လူတစ်ယောက်မှာ မြေဘယ်လောက်လိုသလဲ
တချို့က လိုတာထက်ပိုပြီး
တချို့မှာတော့
အိပ်စရာမြေမရှိ ပြေးစရာမြေမရှိ

သမ္မတကြီးမိန့်ခွန်းပြောဖို့
ငါတို့က သရုပ်ဆောင်နေရတာလား
ဇာတ်လမ်းက အချိတ်အဆက် မမိတော့ဘူး
ဘဝတွေကို ကြိုးဖြေလွှတ်လိုက်တယ်
ခုချိန်က
တယောထိုးရမယ့် အချိန်လား

အမေ
သား အိပ်မက်တွေ မကောင်းဘူး
ရောမမြို့ကြီးလည်း ဘေးကင်းပါစေ
ရန်ကုန်လည်း ရန်ကုန်ပါစေ။

**မင်းဆွေနှစ် ၊ မုံရွာ ၊**

# မြောက်ဒဂုံ

လမ်းမတွေပေါ် ဖြတ်လျှောက်မိတဲ့
ခြေထောက်တွေက
ချိုင့်ခွက်အပြည့်
မှတ်တိုင်ဟာ
စူးနစ်နေတဲ့ ဒဏ်ရာတစ်ခုလို
အသံတွေ နားထဲတိုးဝင်
နစ်မွန်းတဲ့
မြို့ပြညတွေကို ကျော်ဖြတ်ရင်း
ဒဂုံတက္ကသိုလ်ရဲ့ ခြေသံတွေ
ကားပေါ်က စီးကျလာတဲ့ ခြေသံတွေ . . .

လမ်းပေါ်က ဖိနပ်တစ်ရန်ဟာ
မနက်ဖြန်ရဲ့ အိပ်မက်တစ်ခုလို
နာနာကျင်ကျင်



အသက်ရှူသံတွေ
ညည်းတွားလာခဲ့ . . .
ဒဂုံရေ
နွံထဲကျွံကျနစ်မြုပ်နေတဲ့ အရောင်စိုစိုပုံရိပ်တွေ
ခြေရာကောက်ရှာပုံတော်ဖွင့်ဖို့
လူငယ်လေးတစ်ယောက် ရောက်ရှိလာပေ့ါ
ကျောကုန်းပေါ် လေပြည်ငွေ့ငွေ့အတွက် . . . ။

**လင်းမြတ်အိမ်**

# ရေနံချောင်း

တောင်ကုန်းတွေအတုံးလိုက် အတစ်လိုက်
ခေတ်အဆက်ဆက်သယ်ဆောင်လာခဲ့ သမိုင်းရုပ်ပုံလွှာ
ရာဇဝင်ထဲ သွေးလိုစီးဆင်း ပြင်းလိုက်တဲ့လက်သံ ချစ်ခြင်းနဲ့ ရန့်ထုံလိုက်ရ
ယုံကြည်ချက်ရိုးတံအတိုင်း အလွမ်းတွေသီးလို့
လွန်းပျံကားစီးပြီး လွမ်းလွမ်းပြန်သွားခဲ့ရ အိပ်မက်လေးချိုချို
လွတ်သွားတဲ့ ကော်ဖီလို အငွေ့ပျံတေး၊ ရွှေဘုံသာလမ်းထိပ်၊ ပန်းဆိုင်းများ
ဟိုဝေးဝေးကနင်းတွေလို သီချင်းလေးဆိုဆိုပြီး ခြစ်လိုက်ချင်ရဲ့.
မြစ်တစ်မြစ်ထဲ ရေနစ်ခါ မစီးနိုင်ပေမဲ့
ချောင်းပြင်ထဲ နှင်းဆီတွေရဲရဲနီအောင် ပွင့်နေတဲ့မြို့.
အညာထနောင်း ယာခယောင်းနဲ့ ရှုမျှော်ခင်းစားကျက်က တောတောင်ဆန်
မိုးခေါင်ခေါင် သောင်ထွန်းပေမဲ့ စီးလိုက်ဟော့မြစ်ရေ
ဧ ရာ ဝ တီ မ ရုပ် နဲ့
မတ် တတ် ရပ် နေ တဲ့ အ လံ
နှစ်ပရိစ္ဆေဒရဲ့. သက္ကရာဇ်တစ်ခုမှာ သူ့အနှစ်တွေ ရွှေဖြစ်ခဲ့
လက်ဆင့်ကမ်းအခန်းဆက်နဲ့ ငါတို့လက်ထဲ မီးမငြိမ်းကဗျာ
ထရမ်းပက်တစ်ထောင် ပြိုင်တူ မှုတ်လိုက်ကြ
အရင်တုန်းက ရွှေထီးဆောင်း
အခုလည်း မဟောင်းဘူး

ဒွေးကြည် (စလင်း)



# စစ်ကိုင်းတောင်လွမ်းချင်း




အဲဒီနေ့က
သမိုင်းပြောင်မညှိုးတဲ့
စစ်ကိုင်းတောင်ရိုးက
လွမ်းစရာ မဟာသမယကို
ကိုယ်ရယ် သူရယ်
ဒုတိယမ္ပိ ရောက်ခဲ့ကြတယ်
လေထဲမှာ
အတိတ်က ဆွတ်ပျံ့ဖွယ်ရနံ့
တောရနံ့တောင်ရနံ့
အလွမ်းရနံ့တွေ သင်းလို့
မဟာသမယရင်ပြင်ဆီ
သူရယ်ကိုယ်ရယ်တစ်လှမ်းချင်းလှမ်းခဲ့ကြ
ပင့်သက်ရှိုက်မောသံတွေကိုတော့
နှစ်ဦးသားပဲ ကြားနိုင်လိမ့်မယ်
ကိုယ်ပေးလိုက်တဲ့
တရုတ်စကားပန်းတွေ သူပန်ဆင်လိုက်တော့
လွန်ခဲ့တဲ့ ရှစ်နှစ်ဆီကအတူဆိုဖူးတဲ့
မင်းပြုံးရင် ပန်းတို့ပွင့်တယ်လို့ သီချင်းလေး
ပြန်လည်ကြားယောင်လာမိတယ်

စစ်ကိုင်းတောင်ကမ်းပါး
ကျောက်လှေကားထက်ဆီ
လျှောက်လှမ်းကြရင်း
နုပျိုတဲ့ ရင်ခုန်သံတွေနဲ့အတူ
ပန်းချီကားထဲ လမ်းလျှောက်ခဲ့တဲ့ညလေးကို
ကိုယ်ရယ်သူရယ် ရှာဖွေနေမိတယ်
မဟာသမယရင်ပြင်
အနောက်မြောက်ထောင့်က
နှစ်ဦးသားထိုင်ခဲ့တဲ့
အုတ်ခုံဟောင်းလေးပေါ်မှာ
စကားပန်းနှစ်ပွင့်တွေ့ခဲ့ကြရင်
လောကဇာတ်ခုံပေါ်က
ဘဝတစ်နေရာ
ကိုယ်တို့နှစ်ဦးရဲ့ ဇာတ်လမ်းလေးကို
စစ်ကိုင်းတောင်နဲ့ ဧရာဝတီက
ပြန်ပြောပြနေလိမ့်မယ်။

**မော်မင်းသန်း**




# ကျောက်ပန်းတောင်း

‘ရာဇဝင်ထဲက မြို့’ တော့မဟုတ်ဘူး။
‘ရာဇဝင်အသစ်တည်တဲ့ မြို့’။

မြန်မာတို့ရဲ့ စံ - ‘ပုဂံ’
မြန်မာတို့ရဲ့ မာန် - ‘စေတီပုထိုးတွေနဲ့’
မြန်မာတို့ရဲ့ အား - ‘ဘာသာတရား’
မြန်မာတို့ရဲ့ အမွေအနှစ်တွေက
သူ့နံဘေးပတ်လည်မှာ ဝန်းဝန်းဝိုင်းဝိုင်း
ဒါ့ကြောင့်လည်း ယဉ်ကျေးမှုနဲ့ ပတ်သက်ရင်
သူ့နှလုံးသားက
ခြေခြေမြစ်မြစ် သွေးကြီးတတ်တာပဲ။

မနက်နိုးရင်
ငှက်ကျေးတွေရဲ့ ဒီဂျေမလိုတဲ့ တေးသီချင်းဟာ
ခေတ်ဆန်ဆန် ယဉ်ကျေးကျေး
တစ်နေ့လုံး မနားတမ်း ပီယဝါစာကျူးရင့်လိမ့်မယ်
သဘာဝအစစ်ရဲ့ နွှန်းစတော့လိုက်ဖ်ရှိုး
ဒီမြို့ ... တစ်နှစ်ပတ်လုံး ကျင်းပလေ့ရှိတယ် ...။
ရေပြင်တွေ ပတ်လည်မဝိုင်းဘူး။
သောင်ပြင်တွေ ပတ်လည်မဝိုင်းဘူး။
ထန်းပင်တွေ ပတ်လည်ဝိုင်းနေတဲ့
မြေနီလွင်ပြင်ရဲ့ အပီအပြင်အိုအေစစ် ...။

ညဉ့်နက်သန်းခေါင်နဲ့ အရုဏ်ချိန်ဆို
‘အပူပိုင်းဒေသရဲ့ အနွေးထွေးဆုံး အရပ်’ ဆိုတာ
ဥတုလက်တံသုံးပါးလုံးမှာ မေ့လျော့အောင်
အေးစိမ့်တဲ့ ရေမြေသဘာဝနဲ့
စကားဝါမြေ ပုပ္ပါးတောင်ရိပ်အောက်က
ရေကောင်းမြေကောင်း ချစ်စရာ့ဌာနေ။

တစ်ခါက အနီးနား
သနပ်ခါးဘဲကျားနဲ့ ရေခပ်ဆင်းတဲ့လုံမပျိုတွေ
ခုနေခါတော့ စက်ရေတွင်းနဲ့ ထော်လာဂျီနဲ့
ကွန်ပျူတာကို ကျွမ်းကျွမ်းကျင်ကျင် နှိပ် ... လို့
အပြောင်းအလဲမှာ ဘယ်တော့မှ
ခေတ်နောက်ကျ မကျန်တတ်တဲ့
ထက်ထက်မြက်မြက် မြို့ကလေး
ဆယ်ဘီးကားတွေလည်း ပေါသေးတယ်။
ဘယ်တော့မှ ပြောင်းလဲမသွားတတ်တာက
နှစ်ဆန်းတစ်ရက် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းအလှူ
အလှူရေစက်လက်နဲ့မကွာ နွေမိုးဆောင်း
ဝေစည်နေတဲ့ အိုးစည်ဒိုးပတ်သံတွေ၊
အရိပ်ကောင်းတဲ့ ပင်ခြေအောက်
ကြည်စိမ့်လတ်ဆတ်တဲ့ စေတနာရေချိုအိုးတွေ ...။
ကုက္ကိုပင်ရိပ်က ပျူပျူငှာငှာ လက်ကမ်းကြိုတတ်တဲ့
စံပယ်လို ဖြူနု၊ နှင်းဆီလိုမွှေးပျံ့၊ ခရေလို အနံ့မပြယ်တဲ့
အညာရနံ့ဆွတ် စိတ်နှလုံးသန့်သန့်တွေ ...။

သူ့အစဉ်အလာတွေက
သူ့သွေးကြောမှာ ခိုင်ခိုင်မာမာကပ်တွယ် ...
ခေတ်တစ်ခုလုံး ကျောပေါ်မှာတင်ရင်း ...
လှုရည်ချွန်ပေါတဲ့ သူ့မှာ ...
ကမ္ဘာကျော်တွေ မွေးထုတ်ပေးမယ့် စိတ်ကူးနဲ့
အနာဂတ်ကို
တက်တက်ကြွကြွ မျှော်ကြည့်နေတတ်ပြီ ...။

**လေပြည်ချမ်းချမ်း**

# တောင်ပေါ်လမ်း

မီးခိုးငွေ့ဝေ့သလို
လေပွေငယ်မွှေ့သလို
ကွေ့ဝိုက်တွန့်ခွေလမ်းနီလေး။

ငွေရောင်လွလွတိမ်လွှာမျှင်မျှင်
သူရဲကောင်းသွင်ပြင်မားမားမတ်မတ်
မြေဦးခေါင်းပန်းကုံးစွပ်ဟန်။

အစိမ်းရင့်ရင့်တိုက်လေ
ကျောက်ထွင်းအကွရာနဲ့
အရိုင်းကဗျာရေးခြစ်နေ။


ဝန်တင်လားတစ်ကောင်
ဆတ်ခနဲခါထုတ်လိုက်တဲ့
တလဲ့လဲ့သစ်သားခလောက်သံ
တောမြိုင်စွန်းကလွမ်းအောင်ဖန်။



အဖြူဆွတ်ဆွတ်ည
ရိုးရာပုံပြင်လက်ဆင့်ကမ်းကြ
ရေဒီယိုကတစ်ဆင့်
ကမ္ဘာကြီးကို နားစွင့်ရ
မီးဖိုဟောင်းမှာ မီးသစ်ပျိုးရ
တစ်ဝက်ချမ်းအေး၊ တစ်ခြမ်းနွေးပူ။


**မင်းညွန့်လှိုင်**

# yati CARTOON




# yati CARTOON





အကိုးအတွက်
မုန့်လေးအပြန်
လက်ဆောင်
ဝယ်လာတယ်..
ထိုးမုန့်
တွေပေါ့...
ဟင့်အင်း
ပေါက်စီ...

## yati CARTOON



# yati CARTOON



# Clinique de Skin (dermatology & laser clinic)





Clinique de Skin (dermatology & laser clinic) ဆိုင်သစ်ဖွင့်ပွဲကို စက်တင်ဘာ ၉ ရက်နေ့က အမှတ် (17/18)၊ ကန်လမ်း၊ လှိုင်မြို့နယ်တွင် ဖိတ်ကြားထားသော အနုပညာရှင်များ၊ ဧည့်သည်တော်များနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များ၊ Promotion အစီအစဉ်များနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။

Clinique de Skin မှ ဆရာဝန်များဟာ ကမ္ဘာ့ ဆေးတက္ကသိုလ်များမှာ Top 20 အဆင့်ဝင်တဲ့ King's Colledge London မှ အရေပြားအထူးကုဘွဲ့ဖြစ်တဲ့ M.Sc Dermatology ဘွဲ့ကို ရထားတဲ့ ဆရာဝန်များဖြစ်ကြသည့်အပြင် ပြည်တွင်းပြည်ပ အလှအပနှင့်အရေပြားဆေးခန်းတွေမှာ အတွေ့အကြုံရှိကြသူများဖြစ်ပြီး Clinique de Skin မှာ အရေပြားအလှအတွက်သာမကဘဲ မည်သည့်အရေပြားရောဂါမဆို သွားရောက်တိုင်ပင်ဆွေးနွေးနိုင်ကြောင်း သိရှိရပါတယ်။

## Red Square ဖြင့်အပန်းဖြေနိုင်ပြီ




UK မှ Halewood International ၏ နည်းပညာ စံချိန်သတ်မှတ်ချက်နှင့်အညီ ထုတ်လုပ်လိုက်သော RED SQUARE ကို Asia Beverages Co.,Ltd မှ မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။ RED SQUARE သည် UK's top 3 vodka brands ဖြစ်ကာအဆိုပါ brand အတွက် ရိုမေးနီးယားတွင် ဝိုင်အခြေခံဘယ်ရီသီးပင်များကို ၄၀၀ ဟက်တာကျော်စိုက်ပျိုးထားရှိကာ ထုတ်လုပ်သည့်အတွက် ကမ္ဘာတစ်လွှားတွင် အောင်မြင်မှုရရှိနေခြင်းဖြစ်သည်။ အနီရောင်ဘယ်ရီသီးမှ ထုတ်သော Red Ice၊ ခရမ်းရောင် LogLoganberry သီးမှထုတ်လုပ်သော Purple Ice၊ ဘလူးဘယ်ရီသီးမှထုတ်လုပ်သော Blue Ice၊ Black currants သီးမှထုတ်လုပ်သော Black Ice၊ Grape fruit မှထုတ်လုပ်သော Pink Ice၊ Red Square Vodka ဂျင်စင်း၊ Toruaine တို့ အချိုးကျပေါင်းစပ်ထားသည့် Red Square Energizing တို့ရှိပြီး စိတ်ကြိုက်အရောင်ကို ရွေးချယ်ခံစားနိုင်မည်ဖြစ်သည်။ မွှေးပျံ့ပြီး အရသာပြည့်ဝကောင်းမွန်သော Red Square ဝိုင်များသည် အယ်လ်ကိုဟောပါဝင်မှု ရာခိုင်နှုန်းနည်းပါးကာ လူကိုလန်းဆန်းတက်ကြွစေမည့် brand ဖြစ်ကြောင်းသိရသည်။


## Victoria Sky Beauty Salon & Spa ဖွင့်လှစ်လိုက်ပြီ

အလှအပနှစ်သက်သူများ အတွက် Victoria Sky Beauty & Spa ဆိုင်သစ်ကို ဩဂုတ်လ ၂၈ရက်က **အမှတ် ၈၆၄၊ အပေါ်ထပ်**၊ ပင်လုံလမ်းမကြီး၊ မြောက်ဒဂုံတွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ Shum Cai (Li Li) နှင့် Sky Make-up artist တို့၏တပည့်ဖြစ်သောကြောင့် အလှအပရေးရာ ဖန်တီးမှုနှင့် ဝန်ဆောင်မှုတွင် စိတ်တိုင်းကျစေမည်ဖြစ်သည်။ အမျိုးသမီးသီးသန့် ဝန်ဆောင်မှုပေးနေသဖြင့် စိတ်အေးချမ်းသာစွာဖြင့် သက်သောင့်သက်သာရှိမည့် Salon & Spa တစ်ခုဖြစ်သည်။



# The Girl in the Red Scarf (SPA & BOUTIQUE FASHION) ဆိုင်ဖွင့်ပွဲအခမ်းအနား







The Girl in the Red Scarf ဆိုသော SPA နှင့် Boutique Fashion ဆိုင်ဖွင့်ပွဲ အခမ်းအနားကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ ၉ ရက် နေ့က ဆိုင်ဖွင့်လှစ်ထားရာ ရန်ကုန်မြို့ ၊ မရမ်းကုန်းမြို့နယ် ၊ ၇ မိုင်၊ ပြည်သူ့လမ်း၊ အိမ်အမှတ် (10-I) မှာ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် တက်ရောက်လာသော ဧည့်သည်တော်များကို အမေရိကန်နိုင်ငံမှ တင်သွင်းသော Brand အကောင်းစားအဝတ်အစားများကို ၁၀ ရာခိုင်နှုန်း Discount နှင့်ရောင်းချပေးခဲ့ပြီး ထိုအဝတ်အစားများကိုဝယ်ယူရင်း ခေါင်းလျှော်၊ ပေါင်းတင်စသော ဇိမ်ခံအနားယူမှုများပြုလုပ်နိုင်သော SPA နှင့်လည်း တွဲဖက်မိတ်ဆက်ပေးခဲ့ပါသည်။

# Lenovo ပစ္စည်းသစ်များမိတ်ဆက်ပွဲ

ကမ္ဘာ့ရောင်းအားအကောင်းဆုံး ကွန်ပျူတာများထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ Lenovo ရဲ့ Products သစ်များ မိတ်ဆက်ပွဲကို စက်တင်ဘာလ ၇ ရက်နေ့က ရန်ကုန်မြို့ Junction Square မှာ နေ့လယ် ၁ နာရီမှ ည ၇း၃၀ နာရီအထိ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ပစ္စည်းများဖြစ်တဲ့ Lenovo G40, Lenovo Z40, Lenovo Y50, Lenovo Flex2.Flex 20, Lenovo Yoga 2 Pro, Yoga 10 HD+ Tablet များကို မိတ်ဆက်ပေးခဲ့ပြီး Lenovo မှ တာဝန်ရှိသူတစ်ဦးက ပစ္စည်းသစ်များအကြောင်းကို အသေးစိတ်ရှင်းလင်းပေးခဲ့ပါတယ်။ ထို့နောက် Lucky Draw များ ဖောက်ပေးခဲ့ပြီး Lenovo ပစ္စည်းများကိုလည်း အထူးဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့တယ်လို့ သိရှိရပါတယ်။

# Lotteria ရဲ့ ဆဋ္ဌမမြောက်ဆိုင်ခွဲ






လူကြိုက်အများဆုံး ကြက်ကြော်နဲ့ ဟမ်ဘာဂါများကိုရနိုင်တဲ့ Lotteria ဆိုင်ရဲ့ ဆဋ္ဌမမြောက်ဆိုင်ခွဲကို ဩဂုတ်လ ၂၄ ရက်နေ့က မန္တလေးမြို့ Ocean Mandalay Shopping Centre မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ဖွင့်ပွဲအခမ်းအနားကို Lotteria ရဲ့ Brand Ambassador စိုင်းစိုင်းခမ်းလှိုင်နှင့် သဥ္ဇာဝင့်ကျော်တို့အပြင် ဝိုင်းစုခိုင်သိန်း၊ Bunny Phyo ၊ သားသားတို့ တက်ရောက်ခဲ့ကြပြီး သီချင်းများနှင့် ဖျော်ဖြေခဲ့ပါတယ်။ Lotteria ဆိုင်သစ်များကို ၂၀၁၄ နှစ်ကုန်ပိုင်းတွင် ရန်ကုန်မြို့မှာ တစ်ဆိုင်နဲ့ ၂၀၁၅ နှစ်ဆန်းပိုင်းတွင် မန္တလေးမြို့မှာတစ်ဆိုင် ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပြီး Menu အသစ်များကို ၂၀၁၅ မှာ ထပ်မံဖြည့်ဆည်းသွားရန် စီစဉ်နေကြောင်း သိရှိရပါတယ်။



(၁)

ဝါဆိုမှတော့ ဝါကျွတ်ရပေမည်။ သီတင်းသုံးပြီးလျှင် သီတင်းဆုံးရပေလိမ့်မည်။ ရဟန်းတစ်ပါးအတွက် သီတင်းကျွတ်ဟူသည် သီတင်းသုံးဖော်များနှင့် ခွဲခွာခြင်းသင်္ကေတဖြစ်ပြီး သတို့သားတစ်ဦးဆိုလျှင်တော့ သတို့သမီးနှင့် ပေါင်းစည်းခြင်း အဓိပ္ပာယ်တဝင်းဝင်း ဖြစ်နေမည်။ ပြောက်အိုးကွဲသံများ မကြားရသော်လည်း ဆီမီးရောင်ရှိန်ထိန်ဝါလင်းရင်ဖြင့် သီတင်းကျွတ်ရပေမည်မဟုတ်လား။ ငယ်စဉ်က သီတင်းကျွတ်ချိန်တွေ မျှော်ရသည်။ ကျောင်းကြီးပေါ်မှာမောင်မပျော်ဘဲ ဆရာဘုန်းကြီးကြိမ်ဆော်သည့်ကြားက စာတွေအော်နေခဲ့ရသောမောင်ရှင်အတွက် အိမ်လွမ်းစိတ်ကြွသော ရာသီဖြစ်သည်။ သီတင်းကျွတ်လဆန်း ၉ ရက်နေ့သည် ရှင်ငယ်ရဟန်းငယ်တို့ အူမြူးရသောနေ့၊ မျှော်လင့်သောနေ့ဖြစ်သည်။ “လဆန်းကိုးရက် ဝါပန်ထွက် ပြန်ရက်မရှိပြီ” ဟူသော သံပေါက်စာကို အခါအခါ ရွတ်ခဲ့ရ၏။ ဝါတွင်းကာလတွင် အလှူပေးခြင်း၊ တရားနာခြင်းနှင့် သံဃာတော်များကို ဖူးမြော်လိုခြင်းဟူသော အကြောင်းကြောင့် ကျောင်းမှဝါပန်၍ ယာယီထွက်ခွာခွင့်ရှိသည်။ သို့သော် ၇ ရက်မတိုင်မီ ကျောင်းသို့ ပြန်ရောက်ရပေမည်။ ပြန်မရောက်လျှင်တော့ ဝါကျိုးပျက်သွားသည်။ သီတင်းကျွတ်လဆန်း ၉ ရက်နေ့ ထွက်ခွာမည်ဆိုပါက စိတ်ချလက်ချသွားနိုင်ကြပြီ။ ပြန်လှည့်ဖို့မလိုတော့။ ကျောင်းတိုက်က သတ်မှတ်ထားသော စာဝါပို့ချိန်အမီ ပြန်ရောက်ဖို့သာလိုတော့သည်။

(၂)

မိုးသုံးလရာသီသည် သာသနာ့ဝန်ထမ်းများ၏ စခန်းသွင်းချိန်ဖြစ်သည်။ ဗုဒ္ဓအရှင်၏ ပထမဆုံးဝါဖြစ်သော ဗာရာဏသီမိုးခိုချိန်သည် အရှင်ကောဏ္ဍည ဦးဆောင်သောရဟန္တာအပါးခြောက်ဆယ်အား သာသနာပြုစခန်းသွင်းတော်မူခဲ့သည်။ ဓမ္မ တက္ကသိုလ်အပတ်စဉ်(၁)ဖြစ်ခဲ့သည်။ စားဝတ်နေရေးကျန်းမာရေးအတွက် စံပြုထိုက်သော ကျင့်ဝတ်ကို လက်တွေ့ပြသတော်မူခဲ့၏။ “သာသနာသည် လောကဝန်ဆောင်သာဖြစ်ရမည်။ လောကဝန်ထုပ်မဖြစ်စေရ” မူကို ချမှတ်ပေးခဲ့၏။ ဘုရင့်သားက ဘုရားဖြစ်လာသောအရှင်ကိုယ်တိုင် သလုံးမြင်းခေါင်းခြေနှစ်ချောင်းကို အသုံးပြုတော်မူကာ ဆွမ်းခံကြွတော်မူခဲ့သည်။ စေတနာသဒ္ဓါတရား ချမ်းသာသည့် အိမ်တစ်အိမ်မှာတော့ ရဟန်းတစ်ပါးအတွက် ဆွမ်းတစ်ဇွန်းသည် ပင်ပန်းအံ့မထင်၊ ဝန်ဖြစ်အံ့မမြင်။ အသင့်ချက်ပြီးမရှိ၍ ကန်တော့ဆွမ်းလျှင် သို့မဟုတ် သဒ္ဓါမဖြစ်ထွန်း၍ တံခါးပိတ်ထားလျှင်လည်း နောက်တစ်အိမ် ကြွရုံသာ။ သင်္ကန်းအတွက်တော့ သုသာန်တစပြင်နှင့် အမှိုက်ပုံက အဝတ်စဟောင်းများကို ချုပ်စပ် ဖာထေးဆေးဆိုးကာ ဝတ်ရုံကြစေ။ ယနေ့ခေတ် လူပြောများသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စွန့်ပစ်ပစ္စည်းပြန်လည်အသုံးချမှု (Recycle System)တွင် ဗုဒ္ဓအရှင်က ၂၅ ရာစု စောနေသည်။ သစ်ပင်တစ်ပင်ရှိလျှင် ကျောင်းကိစ္စပြီးသည်။ ဆေးဝါးအဖြစ် တကယ့်အော်ဂဲနစ်စစ်စစ် ဆီးဖြူ၊ သျှိသျှား၊ ဖန်ခါးသီးများကို နွားကျင်ငယ်ရေဖြင့်စိမ်ကာ သုံးကြစေ။ သံဃာ့အဖွဲ့အစည်းကြီး ပေါ်ထွန်းလာခြင်းသည် လောက ဝန်ဆောင်ဖို့သက်သက်. . ။ ဗုဒ္ဓအရှင်နှင့်

သာသနာပြု ရဟန္တာကိုယ်တော်ကြီးများ၏ သာသနာပြုစွမ်းရည်ကြောင့် မဇ္ဈိမဒေသ၏ မြို့ပြပြည်ရွာများ ဓမ္မနယ်ဖြစ်လာသောအခါ မင်းနှင့်ပြည်သူတို့၏ လျှောက်ထားတောင်းပန်မှုကြောင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး အလှူခံခွင့်ပြုတော်မူခဲ့သည်။ သို့သော် အလှူခံလိုက်သော ပစ္စည်းလေးပါးအတွက် တာဝန်သိမှု၊ တာဝန်ယူမှုရှိစေရန် လမ်းညွှန်တော်မူခဲ့၏။ ဗုဒ္ဓအရှင်က သာသနာ့ဝန်ထမ်းမှန်သမျှ ဝါဆိုဝါကပ်ပြုရန် ဥပဒေပြုတော်မူခဲ့၏။ မိုးတွင်းသုံးလ သာသနာပြုစွမ်းရည်မြှင့်စခန်းဝင်ရန် စီမံတော်မူခြင်းဖြစ်သည်။ အခွင့်အလမ်းအနေဖြင့် ဝါဆိုသင်္ကန်း အလှူခံခွင့်ပေးတော်မူခဲ့သည်။ ဝါဆိုသင်္ကန်းတစ်စုံအလှူခံလိုက်သည်နှင့် စိတ်နှလုံးပခုံးသားပေါ်တွင် တာဝန်နှစ်ခုရောက်လာသည်။ စာပေသင်ယူပို့ချမလား. . ။ တရားဘာဝနာ ပွားများမလား. . ။ ဂန္ထဓုရနှင့် ဝိပဿနာဓုရ. . ။ ထိုတာဝန်နှစ်ခုထက် မပို. . . ။ ဗုဒ္ဓအရှင်က လောကအကျိုးစီးပွားကို ဆောင်ရွက်ကြမည့်ရှင်ရဟန်းတို့အနေဖြင့် ထိုဘာသာရပ်နှစ်ခုအပေါ် တာဝန်သိနေစေရန် ကြပ်မတ်တော်မူခဲ့သည်။ ထိုတာဝန်များကို ကျေပွန်ခြင်းမရှိဘဲ လောကဝန်၊ဓမ္မဝန်ကို ဆောင်နိုင်လိမ့်မည်မဟုတ်ကြောင်း သေချာလှပါသည်။

(၃)

ဗုဒ္ဓအရှင်လက်ထက်တော်က ရဟန်းတော်များ တူရာတူရာစုပေါင်း၍ ကျောင်းကြီးကျောင်းငယ် အသွယ်သွယ်တွင် ဝါဆိုဝါကပ်ပြုလေ့ရှိသည်။ ဥမင်လိုဏ်ခေါင်းစသည်တို့တွင် ဧကစာရီ အဖော်မမှီး တစ်ပါးတည်း ကိန်းဝပ်လေ့ရှိသော ရဟန္တာကိုယ်တော်ကြီးများအကြောင်းကိုလည်း ပိဋကတ်မှတ်တမ်းများက ဖော်ပြသည်။ ဝါမဆိုမီ ဗုဒ္ဓအရှင်သို့မဟုတ် ဥပဇ္ဈာယ်နှင့် နိဿယည်းဆရာတို့ထံ ဩဝါဒခံယူကာ မိမိသီတင်းသုံးမည့် ကျောင်းဝိဟာသို့ အသီးသီးကြွရောက်ကြရသည်။ ပရိယတ္တိဝန်ဆောင် အရှင်တို့က ဉာဏ်ပါရမီအလျောက် ပိဋကတ်တစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ သုံးပုံဆောင်ကြီးတွေဖြစ်အောင်အားထုတ်ကြသည်။ ရှင်စူဠပန်တ္ထကလို ဂါထာတစ်ပုဒ်နှင့် တစ်ဝါကုန်သည်မျိုးလည်း ရှိကောင်းရှိမည်။ သို့သော် တာဝန်ကျေခြင်းကို ဗုဒ္ဓအရှင်ချီးမွမ်းတော်မူသည်။ ပဋိပတ္တိဝန်ဆောင်အရှင်တို့က ကမ္မဋ္ဌာန်းအာရုံတစ်ခုခုဖြင့် ဘာဝနာတက်လမ်းမိအောင် အားထုတ်ရင်း သောတာပန်သကဒါဂါမ်စသည့် အရိယာအဆင့်ဆင့် မြင့်သွားကြသည်။ ဗုဒ္ဓခေတ်သီတင်းကျွတ်ချိန်များက ကြည်နူးအားတက်ဖွယ်ရာဖြစ်သည်။ မိုးတိမ်ကင်းစဝါကျွတ်လတွင် ရာပေါင်းများစွာသောရဟန်းတော်များက ဗုဒ္ဓအရှင် အမြဲသီတင်းသုံးရာသာဝတ္ထိမြို့လမ်းမကို ဖြတ်၍ ဇေတဝန်ကျောင်းတော်ထဲဝင်ရောက်လာကြသည်။ သံဃိုဠ် သမ္ဘတ္တ မြင်ဖူး၊ ဆုံဖူး၊ အတူစားဖူးသည့် သီတင်းသုံးဖော် မိတ်ဟောင်း မိတ်သစ်ရဟန်းတော်များ နှုတ်ဆက်ကြ၊ မိတ်ဆက်ကြသည်။ ထို့နောက် ဗုဒ္ဓအရှင်၏ ခြေတော်ရင်းသို့ ချဉ်းကပ်ကာ လောကဓမ္မအတွေ့အကြုံများ လျှောက်ထားကြသည်။ ထိုရဟန်းတော်တို့ ဆောင်ရွက်ပြီးမြောက်ခဲ့သော ပရိယတ္တိ

> ပါးစပ်ရှိပါလျက်
> ဘာသာစကား ရှိပါလျက်
> သယ်မိုက်ကြလေသကိုး။
> အဘယ့်ကြောင့်
> သူအကဲ့သို့သော
> အကျင့်ကို
> ကျင့်ကြလေသနည်း...
> တိတ္ထိတို့ကျင့်သုံးသော
> ဝစီပိတ် အကျင့်ကို မကျင့်အပ်၊
> ဒုက္ကဋ်အာပတ်သင့်စေ။
> ဝစီပိတ် အတွေးအခေါ်ကို
> တော်လှန်လိုသော
> ဗုဒ္ဓအရှင်က သံဃာတော်
> အချင်းချင်း ဖိတ်ကြားမှု
> ပဝါရဏာပြုခြင်းကို
> ခွင့်ပြုတော်မူခဲ့သည်။

ပဋိပတ္တိအသီးအပွင့်များကို ဗုဒ္ဓအရှင်က သာဓုခေါ်လေ့ရှိသည်။ လိုအပ်သည်များကိုလည်း ထောက်ပြဝေဖန်တော်မူသည်။ ထိုထိုသို့သော ရဟန်းတော်များ၏ အစီရင်ခံတင်ပြမှုကို သုံးသပ်ဆင်ခြင်တော်မူကာ ဥပဒေအသစ် ထုတ်ပြန်ရသည်လည်း ရှိလာသည်။ ပဝါရဏာပွဲတော်သည် သီတင်းကျွတ်ရဟန်းတော်များကြောင့် ဖြစ်ပေါ်လာသောဗုဒ္ဓသာသနာ၏ ပွင့်လင်းမြင်သာမှုရှိသော မီဒီယာလွတ်လပ်ခွင့်ဖြစ်သည်။ ကောသလတိုင်းဇနပုဒ်တစ်ခုတွင် မိတ်ဆွေရဟန်းတော်များ ဝါဆိုဝါကပ်ပြုရန် စုဝေးကြသည်။ ဝါတွင်းကာလတွင် မငြင်းခုံဘဲ ချမ်းသာစွာနေထိုင်ကြရေးအတွက် စကားပြောဆိုမှုအစား ခန္ဓာဗေဒဘာသာစကား (Body Language)ကို အသုံးပြုကြရန် သဘောတူကြသည်။ လက်ဟန်ခြေဟန်သင်္ကေတများဖြင့် ဝါကျွတ်သွားကြသည်။ ခိုက်ရန်ငြင်းခုံမရှိ. . . ငြိမ်းအေးပါဘိဟု ထိုရဟန်းတော်များက ချီးမွမ်းတော်မူမည်ထင်တစ်လုံးဖြင့် ဗုဒ္ဓအရှင်အား ခပ်ပြုံးပြုံးလျှောက်ထားကြသည်။ လွဲလေစွ မောင်ပဥ္စင်းတို့ . . . ။ ပါးစပ်ရှိပါလျက် ဘာသာစကားရှိပါလျက် သယ်မိုက်ကြလေသကိုး။ အဘယ့်ကြောင့် သူအကဲ့သို့သောအကျင့်ကို ကျင့်ကြလေသနည်း. . . တိတ္ထိတို့ကျင့်သုံးသော ဝစီပိတ်အကျင့်ကို မကျင့်အပ်၊ ဒုက္ကဋ်အာပတ်သင့်စေ။ ဝစီပိတ်အတွေးအခေါ်ကို တော်လှန်လိုသော ဗုဒ္ဓအရှင်က သံဃာတော် အချင်းချင်းဖိတ်ကြားမှုပဝါရဏာပြုခြင်းကို ခွင့်ပြုတော်မူခဲ့သည်။ "ရဟန်းတို့ ဝါမှထသော ရဟန်းတို့အား မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ သုံးပါးသောအကြောင်းတို့ဖြင့် ဖိတ်ကြားခြင်း ပဝါရဏာပြုခြင်းငှာ ခွင့်ပြု၏။ ထိုဖိတ်ကြားခြင်းသည် သင်တို့အတွက် အချင်းချင်း လိုက်လျောခြင်း၊ အာပတ်မှ ထမြောက်စေခြင်း၊ ဝိနည်းကို ရှေ့ရှုခြင်းဖြစ်လတ္တံ့။ သို့အတွက် သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းသံဃာတော်များ စုဝေးကြရ၏။ ထိုညီလာခံကြီးတွင် မထေရ်ကြီးမထေရ်ငယ် ရဟန်းတော်အချင်းချင်း ဤသို့ ဖိတ်ကြားရသည်။ "သံဃာတော်ကို ဖိတ်ကြားပါ၏။ မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ အရှင်တို့သည် တပည့်တော်အား အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့. . ။ အပြစ်ကို မြင်သည်ရှိသော် ကုစားပါအံ့"။ ဘယ်လောက်များ ပွင့်လင်းမြင်သာ ရှိလိုက်ပါသလဲ။ ဘယ်လောက်များ အထက်တန်း ကျလိုက်သလဲ။ ဝါအလွန်မီဒီယာလွတ်လပ်ခွင့်ကို ဗုဒ္ဓအရှင် တံခါးဖွင့်ပေးတော်မူခဲ့ပြီ။

(၄)

သီတင်းကျွတ်သည် သာသနာ့ဝန်ထမ်းများ၏ အနားယူချိန်ဖြစ်သည်။ တာဝန်မှ ယာယီကင်းလွတ်ခွင့်ရသော ကာလဖြစ်သည်။ တန်ဆောင်တိုင်လွန် သာသနာပြုခရီးအတွက် အားယူရသော အခိုက်အတန့်ဖြစ်သည်။ အချင်းချင်းဖိတ်ခေါ်ကာ သံသယရှင်းပြီးချိန်ဖြစ်၍ စိတ်နှလုံးလည်း လွတ်လပ်ပွင့်လင်းနေသည်။ ငယ်စဉ် ရှင်ငယ်ရဟန်းငယ်ဘဝကလိုပင် သီတင်းကျွတ်ကို မျှော်မိပြန်သည်။ ငယ်စဉ်ကအဖိုးပွှာယ်နှင့်တော့ တူချင်မှ တူပေတော့မည်။

ဓမ္မဂင်္ဂါ

# Beatles
## အဖွဲ့ကို ပုံဖော်ခဲ့သူ
# ဂျွန်လင်နွန်

သိမ့်နှင်းအိမ်




**ပရိသတ် မာ့ခ်ဒေးဗစ်ချပ်မန်းက လင်နွန်ရဲ့ ကျောဘက်ကို လေးခါတိတိ သေနတ်နဲ့ ပစ်ခဲ့ပါတယ်။ ဆေးရုံကို ချက်ချင်းခေါ်သွားပေမဲ့ အသက်မမီလိုက်ပါဘူး။ လင်နွန်ဟာ မာ့ခ်ကို အဲ့ဒီနေ့ညနေက Double Fantasy အယ်လ်ဘမ်ပေါ်မှာ အမှတ်တရလက်မှတ်**


၂၀ ရာစုက အောင်မြင်ခဲ့သူ အနုပညာရှင်တွေအကြောင်း ဖော်ပြရမယ်ဆိုရင် Beatles အဖွဲ့ကို အသက်သွင်းခဲ့သူ အဆိုတော် ဂျွန်လင်နွန်ကို ချန်လှပ်ထားလို့ မရပါဘူး။ သူ့ခွန် သူ့အားနဲ့ Beatles အဖွဲ့ဖြစ်လာအောင် လူစုခဲ့ပြီး ကမ္ဘာကျော် လူသိများအောင် ကြိုးပမ်းခဲ့ပါတယ်။ အစကောင်းမှ အနှောင်းသေချာတယ်လို့ မြန်မာစကားပုံ ရှိပါတယ်။ မွေးဖွားစဉ်အချိန်ကတည်းက ကံမကောင်းခဲ့သူ လင်နွန်ဟာ သေဆုံးချိန်ထိ ကံကြမ္မာ မလှပခဲ့ပါဘူး။

အဆိုတော်၊ သီချင်းရေးဆရာ ဂျွန်လင်နွန်က Beatles ဂီတအဖွဲ့ကို တည်ထောင်ခဲ့တဲ့သူတစ်ဦးဖြစ်ပါတယ်။ အဖွဲ့နဲ့အတူ တေးစီးရီးများစွာထုတ်ခဲ့ပြီး ၁၉၆၉ ခုနှစ်မှာ အဖွဲ့ကနေ နုတ်ထွက်ခဲ့ပါတယ်။ တစ်ကိုယ်တော်အဆိုတော်အဖြစ်နဲ့ လှုပ်ရှားခဲ့ချိန်မှာလည်း အောင်မြင်မှုတွေရဆဲပါ။ ဒါပေမဲ့ သူဟာ သက်ဆိုးမရှည်ပါဘူး။ ၁၉၈၀ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်မှာ စိတ်ရူးပေါက်တဲ့ ပရိသတ်တစ်ဦးရဲ့လက်ချက်ကြောင့် အသက် ၄၀ နဲ့ ကွယ်လွန်ခဲ့ပါတယ်။





လင်နွန်ကို Quarry Men လို့ခေါ်တဲ့ အဖွဲ့တစ်ခုဖွဲ့ဖြစ်စေခဲ့ပါတယ်။ နောက်တော့ ဘုရားရှိခိုးကျောင်းဈေးပွဲတော်တစ်ခုမှာ ပေါလ်မက်ကာ့နီဆိုသူနဲ့ တွေ့ဆုံရင်းနှီးခဲ့ကာ အဖွဲ့ဝင်အဖြစ် ကမ်းလှမ်းခဲ့ပါတယ်။ သူတို့ နှစ်ယောက်က တေးသီချင်းပူးတွဲရေးသားရာမှာ ဂီတသမိုင်းတွင်ခဲ့ပါတယ်။ မတ်က ဂျော့(ခ်ျ) ဟယ်ရီဆင်နဲ့လင်နွန်ကို မိတ်ဆက်ပေးခဲ့ပြီးဟယ်ရီဆင်နဲ့ ကောလိပ်ကသူငယ်ချင်းစထရော့က အဖွဲ့ဝင်ဖြစ်လာပါတယ်။ ၁၉၆၀ မှာ ဒရမ်သမားပီတီဘတ်စ် အဖွဲ့ဝင်ဖြစ်လာခဲ့ကာ သူတို့အဖွဲ့အခြေကျလာခဲ့ပါတယ်။ ဒီလိုနဲ့ အဖွဲ့နာမည်ကိုပါ Beatles လို့ ပြောင်းခဲ့ပါတယ်။ ၁၉၆၁ ခုနှစ်မှာ ဂီတစီးပွားရေးလုပ်ငန်းရှင် ဘရိုင်အပ်စတိန်းက လီဗာပူးမြို့ကာဗန်ကလပ်မှာ သူတို့အဖွဲ့ဖျော်ဖြေနေတာကို တွေ့ရှိပြီးနောက် သဘောကျတာကြောင့် မန်နေဂျာအဖြစ်ဆောင်ရွက်ဖြစ်ခဲ့ပါတယ်။ အပ်စတိန်းရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် EMI ထုတ်လုပ်ရေးနဲ့ စာချုပ် ချုပ်ဖြစ်





### မပြေလည်မှုများနဲ့ ငယ်ဘဝ

၁၉၄၀ အောက်တိုဘာ ၉ ရက် အင်္ဂလန်နိုင်ငံ၊ မာဆေးဆိုက်ဒ်ဒေသ လီဗာပူးမြို့မှာ မွေးဖွားခဲ့ပါတယ်။ ထိုအချိန်က ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားနေပြီး ဂျာမနီတို့က အင်္ဂလန်ကို လေကြောင်းတိုက်ခိုက်မှုနဲ့ ထိုးစစ်ဆင်နေပါတယ်။ အသက် ၄ နှစ်အရွယ်မှာ မိဘနှစ်ပါး ကွာရှင်းပြတ်စဲခဲ့ပြီး ဂျွန်ဟာ အဒေါ်ဖြစ်သူမိမိနဲ့ နေရပါတယ်။ ဖခင်က သင်္ဘောသားကုန်သည်တစ်ဦးဖြစ်တာကြောင့် မွေးဖွားစဉ်က သူ့အနားမှာမရှိခဲ့သလို ငယ်စဉ်က အတွေ့နည်းခဲ့ပါတယ်။ မိခင်က နောက်အိမ်ထောင်ပြုခဲ့ပေမဲ့ သူ့ကိုပုံမှန်လာတွေ့ခဲ့ပါတယ်။ ဘင်ဂျိုနဲ့ စန္ဒရားတီးနည်းသင်ပေးခဲ့ပြီး သူ ပထမဆုံး တီးခွင့်ရတဲ့ဂစ်တာက သူ့မိခင်ဝယ်ပေးခဲ့တာပါ။ ၁၉၅၈ မှာ မိခင်ဖြစ်သူ ကားတိုက်သေဆုံးခဲ့ခြင်းဟာ သူ့ဘဝမှာ အကြီးအကျယ် အထိခိုက်ဆုံး ဖြစ်ရပ်တစ်ခုပါ။ အဆီအငေါ်မတည့်ဘဲ ဒုက္ခများလှတဲ့ ငယ်ဘဝမှာ ဂျွန်ဟာနေသားကျခဲ့ပါတယ်။ သူဟာ ပန်းချီဆွဲရတာကို ဝါသနာပါလွန်းတာကြောင့် ကျောင်းအုပ်ကြီးက သူ့ကို အနုပညာကောလိပ်သွားနိုင်မယ်လို့ မှတ်ချက်ပြုခဲ့ပါတယ်။ အတန်းထဲမှာ အဆင့်ကောင်းကောင်းရလို့တော့မဟုတ်ပါဘူး။ ပါရမီပါတဲ့ သူ့ရဲ့အရည်အချင်းကို သဘောကျခြင်းကြောင့်ဖြစ်ပါတယ်။

### Beatles အဖွဲ့ရဲ့ တနည်းခြေလှမ်း

အဲဗစ်ပရက်စလေရဲ့ ရော့ခ်ဂီတသံစဉ်တွေက အသက် ၁၆နှစ်အရွယ်




ခဲ့ပါတယ်။ ပထမဆုံး ဆင်ဂဲလ်ခွေ 'Love Me Do' ကို ၁၉၆၂ ခုနှစ် အောက်တိုဘာမှာ ဖြန့်ချိခဲ့ပြီး ဗြိတိန်သီချင်းဇယားမှာ နံပါတ် ၁၇ နေရာရောက်ခဲ့ပါတယ်။ လင်နွန်ဟာ ၁၉၆၂ ခုနှစ်မှာ စင်သီယာပါဝဲလ်ဆိုသူ နဲ့ လက်ထပ်ခဲ့ပြီး သားတစ်ဦး ထွန်းကားခဲ့ပါတယ်။ ၁၉၆၈ မှာ သူတို့နှစ်ဦး ကွာရှင်းခဲ့ပါတယ်။ ၁၉၆၉ ခုနှစ်မှာ ဂျပန်ပန်းချီပညာရှင်ရိုကိုအိုနိုနဲ့ နောက်အိမ်ထောင် ပြုခဲ့ပါတယ်။



**အောင်မြင်မှုများနဲ့** Beatles

၁၉၆၄ ခုနှစ်မှာ အမေရိကရုပ်သံအစီအစဉ် 'The Ed Sullivan Show' မှာ ပါဝင်ခဲ့ပြီးနောက် အမေရိကကို ပထမဆုံး ထိုးဖောက်ဝင်ရောက်နိုင်တဲ့ ဗြိတိန်ဂီတအဖွဲ့ ဖြစ်လာပါတယ်။ အမေရိကမှာ ကနဦးအောင်မြင်လာတဲ့ ဗြိတိန်ဂီတ အဖွဲ့တွေ ထဲမှာ Rolling Stones နဲ့ Kinks လည်း ပါဝင်ပါတယ်။ Beatles အဖွဲ့သားတွေဟာ ၁၉၆၄ ခုနှစ်မှာပဲ ပထမဆုံးဂီတရုပ်ရှင်ဇာတ်ကား 'A Hard Day's Night' ကို ရိုက်ကူးခဲ့ပြီး ပထမဆုံးကမ္ဘာလှည့်ဖျော်ဖြေပွဲကျင်းပဖို့ ပြင်ဆင်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်မှာ ဒုတိယဂီတရုပ်ရှင် Help! ကို ဖြန့်ချိခဲ့ပါတယ်။ အဲဒီနှစ် မေလမှာ အင်္ဂလန်နိုင်ငံ ရဲ့ ဒုတိယမြောက် အဲလိဇဘက် ဘုရင်မကြီးက သူတို့အဖွဲ့ကို ဗြိတိန်အင်ပါယာရဲ့ အဖွဲ့ဝင်အဖြစ် ခန့်အပ်ခဲ့ပါတယ်။ ဩဂုတ်လမှာတော့ နယူးယောက်မြို့ Shea အားကစားရုံမှာ ပရိသတ် ၅၅၆၀၀ ကို ဖျော်ဖြေခဲ့ပြီးဂီတသမိုင်းမှာအကြီးဆုံးဖျော်ဖြေပွဲတစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အချစ်သီချင်းတွေနဲ့ ပေါ့(ပ်) သီချင်းချိုချိုလေးတွေပါဝင်တဲ့ Rubber Soul အယ်လ်ဘမ်ဖြန့်ချိခဲ့ပါတယ်။




Beatles **အဖွဲ့ရဲ့ နေဝင်ချိန်**

၁၉၆၇ ခုနှစ်၊ ဩဂုတ် ၂၇ ရက်မှာ မန်နေဂျာ အပ်စတိန်းအိပ်ဆေးအလွန်အကျွံသောက်သုံးမှုကြောင့် ကွယ်လွန်ခဲ့ပါတယ်။ သူ သေဆုံးမှုဟာ Beatles အဖွဲ့အပေါ် သက်ရောက်မှု ကြီးမားခဲ့ပါတယ်။ မတ်ရဲ့ ဦးဆောင်မှုနဲ့ ခရီးဆက်ရပြီး Magical Mystery ကမ္ဘာလှည့်ဖျော်ဖြေပွဲကို ရိုက်ကူးခဲ့ပါတယ်။ အဲဒီရုပ်ရှင်ကို ဝေဖန်ရေးဆရာတွေက ချိုးချိုးဖွဲ့ဖွဲ့ဝေဖန်ခဲ့ကြတဲ့ အပြင် စီးပွားရေးအရလည်း ရှုံးနိမ့်ခဲ့ပါတယ်။ လင်နွန်ဟာ ၁၉၆၉ ခုနှစ်မှာ အဖွဲ့က နုတ်ထွက်ခဲ့ပါတယ်။

**တစ်ကိုယ်တော်ခရီး**

အဖွဲ့က နုတ်ထွက်ခဲ့ပြီးနောက် မိသားစုအတွက် အချိန်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ဂီတပိုး မသေတာကြောင့် ၁၉၈၀ အောက်တိုဘာမှာ (Just Like) Starting Over ဆင်ဂဲလ်အယ်(လ်)ဘမ် ဖြန့်ချိခဲ့ပါတယ်။ နောက်တစ်လအကြာမှာ Double Fantasy အယ်လ်ဘမ်ဖြန့်ချိခဲ့ပါတယ်။ ဒီအယ်လ်ဘမ်က သူ့ဘဝရဲ့ နောက်ဆုံးအယ်လ်ဘမ်ဖြစ်ပါတယ်။

**အချိန်မတန်ဘဲ အသေစောခဲ့သူ**

၁၉၈၀၊ ဒီဇင်ဘာ ၈ ရက်၊ ည ၁၀ နာရီ ၅၀ မှာ လင်နွန်နဲ့ အိုနိုဟာ နယူးယောက်မြို့တိုက်ခန်းကို ပြန်လာခဲ့ပါတယ်။ အဲဒီအချိန် အဝင်ဝမှာ စောင့်နေတဲ့ ပရိသတ်မာ့ခ်ဒေးဗစ်ချပ်မန်းက လင်နွန်ရဲ့ ကျောဘက်ကို လေးခါတိတိ သေနတ်နဲ့ ပစ်ခဲ့ပါတယ်။ ဆေးရုံကို ချက်ချင်းခေါ်သွားပေမဲ့ အသက်မမီလိုက်ပါဘူး။ လင်နွန်ဟာ မာ့ခ်ကို အဲဒီနေ့ညနေက Double Fantasy အယ်လ်ဘမ်ပေါ်မှာ အမှတ်တရ လက်မှတ်ရေးထိုးပေးခဲ့ပါတယ်။ မာ့ခ်ဟာ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားတဲ့အတွက် ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခံရပါတယ်။ ဒါပေမဲ့ သူက အခုအချိန်ထိ အကျဉ်းထောင်ထဲမှာပဲ ရှိပါသေးတယ်။ ခံဝန်ချက်နဲ့ လွတ်ပေးဖို့ ဆောင်ရွက်ခဲ့ပေမဲ့ သူက လက်မခံခဲ့ပါဘူး။ လင်နွန်ဟာ ဂီတလောကမှာ တစ်ဖန်ပြန်လည် ခြေချဖို့ ကြိုးစားနေတဲ့အချိန်မှာ မသေသင့်ဘဲ သေခဲ့ရပါတယ်။ ပရိသတ်တွေအတွက် ရင်ထဲက အနုပညာတွေ ဖန်တီးပြချင်ပေမဲ့ ဖန်တီးခွင့်မရတော့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူဖန်တီးခဲ့တဲ့ အနုပညာတွေက ယနေ့တိုင် လတ်ဆတ်နေဆဲဆိုတာ ပျံ့လွင့်နေတဲ့ သူ့ရဲ့သီချင်းသံတွေက သက်သေပြလျက် ရှိပါတယ်။

သိမ့်နှင်းအိမ်



flashback
fashion
model . thaw myo naung
dress . Giordano
make up . paing paing
sun glass . AMERICAN VISION
EYE CARE CENTER
photo . ko naing ( popular ) / arranged . nay yi yi lin


flashback
fashion


flashback
fashion
KIMA


flashback
fashion



# flashback fashion



# Joyful EVENT

MODEL . MYINT MYAT THAWDAR
MAKE UP . SOE SOE DARLI / DESIGNER . KAUNG SET THU
PHOTO . KO LINN ( STUDIO K )
ARRANGED BY THIDASOE


Joyful EVENT
MODEL . MYINT MYAT THAWDAR
MAKE UP . SOE SOE DARLI / DESIGNER . KAUNG SET THU
PHOTO . KO LINN ( STUDIO K )
ARRANGED BY THIDASOE



# *Joyful* EVENT

MODEL . HNIN PWINT AKARI
MAKE UP . MA HTET (POP SOUL) / DESIGNER . KAUNG SET THU
PHOTO . KO LINN ( STUDIO K )
ARRANGED BY THIDASOE



# Joyful EVENT

MODEL . HNIN PWINT AKARI
MAKE UP . MA HTET (POP SOUL) / DESIGNER . KAUNG SET THU
PHOTO . KO LINN ( STUDIO K )
ARRANGED BY THIDASOE



# *Joyful* EVENT

MODEL . HNIN PWINT AKARI
MAKE UP . MA HTET (POP SOUL) / DESIGNER . KAUNG SET THU
PHOTO . KO LINN ( STUDIO K )
ARRANGED BY THIDASOE


Joyful EVENT
MODEL . CHARMING YE'HTEU, J NAW
GIRL MAKE UP . AH NAW / BOY MAKE UP . DUU DU
DRESS . Y STORE / LAMP . FIVE STAR
PHOTO . KO LINN ( STUDIO K )
ARRANGED BY NAY YI YI LIN


Joyful
EVENT
MODEL . CHARMING YE'HTEU, J NAW
GIRL MAKE UP . AH NAW / BOY MAKE UP . DUU DU
DRESS . Y STORE / LAMP . FIVE STAR
PHOTO . KO LINN ( STUDIO K )
ARRANGED BY NAY YI YI LIN




# *Joyful* EVENT

MODEL . CHARMING YE'HTEU, J NAW
GIRL MAKE UP . AH NAW / BOY MAKE UP . DUU DU
DRESS . Y STORE / LAMP . FIVE STAR
PHOTO . KO LINN ( STUDIO K )
ARRANGED BY NAY YI YI LIN


Joyful
EVENT
MODEL . OAKER MIN THAR, NAN SANDAR HLA HTUN
MAKE UP . HTET (POP SOUL)
PHOTO & DRESS - YES I DO
ARRANGED BY NAY YI YI LIN


Joyful
EVENT
MODEL . OAKER MIN THAR, NAN SANDAR HLA HTUN
MAKE UP . HTET (POP SOUL)
PHOTO & DRESS - YES I DO
ARRANGED BY NAY YI YI LIN



Joyful
EVENT
MODEL . OAKER MIN THAR, NAN SANDAR HLA HTUN
MAKE UP . HTET (POP SOUL)
PHOTO & DRESS - YES I DO
ARRANGED BY NAY YI YI LIN




Joyful EVENT
MODEL . NYI LIN HTET , MAY BARANI THAW
MAKE UP . MAY OO MG ( TAW WIN THU )
PHOTO . KO LINN ( STUDIO K )
ARRANGED BY THIDASOE

# Joyful EVENT

MODEL . NYI LIN HTET , MAY BARANI THAW
MAKE UP . MAY OO MG ( TAW WIN THU )
PHOTO . KO LINN ( STUDIO K )
ARRANGED BY THIDASOE





# *Joyful* EVENT

MODEL . NYI LIN HTET , MAY BARANI THAW
MAKE UP . MAY OO MG ( TAW WIN THU )
PHOTO . KO LINN ( STUDIO K )
ARRANGED BY THIDASOE

# Joyful EVENT

MODEL . MIN KYAW THAR, PAING PHYO THU
MAKE UP (GIRL) . CHIT KHON CHO
MAKE UP (BOY) . LEO
PHOTO . KO LINN ( STUDIO K )
ARRANGED BY NAY YI YI LIN






# Joyful EVENT

MODEL . MIN KYAW THAR, PAING PHYO THU
MAKE UP (GIRL) . CHIT KHON CHO
MAKE UP (BOY) . LEO
PHOTO . KO LINN ( STUDIO K )
ARRANGED BY NAY YI YI LIN



# *Joyful* EVENT

MODEL . MIN KYAW THAR, PAING PHYO THU
MAKE UP (GIRL) . CHIT KHON CHO
MAKE UP (BOY) . LEO
PHOTO . KO LINN ( STUDIO K )
ARRANGED BY NAY YI YI LIN


Special
Cover
image
model . PATRICIA
make up . may oo maung (taw wun thu) / designer . aye aye thwe (aat fashion)
photo. myo myint swe (eye box studio)
arranged by phyoe su po po


make up . may oo maung (taw wun thu) / designer . aye aye thwe (aat fashion)
photo. myo myint swe (eye box studio)
arranged by phyoe su po po
Special
Cover
image
model . PATRICIA


make up . may oo maung (law wun thu) / designer . aye aye thwe (aat fashion)
photo. myo myint swe (eye box studio)
arranged by phyoe su po po
Special
Cover
image
model . PATRICIA


make up . may oo maung (taw wun thu) / designer . aye aye thwe (aat fashion)
photo. myo myint swe (eye box studio)
arranged by phyoe su po po
Special
Cover
image
model . PATRICIA


Special
Cover
image
model . PATRICIA
make up . may oo maung (taw wun thu) / designer . aye aye thwe (aat fashion)
photo. myo myint swe (eye box studio)
arranged by phyoe su po po


Special
Cover
image
model . PATRICIA
make up . may oo maung (taw wun thu) / designer . aye aye mwe (aat fashion)
photo. myo myint swe (eye box studio)
arranged by phyoe su po po


Special
Cover
image
model . PATRICIA
make up . may oo maung (law wun thu) / designer . aye aye thwe (aat fashion)
photo. myo myint swe (eye box studio)
arranged by phyoe su po po


Special
Cover
image
model . PATRICIA
make up . may oo maung (taw wun thu)
designer . aye aye thwe (aat fashion)
photo. myo myint swe (eye box studio)
arranged by phyoe su po po


Special Cover image
model . PATRICIA
make up . may oo maung (taw wun thu)
designer . aye aye thwe (aat fashion)
photo. myo myint swe (eye box studio)
arranged by phyoe su po po



# Special Cover image

model . PATRICIA

make up . may oo maung (taw wun thu) / designer . aye aye thwe (aat fashion)
photo. myo myint swe (eye box studio)
arranged by phyoe su po po


YANGON
DOPE BOY
YANGON
DOPE
BOY
RUN
YGN
YANGON
DOPE
GIRL
RUN
YGN

# Updating Fashion




Model - Hlwan Paing, Htet Htet (Bobby Soxer) / Make-up - Joe Joe / Dress - RUN YGN / Photo - Ko Linn (Studio K) / Arranged - Thida Soe




YANGON
DOPE BOY
YANGON
DOPE
BOY
RUN YGN
RUN
YGN


YANGON
DOPE BOY
YANGON
DOPE GIRL
YANGON
DOPE
BOY
RUN
YGN

# Updating Fashion




Model - Hlwan Paing, Htet Htet (Bobby Soxer) / Make-up - Joe Joe / Dress - RUN YGN / Photo - Ko Linn (Studio K) / Arranged - Thida Soe


YANGON
DOPE BOY






အောက်တိုဘာ ၃၁ ရက်နေ့မှာ
တစ်ကမ္ဘာလုံး ပါဝင်ဆင်နွှဲကြတဲ့
*Halloween* ပွဲတော်ကို ကိုယ်စားပြုပြီး
တင်ဆက်ထားတဲ့ ...

# NOW YOU SEE ME


MODEL : SU MYAT NOE KYAW
MAKE-UP : MYAUNG MYAUNG (KSW)
DESIGNER : OHNMAR KYAW (OMK)
PHOTO : WAI LIN (LOVE DIARY)
ARRANGED BY THIDA SOE













# Mod Mom

Model - Mya Shwe War , Gucci . Kisscurl
Photo - Aung Kyaw Moe (New Image)
Arranged by - Phyoe Su Po Po







ဒီလရဲ့ Mod Mom ကတော့
မေမေမြရွှေဝါ ပါပဲ။ မေမေမြရွှေဝါ၊
သားသား Gucci နဲ့
သမီးငယ်လေးKisscurl တို့ရဲ့
ကြည်နူးဖွယ်ပုံရိပ်လေးတွေကို
တင်ဆက်ပေးလိုက်ပါတယ်···


MOD
Model - Mya Shwe War, Gucci. Kisscurl
Photo - Aung Kyaw Moe (New Image)
Arranged by - Phyoe Su Po Po




# MOD Mom

Model - Mya Shwe War, Gucci. Kisscurl
Photo - Aung Kyaw Moe (New Image)
Arranged by - Phyoe Su Po Po


Model - Mya Shwe War , Gucci . Kisscurl
Photo - Aung Kyaw Moe (New Image)
Arranged by - Phyoe Su Po Po
MOD Mom
PUPPET
WE ♥ MOM



သားနာမည်က လွန်းမိုးယံပါ။ သားက အခု ၁၀ နှစ်ရှိပြီ။ MISY School မှာ Grade 4 တက်နေတယ်။
သားဘိုးဘိုးက ပန်းချီဦးလွန်းကြွယ်ပါ။ သားဖေဖေနဲ့ မေမေကလည်း ပန်းချီဆရာ၊ ဆရာမတွေပါပဲ။ ဖေဖေက ဦးလွန်းသစ်။ မေမေက ဒေါ်လွန်းကျော့ရီပါ။ သားမှာ မမတစ်ယောက်ရှိတယ်။ လွန်းပန်းချီပါ။ မမလည်း ပန်းချီဆွဲတယ်။

# WING OF HOPE

MODEL . LUN MOE YAN
ARRANGED BY PHYOE SU PO PO
PHOTO . KO NAING (POPULAR)

# WING OF HOPE



သားဘွားဘွားက လွန်းမြမြပါ။ သားက ငယ်ငယ်ကတည်းက ပန်းချီဆွဲတာပါ။ သား သူငယ်တန်းတုန်းက သားဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ မမတို့နဲ့ အတူ Grand Mee Ya Hta Hotel မှာ ပန်းချီပြပွဲလုပ်ဖူးတယ်။ အဲဒီတုန်းက သားက ၆ နှစ်ပဲရှိသေးတယ်။ သားက ကားပုံတို့၊ ငါးပုံတို့ ဆွဲရတာကြိုက်တယ်။ ပန်းချီသင်တန်းတော့ သားမတက်ဖူးဘူး။ ဒါပေမဲ့ သားဘိုးဘိုးကတော့ သားကို ပန်းချီဆွဲတာမှာ သင်ပေးပါတယ်။ အသီးပုံဆွဲပါ။



# WING OF HOPE

MODEL . LUN MOE YAN
ARRANGED BY PHYOE SU PO PO (POPULAR)
PHOTO . KO NAING



အင်းလေးကပြန်လာရင်လည်း
အင်းလေးသွားတုန်းက ဘာတွေတွေ့ခဲ့လဲ။
ဆွဲချင်တာကို ဆွဲပါဆိုပြီး ဆွဲခိုင်းတယ်။ သား
ဖေဖေဆွဲတဲ့ပုံတွေကို သားအရမ်းကြိုက်တယ်။
သားကအနီရောင်နဲ့.
အပြာရောင်ကိုကြိုက်တယ်။
ပန်းချီပြပွဲတွေရှိရင် သားက
ဘိုးဘိုးတို့ဖေဖေတို့နဲ့. လိုက်ကြည့်တယ်။
သားက ပန်းချီဆွဲတာအပြင်
ဘောလုံးကန်ရတာ ဝါသနာပါတယ်။
ဘောလုံးသမား Aguro
ကိုသားအရမ်းကြိုက်တယ်။ သားတို့ရဲ့. Artist
life Art Gallery မှာ သားတို့.
တစ်မိသားစုလုံး ပန်းချီကားတွေပြထားတယ်။



သားရဲ့ ပန်းချီကား ၆ ကားလောက် ရောင်းရဖူးတယ်။ သားက ကြီးလာရင်လည်း ဘိုးဘိုးတို့ ဖေဖေတို့လို ပန်းချီဆရာကြီး ဖြစ်ချင်တယ်။

# WING OF HOPE




METALLICA




# Because We're Musicians

# ORPHEUS BAND

**Zigzag**

ဂရိဒဏ္ဍာရီလာ ဂီတကဗျာပညာရှင်ကြီး တစ်ဦးရဲ့ အမည်နာမ - Orpheus ။ ဉာဏ်အမြော်အမြင်နဲ့ ပြည့်စုံတဲ့ ပရောဖက်တစ်ဦးလည်းဖြစ်သလို သတ္တဝါအပေါင်းတို့ရဲ့စိတ်နှလုံးကို သိမ်းကျုံးဖမ်းစားနိုင်စွမ်းတဲ့ ပညာရှင်တစ်ဦး။ ဒဏ္ဍာရီလာ အဲဒီပညာရှင်ကြီးမှာ အံ့ဖွယ်အစွမ်းသတ္တိတွေရှိနေမှာ အသေအချာ။ အခု ဒီ Orpheus Bandမှာလည်း အမည်နာမနဲ့ လိုက်ဖက်စွာ အံ့ဘနန်းဆွဲဆောင်နိုင်တဲ့ ဂီတအရည်အသွေးတွေ စုံလင်ကြွယ်ဝနေလိမ့်မည်လို့ ကိုယ်အခိုင်အမာယုံကြည်ထားခဲ့သည်။ ဒီယုံကြည်မှုတွေကြောင့်ပဲ Orpheus တွေဆီ တရွေ့ရွေ့လေး ကိုယ်ချဉ်းကပ်မိသွားသည်။

Orpheus Bandမှာbandsmen လေးယောက်ရှိသည်။ ဦးဆောင်ဂစ်တာသမား Sun Ny@ မျိုးဇင်မောင်၊ ဘေ့စ်ဂစ်တာသမား သီဟ @ Zaw Zaw Lynn ၊ ဒရမ်သမား Jerry Naing Lynn Htun၊ ကီးဘုတ်သမားက အောင်ထူးချွန် @ Win Htwe။ Orpheus Band ဖြစ်မလာခင်နှစ်ကာလများစွာဂီတကမ္ဘာထဲကိုယ့်နည်းကိုယ့်ဟန်နဲ့ သူတို့တစ်တွေ လျှောက်လှမ်းနေခဲ့ကြသည်။ Jerry က Orpheus Entertainment စတင် ဖော်ဆောင်နေချိန်၊ သူတို့လေးယောက်စုမိကြရာက Orpheus Studio မှာပဲစပြီး jam လုပ်ဖြစ်ကြသည်။ ဖြစ်လာသည့် chemistry ကို အားလုံးသဘောကျသွားပြီး အဆုံးသတ်မှာတော့ စိတ်ချင်းလျင်မြန်စွာဝတ်မှုန်ကူးလို့ gig လုပ်ဖြစ်သွားကြသည်။ Orpheus လို့ ဒီနေ့မှာ သေချာပေါက် အမည်တွင်ခဲ့ပြီ။ ဒီတော့လည်း ဒီ Bandsmen လေးယောက်ရဲ့ဂီတနံရံတံတိုင်းတွေကို တစ်လွှာပြီးတစ်လွှာ ထွင်းဖောက်ကာ ကိုယ်ဝင်ကြည့်မိပြန်တော့သည်။ သည်လို ထွင်းဖောက်ကြည့်မိရာက ခိုင်ခံ့တဲ့နံရံတံတိုင်းတွေရဲ့ နောက်ကနေမတူညီစွာ တူညီနေသည့် စကားလုံးတွေက အသွေးအရောင်စုံလင်စွာ ဝေဆာထွက်ပေါ်လာခဲ့တော့သည်။




ဦးဆောင်ဂစ်တာသမား Sun Ny ။ သူ့ကို လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကကိုယ်သိခဲ့သည်။ အတိတ်မြင်ကွင်းတချို့ကမျက်လုံးထဲ ဖလင်အနှေး ပြကွက်တွေလို ပြန်ပေါ်လာသည်။ ၂၀၀၃ ခုနှစ် FMI Centre က ပြုလုပ်သည့် Guitar Talent Show တစ်ခုမှာ ပါဝင်လက်စွမ်းပြခဲ့သူ ဂစ်တာသရဲတစ်ကောင်။ အခြားပြိုင်ဘက်တွေလိုဗျာများ လှုပ်ခတ်ခြင်းအလျဉ်းမရှိ အေးအေးလူလူ စတိုင်ဖြင့်အစွမ်းပြတီးခတ်သွားသည့်ဂစ်တာသရဲလေး။ အဲဒီကတည်းက ကိုယ်သူ့ကို တိတ်တိတ်ကလေး ကောက်ချက်ချခဲ့မိသည်။ ရေပွက်တစ်ခုလို ဒီနေ့ထပွက်ပြီးနောက်နေ့ပျောက်သွားမည့်အစားမဟုတ်။ တစ်နေ့နေ့တစ်ချိန်ချိန်ဂီတလောကထဲမှာ သေချာပေါက် ပြန်တွေ့ကိုတွေ့ရလိမ့်မည်လို့ မှတ်ချက်ချမိခဲ့သည်။ ပိုကောင်းသည့် အနေအထားတွေနဲ့အတူ။ ဟုတ်သည်။ တကယ်လည်း ပြန်တွေ့ခဲ့ရသည်။ ဝေဖန်သံတွေ ပွက်ပွက်ညံလျှံကျခဲ့သည့် ပထမဆုံးအကြိမ်ဟုဆိုနိုင်သော မြန်မာပြည်က Guitar Instrumental Show ကြီးမှာ နာမည်ကျော် ဂစ်တာသမားများစွာနဲ့အတူ ပိုကောင်းသည့်အနေအထား၊ ပိုအားကောင်းလာသည့် ဂစ်တာဆိုလို အမိုက်စားတွေနဲ့သူ့ကို ဘွားခနဲ ပြန်တွေ့ခဲ့ရသည်။ အဲသည်နောက် Orpheus ဆိုသည့်အမည်နာမတစ်ခုနဲ့အတူ ပိုကောင်းသည့် အနေအထားကို သူ အခု ပိုင်ဆိုင်ခဲ့ပြန်သည်။

**Sun Ny @ မျိုးဇင်မောင် (Guitar)**

၁၉၉၉ မှာ Emperor John O'Hara ဆီမှာ ဂစ်တာသင်ခဲ့တယ်ဗျ။ ၂၀၀၄-၂၀၀၅ အဆိုတော် ခရစ္စတိုဖာနဲ့ Band တစ်ခု ဖွဲ့ခဲ့တယ်။ Blaze မှာလည်း တီးခဲ့ဖူးသေးတယ်။ အခက်အခဲတွေအများကြီးပဲဗျာ။ ဂီတလောကမှာ နှိမ်တဲ့သူတွေလည်း ရှိတယ်။ အခု Orpheus ကို ပုံစံသစ်နဲ့ ထပ်ဖွဲ့ဖြစ်တာက facebook မှာ drummer နဲ့တွေ့ရာကမိတ်ဆက်ကြရင်းစိတ်ကူးတွေ ဖလှယ်ကြရင်းနဲ့ လူချင်းတွေ့ဆုံ၊ နောက်ဆုံးဒီ Orpheus ကို လုပ်ဖြစ်သွားတာပဲဗျ။ player တွေက အကုန်လုံးတော်တဲ့ လူတွေပါ။ တကယ်ရှုးပြီးလုပ်ကြမယ့် လူတွေလို့ယုံကြည်လို့တွဲဖြစ်ခဲ့တာပါပဲ။ အပေးအယူကိစ္စ၊ အငြင်းအခုံကိစ္စမျိုးတော့ ကျွန်တော်တို့ အချင်းချင်းကြားမှာသိပ်ပြောပြလို့ မရသေးဘူး။ အခုမှ လက်တွဲဖြစ်ကြတဲ့သူတွေဆိုတော့ဗျာ။ practice ကတော့ ပုံမှန်တစ်နေ့ ၂ နာရီ လောက်ပဲ လုပ်ဖြစ်တယ်။ကျွန်တော့်ရဲ့ဂစ်တာဟီးရိုးက Steve Vai။သူ့ကို အခိုက်ဆုံးပဲ။

**Jerry Naing Lynn Htun @ ညီညီ (Drums)**

Drums တီးရတာကို ငယ်ငယ်ကတည်းက ဝါသနာပါတာဗျ။ ၁၄ နှစ်အရွယ်လောက်မှာ သေချာတီးနိုင်ခဲ့ပြီ။ ဆယ်တန်းအောင်ပြီး အင်္ဂလန်မှာကျောင်းတက်၊ Business နဲ့ IT ဘွဲ့တွေရပြီးနောက် ကျွန်တော်အမှန်အကန် ဝါသနာပါတဲ့ Music School နဲ့ West London University တို့မှာ Higher Diploma in Popular Music Performance နဲ့ Higher Induction Certificate တွေရယူခဲ့ပြီး မြန်မာပြည်မှာ အခု Music in (Popular Music Practice)အလုပ်တွေ လုပ်နေတာပါ။ ဂီတနဲ့ပတ်သက်တဲ့ သင်ယူခဲ့တဲ့အတွေ့အကြုံတွေပြောရရင် ဘာသာရပ်တွေအကြောင်း ပြောပြရတော့မှာပါပဲဗျ။ ပထမနှစ်မှာ subject တွေက ၁။ Instrumental, Drums Technique, Live Performance Workshop, ၂။ Drum Concepts, ၃။ Rhythm Section Skills, ၄။ General Musicianship & Sight Reading, ၅။ Latin Percussion, ၆။ Transcribing, Arranging & Composition, ၇။ Music Technology & Studio ဒီဘာသာရပ်တွေပဲဗျ။ နောက်တစ်နှစ်ကျတော့ Music Law နဲ့ Music Business တို့ပါဝင်လာတယ်။ ဒါတွေကကျွန်တော်ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေပါပဲ။ Bandစဖွဲ့ချိန်မှာ တကယ်ဖြစ်လာတာကတော့ Rock Resistance Gig လေးပါ။ ကျွန်တော် Sun Ny ကို ၂၀၁၃မှာ facebook ကနေ စတင်ရင်းနှီးပြီးတော့ သူ့ကို ကျွန်တော်က 3 Pic Rock Band လုပ်ချင်

တယ်ပြောတော့ သူကလည်း စိတ်ဝင်စားပြီး စပြီး လုပ်ဖြစ်သွားတာ။ Bandsmen တွေအပေါ် သဘောထားပြောရရင် သူတို့က one of the bestတွေပါ။ ကောင်းလို့လည်း သူတို့ နဲ့ လက်တွဲဖြစ်တာ။ individual practice ကိုတော့ သူတို့ဘာသာ သူတို့ရဲ့ကိုယ်ပိုင် အချိန်မှာလုပ်ကြတယ်။ Gig အတွက် practice ကိုပဲ ကျွန်တော်တို့ ပိုပြီး အာရုံစိုက်ထားတယ်ဗျ။

**အောင်ထူးချွန် @Win Htwe (Keyboard)**

၁၉၈၉-၉၀ ခုနှစ်လောက်က အိမ်မဲမြို့မှာ ကီးဘုတ်စသင်ခဲ့တယ်။ ၁၉၉၄ မှာ ပုသိမ်မြို့ ဆရာမနော်အယ်မွန်းဆီမှာ ပီယာနိုသင်ခဲ့တယ်။ ကိုယ်တိုင်တော့ band ထောင်ခဲ့တာမရှိဘူး။



D'Blade, Century, MYC band တွေမှာ တီးခဲ့သလို session player အဖြစ် အများကြီးတော့ တီးခဲ့ဖူးတယ်ဗျ။ အခု Orpheus မှာက Sun Ny ခေါ်လို့တီးဖြစ်ခဲ့တာ။ အရင်ကလည်း သူနဲ့ show တွေတီးခဲ့ဖူးတယ်။ အဖွဲ့သားတွေအပေါ်ကျွန်တော့်အမြင်ပြောရရင်ဂစ်တာသမား SunNy က အလုပ်တစ်ခုကို သေသေချာချာလုပ်တတ်တယ်ဗျ။ Drummer ကိုညီဆိုရင်လည်း music အရမ်းရူးသွပ်လို့လန်ဒန်မှာတောင် drums သွားသင်၊ ဘွဲ့ယူပြီး ပြန်လာ၊ studio လုပ်၊ အခု show တွေလည်း လုပ်ဆိုတော့။ music အပေါ်တကယ်ပုံအပ်ပြီး အလုပ်လုပ်သွားကြမယ့်သူတွေပါပဲ။ bass သမားကိုသီဟကတော့ ကျွန်တော်တို့လိုမဟုတ်ဘူး၊ လူပုံစံက နည်းနည်းတော့ အေးတယ်ဗျ။ ဒါပေမဲ့ သူ့လက်သံက အရမ်းမိုက်တယ်။ ပုံမှန်လေ့ကျင့်ချိန် ကျွန်တော့်မှာ တစ်နေ့ ၄နာရီလောက်တော့ရှိတယ်။ keyboard hero တွေထဲမှာ ကြိုက်တာတွေအများကြီးပါပဲဗျာ။ Dream Theater က Jodan Rudessတော့ အသေကြိုက်။ ဂီတလောကအပေါ်အမြင်ကတော့အထွေအထူးမရှိပါဘူးဗျာ၊ အားလုံး ကောင်းကြပါတယ်ပေါ့။

**သီဟ@ Zaw Zaw Lynn (Bass)**

ဦးလေးတစ်ယောက်ဆီမှာ ဒိုး-ရေ-မီ-ဖာ 1-2-3-4 notes တွေ သင်ခဲ့ရတယ်။ ၁၉၈၅ ၊ ဆယ်တန်းနှစ်မှာ အဲဒီဦးလေးအငယ်နဲ့ သီတင်းကျွတ်ရပ်ကွက် stage showမှာ သူနဲ့အတူ တီးခွင့်ရတယ်။ - ၉၀ နောက်ပိုင်းမှာတော့ ကိုဝင်းဆက်၊ ကိုစည်သူ၊ ကို Bryianတို့နဲ့ နယ်ရှိုးတွေ၊ ဧည့်ခံပွဲတွေ၊ မင်္ဂလာဆောင်တွေမှာ Bass ဂစ်တာပဲ တီးခဲ့တော့တယ်။ ရုပ်မြင်သံကြားကလွှင့်တဲ့ တေးဂီတအစီအစဉ်တွေအတွက် recording တွေတီးဖြစ်တယ်။ တီဗီကလွှင့်တဲ့ သီချင်းတွေအတွက်တီးခဲ့ရတာများတယ်ဗျ။ အခွေတွေအတွက်လည်း recording လုပ်ခဲ့တာ တွေရှိပေမဲ့ အဲဒီတုန်းက ဘယ်သူမှ အခွေပြီးအောင် မလုပ်ဖြစ်တော့ ကိုယ်တီးတဲ့အခွေ မထွက်ဘူးပေါ့။ show တစ်ခုတီးမယ်ဆိုရင် အဓိကကျတာ instrument တွေပဲ။ စက်ပစ္စည်းတွေကလည်း အားနည်းတော့ playerတွေ စိတ်တိုင်းမကျ၊ အားမလိုအားမရဖြစ်ကြ တစ်ယောက်နဲ့တစ်ယောက်အပေးအယူမတည့်တာ၊ စင်ပေါ်မှာ သူ့အသံကိုယ့်အသံ ကြားရတာမကြားရတာ အဲဒီပြဿနာတွေတော်တော် ကြီးခဲ့တယ်။ တီးချင်စိတ်က ပြင်းပြတော့လည်း အားလုံးပြီးဆုံး တဲ့အထိ တာဝန်ယူပြီး အကောင်းဆုံးဖြစ်အောင် တီးခဲ့ကြရတာပါပဲ။ အခုတော့ ကိုယ့်ဂစ်တာကိုယ်ဆွဲပြီး တီးနိုင်ကြတဲ့အနေအထား ရောက်သွားကြပြီ။ Sun Ny နဲ့ပတ်သက်ပြီး drums တီးတဲ့ ကိုညီနဲ့တွေ့ရာက Orpheus ကို ရောက်ခဲ့တယ်။ Guitar Instrumental Show မှာလည်း Sun Ny နဲ့အတူ ပါဝင်တီးခတ်ခွင့်ရခဲ့တယ်။ ကျွန်တော့်အကြိုက် ဂစ်တာဟီးရိုးတွေကတော့ Santana, Eric Clapton, Jeff Beck, Joe Satriani, Steve Vai ပေါ့ဗျာ။ ဘေ့စ်သမားတွေထဲမှာတော့ Nathan East, Stanley Clarke, Marcus Millar သူတို့ကို ခိုက်တယ်ဗျ။



Orpheusသည်Rock ကိုအားကောင်းမောင်းသန် သီဆိုဟစ်ကြွေးမည့် အဆိုသမားများအတွက် ပံ့ပိုးတီးခတ်ပေးရန် အသင့်အနေအထားမှာ ရပ်တည်နေပြီဖြစ်သလို သူတို့ နှင့်အတူ စိတ်နှလုံးချင်းထပ်တူကျစွာ လက်တွဲသွားမည့် အသစ်သောအဆိုသမားကိုလည်း မျှော်လင့်ကောင်း မျှော်လင့်နေလိမ့်ဦးမည်။ Rock အသစ်တွေ creation လုပ်သွားဖို့ စိတ်ကူးတွေကတော့ တိမ်တိုက်တွေဆီ ခရီးနှင်ကာ ပျံသန်းနေခဲ့လေပြီ။ သေချာ သည်က Orpheus တို့သည် သူတို့ မက်မက်စက်စက် ရှန်းကန်မွေ့ပျော်နေသည့် ဂီတလောကအပေါ် ဘယ်သောအခါမှ သစ္စာဖောက်လိမ့်မည်မဟုတ်၊ ဘယ်သောအခါမှ အဆိုးမြင်မည့်လူစားတွေလည်းမဟုတ်။ တစ်သက်ထာဝရ အကောင်းချည်းသာ သူတို့ မြင်နေကြလိမ့်ဦးမည်။ ဘာကြောင့်ပါလိမ့်။ Bandsmen လေးယောက် စလုံးရဲ့ရင်ခေါင်းထဲကနေ အသွေးအရောင်တူညီသော၊ ပမာဏချင်း ထပ်တူကျသော အသံတစ်ခုက တစ်ပြိုင်နက်တည်းမှာပင် ကျယ်လောင်စွာ မြည်ဟည်း ထွက်ပေါ်လာခဲ့သည်။

# Because
## We `re Musicians ....../

Zigzag



# သူပြတဲ့သူ့အကြောင်း

Model - Min Thway
Photo - Ko Naing (Popular)
Arranged by Thida Soe

ပင်းသွေးပျော်ရွှင်ခဲ့တဲ့ အမှတ်တရအချိန် State ကျောင်းသားဘဝတုန်းကတော့ အရမ်းကို အပူအပင်ကင်းပြီး ပျော်ရွှင်ခဲ့ရပါတယ်။

### မင်းသွေးသည်းမခံပေးနိုင်တဲ့ လုပ်ရပ်

လူက စနေသားဆိုတော့ အရင်ကဆိုရင် ကိုယ့်ကို စေ့စေ့တောင် အကြည့်ခံတာမဟုတ်ဘူး။ နောက်ပိုင်းကျတော့ အသက်အရွယ်အရရော၊ အလုပ်အရရော သည်းခံတတ်လာတယ်။ အသက်အရွယ်နဲ့ ပိုဆိုင်မယ်ထင်ပါတယ်။ လူကလည်း နည်းနည်းလေး တည်ငြိမ်လာတာပေါ့နော်။

### မင်းသွေးရဲ့ အကြည်ညိုဆုံး စံပြပုဂ္ဂိုလ်

နံပါတ် (၁) ကတော့ ကျွန်တော်တို့ရဲ့ ဗုဒ္ဓမြတ်စွာဘုရားပါ။ နံပါတ် (၂) ကတော့ အဖေ၊ အမေပါ။

### ကိုယ်ရှာဖွေထားတဲ့ ငွေကြေးတွေကို ဒီလိုနေရာတွေမှာ များများသုံးဖြစ်တယ်

ငါးပုံပုံရင် တစ်ပုံကို အလုပ်ထဲ ပြန်ထည့်တယ်။ တစ်ပုံကို လှူတယ်။ အဖေ၊ အမေကိုလည်း အပ်ပါတယ်။ ကျန်တဲ့ဟာတွေကိုတော့ သိမ်းထားတာရှိသလို သုံးသင့်တဲ့နေရာမှာ သုံးတာတွေလည်း ရှိပါတယ်။ လှူဖြစ်တာကတော့ လှူဖြစ်ပါတယ်။ တသီးတသန့်ကြီး လှူဖြစ်တာတော့ မဟုတ်ပါဘူး။

### မင်းသွေးရဲ့ မိဘနဲ့ပတ်သက်ပြီး ဖွင့်ဟချက်များ

မိဘတိုင်းက ဘယ်သားသမီးကိုမဆို ကောင်းစေချင်ကြတာပါပဲ။ အရမ်းတင်းကျပ်တဲ့ မိဘတွေနဲ့ ကျွန်တော့်ရဲ့ မိဘနဲ့တော့ သိပ်မတူဘူး။ ကျွန်တော် ၁၂ နှစ်သားအရွယ် ခုနစ်တန်းတက်ကတည်းက ကျွန်တော်တို့အိမ်မှာ ဒီမိုကရေစီရနေပြီ။ ခုနစ်တန်းကတည်းက ကျွန်တော်တို့ကို အခန်းခွဲနေခိုင်းတယ်။ ပြီးတော့ ကိုယ်ဖြစ်ကိုယ်ခံဆိုတဲ့စိတ်မျိုး မွေးပေးတယ်။ ဒါ မကောင်းဘူး၊ ဒါကောင်းတယ်။ အဲဒါလောက်ပဲ ပြောတယ်။ ဒါ မလုပ်ရဘူး၊ ဒါလုပ်ရမယ်ဆိုပြီး ဘယ်တော့မှ မတင်းကျပ်ပါဘူး။ အဲဒါကြောင့် ဒီနေ့ဒီအချိန်အထိ ကျွန်တော့်မိဘတွေက စံပြပုဂ္ဂိုလ်တွေပါ။ ကျွန်တော့်မိဘတွေကို ကျွန်တော့်ရဲ့ အဘိုးအဘွားတွေက ပိုက်ဆံ ဒီလောက်ထားခဲ့လို့ ကျွန်တော့်မိဘတွေ ဒီအခြေအနေဖြစ်ခဲ့တာ မဟုတ်ပါဘူး။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ အခြေအနေက

> အနုပညာအပေါ်
> ကျွန်တော့်ရဲ့စိတ်နဲ့
> တစ်ကိုယ်ရည်အမြင်ကတော့
> အနုပညာပစ္စည်းဆိုတာ
> များဖို့မလိုပါဘူး
> ကောင်းဖို့ပဲလိုပါတယ်
> ဘယ်အနုပညာပဲလုပ်လုပ်
> အဲဒီအပေါ်မှာထားတဲ့စိတ်က
> သန့်ရှင်းဖို့လိုပါတယ်
> ပြီးတော့ ပရိသတ်ကို
> ကိုယ့်ထမင်းရှင်လို့ ❝





အဲဒါကိုလည်း ကျွန်တော် အရမ်းအားကျပါတယ်။

### အနုပညာလောကကို ဝင်ရောက်တဲ့အချိန်မှာ မင်းသွေးကြုံခဲ့ရတဲ့ အခက်အခဲများ

အဓိက ကြုံရတာကတော့ လုပ်ချင်တဲ့စိတ်ရှိရဲ့သားနဲ့ ကင်မရာရှေ့ရောက်ရင် ကျောက်ရုပ်ကြီးလို ဖြစ်သွားတတ်တာပါ။ ကျွန်တော် ဇာတ်ကားမရိုက်ခင် ရှူတင်နောက်တွေ လိုက်တုန်းက ဩော် . . . ဒီစကားလေး ပြောရတာ လွယ်လွယ်လေးကို ဘာလို့မှားနေတာလဲမသိဘူးဆိုပြီး စိတ်ထဲက ဖြစ်မိတယ်။ ကျွန်တော် ပထမဆုံးစရိုက်တဲ့အချိန်မှာ စတွေ့တော့တာပဲ။ ကျွန်တော်နဲ့ ကိုဝိုင်းက ဗီစီဒီတော့ ရိုက်ဖူးတယ်။ တကယ်တမ်း စကားပြောနဲ့ အိုက်တင်ပါလာတဲ့ Movie ရိုက်တဲ့အချိန်မှာတော့ အခက်အခဲ ကြုံရတာပေါ့။ ပထမဆုံးအနေနဲ့ 'ဇော်က ကနေသည်' မှာ ပရိုဂျူဆာကလည်း လုပ်ကြည့်ပါလား၊ အစ်ကိုကလည်း လုပ်ကြည့်ပါလား၊ ဦးမီးပွားကလည်း လုပ်ကြည့်ပါလားပြောလို့ ဝင်ရိုက်လိုက်တာ မနန္ဒာနဲ့စပြီး စကားပြောတဲ့အချိန်မှာ လွဲတော့တာပါပဲ။ ဒါကတော့ ဘဝမှာ မှတ်မှတ်ရရ ဒုက္ခအရောက်ဆုံး ဖြစ်ခဲ့တာပါပဲ (ရယ်လျက်)။

### အနုပညာနဲ့ပတ်သက်ပြီး မင်းသွေးရဲ့ အမြင်နဲ့ ခံယူချက်

အနုပညာအပေါ် ကျွန်တော့်ရဲ့စိတ်နဲ့ တစ်ကိုယ်ရည်အမြင်ကတော့ အနုပညာပစ္စည်းဆိုတာ များဖို့ မလိုပါဘူး။ ကောင်းဖို့ပဲ လိုပါတယ်။ ဘယ်အနုပညာပဲလုပ်လုပ် အဲဒီအပေါ်မှာ ထားတဲ့စိတ်က သန့်ရှင်းဖို့ လိုပါတယ်။ ပြီးတော့ ပရိသတ်ကို ကိုယ့်ထမင်းရှင်လို့ အသိအမှတ်ပြုပြီးတော့ စိတ်ထဲကနေ တကယ်လှိုက်လှိုက်လှဲလှဲ စိတ်ပါဝင်စားစွာ လုပ်ပေးဖို့၊ နောက်တစ်ခုက ပရိသတ်တွေ ဘာကြိုက်လဲ၊ ထပ်ပြီးတော့ ဘာတွေကြိုက်နိုင်အောင် ဘာတွေ အသစ်ထပ်လုပ်ပေးနိုင်မလဲဆိုတဲ့ စိတ်လေးတော့ လိုမယ်ထင်ပါတယ်။ ကိုယ့်အတွက်လည်း ဆန်းသစ်မှုတွေ ထပ်ပြီး ထပ်ပြီး ဖန်တီးနိုင်သော အနုပညာက ပိုပြီး ပြောင်မြောက်မယ်လို့ ထင်ပါတယ်။

### တစ်ချိန်မှာ မင်းသွေးလိုချင်တဲ့ မိသားစုပုံစံ

ကျွန်တော့်မိသားစုလိုမျိုး၊ အဖေအမေလိုမျိုး၊ ညီအစ်ကိုမောင်နှမလိုမျိုး ကျွန်တော်တည်ဆောက်မယ့် ဘဝမှာ အဲလိုမိသားစုဝင်မျိုးတွေ လိုချင်ပါတယ်။ ပိုက်ဆံရှိခြင်း မရှိခြင်းသည် အဓိက မဟုတ်ပါဘူး။ အဓိကကတော့ ကိုယ့်အနားမှာ

နေမယ့်မိသားစုသည် နှစ်ကိုယ့်တစ်စိတ်ဖြစ်နေဖို့ အရေးကြီးပါတယ်။ နောက်တစ်ခုက တစ်ယောက်ကိုတစ်ယောက် နားလည်မှုရှိဖို့လည်း အရေးကြီးပါတယ်။ ကျွန်တော်တို့ အနုပညာရှင်တွေကို ပိုပြီးနားလည်မှုပေးနိုင်မယ့် အမျိုးသမီးမျိုးပေါ့။ မိသားစုဘဝကို အေးအေးချမ်းချမ်းနဲ့ ဖြတ်သန်းချင်ပါတယ်။ သဝန်တိုပြီး တကျက်ကျက်ရန်ဖြစ်နေတာမျိုးတော့ မလိုချင်ပါဘူး။

### အနုပညာနဲ့ပတ်သက်ပြီး မင်းသွေးလေ့လာဖြစ်တာတွေကို ဒီလိုပြောပြခဲ့ပါတယ်

ဆင်ဆာလွတ်လပ်ခွင့်လည်း နည်းနည်းရှိလာပြီဆိုတော့ ကျွန်တော်တို့ပြချင်တဲ့ Presentation တွေ ပြလာလို့ ရတယ်။ ဝိညာဉ်လို ကားမျိုးတွေ၊ သရဲလိုကားမျိုးတွေ၊ လူသတ်တဲ့ကားမျိုးတွေ၊ ခေတ်လွန်တဲ့ကားမျိုးတွေ ပြလို့ရလာတယ်။ ပရိသတ်အသံကိုလည်း အမြဲနားထောင်ဖြစ်ပါတယ်။ အခုလောလောဆယ်တော့ ပရိသတ်က ဘာနဲ့လိုက်တယ်ဆိုတာထက်ကိုအကုန်လုံးကို Perfect ဖြစ်စေချင်ကြတယ်။ နောက်တစ်ခုက Connection လို IT ပညာနဲ့ပတ်သက်တဲ့ သရဲကားမျိုးက ဇာတ်လမ်းကွဲပြီး နည်းပညာဆန်းတဲ့ကားလေးဆိုတော့ ကြိုက်ကြတယ်။ အရင်တုန်းက ကားတွေဆိုရင် ပရိသတ်ငါးဆယ်၊ ကျွန်တော်တို့ ငါးဆယ်ဆိုပြီး လုပ်ကြတယ်။

### အရင်တုန်းကမင်းသွေးနဲ့ အခုမင်းသွေးရဲ့ ကွာခြားချက်

သေချာတာကတော့ အသက်ကြီးသွားပြီပေါ့နော်(ရယ်လျက်)။ အရင်တုန်းကမသိခဲ့တာတွေ အများကြီးရှိတယ်။ အခုနောက်ပိုင်းလည်းသိတယ်လို့တော့မဟုတ်ပါဘူး၊ သင်ယူနေတုန်းပါပဲ။ ဒါပေမဲ့ အရင်ထက်စာရင်အတွေ့အကြုံအရသော် လည်းကောင်း၊ ဖြတ်သန်းမှုအရသော်လည်းကောင်းနည်း နည်းပါးပါးတော့သိလာရပါပြီ။ ကားတစ်ကားကောင်းဖို့ အရေးကိုတွန်း တွန်းတိုက်တိုက်လေးလုပ်လာနိုင်တယ်။ ကျွန်တော့်မှာ မွေးကတည်းက ကံဇာတာနိမ့်တယ်ပဲ ပြောရမလား။ ပင်ပန်းတဲ့ဇာတာပါတယ်။ ကားတစ်ကား ရိုက်ပြီးရင် ကိုယ့်ကားလေးကောင်းစေချင်တဲ့အတွက် ကြော်ငြာရော၊ Wallsheet ရော လိုက်လုပ်တယ်။ ဒါရိုက်တာဆီသွားပြီး ကြော်ငြာသွားလုပ်တဲ့အခါ မနက် ၄ နာရီထိုးတာမျိုး ၂ ရက်လောက်ဖြစ်တယ်။ ကျွန်တော့်ရှေ့မှာ အစ်ကို နေတိုးကလည်း ရှိနေတော့ သူများထက်ပိုပြီး ၂ ဆ ကြိုးစားရပါတယ်။ ဒါပေမဲ့ ထွက်လာတဲ့ကားတွေ က ပင်ပန်းရကျိုးနပ်တယ်လို့ ပြောရမှာပေါ့။ Connection လို ကားဆိုတော်တော် ပင်ပန်းခဲ့ရတယ်။

### ပရိသတ်နဲ့ကိုယ်နဲ့ တစ်သားတည်းဖြစ်ခဲ့တဲ့ အောင်မြင်မှု

တစ်ခုတည်းပြောရမယ်ဆိုရင်တော့ နည်းနည်းခက်တယ်ဗျ။ အရင်တုန်းကဆိုရင် 'အိုးပုတ် ချိုးရုပ်' လိုကားမျိုး၊ 'စာမျက်နှာတစ်ဆယ့်ငါး' လို ကားမျိုး၊ အဲဒီကားတွေထွက်ပြီးတော့ ကျွန်တော် နှစ်နှစ်ခွဲလောက် နားလိုက်သေးတယ်။ နားလိုက်တာကလည်း Producer နဲ့ ပြဿနာတက်တာရော၊ ကျွန်တော်ကိုယ်တိုင်လည်းလုံးလည်ချာ လည်လိုက်နေတာရော ပါတာပေါ့။ အခုပြန်စတဲ့ အချိန်မှာ သုံးကားဖြန့်ထားတယ်။ ၃ ကားလုံးကို ပရိသတ်တွေ ကြိုက်ကြပါတယ်။ ကျွန်တော်က ဝုန်းဒိုင်းကြီးဖြစ်လာတာ မဟုတ်ဘဲ တဖြည်းဖြည်းချင်း ဖြစ်လာတာဆိုတော့ ပြောဖို့ခက်တယ်။

### မင်းသွေးက ဇာတ်ကားတွေကို ဒီလိုရွေးချယ်ပြီး ရိုက်ကူးတယ်

အဓိကကတော့ ဇာတ်ကားမရိုက်ခင်က





တည်းက ကျွန်တော်ရယ်၊ ပရိုဂျူဆာရယ်၊ ဒါရိုက်တာရယ် တိုင်ပင်တယ်။ မင်းသမီးရွေးချယ်တဲ့ အခါမှာလည်း ဘယ်မင်းသမီးကို ရမလဲဆိုပြီး ချိတ်ရတယ်။ ပြီးရင်တော့ ဒါရိုက်တာနဲ့တိုင်ပင်ပြီး အစ်ကိုရေ . . . ကျွန်တော်ကတော့ ဒီလိုမျိုးလေးလုပ်ချင်တယ်လို့ ပြောတယ်၊ ဒါရိုက်တာ ဘက်ကလည်း လိုချင်တာလေးတွေ ပြောပါတယ်။ တစ်ခါတလေကျရင် ဇာတ်လမ်းက ကိုယ်ပိုင်ဇာတ်လမ်း ဖြစ်သွားတာတွေလည်းရှိတယ်။ အစကတည်းက Meeting ထိုင်ပြီး လုပ်တာများပါတယ်။

### မင်းသွေးရွေးချယ်တဲ့ ဖက်ရှင်ပုံစံ

ကျွန်တော်ကတော့ အပြင်သွားရင် ပေါ့ပေါ့ပါးပါးလေးဝတ်ဖြစ်ပါတယ်။ ရှပ်အင်္ကျီကတော့ ဝတ်တာရှားပါတယ်။ တီရှပ်ကတော့ အများဆုံး ဝတ်ဖြစ်ပါတယ်။ ဇာတ်ကားရိုက်ကူးမှုအပိုင်းမှာတော့ သူ့ကာရိုက်တာနဲ့ လိုက်တဲ့ အဝတ်အစားကို ဝတ်ရတာပေါ့။

### နေတိုးရဲ့ အောင်မြင်မှုအပေါ် မင်းသွေးရဲ့ သုံးသပ်ချက်

ဒီနေ့ဒီအချိန်အထိ မပြောင်းလဲတာ တစ်ခု ရှိတယ်ဗျ။ သူ စလုပ်ကတည်းက မှတ်မှတ်ရရ ပြောရမယ်ဆိုရင် ကိုနေထက်လင်းနဲ့စရိုက်တဲ့ကားမှာပေါ့။ ကိုနေထက်လင်းက ဒုတိယမင်းသားအနေနဲ့ တင်ရိုက်တာပေါ့နော်။ သန်လျင်ဘက်မှာ ကျွဲစီးပြီးရိုက်ရတဲ့အချိန်မှာ ကျွဲပေါ်ကနေ ပြုတ်ကျပြီး လက်ကျိုးသွားတယ်။ ကျွဲက အမြန်ဆောင့်ထွက်သွားလို့ ဖြစ်တာပါ။ လက်ကျိုးသွားတော့ ကိုနေထက်လင်းက နားခိုင်းပါတယ်။ ဒါပေမဲ့ သူ မနားပါဘူး။ သူ့ကြောင့် အလုပ်ပျက်မှာစိုးလို့ လက်ကျိုးကြီးနဲ့ပဲ ဆက်ရိုက်ခဲ့တယ်။ ပြောချင်တာက သူသည် ဒီအလုပ်အပေါ်ကို ဘယ်နည်းနဲ့မှ အထိခိုက်မခံပါဘူး။ နောက် တစ်ခုက ပရိသတ်အတွက်ကော၊ သူ့အတွက်ကော ဒီပေါ်မှာပဲ အာရုံစိုက်တယ်၊ Presentation ကို လည်း ဂရုစိုက်တတ်သူပါ။ ကျန်တဲ့သူတွေထက် သူ့မှာ တစ်ခုအားသာခြင်းသည် ဘာလဲဆိုတော့ Special Make - Up ကို ကျွမ်းကျွမ်းကျင်ကျင်တတ်တာပါ။ ပြီးတော့ သူက ဒီအလုပ်ဆို ဒီအလုပ်ပဲသိတယ်။ အဲဒါကြောင့် တချို့ ပရိသတ်တွေက မာနကြီးတယ်လို့ ထင်ကြတာပါ။ သူ့ခေါင်းထဲမှာ ဘာလုပ်မလဲ . . . ဘာလုပ်မလဲ ဆိုတာကိုပဲ စဉ်းစားနေတတ်တယ်။ ဒီအလုပ်ကိုလည်း တော်တော်လေး လေးစားတဲ့သူပါ။ အလုပ်အပေါ်မှာရော၊ ဒါရိုက်တာအပေါ်မှာရော၊ စက်အဖွဲ့အပေါ်မှာရော လေးစားစွာ ဆက်ဆံတတ်သူပါ။ ဘယ်သူ့အပေါ်မှာမှ ကောက်ကျစ်ယုတ်မာပြီးတော့ လှေကားထစ်လိုသုံးပြီး မတက်ခဲ့ပါဘူး။ သူ့ဘာသာသူ ပုံမှန်လုပ်နေတာပါပဲ။ အဲဒါကြောင့်လည်း ဒီနေ့ဒီအချိန်အထိ နေရာတစ်ခုရပြီး ရပ်တည်နေနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။

သီတာစိုး

# Strategic Notes

**arranged by**
phyoe su po po

မိသားစုတစ်စုအတွက် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်လျှင် ပျော်ရွှင်သော မိသားစုဘဝကို ဖြစ်စေပါမည်။ လိုအပ်ချက်များ ဆိုသည်မှာ အစားအစာ၊ နေထိုင်ရာ၊ အဝတ်အထည်စသည့် အခြေခံအချက်များအပြင် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုအတွက် ချစ်ခြင်းမေတ္တာ၊ ယုံကြည်မှု၊ စောင့်ရှောက်မှုများလည်း အထူးအရေးပါလှသည်။ မိသားစုတစ်စုတွင် မိဘက အရေးပါသော နေရာတွင် ပါဝင်နေတတ်ပြီး သား၊ သမီးများအတွက် စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်သူများအဖြစ်၊ စံပြခေါင်းဆောင်များအဖြစ်၊ ပညာပေးသူများအဖြစ်၊ သူငယ်ချင်းများအဖြစ် ရှိနေတတ်ပါသည်။ ထို့ကြောင့် ဒီလအတွက် Strategic Notes ကို မိခင်တစ်ဦးဖြစ်သည့် စာရေးဆရာမ လမင်းမိုမို၊ ဖခင်တစ်ဦးဖြစ်သည့် အဆိုတော် အဲလက်စ်၊ မိခင်ဖခင်တို့၏ ချစ်စဖွယ်သမီးငယ် ယွန်းယွန်းတို့ စကားသံများဖြင့် တင်ဆက်ပေးလိုက်သည်။



သူ့အမေက ကလေးဆိုတာ မပျော်ရင် ထွက်ပေါက်ရှာတတ်တယ်။ အဲဒီလိုရှာရင်းနဲ့ဂိုကောင်းနေတဲ့သူ့ဘဝလေး ပျက်သွားမယ်ဆိုပြီး မကို တိုက်တွန်းလာတယ်။ နောက်ဆုံး မက ခွင့်ပြုလိုက်ရတာပေါ့။



ကိုယ့်ဘဝအတွက် ကိုယ်တိုင်ရွေးရတာ အကောင်းဆုံးပဲ။ ကျွန်တော့်တုန်းကဆိုရင် မိဘရွေးခိုင်းတာကို လိုက်လုပ်ခဲ့ရတယ်။ ကျွန်တော့်ကလေးတွေကိုတော့ သူတို့ကိုယ်တိုင်ပဲ ရွေးခိုင်းမယ်။



ဒါပေမဲ့ မေမေ့မှာလည်း သမီးမရှိစေချင်တဲ့ အချက်ရှိတယ်။ အဲဒါက မေမေက မျက်ရည်လွယ်တယ်။ သူက ဒေါသတွေထွက်လို့ ထွက်တာကို စကားမပြောရရင် မျက်ရည်တွေ အရင်ကျလာရော။





## လမင်းမိုမို

မမှာ သားလေးတစ်ယောက်ပဲ ရှိတာပါ။ သားက အခု အသက် ၂၁ နှစ်ရှိပြီ။ BIT Second Year တက်နေတယ်။ သားနာမည်က သတိုးဩရသပါ။ သားကို ကိုယ်ဝန်ရှိပြီး Ultrasound ရိုက်တော့ သားလေးဆိုတာသိကတည်းက ပေးဖို့ နာမည်ကို စဉ်းစားထားခဲ့တာ။ သားက မတို့ဘက်မှာလည်း မြေးဦး၊ မရဲ့ အမျိုးသားဘက်မှာလည်း မြေးဦးဆိုတော့ 'ဩရသ' ဆိုတဲ့နာမည်လေးကို စဉ်းစားထားတာ။ မွေးလာတော့ သောကြာသားလေးဆိုပြီး သောကြာနံလေး 'သတိုး' ဆိုတာ ရှေ့မှာ ထည့်ပေးလိုက်တာ။ သားက လိမ္မာတယ်ဆိုတဲ့ ကလေးတွေထဲမှာ ပါပါတယ်။ သားက ငယ်ငယ်ကနဲ့ အခုလို အရွယ်ရောက်လာချိန်နဲ့မှာ သူ့ရဲ့ စိတ်ဝင်စားမှုနဲ့ နေထိုင်ပုံက လုံးဝ ခြားနားသွားတယ်။ ငယ်ငယ်တုန်းက တအားတက်ကြွပြီး ပျော်ပျော်နေတတ်တယ်။ သူငယ်တန်းကတည်းက ကျောင်းကပွဲတိုင်းမှာ ပါတတ်တယ်။ ကျောင်းပြက္ခဒိန်တွေမှာလည်းပါတယ်။ မရဲ့ ဝတ္ထုတွေက ရုပ်ရှင်တွေ ဘာတွေ ရိုက်တာတွေရှိတော့ မမှာ သိကျွမ်းရင်းနှီးတဲ့ ဒါရိုက်တာတွေ ရှိတယ်။ သူတို့က 'မ' သားလေးကို ကြော်ငြာပေးရိုက်ပါလား ဆိုပြီး လာပြောတာတွေ ရှိတယ်။ ပြောတာ များလာတော့ ကြော်ငြာလေးတွေ ရိုက်ဖြစ်တယ်။ ထက်ထက်မိုးဦးနဲ့ Ve Ve အချိုရည်ကြော်ငြာ ရိုက်တယ်။ စိုင်းစိုင်းနဲ့လည်း Ve Ve ပဲ ထပ်ရိုက်တယ်။ ကြော်ငြာတော်တော်များများ ရိုက်ပြီးသွားတော့ ဗီဒီယိုပါ ရိုက်ပါလားပြောတော့ ၃ ကားလောက် ရိုက်ဖူးတယ်။ မင်းသားတွေရဲ့ အငယ်ဘဝအခန်းတွေ ရိုက်တာပေါ့။ ဒီတော့ မကလည်း အနုပညာနဲ့ အသက်မွေးတော့ သူလည်း ဒီလို အလုပ်တွေလုပ်နေတော့ သူ့မှာ အနုပညာပိုးလေးတော့ ပါနေမယ်လို့ သတ်မှတ်မိတာပေါ့။ ကိုယ်ကတော့ ကြီးလာရင်လည်း သူ ဒါလေးပဲ လုပ်လိမ့်မယ်ပေါ့။ ဆက်လုပ်လည်း ကိုယ်က အားပေးချင်တာပေါ့။ ဒါပေမဲ့ သူက ၁၃ နှစ်၊ ၁၄ နှစ် အရွယ်လောက်ရောက်တော့ ကြော်ငြာတွေ လာပြောရင် မရိုက်တော့ဘူး။ သူ ရှက်တယ်တဲ့။ သူ့ရဲ့ စိတ်ဝင်စားမှုက ပြောင်းသွားတယ်။ ၁၀ တန်း အောင်ပြီးနောက်မှာကျတော့ သူက အရမ်းကို ငြိမ်သွားပြီး ငယ်ငယ်ကလို တက်တက်ကြွကြွ မနေတော့ဘူး။ မကကျတော့ အနုပညာအလုပ်ဆိုရင် ဘာပဲလုပ်လုပ် သဘောကျတယ်။ လုပ်စေချင်တယ်။ 'မ' က အံ့တောင်ဩတယ်။ သူက အရမ်းကို ငြိမ်သွားတယ်။ သူ အဲဒီလို ငြိမ်သွားရတဲ့ အကြောင်းလည်း ရှိတယ်။ သူ ၁၀ တန်း အောင်တော့ ဆေးတက္ကသိုလ်အမှတ်မီတယ်။ ဆေးတက္ကသိုလ်ဝင်တယ်။ မက သူ ၁၀ တန်း တက်နေတဲ့ တစ်လျှောက်လုံးမှာ တခြားအမေတွေလို သူ့ကို စာလုပ်ဖို့ တစ်ခါမှ ဖိအားမပေးခဲ့ဘူး။ စာမှစာဆိုတဲ့ အမေထဲမှာ မ မပါဘူး။ သူ ဝါသနာပါတာကိုပဲ လုပ်စေချင်ခဲ့တာပါ။ သူ့ရဲ့ တက္ကသိုလ်ရွေးချယ်ရာ၊ အသက်မွေးဝမ်းကြောင်း ရွေးချယ်ရာမှာ မက ဘာလို့ဖိအားမပေးလဲဆိုရင် မတို့မှာ မောင်နှမလေးယောက်ရှိတယ်။ မ တစ်ယောက်ကလွဲရင် ကျန်တဲ့မောင်တွေ ညီမတွေ သုံးယောက်က M.B.B.S တွေနဲ့ ပြီးတာပါ။ သူတို့က ယူထားတဲ့ သူတို့အမျိုးသမီးတွေ၊ ခင်ပွန်းတွေကလည်း ဆရာဝန်တွေပဲ။ အဲဒီခြောက်ယောက်မှာ အစ်မရဲ့ မောင် ကိုမိုးတစ်ယောက်ပဲ ဆေးကုတဲ့ အသက်မွေးဝမ်းကျောင်းကို လုပ်ဖြစ်တယ်။ ဒါကြောင့် အစ်မက ဘယ်လိုယူဆလဲဆိုရင် ကလေးတစ်ယောက်က သူ့ရဲ့ဝါသနာနဲ့ သူ့ရဲ့အသက်မွေးဝမ်းကြောင်း အလုပ်က သူ့ဟာသူ တည်လာပြီးသားပဲ။ ဒါကို အတင်းလုပ်ယူလို့ မရဘူးလို့ ယူဆတယ်။ ဒါကြောင့် မက သားကို ဘာမှ ဖိအားမပေးခဲ့ဘူး။ တစ်ခုပဲ မက သားကိုပြောတယ်။ သား အမှတ်မီအောင်တော့ ကြိုးစားလို့။ ဘာလို့လဲဆိုတော့ တစ်ခုခုတက်ချင်ပြီဆိုမှ အမှတ်မမီလိုက်လို့ မတက်ရဘူးဆိုတာမျိုး မဖြစ်စေချင်လို့ပါ။ အဲဒီလို





လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ပေးထားတဲ့ကြား က မနဲ့သားကြားမှာ သဘောကွဲလွဲမှုက ဖြစ်ခဲ့တယ်။ မ သားက တစ်ဦးတည်းသောသားဆိုတော့ အပေါင်းအသင်း သူငယ်ချင်းကို အရမ်းခင်တွယ်တယ်။ သူတို့ ဝိုင်းကျူရှင်က သူငယ်ချင်းတွေ အားလုံးနီးပါးက ဆေးတက္ကသိုလ်တက်ကြတော့ သူကလည်း ဆေးတက္ကသိုလ်တက်မယ်တဲ့။ သူ့အဖေရော မရော စဉ်းစားပါပြောတယ်။ သူ့ဘာသာသူ ဆေးတက္ကသိုလ်တက်မယ်ဆိုပြီး ရွေးလိုက်တာ။ ပထမ နှစ်ကတော့ အားလုံးအဆင်ပြေခဲ့တယ်။ ပြဿနာက $2^{nd}$ MB မှာစတယ်။ $2^{nd}$ MB မှာ ကျတော့ ဆေးပညာသုံးဘာသာပဲ သင်ရတော့တာလေ။ အဲဒီဆေးပညာက သူ့ရဲ့ စိတ်ဝင်စားမှုနဲ့ မကိုက်ညီတာသိပြီး စိတ်ဖိစီးမှုဖြစ်တယ်။ စိတ်ဖိစီးပြီး မတက်ချင်တော့ဘူး ပြောလာတယ်။ အဲဒီ $2^{nd}$ MB နှစ်က မတို့ရဲ့ မိသားစုမှာ အရေးအခင်းကာလပဲ။ မကကျတော့လည်း သူ့ကို ဆေးကျောင်းတက်ပါလို့ မတိုက်တွန်းခဲ့ပေမဲ့ တက်နေပြီဆိုရင်တော့ ပြီးအောင် တက်စေချင်တာပေါ့။ အဲဒီအချိန်မှာထွက်ရင် သူက အများထက် ၂ နှစ် နောက်ကျသွားပြီလေ။ မက အစက ပြန်စရမှာကို မဖြစ်စေချင်ဘူး။ နောက်ပြီး သူ့ကို စမိတဲ့အလုပ်တစ်ခုကို ဆုံးခန်းတိုင်အောင် မလုပ်ဘူးဆိုတဲ့ လူတစ်ယောက် မဖြစ်စေချင်ဘူး။ ဒါကြောင့် မက မထွက်ရဘူး တားတာ။ ဒီတော့ သားနဲ့ မနဲ့ အရေးအခင်းပေါ့။ လနဲ့ချီပြီး ကြာတယ်။ အဲဒီအချိန်မှာ သူက သူ့ရဲ့ တက်ကြွမှုတွေ ငြိမ်ကျသွားတာပဲ။ ပြောင်းလဲသွားတယ်။ ပထမ ပိုင်းတုန်းကတော့ သူ့အဖေကလည်း မဘက်ကပေါ့။ ဆက်တက်ရမယ်ပေါ့။ သူ့သား အဲဒီလို ငြိမ်သွားတော့ သူ့အဖေက စိတ်ပြောင်းသွားတယ်။ သူ့သားလေး စိတ်မချမ်းမသာဖြစ်နေတော့ သူ မခံနိုင်ဘူး။ နောက်ပြီး သူ့အဖေက တက္ကသိုလ်တက်တုန်းက လှေလှော်လက်ရွေးစင်၊ သူက အားကစား ဝါသနာပါတယ်။ သူက သူဝါသနာပါတာကို တက္ကသိုလ်ကျောင်းသားဘဝ တစ်လျှောက်မှာ ပျော်ပျော်ပါးပါးကြီးလုပ်ပြီး ကျောင်းတက်ခဲ့ရတာ။ တက္ကသိုလ်ကျောင်းသား ဘဝက သူ့ရဲ့အတက်ကြွဆုံး အပျော်ဆုံးအချိန်ဖြစ်ခဲ့တယ်။ သူ့သားက ဒီလို မပျော်ဘူးဆိုတော့ သူက မကို ပြောတယ်။ ကလေးစိတ်မပျော်တာနဲ့ ဆရာဝန်မဖြစ်တာနဲ့ ဘယ်ဟာ ပိုအရေးကြီးလဲ ဆိုပြီး မကို ဖျောင်းဖျလာတယ်။ မက အဲဒီအချိန်မှာ ငိုယိုစိတ်ဆင်းရဲပြီး အိပ်ရာထဲတောင် လဲတယ်။ သူ့အဖေက ဖျောင်းဖျတယ်။ မတို့ သားလေးက တစ်ခါမှ မိဘကို စိတ်ဆင်းရဲအောင်၊ စိတ်ညစ်အောင် မလုပ်ဖူးပါဘူး။ ဆေးလိပ်သောက်၊ အရက်သောက်၊ သူငယ်ချင်းတွေနဲ့ ညဉ့်နက်အပြင်ထွက်တာမျိုးတွေလည်း မရှိဘူး။ အဲဒီ ကျောင်းထွက်မယ်ပြောတာက မနဲ့ သဘောကွဲတဲ့ တစ်ခါပါပဲ။ သူ့အဖေက ကလေးဆိုတာ မပျော်ရင် ထွက်ပေါက်ရှာတတ်တယ်။ အဲဒီလိုရှာရင်း နဂိုကောင်းနေတဲ့ သူ့ဗီဇလေးပျက်သွားမယ်ဆိုပြီး မကို တိုက်တွန်းလာတယ်။ နောက်ဆုံး မက ခွင့်ပြုလိုက်ရတာပေါ့။ ဒါတောင် မက သားရယ် $2^{nd}$ MB ကို ၂ နှစ်လောက် ခွင့်ယူလိုက်ပါလားပေါ့။ သူက မရဘူး။ တစ်ခါတည်း ထွက်လိုက်တာပဲ။ သူက Computer ပဲ အရမ်း စိတ်ဝင်စားပြီး ဝါသနာပါတယ်။ မက ဩော် သူစိတ်ပါတာလုပ်တာက ပိုပြီးအောင်မြင်မှာပါဆိုပြီး စိတ်လျှော့လိုက်ရတယ်။ ကျောင်းထွက်ပြီးတော့လည်း နိုင်ငံခြားမှာ ကျောင်းတက်မလားမေးတော့ သူက အိမ်က မသွားချင်ဘူးတဲ့။ ဒါနဲ့ Computer နဲ့ ပတ်သက်တဲ့ ကျောင်းမျိုး သူနဲ့လည်း အဆင်ပြေတာမျိုးကို စုံစမ်းတယ်။ အခု သူ တက်နေတဲ့ကျောင်းက ဘွဲ့ရရင် BSC (Hons) BIT (Business Information Technology) ပေါ့။ Business နဲ့ တွဲတဲ့ Computer Studies ပဲပေါ့။ ဒါက အင်္ဂလန်တက္ကသိုလ်က လာဖွင့်ထားတာပေါ့။ Computer သမားဖြစ်သွားတော့ သူ ငြိမ်သွားတာက အခန်းထဲက မထွက်တော့ဘဲ Computer သုံးလုံးနဲ့ပဲ နေတော့တယ်။ မကတော့ ကိုယ်မွေးထားတဲ့သားလေးဆိုတော့ သူ ကျေနပ်ပြီးပျော်ရွှင်ရင် မလည်း ကျေနပ်ပါတယ်။ မကတော့လေ မိဘတစ်ယောက်အနေနဲ့ ပြောချင်တာတော့ ကလေးက အမှားအယွင်းကင်းပြီး သူ စိတ်ချမ်းသာတဲ့ အလုပ်ကို လုပ်ပြီး ပျော်နေတာကို ကြိုက်တယ်။ မက ငယ်ငယ်ကတည်းက စာကျက်ရတာကို မကြိုက်ဘူး။ ဒါကြောင့် ကိုယ်နဲ့ကိုယ်ချင်းစာပြီး သား ၁၀ တန်းတုန်းကလည်း စာမှစာဆိုတာမျိုး ဖိအားမပေးခဲ့ဘူး။ ပညာတတ်တယ်ဆိုတာ ဘဝမှာ တစ်စိတ်တစ်ပိုင်းပဲ ပါတယ်။ တစ်ဘဝလုံး မဟုတ်ဘူး။ ဘဝမှာ ပညာအပြင် တခြားလူမှုရေးတို့ အခြားအရေးတွေ အများကြီး လိုအပ်သေးတယ်။ ဒါကြောင့် ကိုယ့်ကလေးကို စာတော်အောင်ပဲ ဖိအားပေးနေလို့ မရဘူး။ ကလေးက သူ့ရဲ့ အသက်မွေးဝမ်းကြောင်းအလုပ်နဲ့ သူ့ဝါသနာနဲ့ တစ်ထပ်တည်းကျနေဖို့က အရေးကြီးတယ်။ မဆိုရင် မအလုပ်နဲ့ မရဲ့ဝါသနာနဲ့ တစ်ထပ်တည်းပဲလေ။ ကံကောင်းတယ်ပြောရမယ်။ ကိုယ့်ရဲ့ ဖြစ်တည်မှုကို အမြဲကျေနပ်နေရတယ်ဆိုတာ လူတိုင်းမှာ မဖြစ်ဘူးလေနော်။ ဒါကြောင့် မိဘတွေက ကလေးတွေကို အရမ်းလွှမ်းမိုးတာ မဖြစ်စေချင်ဘူး။ ၁၀ တန်းအောင်တဲ့ အချိန်ဆိုတာ ၁၆ နှစ်အကြီးဆုံးပဲလေ။ အသက် ၁၆ နှစ်အရွယ် မှာ သူတို့ဘဝအတွက် ရွေးကြရင် အနည်းနဲ့အများတော့ မှားတတ်ကြပါတယ်။ အသက်အရွယ်၊ အတွေ့အကြုံ၊ ဆင်ခြင်တုံတရားလေးတွေက နည်းနေသေးတယ်။ ဒါကြောင့် သူတို့ရွေးချယ်တဲ့ လမ်းက မှန်ချင်မှ မှန်မယ်။ ဒီအပေါ်မှာ မိဘက ဝင်ပြီး ထိန်းပေး၊ လမ်းညွှန်ပေးတာပဲ လုပ်လို့ရမယ်။ ဝင်ပြီး ချုပ်ကိုင်တာမျိုး မလုပ်စေချင်ဘူး။ ကလေးတွေရဲ့ ရွေးချယ်မှုကို လေးစားစေချင်တယ်။ မက မိန်းမဘဝကို အရမ်းနှစ်သက်တယ်။ သူများတွေက ယောကျ်ားလေးဖြစ်ချင်ကြတယ်။ ဘာလို့လဲဆိုတော့ မတို့ရဲ့ ဗုဒ္ဓဘာသာဝင်တွေမှာ ယောကျ်ားဖြစ်မှ ရဟန်းဝတ်နိုင်၊ ဘုရားဆုပန်နိုင်တာကိုး။ မကတော့ မိန်းမဖြစ်ရတာကို ငယ်ငယ်ကတည်းက ကြိုက်တယ်။ မိန်းမဘဝကို နှစ်သက်တဲ့ မက မိခင်ဘဝကို ပိုပြီးမြတ်နိုးတာပေါ့။ မိန်းမတစ်ယောက်ရဲ့ ဘဝမှာ အမြင့်ဆုံးအောင်မြင်မှုဆိုရင် မိခင်ဘဝဖြစ်ရတာလို့ မက ယူဆတယ်။ မိခင်တစ်ယောက်က သူ့ကလေးကို အောင်မြင်အောင် ပျိုးထောင်နိုင်ရင်လည်း ဒါက သူ့ရဲ့ အောင်မြင်မှုပဲလေ။ ဥပမာ - မရဲ့မေမေဆို သားသမီး ၄ ယောက်ရှိတယ်။ မတို့မောင်နှမတွေ အားလုံးက သူ့ဘဝနဲ့သူတည်ဆောက်ပြီး အောင်မြင်မှုအထိုက်အလျောက်လေးတွေ ရထားတော့ မ အမေက အောင်မြင်မှု ၄ ခုတောင် ရထားတာလေ။ ဘယ်လောက် ဂုဏ်ယူစရာကောင်းလဲနော်။ ဒါကြောင့် မိန်းမတစ်ယောက်ရဲ့ အမြင့်ဆုံးအောင်မြင်မှုက မိခင်ဘဝကို ပိုင်ဆိုင်ထားတဲ့ဘဝလို့ ပြောချင်တာပါ။

**အသက် ၁၆ နှစ်အရွယ်မှာ သူတို့ဘဝ အတွက်ရွေးကြရင် အနည်းနဲ့အများတော့ မှားတတ်ကြပါတယ်။ အသက်အရွယ်၊ အတွေ့အကြုံ၊ ဆင်ခြင်တုံတရားလေး တွေက နည်းနေသေးတယ်။ ဒါကြောင့် သူတို့ ရွေးချယ်တဲ့လမ်းက မှန်ချင်မှ မှန်မယ်။**







## အဲလက်စ်

ကျွန်တော့်မှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတယ်။ သမီးက ခင်ဆင့်သူ၊ သားက ကောင်းဆင့်သူ။ သားနဲ့သမီးက အမြွှာတွေ၊ ၁ မိနစ်ပဲ ကွာကြတယ်။ အခုတော့ ၁၄ နှစ်ပြည့်ပြီး သွားကြပြီ။ Yangon Academy School မှာ ကျောင်းတက်နေကြတယ်။ သမီးကတော့ အနုပညာနဲ့ ပတ်သက်တာတွေအားလုံးကို စိတ်ဝင်စားတယ်။ Keyboard တီးတယ်။ Guitar တီးတယ်။ သီချင်းရေးတယ်။ ပန်းချီဆွဲတယ်။ သူက အဲဒီလို အလုပ်တွေ လုပ်နေရရင် ပျော်နေတာပဲ။ ဓာတ်ပုံအရိုက်ခံတာလည်း သူကြိုက်တယ်။ သားကကျတော့ သမီးလိုမဟုတ်ဘူး။ သူက ကလေးစိတ်မပျောက်သေးဘူး။ ဒီတော့ မှန်းရခက်တယ်။ သားက ကားတွေကို အရမ်းစိတ်ဝင်စားတယ်။ Camera တစ်လုံးနဲ့ ဓာတ်ပုံရိုက်တာလည်း ဝါသနာကြီးတယ်။ အမြဲတမ်းတော့ Game ဆော့နေတာပဲ။ ကျွန်တော်က ကလေးတွေကို ဘာမှ ဖိအားမပေးဘူး။ သူတို့ လုပ်ချင်တာကိုပဲ ပံ့ပိုးပေးမှာပါ။ ဘဝမှာ မှန်အောင်နေဖို့ လိုသလို ပျော်ရွှင်ဖို့ကလည်း အရေးကြီးတယ်။ ပျော်ရွှင်ဖို့က ကိုယ်လုပ်ချင်တဲ့၊ ဝါသနာပါတဲ့ အလုပ်ကို လုပ်ရမှ ပျော်မှာ။ ကိုယ်ဝါသနာမပါတဲ့ အလုပ်ကို လုပ်ရရင် အလုပ်ပဲမြင်တယ်။ ဝါသနာပါတာကို လုပ်ရရင် အလုပ်ကို အလုပ်လို့ မမြင်တော့ဘူး။ ကျွန်တော်တို့ဆီမှာက မိဘတွေက တအားချစ်ကြ၊ ကာကွယ်ပေးချင်ကြတယ်။ ဒီတော့ ကလေးကို အရမ်းလွှမ်းမိုးထားတတ်ကြတယ်။ ကျွန်တော်ကတော့ ဒီလိုမိဘတွေကို အကြံပေးချင်တာက အရမ်း စိတ်မပူစေချင်ဘူး။ ကလေးတွေကို အန္တရာယ်မဖြစ်ဘူးဆိုရင် လွှတ်ပေးသင့်သလောက် လွှတ်ပေးရမယ်။ အမှန်တော့ ဘဝဆိုတာ တစ်ယောက်တည်းပဲ ရင်ဆိုင်ရတာပါ။ ကျွန်တော်ကတော့ ကလေးတွေနဲ့ သူငယ်ချင်းပေါင်း ပေါင်းတယ်။ သားဆိုရင် သူစိတ်ဝင်စားတဲ့ မိန်းကလေး အကြောင်းပါ ကျွန်တော့်ကို ပြောပြတယ်။ ဒီလို ပွင့်ပွင့်လင်းလင်းနေတော့ သားအဖတွေကြားမှာ အမြင်မတူတာတို့ ဘာတို့ ဖြစ်ခဲ့တယ်။ ပြီးတော့ ကျွန်တော်က အမြင်မတူတာကို မတူကြောင်း လက်ခံလာအောင် ကြိုးစားတယ်။ အသေးဆုံး ဥပမာပြောရရင် ကျွန်တော်က Andriod Phone တွေကို ကြိုက်တယ်။ သားက i phone ပဲ ကြိုက်တယ်။ သူနဲ့ကျွန်တော် ဒီကိစ္စနဲ့ အမြဲငြင်းခုံရတယ်။ ဒီတော့ သားကို ပြောတယ်။ မင်းဘာသာမင်း i phone ကြိုက်တာကြိုက်၊ အဖေကတော့ Andriod ပဲ ကြိုက်တယ်လို့။ ကိုယ့်အမြင်အတိုင်း ကိုယ်နေပေ့ါနော်။ မိဘက ဒါကြိုက်လို့ ကလေးက ဒါပဲကြိုက်ရမယ်ဆိုတာကို ကျွန်တော် လက်မခံဘူး။ သူတို့ အခု High School ပြီးရင် ရွေးမယ့် ကောလိပ်တို့၊ တက္ကသိုလ်တို့ကိုလည်း ကျွန်တော် ဘာမှဝင်ပြီး မစွက်ဖက်ဘူး။ သူတို့ကြိုက်တာကို သူတို့ကိုယ်တိုင် ရွေးချယ်ခွင့်ပေးထားတယ်။ ကိုယ့်ဘဝအတွက် ကိုယ်တိုင်ရွေးရတာ အကောင်းဆုံးပဲ။ ကျွန်တော့်တုန်းကဆိုရင် မိဘရွေးခိုင်းတာကို လိုက်လုပ်ခဲ့ရတယ်။ ကျွန်တော့်ကလေးတွေကိုတော့ သူတို့ကိုယ်တိုင်ပဲ ရွေးခိုင်းမယ်။ ကျွန်တော့်အတွက်တော့ အဖေဆိုတာ သားသမီးတွေအတွက် အခင်မင်ဆုံး၊ အချစ်ခင်ရဆုံး သူငယ်ချင်းကောင်း တစ်ယောက်ပါပဲ"လို့ အဓိပ္ပာယ်ဖွင့်ချင်တယ်။

**ကျွန်တော်ကတော့ ကလေးတွေနဲ့ သူငယ်ချင်း ပေါင်း ပေါင်းတယ်။ သားဆိုရင် သူ စိတ်ဝင်စားတဲ့ မိန်းကလေး အကြောင်းပါ ကျွန်တော့်ကို ပြောပြတယ်။ ဒီလို ပွင့်ပွင့်လင်းလင်းနေတော့ သားအဖတွေကြားမှာ အမြင်မတူတာတို့ ဘာတို့ ဖြစ်ခဲ့တယ်။**





## အကယ်ဒမီယွန်းယွန်း

သမီး ဖေဖေက ဦးဌေးအောင်ပါ။ ဖေဖေက မုန့်လုပ်ငန်းလုပ်တယ်။ သမီးမေမေက ဒေါ်စန်းစန်းမော်ပါ။ ဒါပေမဲ့ မေမေ့ကို မော်လို့ ပဲသိကြတယ်။ ဖေဖေ့ဆီမှာ သမီးဂုဏ်ယူရတဲ့ အချက်က ဖေဖေက အချိန်ကို စီမံတာတအားတော်တယ်။ သူက စီးပွားရေးလုပ်ငန်းလုပ်နေပေမဲ့ သူဝါသနာပါတဲ့ ပရဟိတတို့ လူမှုရေးတို့ လုပ်ငန်းတွေမှာ မပျက်မကွက်လုပ်နိုင်တယ်။ ဖေဖေက သူ့ကိုယ်သူအမြဲပြောတာ သူကအချိန်သူဌေးတဲ့၊ သူ့ရဲ့အချိန်တွေကို မလစ်ဟင်းအောင် ဖေဖေက စီမံတတ်တယ်။ အဲဒါကို သမီးအားလည်းကျတယ်။ ပြီးတော့ ပရဟိတလုပ်ငန်းတွေကို အချိန်ပေးပြီး လုပ်နေတဲ့ သမီးဖေဖေအတွက် ဂုဏ်ယူတယ်။ ဒါပေမဲ့ ဖေဖေ့ဆီမှာ သမီးမရှိစေချင်တဲ့အကျင့်ရှိတယ်။ အဲဒါကတော့ ဖေဖေက စကားပြောရင်သူ Mood ဝင်လာရင် ဝင်သလို စကားကို အကျယ်ကြီးပြောတတ်တယ်။ နှစ်ယောက်တည်းရှိသလို အကျယ်ကြီးတွေ အားရပါးရပြောတတ်တယ်။ အဲဒီလိုအချိန်မျိုးမှာတော့ သမီးက ဖေဖေရေတိုးတိုးဆိုပြီး သတိပေးရတယ်။ အဲဒီအကျင့်ကိုတော့ ဖေဖေ့ဆီမှာ မရှိစေချင်ဘူး။ မေမေ့ဆီမှာ သမီးဂုဏ်ယူရတာက မေမေက လူမှုပေါင်းသင်းဆက်ဆံရေး တအားကောင်းတယ်။ အဲဒီတော့ မေမေက လူချစ်လူခင်ပေါတယ်။ အမှန်တော့ မေမေက အနုပညာအလုပ်ကို လုပ်သင့်တယ်။ သမီးဆီလာတဲ့ ပရိသတ်တွေကိုလည်း မေမေက သေချာဧည့်ခံပြီး စကားပြောပေးတတ်တယ်။ နောက်ပြီး မေမေကတော့ ဖေဖေ့လို ပရဟိတလုပ်ငန်းတွေ လုပ်ရတာထက် သူက လမ်းမှာအလှူခံနေတဲ့ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေကို တအားသနားတတ်ပြီး ရက်ရောတယ်။ အဓိကက မေမေ့မှာ ကိုယ်ချင်းစာစိတ်ရှိတာပေါ့။ ဒါတွေအတွက် သမီးဂုဏ်ယူတယ်၊ လေးလည်းလေးစားတယ်။ မေမေ့ရဲ့ ပေါင်းသင်းဆက်ဆံရေးဆိုရင် သမီးအတုယူနေရတယ်။ ဒါပေမဲ့ မေမေ့မှာလည်း သမီးမရှိစေချင်တဲ့ အချက်ရှိတယ်။ အဲဒါက မေမေက မျက်ရည်လွယ်တယ်။ သူက ဒေါသတွေထွက်လို့ ထွက်တာကို စကားမပြောရရင် မျက်ရည်တွေ အရင်ကျလာရော။ ဒီတော့ မေမေဆိုတာ သားသမီးနဲ့ အချင်းဆက်နေတော့ မေမေငိုရင် သမီးပါ လိုက်ငိုမိတယ်။ မေမေ့ကို မျက်ရည်မလွယ်စေချင်ဘူး။ သမီးကကံကောင်းတယ်။ သမီး သူငယ်ချင်းတွေမှာဆို သူတို့မိဘတွေနဲ့ အမြင်မတူတာတွေ၊ သဘောမညီတာတွေရှိတယ်။ သမီးကို ဖေဖေနဲ့ မေမေက အသက်သုံးဆယ်ကျော်မှ မွေးထားတာ။ တစ်ဦးတည်းသော သမီးမို့ အလိုလိုက်ကြတယ်။ သမီး ၁၄ နှစ်ဆိုရင် ဖေဖေတို့ကလည်း ၁၄ နှစ်လိုက်ဖြစ်ပေးကြတယ်။ ပြီးတော့ သမီးကို ဆရာဝန်လုပ်ရမယ်တို့ဘာတို့ ဖိအားမပေးတတ်ဘူး။ သမီးကသာ ဆရာဝန်ကြီးလုပ်ရမလား။ Business Lady လုပ်ရမလားဆိုပြီး အမျိုးမျိုးစိတ်ပြောင်းနေတာ။ သမီးဖေဖေကတော့ သမီးကို ပညာနဲ့ အလုပ်ကို အေးအေးဆေးဆေးလေး လုပ်စေချင်တယ်။ မေမေကတော့ သမီးကို အနုပညာအလုပ်ကို လုပ်စေချင်တယ်။ သမီးကတော့ ဒီအလုပ်ကို လုပ်နိုင်သရွေ့တော့ လုပ်ချင်တယ်။ အသက်ကြီးရင်တော့ ဖေဖေဖြစ်စေချင်သလို ပညာနဲ့ အလုပ်လုပ်ရတဲ့ လုပ်ငန်းရှင်တစ်ဦးဖြစ်အောင် လုပ်မယ်။ ဖေဖေက ရှက်တတ်တယ်။ သမီးနဲ့မုန့်တွေ ဘာတွေစားလို့ ပရိသတ်တွေလာမိတ်ဆက်ရင် ရှက်တယ်တဲ့။ ဒါကြောင့် ရှူတင်ဆိုရင် ဖေဖေက ဘယ်တော့မှ မလိုက်ဘူး။ နယ်တွေသွားမှပဲ မေမေနဲ့ သမီးတို့ကို စိတ်မချလို့ လိုက်ပေးတာ။ သမီးကတော့ မေမေဖြစ်စေချင်တဲ့ အနုပညာအလုပ်လည်း လုပ်နိုင်သရွေ့ လုပ်မယ်။ ဖေဖေဖြစ်စေချင်တဲ့ လုပ်ငန်းရှင်မျိုးလည်း လုပ်မယ်။ နှစ်ယောက်လုံးရဲ့ဆန္ဒကို တစ်ဝက်စီလုပ်မယ်။

**ဖြိုးစုပိုပို**



# Beyond the Women

# အကယ်ဒမီဆွေဇင်ထိုက်

ဖြိုးစုပို

ဆွေဇင်ထိုက်ဆိုရင် လူတော်တော်များများ က အကယ်ဒမီမင်းသမီးတစ်ယောက်အဖြစ် သိထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ သူမကတော့ သူမရဲ့ဘဝကို ထင်ရှားကျော်ကြားတဲ့ မင်းသမီးဘဝမှာပဲ နှစ်မြှုပ်မနေခဲ့ပါဘူး။ ပတ်ဝန်းကျင်အတွက်၊ လူမျိုးအတွက် ရှေ့တန်းတင်စဉ်းစားပြီး Community Worker တစ်ဦးအဖြစ် အသွင်ပြောင်းခဲ့လိုက်ပါတယ်။ ရုပ်ရည်ချောမောလွန်းတာတင်မက ဉာဏ်ပညာမြင့်မားပြီး တာဝန်ယူစိတ်ရှိတဲ့သူမမှာ တာဝန်တွေ လုပ်ငန်းဆောင်တာတွေက များလှပါတယ်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီမှာ အတွင်းရေးမှူး၊ Green Asia Network ရဲ့ အကြံပေးသူ၊ Myanmar Mobile Education Project ရဲ့ Country Director စတဲ့ များပြားလှတဲ့ တာဝန်တွေကို ဆောင်ယူနေသူဖြစ်ပါတယ်။ သူမနဲ့ တွေ့ခွင့်ရချိန်မှာ ရတီရဲ့ Beyond the Women ကဏ္ဍအတွက် ဆွေးနွေးဖြစ်ခဲ့ပါတယ်။

**အန်တီက အရင်တုန်းက အနုပညာရှင်တစ်ဦးလည်းဖြစ်ခဲ့ဖူးတော့ ဒီနေ့ခေတ် အနုပညာရှင်တစ်ဦးဘဝနဲ့ အန်တီတို့တုန်းက ဘဝတို့လည်း ယှဉ်ပြီး ပြောပြပေးပါလား။**

အရင်တုန်းကအကြောင်းနဲ့အခုနဲ့ ယှဉ်ပြီး ပြောရရင် Limitation အကြောင်းနဲ့ မရနိုင်တာရယ်၊ ရနိုင်တာရယ်အကြောင်းနှစ်ခုကို ပြောရမယ်။ အရင်တုန်းက သတင်းအချက်အလက်များ ရရှိနိုင်မှုနဲ့ International မှာ ဘယ်လိုတွေ လုပ်ကိုင်နေလဲဆိုတာတွေကသိနိုင်ဖို့အတွက် Limitation ရှိပါတယ်။ အဟန့်အတား အကန့်အသတ်တွေရှိခဲ့ပါတယ်။ ရုပ်ရှင်ရိုက်ကူးတဲ့ နေရာမှာလည်း အသုံးပြုရတဲ့ ပစ္စည်းအသုံးအဆောင်တွေကလည်း Limitation ရှိခဲ့ပါတယ်။ နောက်ပြီး နိုင်ငံတကာစနစ်နဲ့ရိုက်ခဲ့တာမဟုတ်ဘူး။ ကျွန်မတို့က "ကန့်ကူလက်လှည့်"ခေါ်တာပေါ့။ ကိုယ့်ရှေ့ကလူကြီးတွေ အဆင့်ဆင့်သင်ပေးလိုက်တဲ့အတိုင်း ရိုက်ကူးရတော့ နည်းပညာအသစ်အဆန်းတွေနဲ့ ပတ်သက်ရင်လည်း Limitation ရှိခဲ့ပါတယ်။ ဒီနေ့ခေတ်မှာတော့ လူတွေက သတင်းအချက်အလက်တွေကိုလည်း အင်တာနက်ကနေ တောက်လျှောက်ရနိုင်တယ်။ နောက်ပြီး နိုင်ငံတကာမှာ အသုံးပြုနေပြီဖြစ်တဲ့ up-to-date Products တွေကိုလည်း သိနိုင်တယ်။ ဒီနေ့ခေတ်ကတော့ Rich Environment ထဲမှာအလုပ်လုပ် နေရတဲ့ခေတ်ပါ။ ဒါပေမဲ့ ဘာတွေမှာ လျော့သွား

လဲဆိုတော့ ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထားမှု (Culture Value) ကလျော့သွားတယ်။ ကိုယ့်ရဲ့ဇာစ်မြစ်ဖြစ်တဲ့ Culture Value တွေကိုတန်ဖိုးမထားတော့ဘဲ လွတ်လပ်စွာ ဖန်တီးနိုင်မှုဆိုတာတွေကို အလေးထားလာကြတယ်။ Rights တွေကို အလေးထားလာကြတယ်။ အဲဒီတော့ ဆိုးကျိုးအနေနဲ့ သူတို့ရွေးချယ်မှုတွေက မိနစ်နဲ့အမျှ Social Media မှာ ချက်ချင်းတက်လာတော့ တချို့လည်း ကြီးမားတဲ့ impact တွေဖြစ်လာကြတယ်။ ကျွန်မတို့တုန်းကကျတော့ ကံကောင်းတယ်ပြောရမယ်။ ကျွန်မတို့ခေတ်မှာ Print Media ပဲရှိတယ်။ Print Media က စာနယ်ဇင်းပုဂ္ဂိုလ်တွေကလည်း သိက္ခာရှိကြတယ်။ ဒီတော့ အခု Social Media မှာလို သိပ်ပြီး ဆိုးဆိုးရွားရွားသိက္ခာထိခိုက်တာမျိုးတွေ မဖြစ်ခဲ့ဘူးပေါ့။

**အနုပညာကို အခုခေတ်မှာတော့ ဝါသနာ၊ ဗီဇအပြင်နည်းပညာအကူအညီနဲ့ပါ မြှင့်တင်နေကြတယ်၊ အန်တီတို့တုန်းက နည်းပညာပိုင်းတွေ အားနည်းနေချိန်မှာ ဘယ်လိုတွေကြိုးစားအားထုတ်ခဲ့ကြရပါသလဲ၊**

ကျွန်မတို့တုန်းက နည်းပညာအကူအညီနည်းခဲ့တော့ ကိုယ့်ရဲ့အနုပညာ အရည်အသွေးကို အပြည့်အဝထုတ်ဖို့ကြိုးစားခဲ့ရတယ်။ ရုပ်၊ အသံ၊ ခံစားမှုတွေမှာ အရည်အသွေးအပြည့်အဝပါဖို့ ကြိုးစားရတယ်။ အားစိုက်ရတယ်။ ဇာတ်ညွှန်းတွေကို မရိုက်ခင်ကတည်းကသေသေချာချာကြည့်တယ်။ ဇာတ်လမ်းထဲက Character နေရာမှာ ဝင်ပြီးခံစားကြည့်တယ်။ Rehearsal on set ပေါ်မှာလည်းလုပ်ဖို့အချိန်ပေးတယ်။ အခုခေတ်ကတော့အချိန်ကိုရောင်းစားရတဲ့အနေအထားဖြစ်နေတယ်။ တစ်ပတ်လောက်နဲ့ ကားတစ်ကားပြီးအောင်ရိုက်ရတော့ Rehearsal အချိန်တွေမပေးနိုင်တော့ဘူး။ အချိန်မရတော့ On set ပေါ်မှာပဲ အားကုန်သုံးကြတယ်။ ပြီးတော့ မင်းသား၊ မင်းသမီးတွေက ဇာတ်လမ်းနဲ့ ပတ်သက်ပြီး ပါဝင်ဆွေးနွေးဖို့ အားနည်းကြတယ်။ ကျွန်မတို့တုန်းက ဇာတ်ညွှန်းဆရာနဲ့ ညှိနှိုင်းတာမျိုးတွေလုပ်လို့ရတယ်။ အခုခေတ်မှာက Pre-Production ရယ်၊ Post-Production ရယ်မှာ ပါဝင်မှုက အားနည်းတယ်။ ဘာလို့လဲဆိုတော့ နည်းပညာအကူအညီကို အားကိုးကြတာလေ။ ဒီတော့ တဖြည်းဖြည်းနဲ့ "ရပါတယ် Production" ဖြစ်သွားတယ်။ အမှား တစ်ခုခုဖြစ်ရင် ဒါရိုက်တာကလည်းရပါတယ်။ သရုပ်ဆောင်ကလည်း ရပါတယ်။ အသံသမားကလည်းရပါတယ်ပဲ။ Post - Production မှာ ပြင်မယ်လို့စိတ်ကူးကြတာကိုး၊ နည်းပညာ ဘယ်လောက်ပဲတိုးတက် တိုးတတ် Common Sense နဲ့ပြောရရင် မူရင်းကောင်းမှ မိတ္တူကောင်းမှာလေ။ Pre-Production မှာမှားခဲ့တာ၊ မကောင်းတာ တွေကို ပြင်ဖို့ဆိုတာကလည်း Post - Production မှာက Limitation ရှိပါတယ်။ နိုင်ငံတကာမှာလည်း Post-Production မှာ ပြန်လုပ်တာတွေရှိပါတယ်။ အိန္ဒိယဆို တစ်ကားလုံးအသံကို Post -Production မှာပြန်သွင်းတယ်။ ယိုးဒယားတို့ ဖိလစ်ပိုင်တို့လည်း Color တို့ Sound Noise ထုတ်တာတို့ပြန်လုပ်တယ်။ ဒါပေမဲ့ Pre-Production မှာ Perfect ဖြစ်အောင်လုပ်ခဲ့မှ ကောင်းမှာပါ။

**အန်တီက အောင်မြင်နေတဲ့ အထက်တန်းမင်းသမီးဖြစ်နေချိန်မှာ Community Worker တစ်ယောက်အဖြစ် ဘာကြောင့် ရွေးချယ်ဖြစ်ခဲ့တာပါလဲ၊**

ကျွန်မရဲ့ တန်ဖိုးထားမှုပဲပြောရမှာပေါ့။ ၈၈ အရေးအခင်းပြီးသွားတဲ့နောက်ပိုင်းမှာ ရုပ်ရှင်ကောင်စီပျက်သွားတော့ ရုပ်ရှင်အစည်းအရုံးထပ်ဖွဲ့ဖို့ Constitution ရေးကြတယ်။ အဲဒါရေးတော့လည်း ကျွန်မပါပါတယ်။ ရုပ်ရှင်အစည်းအရုံးတစ်ခုအခြေခိုင်ခိုင်နဲ့ ထွက်ဖို့အတွက် ကျွန်မက အမျိုးသားတွေကြားထဲမှာ တစ်ဦးတည်းမိန်းမအနေနဲ့ စည်းရုံးရေးမှူးတာဝန်ယူပြီးလုပ်ပေးခဲ့တယ်။ အဲဒီလို လုပ်နေတဲ့ နှစ်နှစ်အတောအတွင်းမှာ ကျွန်မနဲ့အတူ လုပ်နေတဲ့ လုပ်ဖော်ကိုင်ဖက်အနုပညာရှင်တွေဟာ အာဏာရှိလူတန်းစားတွေရှေ့မှာ အင်မတန်မှ ဒူးထောက်တာတွေ့ရတယ်။ ကျွန်မကအဲဒီထဲမှာ မပါချင်ဘူး။ နောက်ပြီး ၈၉၊ ၉၀၊ ၉၁ မှာ အနုပညာ Platform သုံးခုလုံး ဖြစ်တဲ့ Print, Broadcast, Movie တွေကို Propaganda Tools (ဝါဒဖြန့်ချိရေးလက်နက်) အနေနဲ့ အသုံးပြုတယ်။ ဒီတော့ ကျွန်မ Camera ရှေ့မှာ ရှိနေသ၍ ကျွန်မမျက်နှာနဲ့ ကျွန်မပါးစပ်နဲ့က မပြောချင်လည်း ပြောရမှာပဲလေ။ ဒီတော့ ကျွန်မက ရုပ်ရှင်မရိုက်တော့ဘူးလို့ဆုံးဖြတ်လိုက်တယ်။ ဒါက ကျွန်မရဲ့ရွေးချယ်မှုပါပဲ။

**အဲဒီလို Community Worker အဖြစ်ရွေးချယ်လိုက်တဲ့အတွက် ဘယ်လိုအကျိုးတွေရခဲ့တယ်လို့ သုံးသပ်မိပါသလဲ၊**

ကျွန်မအတွက် အကျိုးလို့တော့ မမြင်ပါဘူး။ ကျွန်မက တခြားသူတွေကို ဘာတွေလုပ်ပေးနိုင်မလဲ စဉ်းစားပြီး လုပ်ပေးတော့ တခြားလူတွေအတွက် အကျိုးလို့ပဲမြင်ပါတယ်။ ကျွန်မရဲ့ ဘဝမှာ Act One ဖြစ်တဲ့ရုပ်ရှင်မင်းသမီးဘဝကိုဖြတ်သန်းခဲ့ရတဲ့ တစ်လျှောက်လုံးမှာ Fame တွေ၊ တခြားကိစ္စတွေကို လေ့လာသိရှိခဲ့ရတယ်။ Act Two ဖြစ်တဲ့ Community Worker ဘဝမှာတော့





ကျွန်မသင်ယူနိုင်တဲ့အခွင့်အလမ်းတွေကလွဲရင် ကျွန်မရဲ့ အကျိုးဆိုတာ မရခဲ့ပါဘူး။ သင်ယူနိုင်တဲ့ အခွင့်အလမ်းဆိုတာကလည်း ပြည်တွင်းမှာ ရှိနေတဲ့ လူတွေလိုအပ်နေတာတွေကို ဘယ်လို ဖြည့်ဆည်း ပေးနိုင်မလဲ။ ပြည်ပမှာရှိနေတဲ့ အလှူငွေထောက်ပံ့ငွေများကို ဘယ်လိုသုံးစွဲပေးရမလဲ ဆိုတာမျိုးတွေကိုတော့ သင်ယူခဲ့ရပါတယ်။ ဒါပေမဲ့ အဲဒီအလုပ်တွေလုပ်တာ ကျွန်မရဲ့ ကိုယ်ကျိုးစီးပွားအတွက် ပိုက်ဆံအရသော်လည်းကောင်း၊ နာမည်အရသော်လည်းကောင်း ရပါစေ ဆိုတာမျိုး လုံးဝမဟုတ်ခဲ့ပါဘူး။ ရုပ်ရှင်မင်းသမီး ဆိုတဲ့အရိပ်က ကျွန်မရဲ့ Community Worker ဘဝမှာ ကောင်းတာဖြစ်စေသလို၊ ဆိုးတာဖြစ်စေ တာလည်း ရှိခဲ့တယ်။ ဥပမာ ၁၉၉၉ မှာ ကျွန်မ HIV Campaign လုပ်မယ်ဆိုတော့ အုပ်စုတစ်စုက ကျွန်မကို ဆရာဝန်မဟုတ်ဘဲ ဘာကြောင့် ကျန်းမာရေး ပညာပေးထဲပါမှာလဲဆိုတာ ပြောတယ်။ နောက်ပြီး ကိုယ်နဲ့အတူတူရှိတဲ့ Media ထဲကလူတွေကလည်း ဒါဟာ ရုပ်ရှင် မဟုတ်ဘူး။ ပိုက်ဆံရမှာမဟုတ်လို့ မလုပ်ချင်ဘူး ပြောကြတာလည်း ရှိတယ်။ တာဝန်အရှိဆုံးလူတွေကလည်း Mass Media ထဲတက်မလာနဲ့ဆိုပြီး ခြိမ်းခြောက်တာလည်းရှိပါတယ်။ ဒါပေမဲ့ ကိုယ့်စေတနာနဲ့ ဘယ်လိုကောင်းအောင်လုပ်လဲ၊ ဘယ်လိုဖြစ်မြောက်အောင်လုပ်လဲဆိုတဲ့ ဖွဲ့နဲ့ပဲဆိုင်ပါတယ်။

**အနုပညာရှင်နဲ့ Community Worker နှစ်ခုမှာ အန်တီရဲ့ Image တဘယ်လောက်အထိ ပြောင်းလဲသွားခဲ့ပါသလဲ၊**

Act One ကမင်းသမီးပေါ့။ Act Two က Community Worker ဆိုတော့ လေ့လာရတာတွေ ရှိတယ်။ Intern တွေဆင်းခဲ့ရတယ်။ အလုပ်သင်လေးအဖြစ်နဲ့ နိုင်ငံတကာပညာရှင်တွေကို ဆရာတင်ပြီး သင်ခဲ့ရတယ်၊ Act Three အနေနဲ့ကျတော့ ကျွန်မက Community ထဲမှာ ပြောလို့ဆိုလို့ အတွေ့အကြုံတွေကို ရှင်းပြပေးနိုင်တဲ့၊ လေ့လာခဲ့တဲ့ ဗဟုသုတတွေ မျှဝေပေးနိုင်တဲ့ တစ်ယောက်ဖြစ်သွားခဲ့ပါတယ်။ အဲဒီလိုမျိုး ဖြစ်ဖို့အတွက်ကတော့ Audience နဲ့ ကိုယ်နဲ့ကြားမှာ ဆက်သွယ်မှုပုံစံဆိုတာရှိပါတယ်။ အနုပညာရှင်အနေနဲ့က ကိုယ်ရဲ့ပုံရိပ်ကို ပိတ်ကားပေါ်ကနေ အားပေးနေတဲ့ပရိသတ်ကို ကျေနပ်အောင် လုပ်ပေးရတာပါ။ Community Worker အနေနဲ့ကျတော့ သူတို့ဘာလုပ်သင့်တယ်ဆိုတာကို ကိုယ်က ခေါင်းဆောင်၊ ဦးဆောင်ပြီးရှင်းပြပေးရတဲ့သူပါ။ အဲဒါကြောင့် အဲဒီနှစ်ခုရဲ့ Image ချင်းက လုံးဝမတူပါဘူး။ ကျွန်မကတော့ Community Leader တစ်ယောက်ရဲ့ ဘဝကို ပိုပြီးကျေနပ်နှစ်သက်ပါတယ်။



**အန်တီ့ရဲ့ သမီးလေးနဲ့ နိုင်ငံရပ်ခြားပြီး နေထိုင်နေတယ်လို့ သိရပါတယ်၊ တစ်ဦးတည်းသော သမီးလေးနဲ့ခွဲပြီး နေရတဲ့အတွက် မိခင်တစ်ယောက်ရဲ့ ခံစားရမှုတိုလည်း ပြောပြပေးပါလား၊**

အရင်ခေတ်တုန်းကတော့ နိုင်ငံခြားသွားမယ်ဆိုရင် တစ်သက်လုံး ပြန်မတွေ့ရတော့ဘူး ဆိုသလိုဖြစ်ပြီး ငိုရတာပဲလေ၊ အခုခေတ်က ဒီလိုမဟုတ်တော့ဘူး။ ကျွန်မနဲ့ သမီးနွေးနွေးစိန်မြင့်နဲ့က ၂၄ နာရီလုံး Online မှာ အဆက်အသွယ်ရှိပါတယ်။ ပြီးတော့ အရှေ့နဲ့အနောက်မှာနေကြပေမဲ့လေယာဉ်က ၁၀ နာရီစီးသွားရင် ရောက်တယ်။ အရင်ခေတ်ကတော့ Passport အခက်အခဲတို့ Visa အခက်အခဲတို့ဖြစ်တာကိုး အခုကတော့ မတူတော့ဘူး။ ဒီတော့အချိန်မရွေး သွားလာနိုင်နေတယ်။ ကျွန်မလည်း သမီးကို သွားတွေ့နိုင်တယ်။ သမီးလည်း ကျွန်မကိုလာတွေ့နိုင်တယ်လေ။ ဒီတော့ သမီးနဲ့ ဝေးနေသလို မခံစားရဘူး။ ကျွန်မရဲ့ အလုပ်တွေကိုလည်း သမီးက ကူညီပေးပါတယ်။ တစ်ခုပါပဲ အဲဒါက နည်းနည်းအိပ်ရေးပျက်တာပါ။ အရှေ့နဲ့ အနောက်ဆိုတော့ နေ့၊ ညအချိန်ကွာသွားတာလေးပါပဲ။ နှစ်ယောက်လုံးက ရေမြေအနေအထားအရဝေးနေပေမဲ့ ကျွန်မတို့က Online မှာ အမြဲတွေ့နေပြီး အလုပ်လုပ်နေပါတယ်။

**အန်တီ့သမီးတိုရော သူ့ဘဝမှာရောမွေ့နေအောင် အန်တီပျိုးထောင်နိုင်ခဲ့တယ်လို့ ယုံကြည်ပါသလား၊**

သူ့ဘက်ကတော့ ကျွန်မမသိဘူးပေါ့လေ။ ကျွန်မဘက်ကတော့ ယုံကြည်ပါတယ်။ ဘာလို့လဲဆိုတော့ သူ့ကိုငယ်ငယ်ကတည်းက ကျွန်မက အေ၊ ဘီ၊ စီ၊ ဒီ တတ်အောင်သင်ပေးခဲ့တယ်။ ဓာဖတ်တတ်အောင်သင်ပေးခဲ့တယ်။ ညအိပ်ရာဝင်ရင် ပုံပြင်တွေပြောပြီး လေ့ကျင့်ပေးခဲ့တယ်။ ပြီးတော့ Intern တွေဆင်းရတော့မယ်ဆိုတော့လည်း ကွာလာလမ်ပူမှာရှိတဲ့ Broadcast Station မှာလုပ်နိုင်အောင် စီစဉ်ပေးတယ်၊ English Major နဲ့ Bachelor ပြီးအောင် လုပ်ပေးခဲ့တယ်။ Master ယူမယ်ဆိုတော့လည်း မြန်မာပြည်မှာရှိနေတဲ့ ကလေးတွေကို ကျွန်မက အပြည်ပြည်ဆိုင်ရာ သင်ရိုးညွှန်းတမ်းနဲ့ တတ်ထားတဲ့ မျိုးဆက်သစ်တွေဖြစ်စေချင်တယ်။ ကျွန်မတို့တုန်းက ဒီလိုအခွင့်အလမ်းက မရှိခဲ့ဘူးလေ။ ဒါကြောင့် ကျွန်မက သူ့ကို Filming ကို Major ယူပါဆိုပြီး Academic of Arts San Francisco ကနေ Filming Major နဲ့ Master Fine Arts ပြီးပါတယ်။ ပြီးတော့ ဟိုမှာ Base လုပ်တဲ့ Media တွေမှာ သူ Involve ဖြစ်ပါတယ်။

**Beyond the Women**



ကျွန်မက စာတွေမရေးနိုင်ပေမဲ့ သူက စာတွေ ရေးပါတယ်။ ခရီးသွားတာ ဝါသနာပါတော့ ခရီးသွားဆောင်းပါးတွေရေးပါတယ်။ သူက စာရေး ဝါသနာပါတယ်။ အခုအချိန်မှာတော့ သူက သူ့ဘဝမှာ ရပ်တည်နေနိုင်ပါပြီ။

**မိခင်တွေရဲ့ ပညာတတ်မှု၊ မတတ်မှုတွေအပေါ်မှာ လွှမ်းမိုးသလို တခြားအရေးပါတဲ့ ဘယ်လိုလွှမ်းမိုးမှုတွေရှိပါသေးသလဲ။**

မိခင်က ပညာမတတ်လည်း တဖြည်းဖြည်း Generation အလိုက်မြင့်လို့ရပါတယ်။ ကျွန်မတို့ အဘွားအကြီးက စာမတတ်ဘူး။ ဒါပေမဲ့ ကျွန်မတို့ အဘွားကရေးတတ်ဖတ်တတ်တယ်။ ကျွန်မတို့ အမေက အခြေခံပညာအထက်တန်းအထိ ရောက်တယ်။ ကျွန်မကျတော့ မြန်မာပြည်က ဘွဲ့ရတယ်။ ကျွန်မသမီးကျတော့ နိုင်ငံတကာက Master ဘွဲ့ရတယ်။ အဲဒီလိုပါပဲ။ တဖြည်းဖြည်း မြင့်လို့ရပါတယ်။ ဒါကြောင့် ပညာတတ်တာ မတတ်တာက မြင့်လို့ရပါတယ်။ Life is Choices ပဲ ကိုယ့်ရွေးချယ်မှုက ကိုယ့်ဘဝပါပဲ။ တခြားအချက်အလက်တွေဆိုရင် ကိုယ်ချင်းစာမှုလေးနဲ့ပဲ စဉ်းစားကြည့်ပေါ့။ ကိုယ်လုပ်ချင်တာကို မလုပ်ရရင်ပျော်မလား။ မလုပ်ချင်တာကို လုပ်ရရင် ပျော်နိုင်မလား။ ဒါနဲ့ပဲယှဉ်ပြီး စဉ်းစားပေါ့။ သားသမီးကို ထိန်းသိမ်းစောင့်ရှောက်ရင် ဒါက အရေးကြီးဆုံးပါပဲ။ Common Sense ပေါ့။ နောက်တခြားအချက်တွေဆိုရင် Information ပေးဖို့ပေါ့။ ဘယ်လိုအရာကို ဘယ်အချိန်မှာ သင်ရမယ်။ ဘာသင်ဖို့အတွက် ဘယ်လိုတွေ ပြင်ဆင်ထားရမလဲဆိုတာတွေ တော့လိုတာပေါ့။ အဲဒါအပြင် ကိုယ့်ကလေးအတွက် အခွင့်အလမ်း ဖန်တီးပေးနိုင်မှုလည်း လိုတယ်။ ဘာဖြေထားပါလား။ ဘယ်လိုလေးလုပ်ကြည့်ပါလား။ ဒါတွေကို သူ့ကိုအတင်းဖိအားပေးပြီး ပြောတာမဟုတ်ဘဲသူနဲ့ တိုင်ပင်ဆွေးနွေးပြီး ပြောကြည့်ရမယ်။ ကူညီသူအနေနဲ့ အကြံပေးသူအနေနဲ့ပဲလုပ်ရမယ်။ တကယ် ကြီးစားပြီးလျှောက်လှမ်းရမှာကတော့သူနဲ့ပဲဆိုင်တာပါ။

**မြန်မာအမျိုးသမီးတွေတသိပ်တော်တယ်၊ လက်ခံတတ်တယ်၊ စဉ်းစားဆုံးဖြတ်နိုင်တယ်ဆိုတာတွေတမြန်မာလူမှုအဖွဲ့အစည်းရဲ့ လူမှု ဆက်ဆံမှုပုံစံကြောင့်လို့ အန်တီထင်ပါသလား။**

လောကကြီးမှာ လူက လေးမျိုးပဲရှိပါတယ်။

- လူပျင်း၊လူညံ့က တစ်ဖက်သားကို အပြစ်တင်တယ်။
- လူသာမန်က တစ်ဖက်သားနဲ့ လိုက်လျောညီထွေနေပြီး 'Yes Man' လုပ်တယ်။
- လူတော်ကတော့ တစ်ဖက်သားက သူ့ဘဝ အတွက် ဘယ်လိုအသုံးချလို့ရမလဲဆိုပြီး တစ်ဖက်သားကို အသုံးချဖို့စဉ်းစားတယ်။
- ထူးချွန်ထက်မြက်တဲ့သူကတော့ ငါ့ဘဝရဲ့ပတ်ဝန်းကျင်မှာ ဘာတွေပြုပြင်ပြောင်းလဲဖို့လိုမလဲကြည့်ပြီး ပြောင်းလဲလိုတဲ့စိတ်ရှိတယ်။

အဲဒီ လူလေးမျိုးထဲမှာ ကျွန်မတို့မြန်မာအမျိုးသမီးတွေက ပျင်းပြီး တစ်ဖက်သားကို အပြစ်တင်တဲ့ထဲမှာ မပါဘူးလို့ ကျွန်မမြင်တယ်။ ကိုယ့်နိုင်ငံရဲ့ တခြားဘက်က နိုင်ငံတစ်နိုင်ငံက လူအုပ်စုတစ်စု ဆိုရင် တစ်ချိန်လုံး ညည်းညူပြီး တစ်ဖက်သားကို အမြဲ အပြစ်တင်နေတတ်တယ်လေ။ ကျွန်မတို့ရဲ့ နောက် တစ်ဖက်ခြမ်းက အမျိုးသမီး တစ်စုကတော့ လူသာမန်ပဲ။ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေနေတယ်။ ကျွန်မတို့ လူမျိုးစု အမျိုး သမီးတွေက လူတော်တွေထဲမှာပါတယ်။ ဘာလို့လဲဆိုတော့ မြန်မာအမျိုးသမီးတွေက တာဝန်ခံတတ်တယ်။ တာဝန်ရှိစွာ လုပ်ဆောင်ပေးတယ်။ ကျွန်မတို့ ထမင်းချက်ပေးရတာ၊ အဝတ်လျှော်ပေးရတာ၊ ကလေးကိုထိန်းရတာ၊ ဒါတွေကို မညည်းဘူး။ တခြားနိုင်ငံက အမျိုးသမီးတွေက ညည်းကြတယ်။ အနောက်နိုင်ငံက အမျိုးသမီးတွေ ကကျတော့ သူလုပ်ပေးသမျှကို ကျေးဇူး တင်ပါတယ်ပြောမှ ကြိုက်တယ်။ Acknowledge လုပ် မှ ကြိုက်တယ်။ ကျွန်မတို့ နိုင်ငံက အမျိုးသမီးတွေကတော့ Acknowledge လုပ်လုပ်၊ မလုပ်လုပ်ရတယ်။ ဒီလို အလုပ်တွေလုပ်ရတဲ့အတွက် အောင်လက်မှတ်ပေးဖို့လည်း မပြောဘူး။ ငြူစူဆောင့်အောင့်နေတာမျိုးလည်း မရှိဘူး။ တာဝန်ယူတတ်တာက ကျွန်မတို့ မြန်မာအမျိုးသမီးတွေရဲ့ အားသာချက်ပဲ။ နောက်ပြီး သတ္တိရှိတယ်။ မြန်မာအမျိုးသားများက အပြစ်တင်ခံရမှာ ကြောက်တတ်

> ဒီတော့
> ကျွန်မ Camera ရှေ့မှာ
> ရှိနေသ၍ ကျွန်မမျက်နှာနဲ့
> ကျွန်မပါးစပ်နဲ့က
> မပြောချင်လည်း
> ပြောရမှာပဲလေ။
> ဒီတော့ ကျွန်မက
> ရပ်ရှင်မရိုက်တော့ဘူးလို့
> ဆုံးဖြတ်လိုက်တယ်။
> ဒါက ကျွန်မရဲ့
> ရွေးချယ်မှုပါပဲ. . .။

ကြတယ်။ အပြစ်တင်ခံရမယ့် အလုပ်မျိုးကို မလုပ်ဘူး။ အမျိုးသမီးများကတော့ အပြစ်တင်လည်း ရတယ်။ ဒါက အတွေ့အကြုံလို့ သဘောထားပြီး တူညီတဲ့အမှားကို ထပ်ပြီးမမှားအောင် လုပ်တယ်။ ကိုယ့်မိသားစုအတွက် ကိုယ့်ကလေးအတွက် အကျိုးရှိရင် Risk ကိုလည်း သတ္တိရှိရှိ ရင်ဆိုင်တတ်တယ်။ အဲဒီလိုတွေတော်တဲ့ အမျိုးသမီးတွေပါ။ ထူးချွန်တဲ့ မြန်မာအမျိုးသမီးတွေလည်း များများထွက်ဖို့လိုပါတယ်။ ပြောင်းသင့်တာတွေကို ပြောင်းဖို့အတွက် လုပ်ပေးနိုင်ဖို့လိုပါတယ်။

**မိဘအများစုက ကလေးတွေရဲ့ IQ ကိုပဲ အလေးထားကြတာတွေ့နေရပါတယ်။ အမှန်က EQ ဆိုတာလည်း အရေးကြီးပါတယ်။ IQ နဲ့ EQ ရဲ့ အရေးပါမှုအကြောင်းကို အန်တီက သုံးသပ်ပေးပါဦး။**

ကျွန်မကတော့ ရုပ်ရှင်အသိုင်းအဝိုင်းထဲမှာ အနှစ် ၂၀ ကျော်အလုပ်လုပ်ခဲ့တော့ ကျွန်မရဲ့ နှလုံးသားက အရေးကြီးတယ်။ နောက်ကျန်တဲ့ အနှစ် ၂၀ ကကျတော့ Community Worker လုပ်တော့ ဦးနှောက်ကအရေးကြီးသွားပြန်တယ်။ ဦးနှောက်ရော၊ နှလုံးသားရော 2H ပေါ့ Head & Heart က ဟန်ချက်ညီဖို့လိုပါတယ်။ ဦးနှောက်ဆိုရင် ဘယ်ဘက်ဦးနှောက်နဲ့ ညာဘက်ဦးနှောက်ရယ်ဆိုပြီး ပြောကြတယ်။ ညာဘက်ဦးနှောက်က Programme တွေသွင်းထားတော့သူက Hard ware ပိုင်းပေါ့။ လူကြီးရှေ့ခါးကုန်းပြီးသွားရမယ်။ ဘုရားပေါ်တက်ရင် ဖိနပ်ချွတ်ရမယ်။ ထမင်းစားရင် ကိုယ့်ထက်ကြီးတဲ့သူကို ဦးချပေးရမယ်။ ဒီလို Programme တွေ သွင်းထားတယ်။ ဒီ Programme တွေကို ဘယ်လိုပြန်ပြီး Modify လုပ်မလဲကျတော့ Software ပိုင်းကလုပ်ရတာပေါ့။ Software က ဘယ်ခြမ်းနဲ့ ဆိုင်မှာပေါ့။ ကျွန်မတို့ပညာရေးစနစ်ကHardware ပိုင်းအရမ်းကောင်းတယ်။ Software အတွက် အားပေးမှုကနည်းတယ်။ အရင်အစိုးရလက်ထက်တုန်းက အခြေခံပညာကျောင်းတွေမှာ Multimedia ဆိုပြီး လုပ်လိုက်သေးတယ်။ ဒါပေမဲ့ မပီပြင်ခဲ့ဘူး။ ကွန်ပျူတာတွေပျက်မှာစိုးလို့ သိမ်းထားတယ် ဆိုတာနဲ့ ပြီးသွားခဲ့ရတယ်။ နောက်ပြီး ကျွန်မတို့တွေအားအနည်းဆုံးအပိုင်းက ဦးနှောက်ရဲ့ အလယ်ပိုင်းပဲ။ အဲဒီအပိုင်းဖွံ့ဖြိုးရင် reasonတွေကို ကြည့်တတ်တယ်။ Cause & Effect တွေကို ပိုင်းခြားတတ်ကြတယ်။ အဲဒီအလယ်ပိုင်းက EQ ကို Control လုပ်နိုင်တယ်။ သူဖွံ့ဖြိုးရင်ပေါ့။ ကျွန်မအနေနဲ့ပြောရရင်တော့ အားလုံးဖွံ့ဖြိုးရမယ်။ ဒါမှ IQ မြင့်ပြီး EQ ကောင်းတဲ့သူဖြစ်မှာပေါ့။

**အန်တီက တစ်လောတုန်းက Intellectual Property နဲ့ ဆိုင်တဲ့ ဆုရခဲ့တယ်နော်။ အဲဒီ ဆုရခဲ့ရတဲ့ အကြောင်းလေးလည်း ပြောပြပေးပါဦး။**

World Intellectual Property Organization က တစ်ကမ္ဘာလုံးမှာ WIPO Day ဆိုပြီး သတ်မှတ်ပါတယ်။ ကမ္ဘာ့အသိဉာဏပစ္စည်း ကာကွယ်ရေးနေ့ World Internation Property Day ပေါ့။ အဲဒီနေ့က April မှာ ကျပါတယ်။ မြန်မာပြည်မှာရှိတဲ့ ရှေ့နေကြီး ဦးအောင်စိုးဦးက IP ကို တစ်စိုက်မတ်မတ် လုပ်လာတဲ့ သူပေါ့။ သူတို့ရဲ့ ACE Group က နှစ်တိုင်းပေးပါတယ်။ သူ့ရဲ့ Theme အလိုက်ပေးတာပေါ့။ ဒီနှစ်ရဲ့ Theme က Motion Picture ဆိုတော့ ကျွန်မကို ပေးတာပါ။ အရင်ကနဲ့ စာရင် တော့ WIPO က တဖြည်းဖြည်း တိုးတက်လာပါပြီ။ WIPO ရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာပြည်တင်မကဘဲ အာဆီယံမှာရှိနေတဲ့ နိုင်ငံတွေအားလုံးရဲ့ မူပိုင်ခွင့်နဲ့ ပတ်သက်ပြီး အသိဉာဏ်ပညာတွေ တိုးတက်ဖို့ ရည်ရွယ်ပါတယ်။ သူတို့က ကူညီပါတယ်။ ကျွန်မတို့ရဲ့ ရုပ်ရှင်တွေက အများအားဖြင့် Copy တွေနဲ့ Involve ဖြစ်တယ်။ IP ဆိုတာရှိတယ်။ သူ့အောက်မှာ Patent Law တို့ Industrial Lawတို့ Trade Mark Law တို့ပါတယ်။ အခုထိတော့ IP နဲ့ပတ်သက်ပြီး ကျွန်မတို့နိုင်ငံကကြိုးစားဆဲပါပဲ။

**မြို့ပြမဟုတ်တဲ့ နေရာတွေမှာ နေနေကြတဲ့ အမျိုးသမီးအများစုက ကျန်းမာရေး ဗဟုသုတနည်းပါးတာတွေ့ရပါတယ်။ ဒါက ဘာကြောင့်လို့ အန်တီယူဆပါသလဲ။**

Limited Access ပါပဲ။ Access of Information ရတာနည်းနေကြတာပါပဲ။ သတင်းအချက်အလက်ရတာတွေက ကွာဟနေတာပါ။ နောက်ပြီး ရိုးရာအယူအဆနဲ့ ယုံကြည်မှုတွေကြောင့်ပေါ့။ ကျွန်မက လူတွေရဲ့ ယုံကြည်မှုကို လေးစားပါတယ်။ ငှက်ဖျားကြောင့် ဖျားနေတဲ့ လူအတွက် ညောင်ပင်မှာ ခေါ်စာသွားပစ်တာမျိုးပေါ့။ ဒါပေမဲ့ တကယ်က ခေါ်စာပစ်ရမှာ မဟုတ်ဘူး။ ငှက်ဖျားပိုးကို ရှာရမယ်။ ဆေးသောက်ရမယ်။ ငှက်ဖျားဆေးဘယ်မှာ ရနိုင်မလဲ။ ဒါတွေကို လေ့လာရမှာပါ။ ဒါဥပမာပေးတာပါ။ နောက် ဝမ်းလျှောတာမျိုးဆိုရင်လည်း အလေ့အကျင့်တွေနဲ့ ဆိုင်တယ်။ ကိုရီးယားကားတွေထဲမှာ ကလေးတွေကို လက်ဆေးဖို့ပြောတဲ့ အခန်းအမြဲပါတတ်တယ်။ ကျွန်မတို့ နိုင်ငံမှာက လက်ဆေးတာကို အလေးမထားတတ်ကြဘူး။ ဆေးတော့လည်း စင်အောင်မဆေးဘဲ ရေစွတ်ပြီး ထမင်းစားကြတဲ့ အလေ့အကျင့်တွေရှိတယ်။ ကျွန်မရဲ့ မအောင်မြင်တဲ့ Campaign ထဲမှာ လက်ဆေးတာလည်း ပါတယ်။

**နောက်ပြီး အခုခေတ်အမျိုးသမီးငယ်လေးတွေက အပျိုစင်ဆိုတဲ့ဂုဏ်ကို တန်ဖိုးမထားကြတော့ဘူး။ ဒီလိုတွေဖြစ်လာစေတဲ့ အကြောင်းအချက်တွေက ဘာတွေကြောင့်လို့ အန်တီယူဆပါသလဲ။**

Individual Vision တွေ Life Value တွေနဲ့ ဆိုင်တာပါ။ ကိုယ့်ဘဝရဲ့ ရည်ရွယ်ချက်ကိုကြည့်တာမှာ ရေတိုပဲကြည့်ပြီးရေရှည်မကြည့်ကြလို့ပါ။ ကျွန်မ တွေ့ဖူးပါတယ်။ အနှိပ်ခန်းမှာ အလုပ်လုပ်နေတဲ့ မိန်းကလေးကို ဘာလို့ ဒီအလုပ်လုပ်နေလဲ မေးကြည့်တော့ သူက ပိုက်ဆံလိုချင်လို့ပါတဲ့။ တစ်ဦးချင်းစီရဲ့ ဘဝတန်ဖိုးထားမှုတွေနဲ့လည်း ဆိုင်တယ်။ နောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေက ဒီနိုင်ငံမှာ Limited ဖြစ်နေတယ်။ ကျွန်မတို့ဆီမှာ ပညာတတ်လူငယ်တွေက အတတ်ပညာလိုအပ်နေကြတာပဲ။ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုတွေကလည်း သူတို့အတွက် ဘာကိုတန်ဖိုးထားရမလဲ ဆိုတာကို မေ့သွားစေတာပဲ။ ဘဝကို Long Term စဉ်းစားတတ်ဖို့လိုတယ်။ နိုင်ငံတော်အနေနဲ့ကလည်း အလုပ်နဲ့ပတ်သက်ပြီး အာမခံချက်ပေးနိုင်တာမျိုး ဖြစ်စေချင်တယ်။ ဒီမှာက မိန်းကလေးတွေက ကိုယ်ဝန်ရှိမှာနဲ့ HIV ကူးမှာဆိုရင် ကိုယ်ဝန်ရသွားမှာကို ပိုကြောက်တယ်ဆိုတာမျိုးဖြစ်နေတယ်။ ဒါကလည်း HIV က ၄၊ ၅ နှစ်နေမှ HIV ဖြစ်မှန်းသိသာတယ်။ ကိုယ်ဝန်ရတာက ၂ လ၊ ၃ လအတွင်းသိသာတယ်ဆိုတာကြောင့်လို့ ပြောတယ်။ ရေတိုပဲကြည့်ကြတာပေါ့။ တော်တော် များများက Culture Shock ရတာပဲ။ Culture Shock ကြောင့်လည်း ဒီလိုမျိုးတွေဖြစ်သွားစေတာပဲ။ ကျွန်မအမြင်မှာတော့ အပျိုစင်ဂုဏ်ကို မထိန်းသိမ်းနိုင်တာက ကိုယ့်ရဲ့ ဆင်းရဲမွဲတေမှုကြောင့်လည်း ဖြစ်နိုင်တယ်။ တခြားအပြင်ကနေ စိတ်ဝင်စားစရာတွေဖြစ်တဲ့ ငွေကြေး၊ ခန့်ရာထူး၊ Popularity ဒါမျိုးတွေကြောင့် ဖြစ်တာပါပဲ။ အဓိကကတော့ Individual Value ပေါ်ပဲ မူတည်တာပါ။

**ရတီအမျိုးသမီး ဝရိသတ်တို့ အန်တီက စကားလက်ဆောင်လေး ပြောပေးပါဦး။**

အားလုံးက ကိုယ့်အားကိုယ်ကိုး ရတာပါ။ ကိုယ်ထူကိုယ်ထ ကြိုးစားဖို့လိုပါတယ်။ ကိုယ့်ဦးနှောက်နဲ့ ကိုယ့်နှလုံးသားကို ချင့်ချိန်နိုင်ဖို့ သတင်းအချက်အလက်တွေကို သိထားဖို့ လိုပါတယ်။ ကိုယ့်ကိုယ်ကိုယ်ကောင်းစွာ စောင့်ရှောက်နိုင်ရင်ကိုယ့်ဘေးမှာရှိနေတဲ့ မိသားစု ပတ်ဝန်းကျင်ကို ကူညီစောင့်ရှောက်နိုင်ပါတယ်။ ကျွန်မကတော့ မြန်မာအမျိုးသမီးတွေကို ပတ်ဝန်းကျင်ကို ပြောင်းလဲပေးနိုင်တဲ့ ထူးချွန်ထက်မြက်သူတွေအဖြစ် ဖြစ်စေချင်ပါတယ်။

**မြို့စုပိုပို**

အမေး/အဖြေ

# မမရတီ

အချစ်ရေး၊
ကျန်းမာရေး၊
လူမှုရေး၊
အနုပညာ

သို့
မင်္ဂလာပါ မမရတီ

မမရတီဆီကို ပထမဆုံးအနေနဲ့ စာရေးလိုက်ပါတယ်။ ညီမလေးက ရတီမဂ္ဂဇင်းရဲ့ ပရိသတ်တစ်ယောက်ပါ။ မမရတီ ကို အမြဲတမ်း အားပေးနေမှာပါ။ မမရတီကို တစ်ခုလောက် တောင်းဆိုချင်ပါတယ်။ ဩဂုတ်လထုတ်မဂ္ဂဇင်းရဲ့ နိုင်ငံတကာ မင်းသား မင်းသမီးအစီအစဉ်မှာ မင်းသား Robert Pattison နဲ့ Kristen Stewart တို့အကြောင်း ရေးပေးပါ လားရှင်။ မမရတီရဲ့ မတ်လထုတ် မဂ္ဂဇင်းမှာတော့ ခရစ္စတင်းစတီးဝပ် အကြောင်းပဲ ဖတ်ရတယ် မမ။ ညီမလေးက နှစ်ယောက်လုံးရဲ့ အကြောင်းတွေကို သိချင်တာ မမ။ သူတို့ နှစ်ယောက်ကွဲနေ ကြတယ်လို့ ပြောနေကြပေမဲ့ အင်တာနက်မှာ ၂၀၁၄ အ တ ွ ဲ ဓာတ်ပုံတွေ၊ ပြီးတော့မင်္ဂလာဆောင်ပုံတွေ အားလုံး တွေ့ရတယ် မမ။ အဲဒါအပြင်မှာ တကယ်ဆောင် ပြီးတာလား မမရတီ။ သူတို့.



မင်္ဂလာပါမမ။ ရတီကတော့ အောင်မြင် ကျော်ကြားဆဲနော်။ မမရတီရေ ကိုစိုင်းစိုင်းက မာန ကြီးသွားပြီနော်။ စာလည်း မပြန်ဘူး။ မမနဲ့ဆုံရင် ပြောပေးပါဦးနော် စာပြန်ပါဦးလို့။ မမရေ ကိုခန့်က လိပ်စာအသစ်နဲ့နော်။ အဲဒါ မမက လိပ်စာအသစ်ထည့် ပေးဦးနော်။ မမရေ ကိုနေယံ ပျောက် နေတယ် နော်။ ကိုသားကြီးရဲ့ပုံရိပ်တွေကို ရတီမှာ မြင်ချင်လို့ ကူညီ ဦးနော်။ ပျောက်သော သူ ကြာရင်မေ့ ဆိုတာတွေက မဟုတ်ပါဘူး။ ကိုသားကြီးကို သတိရနေဆဲပါ။

ရတီရဲ့အမာခံပရိသတ်
နှင်းစက်ကြွေ၊
ရ.က.မ

**စိုင်းစိုင်းတ အလုပ်တွေမအားလို့ မပြန်တာ ဖြစ်ပါလိမ့်မယ် ညီမရေ၊ အားရင် စာပြန်ပေးဖို့ မမရတီ ဆုံရင်ပြောလိုက်ပါ့မယ်၊ ကိုခန့်က အိမ်ပြောင်းသွားပေမယ့် သူ့အိမ် လိပ်စာ အဟောင်းကိုပဲစာပို့ရင် ရပါတယ်တဲ့၊ နေယံတစ်ယောက် လည်း မပျောက်ပါဘူးတဲ့ကွယ်။ ကိုသားကြီးနဲ့ တွေ့ဆုံခဲ့ဖူးတဲ့ အင်တာဗျူးတစ်ခုကို ရတီဝက်ဘ် ဆိုက်မှာ ဇူလိုင်လက ဖော်ပြပေးခဲ့ပြီး ပြီဖြစ်တာမို့ www.yatimagazine.com မှာ ပြန်လည် ရှာဖွေ ဖတ်ရှုရင်း သူ့ရဲ့ပုံရိပ်တွေကို အလွမ်းပြေ ခံစား နိုင်ပါကြောင်း သတင်းကောင်းပါး ပါရစေ။**

နှစ်ယောက် တကယ်ကွဲသွားတယ် ဆိုရင်တော့ ဝမ်းနည်းစရာပဲမမ။ သူတို့ နှစ်ယောက်က အရမ်း လိုက်ဖက်တယ် မမရဲ့။ သူတို့ နှစ်ယောက် အကြောင်း ကို ဓာတ်ပုံနဲ့အတူ အပြည့်အစုံ ရေးပေးနော် မမ။ သိချင်စိတ် အရမ်းပြင်း ပြနေတယ် မမရဲ့။ ညီမလေးက သူများတွေကို မေးတော့လည်း တစ်ယောက်မှ မသိကြဘူးရှင့်။ မမရတီကတော့ သိမယ်ထင်ပါတယ်။ ပထမဆုံး ရေးတဲ့ အတွက် အမှားပါရင် ခွင့်လွှတ်နော် မမ။

အမြဲတမ်းအောင်မြင်နေပါစေလို့ ဆုတောင်းလျက်<br>
မဖြူဖြူဖွေး<br>
စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ နတ်ချောင်း။

**ညီမလေးဖြူဖြူဖွေးကို သိစေချင်တာက ဩဂုတ်လထုတ်မှာ ဖော်ပြပေး စေချင်ရင် ဩဂုတ်လမှ တောင်းဆိုလို့ မရဘူးဆိုတာပါပဲ။ ဖြူဖြူဖွေးသိချင်နေတဲ့ ရော်ဘတ်ပက်တီဆင်နဲ့ ခရစ္စတင်းစတီးဝပ်တို့ စုံတွဲအကြောင်းတွေကို ဓာတ်ပုံနဲ့တကွ စုံစုံလင်လင် ဖတ်ရှုခံစား နိုင်စေဖို့ ယခုလမှာ ဖော်ပြပေးလိုက် ပါပြီနော်။ မမရတီကိုယ်စားဆရာရဲသစ်ရဲ့တင်ဆက်မှုတွေမှာ သိချင်တာတွေ ကို ကိုယ်တိုင်ဖတ်ရှုရင်းကျေနပ် ပျော်ရွှင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါ တယ်။**

သို့<br>
မင်္ဂလာပါ မမရတီ

မမရတီဆီကို သွေးပထမဦးဆုံး အနေနဲ့ စာရေးလိုက်ပါတယ်။ သွေးက မမရတီရဲ့ ပရိသတ်တစ်ဦးပါ။ အဆို တော်ပိုပိုရဲ့ အကြောင်းတွေကို ဖတ်ရလို့ သွေးအရမ်း ဝမ်းသာပါတယ်။ မမရတီ လာမယ့်လမှာ အဆိုတော် ရဲရင့် အောင်ကို အင်တာဗျူး မေးပေးပါလားရှင်။ အစ်ကိုရဲရင့်အောင်က ကျောင်း တက်တုန်း ရှိသေးတယ်လို့ ကြားတယ် မမ။ အဲဒါ တကယ်လား မမ။ ပြီးတော့ အစ်ကို ရဲရင့်အောင်ဆိုတာက အစ်ကို့ရဲ့ နာမည်အရင်းလား ရှင်။ အဲဒါရော မေးပေး နော်မမ။ အမှားပါရင် ခွင့်လွှတ်နော် မမ။

ရတီမဂ္ဂဇင်းကို အမြဲအားပေးနေမယ့်<br>
သွေးသခင်<br>
စစ်ကိုင်းတိုင်း၊ကလေးမြို့နယ်<br>
နတ်ချောင်း။

**အဆိုတော်ရဲရင့်အောင်ရဲ့အင်တာဗျူးကို ၂၀၁၃ ခုနှစ် အောက်တိုဘာ လမှာ ဖော်ပြခဲ့ပြီးပါပြီ သွေးသခင်ရေ။ ဩဂုတ်လထုတ်မှာလည်း အဆိုတော် ရဲရင့်အောင်ရဲ့အမည်က အမည်ရင်းဖြစ်ကြောင်း ပရိသတ်တချို့ မေးလို့ ဖြေပေးခဲ့ပြီးပြီမို့ ပြန်လည်ရှာဖွေ ဖတ်ရှုကြည့်ဖို့လို့အကြံပေးပါရစေကွယ်။**

မမရတီ<br>
မင်္ဂလာပါနော်

၂၀၁၁ ဇန်နဝါရီ လ ဖူးနုသစ်လွင်ကဗျာ ဥယျာဉ်ကဏ္ဍမှာ "တွယ်ရာမဲ့" ကဗျာနဲ့ စတင်ဝင်ရောက်ခဲ့တဲ့ ကျွန်တော့်ကို မှတ်မိဦးမလား မသိဘူး။ ရတီကို စိမ်းလို့ တိမ်းသွားတာမဟုတ်ပါဘူး။ အကြောင်းအမျိုးမျိုးကြောင့် အဆက်အသွယ်ပြတ်သွားတာပါ။ မမရတီရေ ကျွန်တော့်ကို မှတ်မိသည် ဖြစ်စေ၊ မမှတ်မိသည် ဖြစ်စေရတီရဲ့ စာမျက်နှာပြင်မှာ ရွှေညာမြေ မောင် သန်းနိုင်တစ်ယောက်ပြန်ရောက်လာပါပြီ။ ကျွန်တော် အသက်ထက်မက မြတ်နိုးတဲ့ စာပေကိုလည်း အရင်ကထက် ပိုပြီးကြိုးစား သွားပါ့မယ်ဗျာ။ ကျွန်တော်တို့လို ကလောင်သစ်တွေကို နွေးထွေးစွာ ကြိုဆိုတဲ့အတွက် အထူး ကျေးဇူးတင်ပါတယ်။

ရွှေညာမြေ မောင်သန်းနိုင်(ကုန်းဇောင်း)<br>
အလင်းသစ် စာပေနှင့်စာအုပ်ချုပ်လုပ်ငန်း<br>
ရွာသာရွာ၊ ကုန်းဇောင်းမြို့နယ်၊ မကွေး။

**စာမျက်နှာတွေနဲ့ ခေတ္တဝေးကွာခဲ့တဲ့ ရွှေညာမြေ မောင်သန်းနိုင်ကို ရတီကပြန်လည် ကြိုဆိုလျက်ပါ။ စာပေကို မြတ်နိုးသူအတွက် စာပေရပ်ဝန်း ဟာ အမြဲတမ်း နွေးထွေး စိမ်းလန်း နေတဲ့ ဥယျာဉ်ပဲမို့ ပြန်လည်ကြိုးစားဖို့ တိုက်တွန်းလိုက်ပါတယ်။**





“ ခြေတံမှာရှိတဲ့
အမည်းကွက်တွေကို
ပျောက်သွားဖို့ အမာရွတ်တွေကို
မှိန်သွားစေဖို့ ကြေးချွတ်နည်းလမ်း
လေးကလည်း
ခြေတံလှလှပိုင်ရှင်လေး
ဖြစ်ချင်သူတွေအတွက်

# လှပစိုပြည် ရတီမေ

**မာဦး**

ခြေတံလှလှလေးများရဲ့ပိုင်ရှင်ဖြစ်ဖို့
အကြံဉာဏ်များ

ရတီချစ်တဲ့ပျိုမေတို့ရေ . . . လည်တိုင်လှလှ၊ ခြေတံလှလှလေးတွေ ပိုင်ဆိုင်ချင်တာကတော့ မိန်းကလေးတိုင်းရဲ့ ဆန္ဒပါ။ ဒါ့ကြောင့် လည်တိုင်မှာ အမည်းကွက်တွေမဖြစ်အောင် ကြေးချွတ်ရမယ့်နည်းလမ်းများနဲ့ ခြေတံသွယ်လျလှပဖို့၊ လက်ရှိပေါင်နဲ့ခြေတံက အဆီတွေရှာက်ပြီး ဝဝတုတ်တုတ်ဖြစ်မလာဖို့ အိမ်မှာတင်လိုပ်လို့ရတဲ့ လေ့ကျင့်ခန်း

တချို့ကိုလည်း ဖော်ပြပေးချင်ပါတယ်။ နောက်ပြီး ခြေတံမှာရှိတဲ့ အမည်းကွက်တွေကို ပျောက်သွားဖို့ အမာရွတ်တွေကိုမှိန်သွားစေဖို့ ကြေးချွတ်နည်းလမ်းလေးကလည်း ခြေတံလှလှပိုင်ရှင်လေးဖြစ်ချင်သူတွေအတွက် ကျိန်းသေလိုအပ်မှာပါ။ ကဲ . . . အခုပဲလေ့လာကြည့်ရအောင်နော်။



## လည်တိုင်လေးကြော့ကြော့ လှပဖို့

နေ့တိုင်း ကျွန်မတို့ရဲ့မျက်နှာအလှကို ဂရုစိုက်ပြင်ဆင်တတ်ကြပေမဲ့ လည်တိုင်ပတ်ပတ်လည်ရဲ့အလှကို ထိန်းသိမ်းဖို့ မေ့နေတတ်ကြပါတယ်။ အထူးသဖြင့် လည်ကုပ်ပိုင်းက ဂရုမစိုက်တာကြာရင် မည်းနေတတ်ပါတယ်။ လည်ပင်းပေါ်ကျယ်တဲ့ အဝတ်အစားတွေကို ဝတ်တဲ့အခါမှာ၊ ဆံထုံးထုံးတဲ့အခါနဲ့ ဆံပင်ကို ခပ်မြင့်မြင့်စည်းထားတဲ့အခါတွေမှာ လည်ပင်းရဲ့အလှဟာ အရေး








ပါလှပါတယ်။ ဒါ့ကြောင့် လည်တိုင်ပတ်လည်ကို သန့်ရှင်းဖို့ အမြဲသတိရပါ။ မည်းနေ ကွက်နေရင်လည်း မပူပါနဲ့။

ရေမချိုးခင် သံပရာရည်ကို လည်တိုင်ပတ်လည်ကို လိမ်းပေးပြီး နှိပ်နယ်ပါ၊ ရေချိုးပစ်ပါ။ သံပရာရည်လိမ်းထားတဲ့အချိန် လည်ပင်းကို နေရောင်မထိပါစေနဲ့။ သခွားသီးကို ခြစ်ပြီး ရလာတဲ့ အရည်ကိုလည်း လိမ်းပေးလို့ရပါတယ်။ ဒါ့အပြင် ပျားရည်၊ သံပရာရည်နဲ့ နို့တို့ကို ပေါင်းစပ်ပြီး ကြေးချွတ်ပေးရင်လည်း လည်ပင်းကို ဝင်းလဲ့စိုပြည်စေဖို့ အထောက်အကူပေးပါတယ်။



သန့်ရှင်းပြီးသွားတဲ့ လည်ပင်းကို ရှားစောင်းလက်ပပ်ဂျယ်နဲ့ တိုက်ရိုက်သုတ်လိမ်းပေး ပါ။ မိနစ် ၂၀ ကြာပြီးမှ ရေဆေးပါ။ လည်ပင်းနောက်ဘက်မှာ မည်းနေရင် ခရမ်းချဉ်သီး ဒါမှမဟုတ် အာလူးကို ပါးပါးလှီးပြီး ပွတ်တိုက်ပေးလို့ ရသလို Blender နဲ့ချေပြီးရတဲ့အရည်ကို လိမ်းပေးပြီး မိနစ် ၃၀ အကြာမှာ ရေဆေးပစ်တဲ့ နည်းကို သုံးလို့ရပါတယ်။ လည်ပင်းမည်းနေတဲ့သူတွေဆို တစ်ပတ် နှစ်ပတ်ဆက်တိုက်လုပ်ပေးသင့်ပြီး အသားအရေ ထိန်းသိမ်းရုံသက်သက်လုပ်ချင်ရင်တော့ တစ်ပတ်တစ်ခါလောက်လုပ်ပေးရင်လည်း ရပါတယ်။ နောက်ပြီး နောင်မှာမျက်နှာကို အလှဆင်တိုင်း၊ ရေချိုးတိုင်း လည်ပင်းအသားအရေကိုပါ ထိန်းသိမ်းဖို့မမေ့ပါနဲ့။ နေပူထဲသွားရင် နေလောင်ခံခရင်မ်ကို လည်ပင်းမှာလိမ်းဖို့လည်း မမေ့ပါနဲ့။

## ခြေတံလှစေမယ့် လေ့ကျင့်ခန်းများ

**နည်း ၁** - ခါးကိုထောက် မတ်မတ်ရပ်၊ အနေတော်ခြေလှမ်းတစ်ခုလောက် ခြေထောက်တစ်ချောင်းကို အနောက်ဘက်ပို့ နောက်ဘက်ပို့တဲ့ ခြေသလုံးကို ကြမ်းပြင်နဲ့ မျဉ်းပြိုင်အနေအထားဖြစ်အောင် ညွတ်ချပါ၊ တစ်ဖက်ကို ငါးခါစီ တစ်လှည့် - ၃ ကြိမ် ( တစ်ဖက် ၁၅ ခါ) လုပ်ပေး



"
သံပရာရည်က သဘာဝအတိုင်း
အသားအရေကို လှပအောင်
လုပ်ဆောင်ပေးသလို
အုန်းဆီကလည်း အစိုဓာတ်ကို
ထိန်းပေးပြီး ညိုမည်းကွက်များကို
တားဆီးပေးပါတယ်၊ ဒီနည်းကိုလုပ်ဖို့
အုန်းဆီ ၃ ဇွန်းနဲ့ သံပရာသီး ၂
ခြမ်းကရတဲ့အရည်ကို









ပါ။ ပေါင်တံသွယ်လျစေတဲ့ နည်းများထဲက တစ်ခုပါ။

**နည်း ၂** - ကြမ်းပေါ်ပက်လက်လှဲအိပ်ပြီး လက်နှစ်ဖက်ကို ဘေးမှာထားပါ။ လက်ကိုမြှောက်ပြီး ထလိုက်တဲ့အခါတိုင်း ခြေတံအစုံကိုလည်း လက်နှစ်ဖက်နဲ့ မျဉ်းပြိုင်ဖြစ်အောင် မထားပါ။ ပြီးရင် ခြေထောက်များကိုပြန်ချပြီး ပြန်လှဲပါ။ အစအဆုံးပြန်လုပ်ပါ။ ၁၅ ကြိမ်လုပ်ပါ။

**နည်း ၃** - ဒူးထောင်လျက် ပက်လက်လှဲပါ။လက်နှစ်ဖက်ကို ကြမ်းမှာကပ်ထားပြီး ပုံမှာ ပြထားသလို မြှောက်ရင်း လက်အားကို သုံးပြီး ခါးနဲ့ တင်ပါးကို ကြွပြီး ခြေထောက်တစ်ဖက်ကို မထားပါ။ ဖြည်းဖြည်းပြန်ချပါ။ ကျန်တစ်ဖက်ကိုလည်းလုပ်ပါ။ တစ်ဖက်ကို ၅ ကြိမ်စီလုပ်ပါ။

**နည်း၄** - ကြမ်းပေါ်မှာ လေးဖက်ထောက်ပါ။ လက်နှစ်ဖက်ကို ဖြောင့်အောင်ဆန့်ထားပြီး ခြေထောက်တစ်ဖက်ကို ခပ်မြင့်မြင့်ရောက်အောင် ဖြောင့်ဖြောင့်တန်းတန်းမြှောက်ပါ။ ထားနိုင်သလောက် အဲဒီအတိုင်းထားပြီး ပြန်ချပါ။ ကျန်တစ်ဖက်ကိုလည်း အလားတူလုပ်ပါ။ ၁၀ ကြိမ်၊ ၁၅ ကြိမ်ခန့်စီလုပ်ပါ။

## တစ်ပတ်အတွင်း ပေါင်တံများဝင်းလဲ့လာဖို့ နည်းလမ်း

ပေါင်တံတွေကို သေချာဂရုမစိုက်တဲ့သူတွေမှာ ပေါင်အတွင်းဘက်မှာ ညိုမည်းနေတတ်ပါ တယ်။ ဒါကို ဖြေရှင်းဖို့နည်းလမ်းရှိပါတယ်။ ရေချိုးပြီးတဲ့အခါ ပေါင်တံကို သေချာပွတ်တိုက်သန့်ရှင်းပေးပြီး အုန်းဆီနဲ့သံပရာရည်ကို ရောပြီး သုတ်လိမ်းပေးပါ။ ဒါက အမည်းကွက်တွေကို လင်းလာစေပြီး နောက်ထပ်အမည်းကွက်တွေကိုလည်း ကာကွယ်ပေးပါတယ်။ အစိုဓာတ်ကိုလည်း ထိန်းပေးပါတယ်။ သံပရာရည်က သဘာဝအတိုင်း အသားအရေကို လှပအောင် လုပ်ဆောင်ပေးသလို အုန်းဆီကလည်း အစိုဓာတ်ကို ထိန်းပေးပြီး ညိုမည်းကွက်များကို တားဆီးပေးပါတယ်။ ဒီနည်းကိုလုပ်ဖို့ အုန်းဆီ ၃ ဇွန်းနဲ့ သံပရာသီး ၂ ခြမ်းကရတဲ့အရည်ကို ရောသမလိုက်ရုံဖြစ်ပြီး အဲဒီအရည်ကို အတွင်းပေါင်တံတွေကို လိမ်းပေးပါ။ ပြီးတော့နှိပ်ပေးပါ။ နူးညံ့လာတဲ့အခါ ရေနွေးနွေးလေးနဲ့ ဆေးပစ်လိုက်ပါ။ အဝတ်နဲ့ရေခြောက်အောင် သုတ်ပစ်လိုက်ပါ။ ဒါမျိုးကိုလုပ်ပေးရင် တစ်ပတ်အတွင်း ဝင်းလဲ့လာတဲ့ ပေါင်တံလေးတွေ ကို တွေ့ရမှာပါ။ ပိုပြီး ထိရောက်အောင် body lotion တစ်မျိုးကို လိမ်းထားပါ။

ဖော်ပြပါနည်းလမ်းများနဲ့ ဖျတ်ခနဲ လှည့်ကြည့်လိုက်တိုင်း မိမိလည်တိုင်အလှကို အသိအမှတ်ပြုခံရဖို့၊ သန့်ရှင်းပြီး သွယ်လျလှပတဲ့ ခြေတံလှလှလေးတွေနဲ့ ခြေလှမ်းတိုင်းကို ယုံကြည်မှုရှိရှိ လျှောက်လှမ်းလိုက်ရအောင်။

မာဉီး






# မောင်ခေါ်ရာ မယ်မလိုက်နိုင်ဘူ

ဒေါက်တာမြင့်ဦး (ဂျပ)

လောကမှာ စိတ်ဆန္ဒကသာ အရာရာကို ကြီးစိုးနိုင်ပါသတဲ့။ စားတာသောက်တာ၊ နေတာထိုင်တာ၊ သွားတာလာတာ၊ အလုပ်လုပ်တာ၊ အိပ်စက်တာကအစ စိတ်ဆန္ဒနဲ့သာ လုပ်ဆောင်ကြရပါတယ်။ စိတ်မပါဘဲနဲ့ပြုမူခဲ့ရင် လူမှုဆက်ဆံရေးမှာသာမက ကျန်းမာရေးကိုပါထိခိုက်လာတတ်တာတွေရှိပါတယ်။ ဒီလ ရတီမဂ္ဂဇင်းရဲ့ မိသားစုကျန်းမာရေးကဏ္ဍမှာ "မောင်ခေါ်ရာ မယ်မလိုက်နိုင်ဘူ" ဆိုတဲ့ဖလိုးချပ်ကို တင်ဆက်ပေးလိုက်ပါတယ်။ မောင်မယ်စုံအကြားမှာ မယ့်ဘက်က စိတ်ဆန္ဒလျော့နည်းလို့ မောင်ခေါ်ရာမလိုက်နိုင်တဲ့အခါမျိုးမှာ ဖြေရှင်းရမယ့်နည်းလမ်းတွေကို ဖော်ပြထားပါတယ်။ (မောင်တွေအတွက် သီးသန့် တင်ဆက်ပေးပါဦးမယ်)။ ဖလိုးချပ်ကို တီထွင်သူ ဒေါက်တာပီတားစ်ကတော့ သူ့ရဲ့ဖလိုးချပ်ကို Low Sex Drive in Women လို့ ခေါင်းစဉ်တပ်ထားပါတယ်။


အိမ်ထောင်ရှင်မယ်အများစုဟာ တစ်ပတ်မှာတစ်ကြိမ် ဒါမှမဟုတ်နှစ်ကြိမ် မောင်နဲ့ဆက်ဆံဖို့ဆန္ဒရှိကြပါသတဲ့။ နေ့စဉ် ဆန္ဒတောင့်တတဲ့ အိမ်သူတွေလည်း ရှိနိုင်ပါတယ်။ ဒီလိုဆန္ဒဖြစ်ပေါ်တာကိုဆေးပညာအလိုအရ ပုံမှန် (Normal) လို့ သတ်မှတ်ထားပါတယ်။ ပုံမှန်ကနေ ရုတ်တရက် ဆန္ဒလျော့နည်းသွားပြီဆိုရင်တော့ ပြဿနာဖြစ်နိုင်ပါပြီ။ စိတ်မပါရတဲ့ အကြောင်းအရင်းအမျိုးမျိုး ရှိနိုင်ပါတယ်။ တချို့က မောင်နဲ့ ဆက်ဆံချိန်မှာ အဆင်မပြေ (ကသိကအောက်)ဖြစ်ပြီး၊ စိတ်လျော့သွားရနိုင်သလို၊ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျရောဂါနဲ့၊ Sex ကိစ္စအပေါ်မှာ ပူပန်မှုတွေ ရှိနေတာကြောင့် ဆန္ဒလျော့နည်းသွားလေ့ရှိပါတယ်။ စာရှုသူမယ်အပေါင်း အလွန်အမင်း ဆန္ဒလျော့နည်းသွားခဲ့ရင် ဒါမှမဟုတ် ခါတိုင်းလို လွယ်လွယ်ကူကူနဲ့ ဆန္ဒမနိုးကြွတော့ဘူးဆိုရင် ဖော်ပြထားတဲ့ ဖလိုးချပ်အတိုင်း ဖြေရှင်းကြည့်လို့ ရနိုင်ပါတယ်။ (ဖြေရှင်းတာ နောက်ကျခဲ့ရင် မောင်တော်နဲ့ဆက်ဆံရေး ထိခိုက်လာနိုင်ခြေရှိတဲ့အတွက် အခုပဲ မြားအတိုင်းလိုက်ပြီး ဖတ်ရှုကြည့်လိုက်ကြပါစို့လား။

# LOW SEX DRIVE IN WOMEN




## ကိုယ်ဝန်ဆောင်စဉ် လိင်ဆက်ဆံခြင်း

ကိုယ်ဝန်ဆောင်စဉ် ဘယ်အချိန်ဖြစ်ဖြစ် လိင်ဆက်ဆံတာကို ဘေးကင်းတယ်လို့ ဆေးပညာက အကြမ်းဖျင်း လက်ခံထားပါတယ်။ သန္ဓေသားကို မထိခိုက်ရအောင် ရေမြွှာအိတ်က ကူရှင်သဖွယ် ကာစည်းထားပြီးဖြစ်ပါတယ်။ ကလေး ပျက်ဖူးသူ၊ လမစေ့မွေးဖွားဖူးသူနဲ့ အချင်းရွေ့ ရောက်သူတွေမှာသာ ညင်ညင်သာသာဆက်ဆံဖို့လိုအပ်ပါတယ်။ ဆက်ဆံစဉ်မှာ ဗိုက်ခံနေပြီး သားမြတ်ကို ကိုင်တွယ်ရင် နာကျင်နိုင်တာတွေကြောင့် ပုံစံပြောင်းပြီး ဆက်ဆံသင့်ပါတယ်။ ပွတ်သပ်ယုယခြင်းက သာယာမှုကိုဖန်တီးပေးနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်စဉ်ကာလမှာ မောင်ရောမယ်ပါ Sex ဆန္ဒကျဆင်းနိုင်သလို၊ တက်ကြွတာလည်းရှိနိုင်ပါတယ်။ ဒါဟာ Normal ဖြစ်တဲ့အတွက် မောင်မယ်နှစ်ဖြာ ပွင့်ပွင့်လင်းလင်း ညှိနှိုင်းပြီး ဆန္ဒဖြည့်ဆည်းကြရမှာ ဖြစ်ပါတယ်။


ဖလိုးချပ်စာမျက်နှာ -၂
မောင်နဲ့ ဆက်ဆံတဲ့အခါ Sex အာရုံ တစ်ခုတည်း လျော့နည်းသွားတာလား၊
Yes
No
အခြားဆက်ဆံရေးနယ်ပယ်မှာမောင်နဲ့ ကျေနပ်မှုတွေရှိနေတယ် ဆိုပါတော့
Yes
No
ဖြစ်နိုင်ခြေ။ Sex ပြဿနာတွေက လိင်အာရုံကို လျော့နည်းစေပါတယ်။ ဘယ်လိုပြဿနာလည်း ဆိုတာကို မောင်နဲ့ပွင့်ပွင့်လင်းလင်းတိုင်ပင်ပါ။ မောင်နှံစုံညီ မဖြေရှင်းနိုင်ရင် ဆရာဝန်နဲ့တိုင်ပင်ပါ။ Psychosexual counseling လိုအပ်သည်။
ဖြစ်နိုင်ခြေ။ ဆက်ဆံရေးမပြေလည်ရင် လိင်စိတ်လျော့နည်းနိုင်တယ်။ မောင်နဲ့ညှိနှိုင်းပါ။ မပြေလည်သေးရင် ဆရာဝန်က ဆက်ဆံမှုကောင်းဆယ်လင်း လုပ်ပေးပါလိမ့်မယ်။
ဖျားနာပြီး (သို့) ခွဲစိတ်ခံယူပြီး နာလန်ထခါစကာလမှာလား။
Yes
No
လိင်ဆက်ဆံခြင်းကြောင့် နဂိုရောဂါတွေပြန်ထလာလိမ့်မယ်လို့ စိုးရိမ်မှုရှိနေသလား။
Yes
No
ဖြစ်နိုင်ခြေ။ ဖျားနာခြင်း၊ခွဲစိတ်ခံခြင်းများကြောင့် စိတ်ခံယူမှုပြောင်းလဲပြီး Sex ဆန္ဒလျော့နည်းသွားတတ်သည်။ ဆရာဝန်နှင့်တိုင်ပင်ပါ။
ဆရာဝန်ညွှန်ကြားတဲ့ဆေးဝါးတွေ သောက်သုံးနေရသလား
Yes
No
စိုးရိမ်ကြောင့်ကြမှုဖြစ်တတ်လေ့ရှိသလား။ လိင်ဆက်ဆံရမှာကိုရော စိုးရွံ့နေသလား
Yes
No
ဖြစ်နိုင်ခြေ။ စိုးရိမ်မှုကြောင့် လိင်စိတ် လျော့နည်းနိုင်သည်။ ကာလသားရောဂါကူးစက်မှာ၊ ကိုယ်ဝန်ရရှိသွားမှာတွေကို စိုးရိမ်နေခဲ့ရင် ဆရာဝန်နဲ့တိုင်ပင်ပါ။
မယ်က အသက် ၅၀ ကျော်နေပြီလား
No
Yes
ဤဖလိုးချပ်က သင့်လိင်ဆန္ဒလျော့နည်းမှုကို မဖြေရှင်းနိုင်လျှင် ဆရာဝန်ကို တိုင်ပင်ပါ။
ဖြစ်နိုင်ခြေ။ အသက်ကြီးလာတာနဲ့အမျှ လိင်စိတ်လျော့နည်းလာနိုင်ပါတယ်။ မောင်မယ်တူညီဆန္ဒပြည့်ဝနေသမျှ ပြဿနာ မဖြစ်နိုင်ပါ။ ရုတ်တရက် လိင်ဆန္ဒလျော့ကျသွားရင် ဆရာဝန်ကိုတိုင်ပင်ပါ။ သွေးတွင်းဟိုမုန်းဓာတ် တိုင်းတာပေးလိမ့်မည်။ အသက်ဘယ်လောက်ကြီးကြီး အကြောင်းရင်းကို ရှာဖွေကုသပေးလိမ့်မည်။
လိင်ဆန္ဒလိုအပ်ချက် မောင်မယ်ညှိနှိုင်းခြင်း
လိင်မှုဘဝသာယာစေဖို့ ညှိနှိုင်းရခက်ခဲနေသူ မောင်မယ်တွေအတွက် အောက်ပါအကြံပြုချက် အတိုင်း ဆောင်ရွက်ကြည့်ပါ။
• တိုင်ပင်ရမယ့်အချိန်ကောင်းကိုရွေးချယ်ပါ။ တစ်ဦးကိုတစ်ဦး အထင်မသေးဘဲ လေးနက်မှုရှိပါစေ။
• တစ်ဦးစီရဲ့ အားသာချက်နဲ့ အားနည်းချက်တွေကို ပွင့်လင်းစွာပြောဆိုပါ။
• ဆက်ဆံချိန်ပိုယူဖို့နဲ့ မောင်မယ် ဖြစ်စေချင်တဲ့ဆန္ဒကိုဖော်ထုတ်ပါ။
• ပွင့်ပွင့်လင်းလင်းဝေဖန်ပြီး နှစ်ဖက်ဆန္ဒဖြည့်ဆည်းဖို့အကြံပြုပါ။
• အပြန်အလှန်နားထောင်ပါ။
• နှစ်ဖက်အကျိုးပြု ဆက်ဆံရေးစီမံချက် ရေးဆွဲထားပါ။
ဖြစ်နိုင်ခြေ။ နာလန်ထကာလမှာ Sex ကြောင့် ရောဂါပြန်ထနိုင်တယ်လို့ ယူဆတတ်ကြပါတယ်။ နာလန်ထ ၆ ပတ်ကျော်သွားရင် လိင်ဆက်ဆံမှုကြောင့် ဒုက္ခဖြစ်ခဲလှပါတယ်။ ဆရာဝန်နဲ့တိုင်ပင်ပါ။
ဖြစ်နိုင်ခြေ။ ဘီတာဘလောက်ကာဆေးဝါးနဲ့ ကင်ဆာဆေးဝါးအချို့က Sex ကိုလျော့နည်းစေပါတယ်။ ဆရာဝန်နှင့်တိုင်ပင်ပါ။ ဆေးပြောင်းပေးပါလိမ့်မယ်။ ကိုယ့်ဘာသာ ဆေးဝါးသောက်သုံးမှုကို မရပ်ဆိုင်းပါနှင့်။

ဒေါက်တာမြင့်ဦး (ဂျီပီ)



## ချမ်းမြေ့ပျော်ရွှင်

# အိမ်ထောင်ရှင် -၂-

ဒေါက်တာဇာနည်ဝင်း

ဝါလကင်းလွတ်သီတင်းကျွတ်ချိန်မှာ လက်ထပ်မင်္ဂလာပွဲတွေ ခြိမ့်ခြိမ့်သဲလာကြတော့မည်မို့ မင်္ဂလာမောင်မယ်များအတွက် သားဆက်ခြားမိသားစုစီမံကိန်းနည်းနာများကို ယခင်လက တချို့တစ်ဝက် ဖော်ပြခဲ့ပြီးပါပြီ။ ယခုလအတွက် ကျန်ရှိနေသေးသည့် နည်းစနစ်များကို ထပ်မံမျှဝေရင်း မင်္ဂလာမောင်မယ်များ သာယာချမ်းမြေ့သော မိသားစုတွေ ဖန်တီးနိုင်ကြစေကြောင်း . . .

**သားအိမ်တွင်းထည့်သန္ဓေတားပစ္စည်း (IUD)**

သားအိမ်တွင်းထည့် IUD သန္ဓေတားပစ္စည်းသည် အနည်းဆုံးကလေးတစ်ကြိမ် မွေးဖွားဖူးသည့် မိခင်များသာ အသုံးပြုရန်ဖြစ်ပြီး အိမ်ထောင်ရှင်မမေလောင်းများ (တစ်ကြိမ်တစ်ခါမှ ကိုယ်ဝန်မဆောင်ဖူးသူ) များအတွက် သင့်တော်ခြင်း

မရှိပါ။

Copper T နဲ့ Marena IUD ဆိုပြီး နှစ်မျိုး ရှိပါသည်။ Copper T မှာ Plastic ငါးရိုးအောက် ပိုင်းတွင် Copper ပါခြင်းဖြစ်ပါသည်။ Marena မှာ ဟော်မုန်းပါဝင်သည့် IUD ဖြစ်သည်။

တတ်ကျွမ်းနားလည်သော သားဖွားမီးယပ် ဆရာဝန်များ၊ မျိုးဆက်ပွားကျန်းမာရေး စောင့် ရှောက်မှုပေးနိုင်သော ဆေးခန်းများတွင်သာ ထည့်သွင်းနိုင်ပြီး ငါးနှစ်ခန့်သက်တမ်းရှည်ကြာပါ သည်။ ငါးနှစ်ပြည့်လျှင် အသစ်ပြန်လဲလှယ်ပေးရ မည် ဖြစ်ပါသည်။ ကိုယ်ဝန်ဆောင်ရန်အသင့်ဖြစ်၍ ပစ္စည်းပြန်ထုတ်လိုက်လျှင်လည်း ကလေးရရန်






အချိန်အကြာကြီးစောင့်ဆိုင်းရန် မလိုသည့် အတွက် အိမ်ထောင်ရှင် အများအပြား အားထား ရပါသည်။

တတ်ကျွမ်းနားလည်သော ဆရာဝန်များ၊ ဆရာမများက ထည့်သွင်းပေးပြီး နှစ်ပတ်ကြာလျှင် ကြိုးစရှိ၊ မရှိနှင့် သွေးဆင်းခြင်းရှိ၊ မရှိ စစ်ဆေးရန် ဆရာဝန်နှင့် ထပ်မံပြသရမည်ဖြစ်ပြီး စစ်ဆေးခြင်း အဆင်ပြေပါက ငါးနှစ်ကြာထည့်သွင်းထားနိုင်ပါ သည်။

သို့သော် ပစ္စည်းထည့်ပြီး ရက်အနည်းငယ် အတွင်း သွေးဆင်းများခြင်း၊ နာကျင်ကိုက်ခဲခြင်း များ ရှိတတ်ပါသည်။ မခံမရပ်နိုင်အောင် နာကျင် ခြင်း၊ သွေးဆင်းခြင်းများ ဖြစ်ခဲ့ပါက ဆရာဝန်ကြီး များနှင့် ပြန်လည်တိုင်ပင်သင့်ပါသည်။

**ကွန်ဒုံး (Condom)၊ ရာဘာအစွပ်၊ အဖော်၊ ပုတ်သင်ညို**

စတဲ့ နာမည်များစွာဖြင့် ပြည်သူလူထုအကြား မှာ ရေပန်းစားနေသော သန္ဓေတားပစ္စည်းလေး








အကြောင်း ပြောပြပါရစေ။

ကွန်ဒုံးနှစ်မျိုး နှစ်စားရှိပါသည်။

(၁) အမျိုးသားသုံးကွန်ဒုံး

(၂) အမျိုးသမီးသုံးကွန်ဒုံး

**(၁) အမျိုးသားသုံး ကွန်ဒုံး**

တစ်ခါသုံးပစ္စည်းဖြစ်ပြီး ဝယ်ယူသုံးစွဲရရိုးရှင်း လွယ်ကူပါသည်။ လိင်ဆက်ဆံရန် အသင့်ဖြစ်နေ သော အမျိုးသားလိင်တံကို စွပ်ထားသော ရာဘာ အစွပ်ဖြစ်ပါသည်။ အမျိုးသားမျိုးပွားပစ္စည်းသုက် ရည်များ အမျိုးသမီးလိင်အင်္ဂါအတွင်းသို့ ဝင် ရောက်ခြင်းမှ ကာကွယ်ပေးသကဲ့သို့ (HIV အစရှိ သော STI) ရောဂါပိုးမွှားများ ဝင်ရောက်ခြင်းမှ လည်း ကာကွယ်ပေးနိုင်သော သန္ဓေတားပစ္စည်း ဖြစ်ပါသည်။

လိင်တံတစ်ခုလုံး အပြည့်စွပ်ရမှာဖြစ်ပြီး လိင်ဆက်ဆံပြီးလျှင်လည်း ချက်ချင်းချွတ်၍ သေချာစွာစွန့်ပစ်ရန် လိုအပ်ပါသည်။

အဓိကအချက်မှာ လိင်ဆက်ဆံမှုပြုတိုင်း အသုံးပြုရမှာ ဖြစ်ပါသည်။ ဘေးထွက်ဆိုးကျိုး နည်းပါးခြင်း၊ အသုံးပြုရလွယ်ကူခြင်း၊ ကိုယ်ဝန် သာမက ရောဂါပိုးမွှား (HIV အစရှိသော လိင်မှ တစ်ဆင့် ကူးစက်တတ်သော) ဝင်ရောက်မှုကို ကာကွယ်ပေးနိုင်သည့်အတွက် အသုံးများသော သားဆက်ခြားပစ္စည်း ဖြစ်ပါသည်။

**အမျိုးသမီးသုံးကွန်ဒုံး**

အမျိုးသမီးလိင်အင်္ဂါတွင်းထည့် ရာဘာအစွပ် ဖြစ်ပြီး အမျိုးသားသုံး ကွန်ဒုံးကဲ့သို့ သုက်ရည်များ မိန်းမကိုယ်တွင်းသို့မဝင်အောင် ကာကွယ်ပေး သော ပစ္စည်းဖြစ်သည်။

လိင်ဆက်ဆံမှုမပြုမီ နာရီပိုင်းအလို ကြိုတင် ထည့်သွင်းထားနိုင်သဖြင့် အဆင်ပြေလွယ်ကူသော သားဆက်ခြားပစ္စည်းဖြစ်ပါသည်။

သတိပြုရန်မှာ တစ်ကြိမ်တစ်ခါမျှ လိင် ဆက်ဆံဖူးခြင်းမရှိသော အပျိုစင်မိန်းမသားများ သုံးစွဲရန် မသင့်တော်ပါ။

အမျိုးသားသုံးနှင့် အမျိုးသမီးသုံးနှစ်ဦး အတူတူ သုံးစွဲရန်မလိုအပ်ပါ။ တစ်ခုတစ်ဦးသုံးစွဲ လျှင်ပင် လုံလောက်သော ကာကွယ်မှုဖြစ်စေပြီး နှစ်ဦး အတူတူသုံးမိပါက ရာဘာအချင်းချင်း ပွတ် တိုက်မိပြီး ပေါက်ပြဲသွားနိုင်ပါသည်။

အမျိုးသားသုံးကွန်ဒုံးကို နှစ်ထပ်စွပ်ခြင်း၊ ရေကိုအခြေခံသော ချောဆီ (Aphaw Gel) မဟုတ်ဘဲ တခြားသောအဆီများကို သုံးစွဲလျှင် ပေါက်ပြဲသွားတတ်သဖြင့် မသုံးသင့်ပါ။

**- သားနှင့် သမီး၊ အားနှင့် ထီး**

**- အရွယ်ခြားထား၊ အိမ်ထောင်အား ရှင်သန်းသာယာ မြေတစ္ဆာ**

ပျော်ရွှင်ကြပါစေ

ဒေါက်တာဇာနည်ဝင်း



# ငှက်ဖြစ်ရင်ကွယ်...

ဝတ္ထုတိုရသ

## မိုမိုး



တကယ်တော့ ဘယ်ကဘယ်လို စကားစပ်မိသွားတယ်မသိဘူး။ ရှေ့မှာ ကိုယ်တွေကို တည်ခင်းဧည့်ခံပေးထားတဲ့ မုန့်တွေကိုစားရင်း၊ ကော်ဖီသောက်ရင်း၊ အသီးတွေစားရင်းက စကားရောက်သွားတာ။ ပြောတာကတော့ ရှေ့ကညီမလေးက အရင်ပြောဖြစ်တယ်ထင်ပါရဲ့၊ နို့သူ စမပြောဘဲနဲ့ ကိုယ်တွေက သူ့မိဘတွေအကြောင်း ဘယ်သိမှာတဲ့လဲ။ သူလေးရဲ့ အဖေနဲ့အမေက အသက်ကွာတယ်၊ ဆရာမနဲ့ တပည့်ယူဖြစ်ကြတာလေဆိုတာ သူ စပြောခဲ့တာပါ။ တစ်ခုခုဆို ရေဆုံး ရေဖျားသိချင်မိတဲ့ ကိုယ်ကလည်း အသက်ဘယ်လောက်ကွာတာလဲ၊ ဘယ်လိုယူဖြစ်တာလဲမေးမိတော့ တစ်ဖက်က ပြန်ဖြေသူကလည်း ဖြေရှာပါတယ်။ ဇာတ်စုံခင်းပြီးတော့ပေါ့။ အဲဒီမှာပဲ ကိုယ်က ကွန့်တော့တာ၊ "ညီမတို့အဖေကတော်တယ်နော်၊ ကိုယ့်ထက်အသက်ကြီးတဲ့သူကို ယူထားပေမဲ့ မိသားစုအဆင်ပြေပြေ အေးအေးချမ်းချမ်းဖြစ်အောင်နေတာပဲ"လို့ ပြောမိတာ၊ ကိုယ့်စကားဆုံးတော့ ပြောနေတဲ့ညီမလေးက ပြုံးတယ်။ ကိုယ် ဒီလောက်တော့ လူကဲခတ်မညံ့ပါဘူး၊ ဒီအပြုံးဟာ ကိုယ့်

စကားကို ထောက်ခံတဲ့အပြုံးလား၊ ကန့်ကွက်တဲ့ အပြုံးလားဆိုတာ။

"ဘယ်ဟုတ်မလဲ အစ်မရယ်၊ အဖေလည်း ဇာတ်လမ်းလေးတွေ ရှိတာပေါ့။ ကြားထဲမှာ အမေ့အပြင် တစ်ယောက်ရှိသေးတယ်။ နှစ်တော်တော်ကြာကြာကို ညီမတို့မိသားစုနဲ့ ခွဲနေလိုက်သေးတာ၊ နောက်မှ အမြင်မှန်ရပြီး အိမ်ပြန်ရောက်တာ"

အိုး . . . ဆိုးပါ့ ဝေ၊ ငါမညာပါဘူး။ တကယ်တော့ ဒီယုန်မြင်ချင်လို့ ဒီချုံထွင်ခဲ့တဲ့ စကား၊ တကယ်တမ်း ကြားရပြန်တော့ စိတ်က မချမ်းသာပြန်ဘူး၊ ငါ ပြောပါတယ် ဝေရယ် . . . လောကကြီးမှာ ဒီလိုမျိုးတွေက ဖြစ်နေကျပါလို့၊ နင်နဲ့ကျော်နဲ့ အခုလို ဖြစ်သွားတာပဲ ကံကောင်းတယ် ထင်စမ်းပါ မိဝေရယ်။

♦

ကိုယ်တွေက ကျော်လို့ခေါ်နေတဲ့ အဲ့ဒီကောင်လေးရဲ့ နာမည်ဟာ ကျော်မဟုတ်ပါဘူး။ သူ့နာမည်ထဲမှာ ကျော်ဆိုတဲ့ စကားလုံးမပါတဲ့ အပြင် ဆင်တင်တင် အသံထွက်တောင် မပါခဲ့ပါဘူး။ တကယ်တော့ ကျော့်နာမည်အရင်းက အောင်ခိုင်မိုးပါ။ ဒါပေမဲ့ နာမည်တစ်လုံးကြားရုံနဲ့ ဘယ်နာမည်ကို အဖျားဆွတ်ခေါ်ရင် ကောင်းတယ် သင့်တယ်လို့ ချက်ချင်း အကြံဉာဏ်ရတတ်တဲ့၊ လူတစ်ယောက်ရဲ့ ထူးခြားမှုတွေကို သတိထားမိတတ်ပြီး နာမည်ပြောင်ပေးတတ်လွန်းတဲ့ ကိုယ်က ဒီကောင်လေးစကားပြောရင် "ကျွန်တော်က ကျွန်တော်က" ဆိုတဲ့ အသံထွက်က မြန်ဆန်ဝိုးဝါးလွန်းပြီး ကျော်က ကျော်ကလို့ ဖြစ်နေတာမို့ သူ့အသံထွက်အတိုင်း 'ကျော်' လို့ ခေါ်ခဲ့တာပါ။ ကိုယ် ဒီလိုစခေါ်လိုက်တာကို ကြားခါစမှာတော့ ကောင်လေးကိုယ်တိုင်လည်း အံ့ဩသွားပုံရတယ်။ ပြီးမှ သူ့အသံထွက်အတိုင်း ခေါ်ချလိုက်တာ သတိထားမိပြီး သွားစွယ်တွေပေါ်အောင် အားပါးတရ ရယ်လိုက်တာလေ။ ဘေးလူတွေလည်း ဒီအခေါ်အဝေါ်ကို အတော်သဘောတွေ့သွားကြပုံရတယ်။ အဲ့ဒီနေ့ကစပြီး ကျော်ရေမောင်ကျော်ရေ ငကျော်ရေ ဖြစ်ကုန်ကြတော့တာပါပဲ။ အင်း . . . ဒီတုန်းက မိဝေ ဘယ်လိုသဘောရှိခဲ့လဲဆိုတာတော့ ကိုယ် တကယ်သတိမထားမိ။ ဘေးလူမပြောပါနဲ့လေ။ သူ့ကိုယ်သူတောင် သူ့ကျော်ဟာ သူ့ရင်ထဲ ဘယ်အချိန်ရောက်ခဲ့လဲဆိုတာ အရိုးခံအပျိုကြီးဟာ သိနိုင်ပါ့မလား။

တကယ်တော့ မိဝေနဲ့ကိုယ်ဟာ ငယ်ပေါင်းကြီးဖော်ဆိုတာထက် အတူမွေးသော ငယ်ပေါင်းကြီးဖော်ဆိုရင် ပိုမှန်မလား။ သူနဲ့ကိုယ်ဟာ တစ်ဝမ်းကွဲ ညီအစ်မတွေအဖြစ် တစ်လခြားပြီး မွေးဖွားခဲ့ကြတယ်။ နေတော့လည်း ခြံချင်းကပ်လျက်ရင်ခွင်ပိုက်အရွယ်မှသည် ယခုအချိန်ထိ အတူတူကြီးပြင်းခဲ့ကြတယ်လို့ စာစီကုံးရလောက်အောင် ရင်းနှီးတွယ်တာခဲ့ကြသူတွေပါ။ တစ်မိတည်းပေါက်တွေတောင် အယူအဆမတူတာတွေ ညှိနှိုင်းလို့မရတာတွေ ရှိကြသေးတာ၊ သူနဲ့ကိုယ်ဟာ တစ်ဝမ်းတောင်ကွဲထားသေးတာဆိုတော့ ရန်ဖြစ်လိုက် ပြန်ချစ်လိုက် အကြိမ်ပေါင်း မနည်းမနောဖြစ်ခဲ့ဖူးတာပေါ့။ ဒါပေမဲ့ ထူးခြားချက်က သူနဲ့ကိုယ်ကြားဖြစ်လာတဲ့ပြဿနာတိုင်း ဘယ်သူ့ဘယ်သူမှ ပြန်ချော့စရာမလိုဘဲ အချိန်တန် တစ်ယောက်ရေ့တစ်ယောက် အယောင်ပြလိုက်တာနဲ့ ပြဿနာအားလုံးကို နှစ်ဖက်လုံးမေ့ပြီး ဖြစ်နေတတ်ပြန်တာလေ။ မိဝေပြောတာကတော့ ကိုယ့်ကို သူ့မောင်နှမအရင်းတွေထက် ပိုချစ်သတဲ့။ ကိုယ်ကတော့ သူ့လောက်အာမခံမရဲသော်လည်း ကိုယ့်ညီအစ်မအရင်းတွေနဲ့ မေတ္တာချင်းကရွေးစေ့တောင် မကွာတာ ဘုရားစူးပါ။

ဒါပေမဲ့ ကျော်နဲ့ပတ်သက်ပြီး ပြဿနာတွေ တက်လာတဲ့အချိန်မှာ ဒေါ်လေးတို့ ကိုယ့်ကို ဝေဖန်တာက "ခင်ဦး စိတ်ကောင်းမရှိဘူး၊ သိနေတာကို မတားဘူး" တဲ့လေ။ အိုးမိုင်ဂေါ့ဒ်အပြင် တစ်ကမ္ဘာလုံးက ဂေါ့ဒ်ပေါင်းစုံ တတာတောင် တလို့ကုန်နိုင်ဖွယ်မရှိတော့ပါ။ လူတွေဟာ အချစ်ကြောင့် ရူးကြပြီဆိုမှတော့ ဘယ်သူများ တားလို့ရမှာတဲ့တုံး။ ဒေါ်လေးတို့ မသိဆိုးရွားရှိလိုက်တာလို့သာ နာနာတွေးရင်း မိဝေကိုလည်း ကိုယ့်မှာ ထုထောင်းဆိတ်ဖဲ့လို့ မဆုံးတော့ဘူး။ မိဝေကတော့ ကိုယ့်လက်တွေက လွတ်အောင်ရုန်းရင်း "ဆောရီးပါ ခင်ဦးရယ်" ဆိုတာကလွဲပြီး ပြောစရာမရှိရှာ။ သနားစရာမိဝေ။

တစ်ခါတလေတော့လည်း မိဝေကို စေ့စေ့ကြည့်ကာ စိတ်လိုလက်ရမေးဖူးပါရဲ့၊ ကျော့်ကို ဘယ်လိုများ ချစ်သွားတာလဲ၊ ကျော်ကများ သူ့ကို ဖွဲ့လမ်းချစ်ခင်အောင် နင့်ကို တစ်ခုခုလုပ်လိုက်လို့လားဆိုတာမျိုးတွေပေါ့။ ဒီတုန်းကများ မိဝေ စိတ်ဆိုးချက် ကိုယ် မနည်းချော့ယူရတော့တာ။ ဟုတ်တာပေါ့၊ ကိုယ့်စကားဟာ သူ့အကျင့်သိက္ခာကို စော်ကားသလို ဖြစ်သွားခဲ့တာကိုး။ ဒီတုန်းက မိဝေပြန်ပြောတဲ့ စကားလေး ကြိုက်လိုက်တာ။ တကယ့်ကို အမှတ်တရ စွဲသွားတော့တာပါပဲ။ ဘာတဲ့ . . . "ကျော်က ငါ့ချစ်သူဖြစ်လာမယ့် ကောင်လေးဆိုတာ ကြိုများသိခဲ့မယ်ဆိုရင် အရင်ဆုံး လွတ်အောင်ရှောင်မယ့်သူက ငါပါ၊ အခုတော့ ဘာမှ ကြိုမသိဘဲနဲ့ အလိုလိုချစ်မိသွားတာ ငါ ဘယ်လိုလုပ်တတ်နိုင်မှာလဲ" တဲ့လေ။ ဒါတွေ မိဝေရင်ထဲက စကားလုံးအစစ်အမှန်တွေဆိုတာ အသေ



အချာ ယုံကြည်ပေးလိုက်ရင်း ကိုယ်စကားတစ်ခွန်းမှ မဆက်နိုင်တော့ဘူး။ ငါ စိတ်မကောင်းဘူး ဝေ။

မှတ်မိသေးတယ်။ ကျော် ကိုယ်တို့လုပ်ငန်းခွင်ကို စရောက်တဲ့နေ့။ လူတစ်ယောက်ဟာ ဖြစ်ချင်တာတွေ ဖြစ်မလာသေးရင် အရောင်အဝါဟာ အလိုလို မှေးမှိန်နေတယ်ဆိုတဲ့ စကားလိုပဲ တောသားကောင်လေးဟာ မလှမပနဲ့ကို မျက်စိရှေ့ရောက်လာခဲ့တယ်။ ဆယ်တန်းအောင်ပြီးစ တောသားလေး၊ ပညာရေး တစ်ပိုင်းတစ်စကောင်လေး၊ လုပ်ငန်းခွင်မှာ အောက်ခြေအဆင့်နဲ့ ဝင်လုပ်ရမယ့် ကောင်လေးဟာ ကိုယ်တွေထက် ဆယ့်လေးနှစ်တိတိ ငယ်နေလို့ ကိုယ်ကတော့ ဟိတ်ဟန်ကောင်းကောင်းနဲ့ ကိုယ့်ကိုယ်ကိုယ် အန်တီလို့ အပီအပြင် နာမ်စားသုံးခဲ့မိပေမဲ့ မိဝေကတော့ ဒီနာမ်စားကို မကြိုက်ဟန်နဲ့ သူ့ကိုယ်သူ မမက တစ်ပြားမှ မလျှော့ခဲ့ဘူး။ အဲ့ဒီနေ့က အဲ့ဒီကောင်လေး ကိုယ်တို့အခန်းထဲက အင်တာဗျူးဖြေပြီး ထွက်သွားတော့ မိဝေနဲ့ကိုယ် ကျိတ်ရယ်ကြရသေးတယ်။ နင်ကလည်း သိပ်အန်တီလုပ်ချင်တာပဲတဲ့လေ။ မိဝေက ကိုယ့်ကို ပေးတဲ့ မှတ်ချက်စကားပါ။

နောက်တော့ ဒီတောသားလေးက ကိုယ်တို့လုပ်ငန်းခွင်ထဲမှာ ဖင်ပေါ့ပေါ့ အပြောချိုချို အပြုံးချိုချိုနဲ့ လူတကာမေတ္တာသက်ဝင်မှုကို ခံယူရင်း အလုပ်တွေ ကြိုးစားလို့ပေါ့။ ကိုယ်တောင် သူ့ကို ကျော်လို့ ရယ်မောခေါ်ဖြစ်ခဲ့တဲ့အထိပါဆို။ ရောက်ခါစအချိန်မှာ ညစ်တီးညစ်ပတ် ပေတီပေစုတ်လေးဟာ လတွေကြာလာတာနဲ့အမျှ ကာလာတွေ ဒီလောက်တက်လာလိမ့်မယ်လို့ ကိုယ် တကယ်ထင်မထားဘူး။ ကျော်ဟာ သူ့ရုပ်အဆင်းရူပကာရော သူ့အရည်အချင်း၊ သူ့အလုပ်အကိုင်ကိုပါ တစ်ဆင့်ချင်း မြှင့်တင်နိုင်ခဲ့သူဆိုတာ မျက်နှာမလိုက်တမ်း အသိအမှတ်ပြုရပါလိမ့်မယ်။ အစောပိုင်းကာလတွေမှာ ကျော်မို့ အနားကပ်လာရင် အကျီလုံချည်တွေဟာ ရေနံ့လိုလို အဟောင်းနံ့လိုလို နှာခေါင်းမယဉ်စရာ အနံ့တစ်မျိုးနဲ့ကောင်လေးက နောက်ပိုင်းမှာတော့ ယဉ်သောရေမွှေးနံ့တသင်းသင်းနဲ့ သဘောကျချင်စရာ၊ သူ့မှာ သွားစွယ်လေးတွေပါတာဟိုးအရင်ကတည်းက သတိထားမိခဲ့ပေမဲ့ အရင်တုန်းက ဒီသွားစွယ်တွေက အခုလို လင်းလင်းလက်လက်မရှိတာ သေချာသည်ပေါ့။ ခုများတော့လည်း ရယ်လိုက်တာနဲ့ ဖွေးခနဲလက်ဥသွားတဲ့ သွားစွယ်လေးတွေကို ကိုယ်တွေလည်း သတိထားမိရင်း "ဟဲ့ ကျော် နင့်အစွယ်တွေ ဖြတ်ရောင်းလိုက်ပါလား တော်တော်ကြေးရမယ်" လို့တောင် နောက်မိတဲ့အထိ၊ ဘာပဲပြောပြော နာခံလွယ်တဲ့ စိတ်မဆိုးတတ်တဲ့ ကောင်လေးကတော့ ကိုယ့်ကိုဆို "အန်တီခင်ဦးကလည်းဗျာ" လို့သာ ရယ်ကျဲကျဲလုပ်နေမြဲ။

ကိုယ်တွေလုပ်ငန်းက ဝေနဲ့ကိုယ် နှစ်ဦးပိုင်မကျဉ်းမကျယ် အထည်ချုပ်လုပ်ငန်းပေမို့ သူ့တာဝန်ကိုယ့်တာဝန် မခွဲဘဲ အတူတူကြိုးစားရုန်းကန်ခဲ့ရတာ၊ ကိုယ်က ဒီဇိုင်းပိုင်း၊ အထည်ပိုင်း တာဝန်ယူပြီး အတွင်းစည်း တာဝန်ယူချိန်မှာ ဝေကတော့ ဖြန့်ချိရေးတာဝန်ယူတာမို့ အပြင်ထွက်ပြီဆို ဝေ့ကိုကူဖို့ ကျော်က ပါသွားမြဲ၊ အခုအချိန် ပြန်စဉ်းစားကြည့်မိလေတော့ ဝေ့နောက်ကို ကျော် လိုက်စေဖို့ ကိုယ်ထည့်လိုက်တာလား၊ သူကိုယ်တိုင်ခေါ်သွားတာလားဆိုတာ အဖြေမှန်တွေးလို့ မရနိုင်တော့ဘူး။ မရဆို တစ်စက်ကလေးမှ ထင်မထားခဲ့တာလေ။ အသက်အရွယ်၊ အလုပ်အကိုင်၊ အနေအထား ဘက်စုံကွာခြားလွန်းနေတာဟာ သူတို့နှစ်ယောက်ကို သရိုးသရီအဖြစ် စိတ်ကူးကြည့်မိစရာတောင် မရှိခဲ့တာလေ။

သို့သော်လည်း အနီးဆုံးလူနောက်ဆုံးမှ ကြားရသိရဆိုတဲ့ စကားလိုဖြစ်လာခဲ့တာပါ။ ဝေနဲ့ကျော့်သတင်းက ကိုယ့်နားဆီပေါက်လာတဲ့အချိန် လုပ်ငန်းခွင်တွင်းမှာတော့ အကုန်လုံးက သိနေကြပြီတဲ့လေ။ မယုံ မယုံ၊ ထမယုံ ထိုင်မယုံ၊ အိပ်မယုံဆိုတာ ကိုယ့်လိုလူမျိုးကို ပြောတာပါ။ အဲ့ဒီရက်ပိုင်းကာလတွေဟာ ကိုယ်ဟာ တကယ့်သူခိုးကြီးတစ်ယောက်လို ဝေ့ကို သူခိုးချောင်း အမြဲချောင်းနေရတော့တာ။

**အဲ့ဒီနေ့ကစပြီး ကျော်ရေ မောင်ကျော်ရေ ငကျော်ရေ ဖြစ်ကုန်ကြတော့တာပါပဲ။ အင်း... ဒီတုန်းက မိဝေ ဘယ်လိုသဘောရှိခဲ့လဲ ဆိုတာတော့ ကိုယ်တကယ်သတိမထားမိ။ ဘေးလူမပြောပါနဲ့လေ။ သူ့ကိုယ်သူတောင် သူ့ကျော်ဟာ သူ့ရင်ထဲ ဘယ်အချိန်ရောက်ခဲ့လဲ ဆိုတာ အစိုးခံအပျိုကြီးဟာ သိနိုင်ပါ့မလား။**

ရင်းနှီးကြတာပါဆိုတာက တစ်ရက်၊ ဟုတ်နေပြီထင်တယ်ဆိုတာက တစ်ရက်၊ မဟုတ်လောက်ပါဘူးဆိုတာက တစ်ရက် . . . အိုး ဒီရက်ပိုင်းကာလတွေဟာ ကိုယ်တွေအတွက်တော့ ငရဲငယ်တစ်ခုပါပဲ။ ဒါပေမဲ့ ချောင်းနေသူကိုယ်က အဖြစ်မှန်ကို မရိပ်မိနိုင်သေးချိန်မှာပဲ ဝေကတော့ တစ်နေ့သားမှာ ကိုယ့်မျက်နှာစေ့စေ့ကြည့်ပြီး ရက်ရက်စက်စက် ခေါ်ချလိုက်တာက 'အန်တီခင်ဦး' တဲ့လေ။ သွားပြီပေါ့ကွယ်။ ကျော်ခေါ်သလို တန်းညှိခေါ်လိုက်သော ဒီတစ်ခွန်းနဲ့တင် သူဟာ ကိုယ့်ကို ဖြစ်ရပ်မှန် ဝန်ခံလိုက်ပြီပေါ့။ ဘာမှ မပြောနိုင်ခဲ့ပါ။ နှမြောတသစိတ်တွေနဲ့သာ မိဝေကို ငေးငေးကြီးကြည့်ရင်း နီးလာလိုက် ဝေးသွားလိုက်၊ ပြန်နှမြောလိုက်. . . မိဝေကတော့ မျက်နှာနီနီနဲ့ပဲ ကိုယ်ကြိုက်တာပြောဆိုတဲ့ပုံနဲ့ ခွင့်ပြုပေးထားပုံရတယ်။ ဒါပေမဲ့ ကိုယ်လည်း အဲ့ဒီနေ့က ဘာတစ်ခွန်းမှ မပြောဖြစ်လိုက်၊ သူလည်း ဘာတစ်ခွန်းမှ ကြားမသွားလိုက်။ မိဝေရယ် . . . နင့်ထက် ဒီလောက်ငယ်တဲ့ ကောင်လေးကို နင် ဘယ်လိုများ . . .။

လက်အောက်ငယ်သားဝန်ထမ်းတွေက မဝေဖန်ရဲလို့ ကွယ်ရာမှာသာ တိတ်တိတ်လေး ကျိတ်ပြောနေကြတယ်။ ကိုယ်တိုင်လည်း ဝေ့ကို ဒီကိစ္စဆွေးနွေးဖို့အရေး နေ့ကောင်းရက်မြတ်ရွေးနေရနဲ့ ရက်တွေ ရွေ့လာတယ်။ နောက်ဆုံးမှာ သတ္တိတွေ အရှိကြီး ရှိလာသူက မိဝေရယ်ပေါ့။ တိတ်တိတ်လေး ပြောနေသူတွေ ပွင့်ပွင့်လင်းလင်း ပြောရဲသွားအောင်၊ အုံ့ပုန်းကြီးဖြစ်နေတဲ့ ကိုယ့်ကို ပွင့်ထွက်သွားအောင် သူက ကျော့်ကို သူ လက်ခံလိုက်ပြီဆိုတဲ့အကြောင်း အမူအရာအပြောအဆိုတွေနဲ့ ပွင့်လင်းပြလာတယ်။ မိဝေရဲ့ ပြတ်သားရဲတင်းမှုတွေကို ကျော်ကတောင် အနေခက်ခက်ဖြစ်လာတဲ့အထိပဲ။ ကိုယ် ဘာပြောလို့ရတော့မှာလဲ၊ ဒါပေမဲ့ ပျိုမြစ်လွန်းတဲ့ ကျော်နဲ့ ပျိုမြစ်သလိုထင်ရတဲ့ မိဝေအတွက် အသက်အရွယ်ကွာခြားမှုတံတိုင်းကြီးကို တွေးတိုင်းရင်မောနေမိတာအမှန်ပဲ။

မိဝေကို ဖွင့်မပြောမိပေမဲ့ ကျော်နဲ့ပတ်သက်ရင် စိတ်တိုင်းမကျစရာတွေ ပေါ်လာတာလည်း အများကြီးရယ်၊ တစ်ခါလားဆို အလုပ်ကိစ္စတစ်ခုနဲ့ တခြားမြို့တစ်ခုကို အသွားမှာ အလုပ်ထဲက တခြားဝန်ထမ်းတစ်ယောက်ရယ် ကျော်ရယ် ကိုယ်ရယ် အတူသွားဖြစ်တယ်။ မြို့ပြင်ထွက် တိုးဂိတ်တွေကို ကျော်ဖြတ်တိုင်း အဲ့ဒီက လက်မှတ်ဖြတ်ပေးတဲ့ သူငယ်မလေးတွေကို ကားထဲက ခေါင်းထုတ်ထုတ်ပြီး နောက်လိုက်ပြောင်လိုက် စကားပြောလိုက်နဲ့ ကိုယ့်နေရာမှာ ဝေသာပါရင် ဘာပြောလေမလဲ၊ ကိုယ်တွေ တစ်ခါမှ မရဖူးတဲ့ တိုးဂိတ်က စနိုးတာဝါ ပြန်ကမ်းတာတွေ ဘာတွေကိုတောင် ကျော့်အပြောကောင်းမှုနဲ့ ပြန်ရလိုက်သေး။ ဒီကလေးမတွေနဲ့ ကျော်နဲ့ နောက်ပြောင်ပြောဆိုနေတုန်းမှာ ကိုယ်သေသေချာချာ အကဲခတ်လိုက်မိတာက ကျော့်မျက်ဝန်းထဲက ရွှန်းလက်တောက်ပနေတဲ့ ငယ်ရွယ်သူ မျက်လုံးအကြည်ဓာတ်တွေ၊ သေချာတယ် ကိုယ်တို့ ဝေတို့အရွယ်တွေမှာ ဒီလိုနုပျိုလန်းဆန်းခြင်း အကြည်ဓာတ်တွေ မမြင်နိုင်ဘူး။ သူတို့ချင်း ကားပြန်ထွက်လာတဲ့အထိ သမင်လည်ပြန်၊ ဒရယ်လည်ပြန်၊

လက်တွေပြမဆုံး ဖြစ်နေကြပြန်တော့ . . . ဂျူး . . . ရင်မောပါ့ဝေရယ်၊ ဒါ တစ်ခါပဲလားဆိုတော့လည်း မဟုတ်၊ ကိုယ်တွေ အလုပ်ခြံဘေးက ကျူရှင်ပြတဲ့ ကျူရှင်ဆရာမလေး အသွားအပြန်မှာလည်း မောင်ကျော် တစ်ကောင် တေးတကျူကျူလုပ်နေတာ မမြင်ချင် တွေ့လျက်သား။ ဒီတုန်းက မိဝေကို ကိုယ်သတိပေးလိုက်မိပါသေးတယ်။ မိဝေကတော့ အကျီပေါ်မှာ ထိုးမယ့်ပန်းဒီဇိုင်းတွေကို အရွေးတောင်မပျက်ဘဲ "ငါ သိပါတယ်၊ သူ ဒီဆရာမလေးကို သဘောကျနေတာ၊ ကိုရီးယားမင်းသမီးနဲ့ တူလွန်းလို့ ဆိုလား၊ ငါလည်း သူပြောတဲ့မင်းသမီးမကြည့်ဖူးပါဘူး" တဲ့လေ။

တစ်ခါတလေ စဉ်းစားမိတယ်၊ မိဝေချစ်ခြင်းဟာ မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကိုချစ်တဲ့ ချစ်ခြင်းလား၊ မိခင်တစ်ယောက်က သားငယ်တစ်ယောက်ကို ချစ်တဲ့ ချစ်ခြင်းလား၊ ဒါမှမဟုတ် အစ်မတစ်ယောက်က မောင်တစ်ယောက်ကို ချစ်တဲ့ အချစ်မျိုးလား၊ ဘာတွေလဲ ဘာတွေလဲ၊ ကိုယ် သဘောကို မပေါက်နိုင်တော့ဘူး။ မနေနိုင်လွန်းတဲ့ ကိုယ်ကပဲ ဒီငကျော်ကို ရှေ့မှောက်ခေါ်ပြီး စစ်လားဆေးလားမေးမိတော့ သူ့မူပိုင်အပြုံးအတိုင်း သွားစွယ်တွေ တဖွေးဖွေးပေါ်အောင်ပြုံးပြီး "ဟုတ်တယ် အန်တီခင်ဦးရယ်၊ ကျော်လည်း ကိုယ့်ကိုယ်ကိုယ် နားမလည်ဘူး၊ အဲ့ဒီဆရာမလေး မျက်စိရှေ့ရောက်လာရင် ရင်တွေခုန်ရလွန်းလို့ ကိုယ့်ရင်ဘတ်ကိုယ် မနည်းဖိထားရတယ်" တဲ့လေ။ ကိုယ် တွေးမိလိုက်ပါတယ်။ မိဝေဟာ ကျော့်ဒဏ်ကို သိပ်ကြာကြာ ခံနိုင်မယ် မထင်ဘူးလို့လေ။

သိပ်ကြာမယ်မထင်တဲ့ ဇာတ်က ကိုယ်ထင်တာထက် ပိုကြာပြီး ပိုခိုင်မြဲနေခဲ့ပါတယ်။ မတူညီတဲ့အရာတွေအားလုံးကို မိဝေက သူ့ချစ်ခြင်းမေတ္တာနဲ့ အတင်းညှိယူဖို့ ကြိုးစားခဲ့ရှာတယ်။ မိဝေမိဘ ကိုယ့်အဒေါ်လင်မယားလည်း မိဝေကို ပြောမနိုင်ဆိုမနိုင် သမီးတစ်ယောက်အဖြစ် သွတ်သွင်းလိုက်ပြီး မတားတော့ဘူး။ ကိုယ်ဖြစ်ကိုယ်ခံလို့ ကြွေးကြော်ခဲ့

**တစ်ခါတလေ စဉ်းစားမိတယ်၊ မိဝေချစ်ခြင်းဟာ မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို ချစ်တဲ့ ချစ်ခြင်းလား၊ မိခင်တစ်ယောက်က သားငယ်တစ်ယောက်ကို ချစ်တဲ့ ချစ်ခြင်းလား၊ ဒါမှမဟုတ် အစ်မ တစ်ယောက်က မောင်တစ်ယောက်ကို ချစ်တဲ့ အချစ်မျိုးလား၊ ဘာတွေလဲ ဘာတွေလဲ၊ ကိုယ် သဘောကို မပေါက်နိုင်တော့ဘူး။**



ပေမဲ့ ပိတ်ပင်ခြင်းမပြုကြတော့ဘူး။ တစ်ဖက်က တောမှာနေတဲ့ ကျော့်မိဘတွေကလည်း မိဝေကို မြင်ဖူးတွေ့ဖူးသွားကြပြီ။ အားလုံးနဲ့ သင့်တင့်မျှတစွာ ထောက်ပံ့ပေးကမ်းတတ်တဲ့ မိဝေမေတ္တာမှာလည်း အလိုက်သင့်စီးမျောပြီး ကျေနပ်နေကြပြီ။ အစကနဦးတုန်းကတော့ ကျော့်အမေ တောသူရိုးကြီးက သူတို့သားလေး အသက်ကြီးကြီးမိန်းမနဲ့ ကြိုက်နေတယ်ဆိုလို့ ရင်ထုမနာဖြစ်သေးသတဲ့လေ။ ထားပါတော့။ အားလုံးအဆင်ပြေပြီလို့ မှတ်ယူရတဲ့ အချိန်ကျမှ သူတို့နှစ်ဦးဇာတ်လမ်းက တစ်မျိုးဖောက်လာပြန်တယ်။

မိဝေက ကျော့်ကို ချစ်သူသာ တော်ရဲတာ၊ လက်တွဲဖော်အဖြစ်တော့ လူမြင်တင့်စေချင်သေးတာမို့ တက္ကသိုလ်ဆက်တက်ခိုင်းရာကစလို့ ဒီပြဿနာမီးစခဲ့တာပဲ၊ ကျော်ကလည်း သူဘယ်လိုမှ ဆက်မသင်ချင်တော့တဲ့ ပညာရေးကို ပထမတော့ အောင့်အည်းတက်ပါသေးရဲ့၊ အဝေးသင်ပေါ့လေ။ နောက် မိဝေက တစ်ဆင့်ပြီးတစ်ဆင့် တိုးလာတာက နိုင်ငံခြားဘာသာစကားတွေ၊ ကားမောင်းသင်ခိုင်းတာတွေ၊ ကွန်ပျူတာသင်တန်းတွေ၊ ဒီလို ဒီလိုတွေ တစ်ဆင့်ပြီးတစ်ဆင့်ဖြစ်လာတော့ ကျော် ဘယ်လိုမှ မလိုက်နိုင်တော့ဘူး၊ သူ ကျင်လည်ခဲ့တဲ့အသိုင်းအဝိုင်း၊ သူမိတဲ့ ဦးနှောက်ဉာဏ်ရည်ဉာဏ်သွေး၊ သူထားတဲ့ ရည်မှန်းချက် ဒါတွေက မိဝေနဲ့ သိပ်ဝေးလွန်းနေတယ်လေ။ သူတို့ကြားမှာ ပြဿနာမီးဖွဲလေးတွေ တဘွားဘွားပေါ်နေတာ ကိုယ်တွေ သတိထားမိလာတယ်။ မိဝေဟာ ကျော့်စိတ်နဲ့ မအိပ်နိုင်၊ မစားနိုင် ပိန် ပိန်လာတာ သိပ်သိသာတာပဲ၊ နင် ငါပြောတဲ့ စကားကို နားမှမထောင်ခဲ့တာပဲ ဝေရယ်။

ဒါပေမဲ့ ဖြစ်ပြီးတဲ့အတူတော့ သူတို့ချင်း အဆင်ပြေစေချင်တဲ့ ကိုယ်က ကျော့်အခြေအနေကို မသိမသာ တီးခေါက်ကြည့်မိသေးတယ်၊ သိပ်အပူအပင်ရှိပုံမရတဲ့ကျော်ကတော့ ပြုံးလို့ရယ်လို့ ဘာပြောတယ် မှတ်သလဲ၊ "ရယ်ရတယ် အန်တီခင်ဦးရာ၊ စိတ်ညစ်လို့ ဗေဒင် သွားမေးပါတယ်၊ ဗေဒင်က မိန်းမသုံးယောက်ရမယ်၊ ပထမဆုံးချစ်သူနဲ့ နောက်ဆုံးမှ ပြန်ပေါင်းရမယ်တဲ့၊ ဟာသပဲ" လို့တောင် ဆိုနေသေးတယ်။ ပြီးတော့ မထင်မှတ်ထားတဲ့ စကားတစ်ခွန်းကို ဆိုလာသေးတယ်။ "မမဝေက သတ္တိမရှိဘူး၊ ကျော်က သတ္တိမရှိတာကို လုံးဝမကြိုက်ဘူး၊ ကျော် သူ့ကို သတိပေး ပေးနေတာတွေကို သူက အလကားလျှောက်ပြောတယ်ထင်နေတာ၊ တကယ် လုပ်ချပစ်လိုက်မှ သူပဲ ရင်ကွဲမှာ" တဲ့လေ။ ဘုရား ဘုရား။ ဒီစကားဟာ ဘာလဲ၊ ကိုယ်တွေမှာ ဒေါသထွက်လွန်းလို့ ချက်ချင်းစကားတောင် မပြန်နိုင်ဘူး။ ဒီမလောက်လေး မလောက်စားကောင်လေးက မိဝေကို ခြိမ်းခြောက်စကားများတောင် ပြောလို့ပါလား၊ အဲ့ဒါ နင် ညံ့တာ နင် ညံ့တာ မိဝေ၊ ဒီကောင် ပြောနေတာ ဘာစကားလဲ၊ သူ ဘာကို ရည်ရွယ်နေတာလဲ။

တကယ်တမ်း ကျော်တစ်ယောက် ပြောတဲ့အတိုင်း လုပ်ချသွားချိန်မှာ အရပ်ကြီးပြတ်ဖြစ်ခဲ့တာက ကိုယ်တို့ရဲ့ မိဝေပဲပေါ့။ ကိုယ်တွေဆို ဒီသတင်း ကြားခါစက မယုံနိုင်လွန်းလို့ နှစ်ခါပြန်မေးယူရတယ်။ ဘာ . . . ဘယ်သူ့ကို . . . ဆိုတာကိုပေါ့။ ဟုတ်တယ်။ ကျော်ဟာ ကိုယ်တို့ ဘယ်လိုမှ ထင်မှတ်မထားတဲ့ ကိုယ်တို့နား ထမင်းဆိုင်က အလုပ်သမလေးကို ခိုးပြေးသွားတာပါပဲ။ သူနဲ့ ရွယ်တူတန်းတူတွေ အပြောအရတော့ ကောင်မလေးက ကျော့်ကိုဆို ကိုကို ကိုကိုနဲ့ အလွန်အမင်းချစ်ပြီး အားကိုးအထင်ကြီးပါသတဲ့။ အဲ့ဒီနေ့က ကိုယ်တွေမှာ မီးခဲဖင်ခုထိုင်မိသလို ဆောက်တည်ရာမရဘူး။ မိဝေကို မျက်နှာချင်း မဆိုင်ရဲဘူး။ မိဝေမျက်နှာကို မကြည့်ရက်ဘူး။ ဟိုက ဒီက မေးလာတဲ့ မေးခွန်းစကားတွေကို အဖြေပေးစရာမရှိဘူး။ ရှောင်နေတဲ့ ကိုယ့်ကို တည့်တည့်ကြီးလာရှာပြီး မိဝေပြောလာတယ်။ "သူက ငါ့ကို လက်ထပ်ချင်ပြီတဲ့၊ ငါက ဘယ်လို လိုက်လျောနိုင်မလဲ၊ ဒါကြောင့် သူ့ကို ချက်ချင်း လက်ထပ်နိုင်တဲ့သူကို ရှာသွားတာ၊ တစ်ခုပဲ စိတ်မကောင်းဘူး၊ သူက

အလှအရမ်းကြိုက်တာ၊ သူ ကမ္ဘာကယားရွေးသွားရတဲ့ ကလေးမက မလှရှာဘူး" လို့ မျက်ရည်တစ်စက်မကျ ပြောလာခဲ့လေရဲ့။ ရှူးချင်တာပဲ မိဝေရယ်။ နင်တို့ဇာတ်လမ်းကို ငါ အစကတည်းက လိုက်မမီခဲ့တာ ဇာတ်သိမ်းထိတောင် လိုက်မမီဆဲပါလား။

♦

အခုဆို ကျော်လက်ထပ်သွားတာ နှစ်တောင်ပေါက်ခဲ့ပြီ။ နေတာချင်းက မနီးမဝေးမို့ မကြာခဏတော့ သူတို့အတွဲနဲ့ တွေ့ရတတ်သလို တစ်ခါတလေတော့လည်း ကျော်တစ်ယောက်တည်းနဲ့ တွေ့မိတတ်သား၊ ကိုယ်က မေးဆတ်ပြလိုက်ရုံနဲ့ကို မျက်နှာပေါ်မှာ အပြုံးတွေဝင်းလက်ပြီး "မမဝေကို ဟိုနေ့က တွေ့တယ်၊ အရမ်းပိုလှလာတယ်နော် အန်တီခင်ဦး" ဆိုတာမျိုးကို အရင်အချိန်တွေကအတိုင်းလို သွက်သွက်လက်လက် ပြောတတ်တုန်းပဲ၊ အသေသတ် . . . ကိုယ်က ဒီစကားကို မိဝေဆီ ပြန်သယ်သွားပါ့မလား၊ ဒီလင်မယား ဘယ်လိုမှ အဆင်ပြေမှာ မဟုတ်ဘူးဆိုတဲ့ စိတ်အချဉ်ပေါက်ပေါက်နဲ့တွေးတဲ့ ကိုယ့်အတွေးတွေ တက်တက်စင်အောင် လွဲတာလည်း ရှိပြန်ပါတယ်။ ကျော်ဟာ သူ့မယားရုပ်ဆိုးလေးကို အလွန်ချစ်ခင်ကြင်နာပါသတဲ့။ သူတတ်တဲ့ ရှန်းကန်မှုတွေနဲ့ ဘဝကို မားမားမတ်မတ် ရင်ဆိုင်ကြိုးစားနေတာများ အိမ်ထောင်ဦးစီး ပီသပြန်ပါသတဲ့။ သြော် ဘာတွေဖြစ်ကုန်တယ် မသိတော့။

တစ်ခါတလေများမှာတော့ မိဝေဆီကို ကျော် ဖုန်းဆက်တတ်ပါသေးတယ်။ သူ အရမ်းနေမကောင်းဖြစ်တဲ့အခါ ဘယ်ဆရာဝန် ပြသင့်တယ်၊ ဘယ်ဆေးသောက်သင့်တယ် ဆိုတာမျိုးတွေ မေးမြန်းတတ်တယ်။ မိုးကြီးလေကြီးကျတဲ့အခါမျိုးတွေမှာ ရာသီဥတု ဆိုးဝါးလွန်းတဲ့အခါမျိုးတွေမှာ ကိုယ်တို့အထည်တွေ အခြောက်ခံတာ အဆင်ပြေရဲ့လား ဆိုတာမျိုးတွေ စိတ်ပူပြီး မေးမြန်းတတ်တာတွေလည်းရှိတယ်။ နောက်တစ်ခါ သူခရီးဝေးရောက်နေတဲ့အခါမျိုးတွေမှာလည်း သူဘယ်ကိုရောက်နေတယ် ဆိုတာမျိုးတွေပေါ့။ အမြဲတမ်းတော့ မဟုတ်ဘူး၊ ပျောက်သွားရင်လည်း တစ်မေ့တစ်မောပဲ ဆိုပါတော့။ ဒီလိုအခါဆို ကိုယ်တွေ သဘောကတော့ မိဝေကို ဘာစကားမှ ဖုန်းလက်ခံ မပြောစေချင်ဘူး။ ဖြစ်နိုင်ရင် တီခနဲကို ဖုန်းချပစ်စေချင်တာ၊ မိဝေကတော့ သာသာယာယာ ရယ်ရယ်မောမောပဲ မေးသမျှကို ပြန်ဖြေပေးပြီး အကျိုးအကြောင်း အဆိုးအကောင်း ပြန်ပြောပြတတ်လေရဲ့၊ နားမလည်ဘူး . . . နားမလည်တော့ဘူးကွယ်။




မှန်တာပြော သစ္စာပါ၊ ကိုယ်တွေကတော့ မိဝေနဲ့ကျော်တို့ မဆုံဖြစ်တာကို ဝမ်းသာတယ်။ ဒါဟာလည်း မိဝေရဲ့ ရေရှည်အကျိုးကို မျှော်ကိုးပြီးပြောတာ၊ အဲ . . . တစ်ခုရှိတာက ကိုယ့်ခေါင်းထဲ ထုတ်မရသေးတာ ဟိုတစ်ခါ ကျော်ပြောဖူးတဲ့ ဗေဒင်ကိစ္စ၊ မိန်းမသုံးယောက်ရမယ်၊ ပထမဆုံးချစ်သူနဲ့ နောက်ဆုံးမှ ပြန်ပေါင်းရမယ်ဆိုတဲ့ အဟောအပြောကြီးကိုပါ။ မိဝေနဲ့ကျော် ဖုန်းတွေ ဘာတွေ ပြော ပြောနေတာမြင်ရင်ကို ရင်ထဲမှာ ဒီအတွေးက ပြန် ပြန်ဝေ့တယ်။ ခက်သားပဲ၊ ဒီကောင်လေးကို နောက်တစ်ခါတွေ့ရင် "ဟဲ့ စကားမစပ် နင့် ပထမဆုံးချစ်သူက ဘယ်သူလဲ" မေးရလောက်အောင်လည်း ကလေးကလားနော်၊ ဘာပဲဖြစ်ဖြစ် အခုအချိန်ထိတော့ ကိုယ်က အသက်ကြီးတဲ့ မိန်းမနဲ့အသက်ငယ်တဲ့ယောကျ်ား လက်တွဲဖြစ်ရင် အဲ့ဒီယောကျ်ားက မကြာခင် ဖောက်ပြန်တာပဲဆိုတဲ့ ဝါဒကို မိဝေကို မှိုင်းတိုက်နေရတုန်းပဲ၊ ဒါမျိုးကျ မိဝေဆီ ပြန်သယ်လို့ကောင်းတဲ့ သတင်းလေ။ ဟုတ်တယ်မလား၊ ဒါပေမဲ့ ခုချိန်ထိတော့ မိဝေဟာ ကျော့်ဆီက ရောက်လာတတ်တဲ့ ကြိုကြား ကြိုကြား ဖုန်းစကားလေးတွေကို သာသာယာယာလက်ခံ စကားပြောနေတုန်းပဲ၊ ကျော်ဆိုတဲ့ ဒီကောင်လေးကလည်း ဘာမှ အရည်မရ အဖတ်မရ (ကိုယ်တွေထင်တာပါ) စကားတွေကို ခပ်ဝေးဝေးတစ်ခါ မိဝေဆီ ပို့လွှတ်နေတုန်းပဲ၊ ဒီလိုပဲ သူ့အိမ်ထောင်ရေးကိုလည်း သူ နိုင်သမျှ သူ့အားသူ့အင်နဲ့ တာဝန်ကျေကျေ ရှိနေတာလည်း သတင်းတွေ ကြားနေရပြန်ပါရဲ့၊ ခက်တာပဲ၊ မိဝေကို တင့်တောင်းတင့်တယ်တစ်ယောက်နဲ့ လက်ထပ်စေချင်လှပြီ။ ကိုယ့်အမျိုးသား သူငယ်ချင်းတွေနဲ့ စပ်ပေးရင်လည်း သူက မကြိုက်ဘူး။ သူပြောနေကျ ကိုယ်အမြင်ကတ်တဲ့ စကားလုံးတစ်ခုရှိပါတယ်၊ အချစ်ဆိုတာ ဖန်တီးယူလို့ရတာမဟုတ်ဘူးဆိုပဲ။

တစ်ခါတုန်းကတော့ သူ ဒီလိုပြောလာလို့ ကိုယ် ပက်ခနဲ ပြန်တွယ်ဖူးတယ်၊ မဖန်တီးဘဲနဲ့ ဖြစ်လာတဲ့ အချစ်ကကျတော့ တော်တော်ကောင်းနေလေသားဆိုပြီးတော့လေ။ အသည်းယားလွန်းလို့ပါ၊ အဲ့ဒီတုန်းက မိဝေက ကိုယ့်ကို တွေတွေလေး ကြည့်ပြီး တစ်ခွန်းပဲ ပြန်ပြောတယ်၊ "ငါက ဆုတောင်းမှားခဲ့လို့ နေမှာပေါ့" တဲ့။ ကိုယ် ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ သူ ဒီစကားကို တွေးမိထားတာ ကြာပြီထင်ပါရဲ့။ သူ့ဆီက ပြန်ရန်တွေ့တဲ့စကား ဒါမှမဟုတ် ချေပတဲ့စကားတစ်ခုခု ကြားရမယ်ထင်ခဲ့တာ၊ အခုတော့ တိုတိုလေးနဲ့ ထိမိလွန်းလှတယ်၊ ဒါ သူ့ရင်ထဲက တကယ့်ခံစားချက်အစစ်အမှန်ဆိုတာ ကိုယ့်ရင်ဘတ်ထဲက နားလည်လိုက်မိတယ်။

ဟုတ်သားပဲ . . . မိန်းမသားတွေအတွက် ချစ်ခြင်းမေတ္တာတို့ အိမ်ထောင်ရေးတို့နဲ့ ပတ်သက်လာရင် ကံတရား ကံတရားနဲ့ ပြောပြောနေကြတာ ဒီဆုတောင်း ဆုယူမှားခဲ့တာတွေနဲ့ ပတ်သက်နေလိမ့်မယ်ထင်တယ်။ နောက်ဆို မိဝေနဲ့ ပတ်သက်ရင် ကိုယ် စကားပြောဆင်ခြင်ခဲ့ပါတယ်။ ကောင်းသည်ဆိုးသည် ဘဝဖန်ချက်မှ မပေးချင်တော့ဘူး။ ဆုတောင်းမှားတာကို မှားမှန်းသိသူ တစ်ယောက်က လူ့ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်း လက်မခံမယ့် ကိစ္စမျိုးတွေကိုတော့ သူ ဖန်တီးမှာ မဟုတ်ဘူးဆိုတာလည်း ယုံလိုက်လို့ပါ။

ဒီကတည်းကစပြီး ကိုယ်တွေလည်း အိမ်ကလူနဲ့ ကောင်းမှုကုသိုလ်တစ်ခုခုအတူပြုမိရင် ဘဝဆက်တိုင်း ဆုံစည်းရစေသားဆိုတဲ့ ဆုတောင်းယောင်လို့တောင် မတောင်းဖြစ်တော့ဘူး၊ မမြင်နိုင်တဲ့ နောက်တစ်ဘဝမှာ ကိုယ်နဲ့သူဟာ မဆုံစည်းသင့်တဲ့ အနေအထားတွေနဲ့ တွယ်ငြိပြီး ဆုတောင်းမှားသူ ဖြစ်မှာစိုးလို့ပါ။ တစ်ကိုင်းတည်း မနားသင့်တဲ့ငှက်တွေ အပုံကြီးပဲ မဟုတ်လား။

မီမိုး



သတိုး
သင်း
ဝတ္ထုတိုရသ
SoeThawDar



**ဘိုးဘိုးကြီး**၏ ဈာပနပွဲသည် ထင်မှတ်ထားသည်ထက်ပင် ခြောက် ကပ်တိတ်ဆိတ်လှတော့သည်ဟု ဘိုးဘိုးကြီး၏ သမီးအကြီးဆုံးဖြစ်သော ကြီးကြီးညွန့်က မချိတင်ကဲ မျက်ရည်ကျရှာသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်၊ ကြက်ပျံမကျ စည်ကားလှသည်ဟု ပြောစမှတ်တွင်ခဲ့သော ဘွားဘွားကြီး၏ အသုဘအခမ်းအနားနှင့် လားလားမျှမဆိုင်။ ရဟန်းဒါယကာ၊ ကျောင်းဒါယကာကြီးမို့သာ ထီးဖြူယှက်မိုးသင်္ဂြိုဟ်ခွင့် ရသည်ဆိုရုံ။ ဘွားဘွားကြီး၏ အုတ်ဂူနံဘေးမှာ အရွယ်တူ၊ ပုံစံတူ အုတ်ဂူလေးဖြင့် လျောင်းစက်ရရုံဖြင့် ကျေနပ်ဖြေသာရတော့မည်ဟု ဘိုးဘိုးကြီး၏သား ဦးလေးတစ်ယောက်က သူ့ကိုလိုလို၊ ကိုယ်ကိုယ်တိုင်ပဲ နှစ်သိမ့်သလို ဆိုပြန်သည်။

ဘွားဘွားကြီးတုန်းကတော့ သက်တမ်းကုန်လို့ ကြွေလွင့်သေလွန်ခဲ့ရသည်ကိုပင် ယူကျုံးမရ ပူဆွေးဝမ်းနည်းမဆုံး၊ ရင်ဘတ်စည်တီး ငိုကြွေးမြည်တမ်းကြသူတွေလည်း များမှများလှပေ။ သားနှင့်သမီး ငါးယောက်၊ အိမ်ထောင်ဖက်ငါးဦးနှင့် စုံဖက်ထားသော မြေးမြစ်များကတစ်ဖြာမက၊ ဘိုးဘိုးကြီးတို့က ရွာမှာ လယ်မြေဧကများစွာ ပိုင်ဆိုင်ထားသည်မို့ ကြည့်ရှုစောင့်ရှောက်ထားရသူ အလုပ်သမားမိသားစုလည်း များလှသည်။ ဘိုးဘိုးကြီးတို့၏ ငွေကြေးအထောက်အပံ့နှင့်လည်း တစ်ရွာလုံးနီးပါး မကင်းရာ၊ မကင်းကြောင်းချည်းသာမို့ ရွာမှာ ဩဇာအသင့်အတင့် ရှိကြသည်။ တစ်ရွာလုံးက ဘွားဘွားကြီး၏ ရုပ်ကလာပ်ကို သာမန်အသုဘအဖြစ် ပြီးစလွယ် မပျောက်ကွယ်သွားကြစေလို၊ ရဟန်းမယ်တော်ကြီးမို့ 'မယ်တော်ပျံ' ဟု အထူးပြုကာ ဈာပနအခမ်းအနားကို ကိုးရက်ကိုးညတိုင်တိုင် ဝှဲချီးကျင်းပခဲ့ကြတာဖြစ်သည်။

ဘိုးဘိုးကြီး၏ အလှည့်မှာတော့ ငိုကြွေးမြည်တမ်းသံ ကြားရသော်လည်း မမြိုင်ဆိုင်လှဘူးဟု လက်ရှိသားသမီး၊ မြေးမြစ်အားလုံးက စိတ်မှာ အားမရချင်။ ဘွားဘွားကြီးတုန်းကလို အလောင်းကို ရေချိုးသန့်စင်၊ ခုံတင်၊ သေတ္တာထည့်ကြရာမှာ အလုအယက်၊ အုတ်အုတ်သဲသဲလည်း မရှိကြပြီ။ ဟိုလူသွားခေါ်ပါဦး၊ ဒီလူစောင့်ပါဦး တစ်ယောက် တစ်ပေါက်ဆိုကြရင်း အနားမှာ ရှိနိုင်သလောက်သော လူနှင့်ပင် မြေကျရတော့မည့် အဖြစ်ပေ။

ဘွားဘွားကြီး၏ မယ်တော်ပျံ အခမ်းအနားအတွက် ဟည်းထနေအောင် ထည်ဝါပြိုးပြက်သော မဏ္ဍပ်ကြီးကို နေ့ချင်းပြီးဆောက်ခဲ့ကြသည်ဟုပြောလျှင် ခုခါ ယုံချင်စရာပင် မရှိပြီ။ ဘွားဘွားကြီးတုန်းက ထမင်းကျွေးရုံတစ်ခြမ်းစာ ကနားဖျင်းကလေးကိုပင် သစ်ဝါးရှာတော့လည်း သည်လူတွေ၊ တိုင်ထူ၊ တာပေါ်လင် အမိုးတင်၊ နှီးစချည်နှောင်တော့လည်း သည်မျက်နှာတွေ၊ အိုးခွက်၊ ပန်းကန်ခွက်ယောက် ငှားပါဦးဆိုတော့လည်း သည်လူတစ်စုသာပေ။ ချက်ရေးပြုတ်ရေးသာမက ထမင်းကျွေးလည်း သည်လူတွေပဲ ပါရပေဦးမည်။ ဘုန်းကြီးပင့်လည်း သူတို့နှင့်လွှတ်မည်မထင်။ မြေကျလျှင်လည်း သူတို့နှင့်သာ ပြီးရဦးမည်ပဲ။

ဘွားဘွားကြီးမယ်တော်ပျံမှာ ဧည့်ခံဆိုင်းငှားရန်၊ ဇယင်ကျူးမင်းသမီးထည့်ရန် တစ်ယောက်တစ်ပေါက် အကြံဉာဏ်ပေးနေကြတာသည်ပင် ပတ်တုတ်လို့မရခဲ့။ ရွာဦးကျောင်းဆရာတော်ပင် မနေသာဘဲ ဝင်ပါလေမှ စကားနည်း၊ ရန်စဲ ဆုံးဖြတ်ချက်ကျနိုင်ခဲ့တော့တာဖြစ်သည်။ ဒါတောင် မော်ကျွန်းဧည့်ခံဆိုင်းကို မြို့အထိ စက်လှေဖြင့်အကြို၊ အပို့လိုက်ချင်သူတွေ စကားနိုင်လုကြသေးသည်။ ဇယင်ကျူးမင်းသမီးကို မိမိအိမ်မှာ တည်းခိုစေချင်သူတွေလည်း မရှားလှ။ ဆိုင်းအဖွဲ့လိုက်ပါလာသော စက်လှေကြီး ရွာကမ်းနဖူးသို့ဆိုက်ရောက်လျှင် ရွာရှိလူကုန်နီးပါး၊ ပျိုပျို၊ အိုအို၊ ကျားမ မဟူ ဆင်းကြိုကြသည်မှာ ကမ်းလုံးညွတ်တော့သည်။ လုလင်ပျိုများက ဆိုင်းသေတ္တာတွေကို အလုအယက်ထမ်းတင်ကြသည်မို့ ပြိုက်ခနဲ၊ စက်လှေအခွံချည်း ဖြစ်သွားရတော့သည်။

"သူ့အဖေရှိရင် ဒီလိုပွဲမျိုး ရွှေဆုံးကရောက်လာမှာ။ သာမှုနာမှု တစ်ရွာလုံးကိစ္စ၊ သူ့ကိစ္စလိုပဲ"

ဦးလေးငယ်၏ဇနီးက အဝေးရောက်ခင်ပွန်းသည်ကို တမ်းတမျက်ရည်ကျပြန်သည်။ ဦးလေးငယ်၏ ဇနီးမှမဟုတ်ပါ။ ရွာမှာ သာမှုနာမှုကိစ္စပေါ်တိုင်း ကိုယ့်ဆွေကိုယ့်မျိုး အရင်းအချာတွေဆီ ပြေးပြေး လွှားလွှားဖုန်းဆက် အကြောင်းကြား ကြ၊ ဟိုတစ်ဖက်သားတွေက ပြန်လာချင်တယ်၊ လာနိုင်ဖို့ ကြိုးစား ကြည့်ဦးမယ်၊ မယုတ်မလွန် စကား ပြန်လာကြ၊ ကျန်ရစ်သူများခမျာတမျှော်မျှော်နှင့် ပွဲလမ်းအမှုကိစ္စကြီးသာပြီးမြောက်သွားခဲ့သော်လည်း ရွာကိုတစ်ခေါက်တကျေး ပြန်ရောက်လာနိုင်သူက ရှာမှရှားလှတော့သည်။



ဘွားဘွားကြီးတုန်းက ဘွားဘွား၏မြေး၊ ကျွန်တော်တို့ မောင်နှမတွေမှာ လူကြီးတွေ ငိုတော့လည်းငိုလိုက်ကြရ၊ ပြီးလျှင်တရှန်းရှန်းနှင့် ဆူညံပွက်လောရိုက်ကာ ပျော်ရွှင်နေကြပြန်တာဖြစ်သည်။ စပ်ပန်းချီလက်ရာ စုလစ်မွန်းချွန်တွေနှင့် ပြိုးပြက်ကာ နေရောင်မှာ တလက်လက်ဖြာနေသော ဘွားဘွားကြီး၏ အလောင်းစင်ကို မီးပွင့်ရောင်စုံတွေနှင့် အလှဆင်မွမ်းမံကြ၊ ကိုယ့်ကိုယ်ကိုယ်လည်း ပွဲလမ်းသဘင်နွှဲရတော့မှာလို ပြင်ဆင်ခြယ်သကြနှင့် အနားမျှ မရနိုင်။ အဘိုးအဘွားသေရင် မြေးတွေပျော်ကြတယ်ဆိုတာ ဟုတ်မှာပဲ။

"ကျွန်မတို့တောင် ရွာပြန်မရောက်နိုင်တာ ဘယ်လောက်ကြာပြီလဲ။ လာမယ်၊ လာမယ် ချိန်နေရင်း ဟော. . . အခု မဖြစ်မနေ အရေးကိစ္စရှိမှ ရောက်နိုင်တော့တာလေ။ တစ်ပြည်ရပ်ခြားက လူတွေတော့ ပြောမနေနဲ့တော့။ ကိုယ်ချင်းစာပါတယ်"

မေမေက မျက်ရည်မစင့်တစင် မို့အစ်နီရဲ မျက်ဝန်းတွေနှင့် ဆွေးဆွေးလျလျ ဆိုသည်။ အမှန်ပဲ။ မေမေတောင် ဘိုးဘိုးကြီး၏ ဈာပန၊ ဖခင်အရင်း၏ ကိစ္စမို့သာ ရွာကို ပြန်ရောက်နိုင်ခဲ့တာပင်။ ဖေဖေပင် ချက်ချင်း လိုက်မလာနိုင်ခဲ့။ ကျွန်တော်လည်း သင်တန်းတက်လက်စ၊ အလုပ်လက်စတွေကို ဖွတ်ပင်အာရုံဖြတ်ကာ ပြန်မရောက်ဖြစ်တာကြာပြီဖြစ်သောရွာကို စွန့်စွန့်စားစား လိုက်ပါလာဖြစ်ခဲ့တာ ဖြစ်သည်။

"ကိုမိုးကတော့ ပညာတွေတတ်တော့ မိဘနဲ့ ရင်အုပ်မကွာနေနိုင်တာပေါ့။ မမလှိုင် သိပ်ကံကောင်းတာပဲ။ မင်း အစ်ကိုတွေ၊ ညီတွေကတော့ ပညာလေး မတောက်တခေါက်၊ မစို့မပို့နဲ့ ရေကြည်ရာ၊ မြက်နုရာ ရှာလိုက်ကြတာ၊ ခုနေ တို့သေရင်တောင် သင်္ဂြိုဟ်မီမှာ မဟုတ်ပါဘူး"

အငိုသန်လွန်းသူဟု နာမည်ရသော ဒေါ်လေးမြိုင်က မေမေနှင့် အထက်အောက် ညီမငယ်ဖြစ်သည်။ ဒေါ်လေးမြိုင်၏သားနှစ်ယောက်က ကျွန်တော်နှင့် မတိမ်းမယိမ်းမို့ ငယ်ငယ်ကတော့ ရွာမှာ ကျောင်းသွားဖော်၊ ကစားဖော်တွေဖြစ်သည်။ နိုင်ငံခြားထွက်ကာ အလုပ်လုပ်ကြမည်ဟု ဆုံးဖြတ်စီစဉ်ခဲ့ကြစဉ်ကလည်း မြို့ပေါ်ရှိ ကျွန်တော်တို့အိမ်ဆီ အဝင်အထွက်ခပ်စိပ်စိပ် ရှိခဲ့ဖူးကြတာပင်။

"ကိုယ့်ရွာမှာပဲ မိုးရိုးဖလာ လုပ်ကိုင်စားကြရောပေါ့ သားလေးတို့ရယ်။ အဖေတို့ အမေတို့လည်း အသက်တွေ ရလာကြပြီမဟုတ်လား။ မမာရေး၊ မကျန်းရေးရှိလာရင် တောင်ပြန်လာတွေ့ဖို့ မလွယ်ဘူး"

မေမေကတော့ တစ်ဦးတည်းသော သားတစ်ယောက်တည်းသာမို့ ကျွန်တော့်ကို ဝေးဝေးမလွှတ်နိုင်ဟု ဖက်တွယ်ထားဆဲပင်။

"သားတို့လည်း အတတ်နိုင်ဆုံး မြစ်ထဲလည်း တစ်ယောက်လျှင် လှေတစ်စင်း၊ ငါးသရောက်ပိုက်တစ်ဖောင်စီနှင့် စုန်ဆန်မပျက်ကြ။

"ကြိုးစားသလောက် အရာမထင်တော့လည်း သူတို့ စိတ်ပျက်ပြီး ဒီအလုပ်တွေကို အီလာ၊ တောက်လာတော့တာပေါ့"

အခုတော့ ဒေါ်လေးမြိုင်က


"သူတို့ ဟိုက လှမ်းပို့ပေးတဲ့ ငွေလေးတွေနဲ့ လယ်စရိတ်ထည့်နိုင်တော့ အကြွေးလေးတွေလည်း တဖြည်းဖြည်း ချောလာပါပြီ"

အကြွေးတွေကျေရင်တော့ ငါ့သားတွေ ငါပြန်ခေါ်မယ် ပြောကာ မျက်ရည်တာကျိုးပြန်သည်။

ရွာမှာ သိဟောင်း၊ ကျွမ်းဟောင်း သူငယ်ချင်းတွေလည်း အတော့်ကို ရှားပါးနေခဲ့ပြီပဲ။ တချို့ သေသွားပလား ပူလိုက်ရတာ။ ငါ့မှာ မိန်းမသားတန်မဲ့ သူ့အကြွေးလက်ကျန်တွေကို တော်တော် ဆပ်လိုက်ရတယ်လေ။ ငါ့သောက၊ ဒုက္ခတွေ အနည်ကျမှ သင်းက ပြန်လာတော့လည်း လက်ထဲ တစ်ပြားတစ်ချပ်တောင် ပါမလာဘဲနဲ့။ နင်ပဲ စဉ်းစားကြည့်တော့။ ငါ တကယ်စိတ်နာတယ်။ မပေါင်းတော့ဘူးလို့ အပြတ်ပြောလိုက်တယ်"

ထိုင်းနိုင်ငံကို ထွက်ဖို့တောင် ကုန်ကျစရိတ်က သိန်းဆယ်ဂဏန်း မှုမပြည့်သော်လည်း ကိုယ့်မှာ ငွေမရှိလို့ အတိုးနှင့်ယူရလျှင် အတိုးငွေကို ပြန်ဆပ်ရတာနှင့်တင် လျှာပေါ်မြက်ပေါက်နှင့်တော့မည်။

"သင်းကျေးဇူးပဲ ပြောပါတော့။ ငါ့မှာ ရွာထဲလည်း ကြာလေ မျက်နှာ



ကိုယ့်ရွာမှာပဲ ဓားမဦးချ နေသွားဖို့ ကြိုးစားကြည့်တာပဲ ကြီးကြီးလှိုင်ရယ်။ ဒါပေမဲ့. . . ရွာမှာ ဘယ်လိုမှ အဆင်မပြေတော့ဘူးဗျ။ မိုးလေတွေ မမှန်လို့ လယ်လုပ်ငန်းတွေ မကောင်းတော့တာ ကြာပြီ။ လယ်ထဲက မရရင်တောင် မြစ်ထဲက ငါးက မှန်မှန်လေးတိုးနေရင် အကြောင်းမဟုတ်သေးဘူး။ မြစ်ထဲကရတာလေးနဲ့ လယ်ထဲကို ဖြည့်နိုင်တာပေါ့။ ခုတော့ တစ်နှစ် ပြေလည်နိုးနဲ့ အကြွေးချင်းထပ်ပြီး အတိုးငွေက လည်ပင်းနစ်လာပြီ"

ဒေါ်လေးမြိုင်က သူ့သားတွေ အလုပ်အလွန်ကြိုးစားကြောင်းကို အမြဲချီးမွမ်းနေခဲ့ဖူးတာပင်။ လယ်ထဲလည်း လယ်ထဲအလုပ်မို့ နေကုန်နေခမ်း မမောပန်းတတ်ကြသူတွေတဲ့။ က မလေးမှာ။ တချို့ကလည်း ထိုင်းဘက်ရောက်နေတယ်ဟု သံတူကြောင်းကွဲတွေချည်းသာ။ သူငယ်ချင်းမတစ်ယောက်ကတော့ နင်ရောက်တုန်း နင့်သူငယ်ချင်း အကြောင်းတိုင်ရဦးမယ် အစချီကာ မျက်ရည်တလည်လည် ဖြစ်နေပြန်သည်။

"လက်ထပ်ပြီး တစ်နှစ်ကျော်ပဲ နေတယ်။ တစ်ရွာလုံး အလျှို အလျှို ထွက်ကြတော့ သူပါ လိုက်ထွက်၊ အလုပ်လုပ်မယ် ဖြစ်ရော။ ဟိုကို ရောက်စ တစ်နှစ်လောက်ပဲ ငွေပို့ဖော်ရတယ်။ သေသလား၊ ရှင်သလားမသိရအောင် ဖုန်းလည်းမဆက်၊ လူကြုံလည်း မမှာ၊ နေနေတာ သုံးနှစ်ကျော်။ သူ ဟိုမှာ ထောင်များကျနေမလား။ သူများသတ်လို့ မပြရဲလေဖြစ်လာတော့ သူ့နောက်လိုက်မယ်ဆိုပြီး ရန်ကုန်တက်သွားတာ။ ဟိုမှာ အေးဂျင့်နဲ့ ပြောဆိုပြီး အတော်ခရီးပေါက်နေမှ ရွာဘက်မှာ အပြင်ထွက်ချင်၊ အလုပ်လုပ်ချင်သူတွေ ရှိသေးလား။ ခေါ်ပေးနိုင်မလား စကားစပ်မိပြီး ရွာနီးချုပ်စပ်က အလုပ်လိုချင်တဲ့သူတွေကို ငါပဲဆက်စပ်ခေါ်ပေးရင်း ဒီလမ်းကြောင်းထဲ ရောက်လာတာပဲ။ ခုတော့ ရွာထဲက သွားချင်တဲ့လူရှိလာရင် ငါ့ငွေနဲ့ ငါ့အဆက်အသွယ်နဲ့ ပို့ပေးတယ်ဟယ်။ ပြီးမှ လုပ်ခထဲကနေ ပြန်ခုနှိမ်ယူတာပေါ့။ တစ်ယောက် ဆယ်ပုံးလောက်တော့ ငါ့အတွက်ကျန်အောင် လုပ်ရတာပေါ့ဟယ်"

"နင့်ဝန်ဆောင်ခက များလိုက်တာ"

သူငယ်ချင်းမက ချက်ချင်း ပက်ခနဲ ပြန်ချေပသည်။

''ဝန်ဆောင်ခချည်းတော့ ဒီလောက်ကျမလားဟဲ့။ ငွေတိုး အတွက်ယူတာ။ ငါ့တုန်းကလည်း ခံခဲ့ရတာပဲလေ။ ဒုက္ခသည်ရာမှာ ချာလပတ်ရမ်းနေအောင် ခံခဲ့ရတာ။ ခု အဲဒီဒုက္ခရဲ့အသီးအပွင့်တွေအဖြစ် ငါပြန်ယူတာပဲ"

ဘိုးဘိုးကြီးတို့နှင့် သက်ရွယ်တူ ရှားရှားပါးပါး အသက်ကိုးဆယ် အဘွားအိုက နားစွန်နားဖျားဖြင့် စကားဝိုင်းထဲ ဝင်ပါလာပြန်ကာ

"ညည်းပဲယူ၊ ညည်းပဲ ရတာ ပါအေ။ ကျုပ်တို့ရွာထဲမလည်း ကျား ကျား၊ မမ သန်သန်မာမာ ပျိုပျိုရွယ် ရွယ်ရယ်လို့လည်း တယ်မကျန်တော့ ပါဘူး။ ကျုပ်တို့သေရင်တောင် ရွာ ထဲကျန်တဲ့ အိုကြီးအိုမအချင်းချင်းပဲ တရွတ်ဆွဲချမှ မသာမြေကျရမယ့် ကိန်း ဆိုက်နေပါပြီ"

ရွာမှာလည်း လယ်သူရင်ငှား အလုပ်သမားက ရှေ့ထက်ရှားနေပြီ ရယ်ဟု လယ်လုပ်သူတိုင်း၏ နှုတ်ဖျားမှာ ညည်းချင်းဆိုနေကြပြန် တာပင်။

''တွန်ကိုင်အလုပ်သမားမို့ စောစောစီးရရင် အလုပ်မှာပျော် အောင်လို့ ရှိခိုးဦးတင်ထားရတော့ တာ"

"ရှိခိုးရုံနဲ့ ထမင်းဝတာကျလို့ အရီးရယ်။ အရီးတို့ တစ်ရွာလုံး၊ တစ်မိုးလုံးစာ သူတို့ကိုပေးနိုင်တဲ့ လုပ်အားခ ဟိုမှာ တစ်လတည်းနဲ့ ရနိုင်တာ"

"ဒါဆို ညည်းပို့ပေးလို့ ရောက် သွားကြတဲ့သူတွေ ဘယ်သူ အထုပ် အထည်နဲ့ ပြန်ပို့နိုင်သလဲ။ ရွှေတွဲလဲ ငွေတွဲလဲနဲ့ ရွာမှာအေးအေးလူလူ ထိုင်စားနိုင်တဲ့ မိသားစု ဘယ်နစုရှိပြီ လဲ။ ဟွန်း. . . မစားရ ဝခမန်း"

"ဒါတော့ သူတို့လိမ္မာသလောက် သူတို့ရတာပဲ အရီးရဲ့။ လိမ်လိမ် မာမာ၊ ခြိုးခြိုးခြံခြံနဲ့ ပြန်ပို့နေတဲ့ သူတွေလည်း အများကြီးပဲရှိပါတယ် နော်။ ဘာပဲ ပြောပြော ကိုယ့်နေရာ ထက်သာလို့သာ စွန့်စွန့်စားစားသွား နေကြတုန်း မဟုတ်လား"

မလေးရှားမှာ လှုပ်လှုပ်သဲသဲ သတင်းသဲ့သဲ့ကြားလျှင် တစ်ရွာ လုံးတုန်လှုပ်နေကြ။ ထိုင်းမှာ စစ်တပ်က အာဏာသိမ်းသည် ဆိုလျှင်လည်း ရင်ပူကာ နေမထိကြ တော့တာလည်း ရွာ၏ ထုံးစံ၊ အစဉ် အလာ ဖြစ်နေခဲ့ပြီ။ လက်ကိုင်ဖုန်း လေးတွေ တတုတုကိုင်နေနိုင်ပြီမို့ ကမ္ဘာ့ရွာကို ခြံစည်းရိုးအစပ်ကနေ လှမ်းမျှော်ကြည့်တတ်လာခဲ့ကြပြီ ဆိုပါစို့။

"အငယ်မတွေလည်း ရန်ကုန် မှာ မဟုတ်တော့ဘူးလေ။ သူတို့ အထည်ချုပ်စက်ရုံတွေက ဆန္ဒတွေ ပြကြတော့ စက်ရုံတွေလည်း ဖွင့် လိုက်၊ ပိတ်လိုက် ငါတို့လည်း စိတ် တွေပူနေရတာ နေ့စဉ်နဲ့ အမျှပဲ။ အဲတုန်းက ရွာကို ခဏ ပြန်လာ တယ်။ ခုတစ်ခေါက် ပြန်တက်တော့ ထိုင်းဘက်မှာ အထည်ချုပ်စက်ရုံ တွေမှာဝင်လုပ်နေတဲ့သူတွေ အဆင် ပြေကြတယ်ဆိုတော့ မပြောမဆို ရွှေ့သွားလိုက်ကြတာ။ ဟိုရောက်မှ အိမ်ကို လှမ်းအသိပေးတယ်"

"ကျွန်တော်က မမကြီးတောင် သူတို့နဲ့အတူ အပြင်ထွက် အလုပ် လုပ်နေတယ် ထင်တာ"

မေမေတို့ အစ်မအကြီးဆုံးက မွေးပြီး မောင်နှမတွေထဲမှာ အသက် အကြီးဆုံးမို့ အားလုံးက မမကြီးဟု ချစ်ခင်စွာခေါ်ကြရသော မမကြီးပင် အသက်သုံးဆယ်ကျော် သီသီစွန်းခဲ့ ပြီထင့်။ ငယ်ငယ်က အရက် အကြောက် အလွန်ကြီးလှသော မမကြီးက သူ့ဒုတိယမြောက်သား ငယ်ကို နို့လှန်တိုက်နေရင်း

"လိုက်ချင်ပါဘူးဟယ်။ အဖေနဲ့ အမေကို့လည်း စိတ်မချပါဘူး။ ခုတော့ ဒီသံယောဇဉ်တွေနဲ့ ရွာက နေ ဘယ်မှ မခွဲနိုင်တော့ဘူး"

ပြောကာ သားငယ်ကို ချစ်စနိုး ငုံ့နမ်းနေပြန်တော့သည်။ မမကြီး၏ ယောကျ်ားကတော့ ဘိုးဘိုးကြီး၏ ဈာပနပွဲ တစ်လျှောက်လုံး ခြေသည် လက်သည်အဖြစ် ပါလေရာပေ။ မမ၏မိဘများက သားမက်ကို သမီး နှင့် မတူမတန်ဟု မျက်မာန်မပြေဘဲ ပစ်ထားခဲ့ဖူးတာ သိနေတာမို့

"မြေးတွေတောင် တစ်ယောက် က နှစ်ယောက် ဖြစ်လာပြီ။ နင့် အဖေတွေ၊ အမေတွေက ယောက်ဖ ကို မကြည်လင်ကြသေးဘူးလား"

မမကြီးက မဲ့ရွဲ့ကာ-

"အရင်လို အိမ်ရိပ်မနင်းရ ဆိုတာမျိုးတွေတော့ မဟုတ်တော့ဘူး လေ။ အကြောင်းရှိရင် ခုလိုသွားသွား လာလာ လုပ်လို့ ရနေပြီ။ ပြောစရာ ရှိရင် နာမည်တိုက်ရိုက်မခေါ်ဘဲ စကားလုံးရိုက်ပြီး မျက်နှာလွှဲဖယ် ဖယ်နဲ့တော့ စကားပြောနေပြီ။ လိုအပ်ရင်လည်း ငါ့သားကြီးက စကားပြန်ပေါ့. . ဟားဟား"

"နင့်ယောကျ်ားက ခုထိ လက် ကြောမတင်း၊ ထီးထမ်းလမ်းလျှောက် နေ နေတုန်းလား"

မမကြီးတစ်ယောက် ရှုံ့မဲ့သွား လေသည်။

"သူ့မိဘလက်ထက်ကတည်း က နေလာတာ။ ငါလည်း ပြောရ လွန်းတော့ မပြောချင်တော့ဘူးဟာ။ ထားပြီး မထွက်ချင်ဘူးတဲ့"

"နင့်ယောကျ်ားက သူမှ အရိုး နာနာ ခါးချိုးပြီး အလုပ်မလုပ်ချင် တာကိုး"

လွတ်ခနဲ စကားထောက် လိုက်မိပြီးမှ အားနာရကောင်းမှန်း သတိရကာ နောင်တ ရသွားပါသည်။ ဒါပေမဲ့ မမကြီးက ကျွန်တော့်စကား ကို ချက်ချင်းတုံ့ပြန်လာသည်။

"အေး. . . အဲလိုလက်ကြော မတင်းတဲ့ ယောကျ်ားနဲ့ ရလို့သာ ငါ့ သားသမီးတွေ ခုချိန်ထိ မိစုံဖစုံ နေနိုင်သေးတာလည်း ထည့်ပြောဦး လေ"

ယောကျ်ားအပေါ် ချစ်တတ် သလောက် လိုရာဆွဲတွေးကာ ရှက်ကြဲ ကျေးဇူးတင်တတ်သော မမကြီးက ဆက်ပြောလာပြန်တာ. . .


**စပ်ပန်းချီလက်ရာ စုလစ်မွန်းချွန်တွေနှင့် ပြိုးပြက်ကာ နေရောင်မှာ တလက်လက် ဖြာနေသော ဘွားဘွားကြီး၏ အလောင်း စင်ကို မီးပွင့်ရောင်စုံတွေနှင့် အလှဆင် မွမ်းမံကြ၊ ကိုယ့်ကိုယ်ကိုယ်လည်း ပွဲလမ်း သဘင်နွှဲရတော့မှာလို ပြင်ဆင်ခြယ်သကြ နှင့် အနားမျှ မရနိုင်။ အဘိုးအဘွားသေရင် မြေးတွေ ပျော်ကြတယ်ဆိုတာ ဟုတ်မှာပဲ။**

ထားလိုက်တော့တယ်။ လူကြီး ယောင်ယောင်နဲ့ ရပ်ရွာကိစ္စလည်း သူ့အရေးကိစ္စလိုဖြစ်ပြီး နေရာတကာ ဝင်ပါနေတတ်တော့ အားရ၊ နားရ တယ်လည်း မရှိပါဘူး။ လယ်အလုပ် လည်း သူက ဖိဖိစီးစီးရှိလှတာ မဟုတ်ဘူးလေ။ အဲတော့ အလုပ် သမားသာ အလုံအလောက်ရအောင် ရှာပေး၊ အလုပ်ပြီးအောင် ငါ ခိုင်း မယ်ပြောရတယ်။ အမေတို့ကလည်း အဲဒါကို မကြိုက်နိုင်တာပဲ"

မမကြီးက ပင့်သက်ယောင် ယောင်မှုရှိုက်ကာ-

''သူများတွေ ပြည်ပထွက် အလုပ်လုပ်နေကြတာကျတော့ အမေတို့ကလည်း သူ့ကို လွှတ်ချင်နေ တယ်။ ငါကတော့ သဘောမကျ ဘူးဟယ်။ သူကလည်း မိသားစုကို

"နင့်တူက ဘာပြောလဲသိလား။ ဖေဖေမသွားချင်ရင်နေ၊ သားကြီး လာမှ သွားမယ်။ ဟိုမှာ အလုပ် လုပ်ပြီး ပိုက်ဆံတွေအများကြီးရရင် မေမေ့ဆီ ပြန်ပို့ပေးမယ်တဲ့။ ရုတ်တရက်တော့ ငါကျေနပ်ပီတိဖြစ် နေသေးတာ။ နောက်မှ တဖြည်း ဖြည်းတွေးပြီး ငါ့မှာ တစ်ညလုံး အိပ်မပျော်ဘူး။ ဖွ . . . လွဲပါစေ၊ ဖယ်ပါစေ၊ ငါ့သားလေးတွေ အရွယ် ရောက်လာတဲ့အထိ ငါတို့ရွာမှာ ဒီအစဉ်အလာကြီး ရှိမနေပါစေနဲ့ တော့ဆုတောင်းရင်း ငါ့မှာ မျက်ရည် တောင် ကျတယ်" တဲ့။ မမကြီးရဲ့ ဆုတောင်းဟာ တစ်ရွာလုံးရဲ့ ဆုတောင်းလည်း ဖြစ်နေမှာ ထင်ပါ ရဲ့။ **သတိုး**



# လွမ်း
## တကြိမ်ရှိုးဖုံ

ဝတ္ထုတိုရသ

အိပ်မပျော်ညသည် ရှည်လျားလွန်းလေစွ . . .။


သို့သော် . . . ဒီနေ့လို ညမျိုးကတော့ ဆွဲဆန့်ချင်လောက်အောင်ကို ရှည်လျားချင်မိသည်။

သူ့အကြောင်း စဉ်းစားတိုင်း၊ အချိန်လောက်သည် မထင်မိ။ ကြည်နူးစိတ်၊ သာယာစိတ်တို့ဖြင့် ခံစားချက်တို့သည် ချိုမြိန်လှလေစွ။

မနက်ဖြန် ဆွေးနွေးပွဲလေးအတွက် စဉ်းစားရင်း ရင်တုန်ချင်သလိုလို၊ ရင်ခုန်ချင်သလိုလို။


နွေရာသီအဘိဓမ္မာ ရက်တိုသင်တန်း တက်ရောက်သင်ယူပြီး ပထမဆုရခဲ့သည်။ သင်တန်းဆင်းပွဲ၌ 'ချစ်ခြင်းသစ္စာ' ခေါင်းစဉ်ဖြင့် ဟောပြောတော့ သီလရှင်စာသင်တိုက် အုပ်ချုပ်ရေးအဖွဲ့က ကိုယ့်ကို စိတ်ဝင်စား အထင်ကြီးသွားကြပြီး 'နှင်းပွင့်မေတ္တာ' မိဘမဲ့အမျိုးသမီးလေးများ စောင့်ရှောက်ရေးကျောင်း၏ နှစ်ပတ်လည်ပျော်ပွဲရွှင်ပွဲ အခမ်း





အနား၌ အမေးအဖြေပွဲလေး ပြုလုပ်ပေးဖို့ ကမ်းလှမ်းတော့သည်။ သူတို့၏ ကမ်းလှမ်းချက်ကို လက်ခံပြီးကတည်းက ကျွန်မ စာရေးဆရာမ အပျိုကြီးသက်ထားခင်တစ်ယောက် ရင်တုန်ခြင်း၊ ရင်ခုန်ခြင်းဝေဒနာများကို ကောင်းစွာ ခံစားနေရလေပြီတည်း။

မေးခွန်းလေးများကို ကြိုတင်လက်ခံရရှိပြီးချိန်တွင် သူနှင့်တိုင်ပင်အဖြေညှိချင်စိတ်များ ပေါ်ပေါက်လာခြင်းအတွက် ကိုယ့်စိတ်ကို နားမလည်နိုင်။ ကိုယ်ပေးမည့်အဖြေထက်၊ သူပေးမည့်အဖြေကို စိတ်ဝင်တစား နားထောင်ချင်လာမိသည်။ ကိုယ့်ရင်ထဲက အဖြေနှင့် သူ့နှုတ်ကအဖြေ တူညီနေချင်သည်။



**'အလွမ်း'ဒဏ်ကိုမခံနိုင်၍ 'တွယ်တာမှု' ကို လျှော့ချင်လာသည်။ သံယောဇဉ်တွေ ဖြတ်မှ ဖြစ်မည်ဟု ကိုယ့်ကိုယ်ကိုယ် အားတင်းရင်း သင်တန်းကာလ တစ်ဆယ့်ခြောက်ရက်တာ ခရီးကိုဖြတ်သန်းဖို့ သူနှင့်လည်း အဆက်အသွယ်ဖြတ်ရပေမည်။**

---

စိတ်သည် ဆန်းကြယ်လှလေစွ . . .။

စိတ်သည် အတွေးနှင့်ကင်း၍ ဖြစ်ရိုးထုံးစံမရှိဟု ဆိုသည်။ အာရုံတစ်ခုခု၌ စိတ်ရောက်နေသည်ကိုပင် အတွေးဟု သတ်မှတ်မည်လား။ သူ့အကြောင်းအတွေးများနေခြင်းသည် သူ့အပေါ် အာရုံကျရောက်စိတ်များနေခြင်းပင် မဟုတ်ပါလား။

သူနှင့်သက်ထားက လူရည်ချွန် သူငယ်ချင်း။ ကွဲကွာသွားသည့် အချိန်ကာလက အနှစ်သုံးဆယ်ကျော်။ ပြန်ဆုံတော့ အသက်ငါးဆယ်ကျော်အရွယ်တွေ။ မမျှော်လင့်ဘဲ လူရည်ချွန်ရွှေရတုအကြိုတွေ့ဆုံပွဲ၌ ပြန်ဆုံဖြစ်ကြသည်။ ပြန်ဆုံတော့မှ ရင်ခုန်မိကြတော့သည်။ လူရည်ချွန် သူငယ်ချင်းအဆင့်မှ ရင်တွင်းသူငယ်ချင်းအဆင့်သို့ ဆက်ဆံရေးက အလိုအလျောက်တိုးမြင့်သွားကြသည်။

ဘဝရေစက်ကို သက်ထားယုံကြည်သည်။ အဖြစ်အပျက်က ဝတ္ထုထက် ဆန်းကြယ်သည်။ မဖြစ်နိုင်သည့် အရာများ၊ ဖြစ်နိုင်ခဲ့သည့် အရာများ ဆုံမှတ်တစ်ခုသို့ ရောက်ရှိချိန်တွင် ဖြစ်ပျက်သွားခြင်းကို 'ရေစက်' ဟု သတ်မှတ်ရပါတော့မည်လား။

ကောလိပ်ကျောင်းသူ ဘဝတုန်းကလည်း ရင်ခုန်စေနိုင်သော အချစ်မျိုးကို သက်ထား မကြုံဖူးခဲ့။ ဘဝနယ်ပယ်ရောက်ပြန်တော့လည်း မကြုံရပြန်။ ရင်ခုန်စေနိုင်သော အချစ်မျိုးကို မကြုံရမှတော့ သမုဒယတို့၊ အလွမ်းတို့၊ အမုန်းတို့ ဆိုသည့် အချစ်၏ ဖွားဖက်တော်များနှင့်လည်း မဆုံဖြစ်။ ဘဝရေစက်ဟု ဆိုနိုင်သော 'ဆုံမှတ်' ကို မရောက်သေး၍ မကြုံဖြစ်တာဟု သတ္တုချရမလို။

ရမ္မက်မပါသော ယောကျ်ားနှင့် မိန်းမတို့၏ ချစ်ခြင်းမေတ္တာ၌ ဝါသနာတူ၊ ရည်ရွယ်ချက်တူသူ အချင်းချင်း တစ်ယောက်အပေါ် တစ်ယောက် ကူညီအနစ်နာခံခြင်း၊ စာနာထောက်ထားခြင်း၊ တစ်ယောက်၏ ပိုင်ဆိုင်သောတန်ဖိုး၊ မပြောင်းလဲနိုင်သည့် အရည်အချင်းများအပေါ် နှစ်သက်ကြည်နူးခြင်း၊ တစ်ယောက်၏ တန်ဖိုးများကို တစ်ယောက်က ဖြည့်ဆည်းပေးလိုခြင်းစသည့် မေတ္တာတရားကို အခြေခံသော သံယောဇဉ်အချစ်ပြဝတ္ထုကို တစ်ပုဒ် သက်ထားရေးခဲ့ဖူးသည်။

စိတ်သည် ရေကဲ့သို့ ကြည်လင်သော သဘောရှိ၍ အရောင်မရှိဟု ယူဆမိပြီး ရင်တွင်းသူငယ်ချင်း အချစ်ကို 'အရောင်မဲ့အချစ်' ဟု အမည်တပ်ပေးဖူးသည်။ ဖြူစင်သည့်အချစ်ဟု တင်စားခဲ့သည်။

သက်ထားရေးသောဝတ္ထုကို ဖတ်ပြီး တုံ့ပြန်သည့် သူ့အတွေးက သက်ထား၏အတွေးနှင့် ထပ်တူမကျ။ ရင်တွင်းသူငယ်ချင်းနှစ်ဦး၏ အချစ်သည် မဖြူစင်နိုင်။ ဝါဖန့်ဖန့်လေးဟု ဆိုသည်။ ဝါဖန့်ဖန့်လေးသည် ဖြူလည်း မဖြူနိုင်။ ညစ်ထေးလည်း မသွားနိုင်။ ထာဝရတည်မြဲနေမည့် အရောင်လေးဖြစ်ပါလိမ့်မည်တဲ့။

သက်ထားကတော့ သက်ထား၏ မူပိုင်တစ်ယူသန်စိတ်အတိုင်း ဇွတ်မှိတ်၍ ဖြူပစ်လိုက်သည်။

ဆေးပညာရှင်များက အသိတရားတို့၊ မှတ်ဉာဏ်တို့၊ ခံစားချက်တို့ဆိုတာ ဆေးပညာသဘောအရ ဦးနှောက်မှာပဲတည်သည်။ အသည်းတို့၊ နှလုံးတို့နှင့် ဘာမျှမဆိုင်ဟု ဆိုသည်။ ဒါဆိုရင် ရင်နာလိုက်တာလို့ ဘာလို့ပြောကြတာလဲ။ ဦးနှောက်နာလိုက်တာလို့ ပြောပါလား။ ဦးနှောက်က သိတာဆိုရင် ဦးနှောက် က ဘာလို့နာမနေရလဲ။

ခံစားရတယ်ဆိုတာ စိတ်လား။ ဒါဖြင့် စိတ်က ဘယ်မှာနေသလဲ။

အဘိဓမ္မာအရ၊ စိတ်က နှလုံးမှာ တည်တယ်လို့ သူကပြောတော့၊ အလွမ်းကရော ဘယ်နားနေတာလဲ ဟု ပြန်မေးမိသည်။ အတူတူပဲဟု သူက သက်ထားကို ဖြေသည်။

ဖြစ်နိုင်ပါသည်။ သူနှင့်တွေ့ပြီးကတည်းက သူ့ကို သက်ထားလွမ်းတတ်နေပြီ။ သူနှင့်ပတ်သက်မှုများကိုလည်း လွမ်းတတ်သည်။ သူ၏ အနာဂတ်ကိုလည်းမျှော်မှန်း၍ လွမ်း တတ်သေးသည်။

သူနှင့်ပတ်သက်သော ဓာတ်ပုံလေးများကို ပြန်ကြည့်၍ဖြစ်စေ၊ သူပို့ပေးသော ဖုန်းမက်ဆေ့လေးတွေကို ပြန်ဖတ်၍ဖြစ်စေ၊ သူပေးသော လက်ဆောင်ပစ္စည်းလေးတွေကို ခံစား၍ဖြစ်စေ အလွမ်းဖြေတတ်သည်။

စာသင်ရင်းလည်း လွမ်း၊ စာရေးရင်းလည်း လွမ်းဆိုတော့ ခံစားချက်နှင့်ရင်မှာ မမျှ။

သူ့ကို အလိုလိုနေရင်း သတိရနေသော ခံစားချက်ကို မည်သည့် အရာနှင့် အစားထိုးရပါမည်နည်း။

ထွက်ပေါက်အဖြစ် 'ဓမ္မ' ကို ကို မြင်မိသည်။ ထို့ကြောင့်ပင် သီလရှင်ဆရာကြီးများ၏ 'ဓမ္မရောင်ခြည်' သီလရှင်စာသင်တိုက်၌ ဖွင့်လှစ်သော နွေရာသီအဘိဓမ္မာသင်တန်း၌ သင်တန်းသူအဖြစ် ရောက်ခဲ့ရခြင်းဖြစ်တော့သည်။

'အလွမ်း' ဒဏ်ကို မခံနိုင်၍ 'တွယ်တာမှု' ကို လျှော့ချင်လာသည်။ သံယောဇဉ်တွေ ဖြတ်မှ ဖြစ်မည်ဟု ကိုယ့်ကိုယ်ကိုယ် အားတင်းရင်း သင်တန်းကာလ တစ်ဆယ့်ခြောက်ရက်တာခရီးကို ဖြတ်သန်းဖို့ သူနှင့်လည်း အဆက်အသွယ် ဖြတ်ရပေမည်။

ဒါပေမဲ့ . . . ကိုယ်ဘာလုပ်လုပ်၊ ဘယ်သွားသွား၊ ဘယ်နေနေ၊ ကိုယ့်အခြေအနေမှန်သမျှကို သူ့ကိုတော့ သိစေချင်သည်။ ထို့အတူ သူ ဘာလုပ်လုပ်၊ ဘယ်သွားသွား၊ ဘယ်နေနေ သူ့အခြေအနေမှန်သမျှကိုလည်း သက်ထား သိချင်နေမိသည်။

ဒါကြောင့် ကိုယ်လုပ်ရမည့် ကိစ္စရပ်အတွက် သူ့ကို သက်ထား အသိပေးလိုက်သည်။ သင်တန်းတက်နေသည့် ရက်များအတွင်း အဆက်အသွယ်မရနိုင်ဆိုတော့ သူက လွမ်းနေတော့မှာပဲတဲ့။ နဂိုကမှ မခိုင်သည့်ကိုယ့်စိတ်ကို မယိုင်အောင် အားတင်းရင်း၊ ယောဂီရုပ်ကိုယ်ဖြင့် တောမှီပုဂ္ဂိုလ်ဘဝသို့ ယာယီကူးလိုက်မိတော့သည်။ အလွမ်းမက်ဆေ့လေးများ ဖန်တီး



အိပ်မက်ရွာလည်း
ကိုယ့်ဘာသာဆို
မသွားလိုဘူး
မင်းကို
အဖော်ခေါ်ဦးမယ်. . .တဲ့။
သက်ထားပီတိဖြစ်ရပြန်သည်။

နေသည့် လက်ကိုင်ဖုန်းလေးကို လည်း အနားယူခွင့်ပြုလိုက်သည်။

ဓမ္မာစရိယအောင် သီလရှင် ဆရာကြီးငါးပါးက နေ့စဉ် နံနက် ၇ နာရီမှ ၉ နာရီအထိ တရားပြသည်။ မနက် ၉ နာရီမှ ၁၀ နာရီအထိ ထိုင်တရား၊ ၁၀ နာရီမှ ၁၁ နာရီအထိ မှတ်တရားလုပ်ရပြီး နေ့လယ်စာ ထမင်းစားကြရသည်။ မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ တရားနာရပြီး ညနေ ၄ နာရီမှ ၆ နာရီအထိ တရား ထိုင်ရသည်။

အဘိဓမ္မာအနှစ်ချုပ်သင်တန်း မို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်း ရှင်းပြရင်း စိတ်သည် သီးခြားရပ်တည်၍ မရကြောင်း၊ စေတသိက်နှင့် တွဲနေကြောင်း၊ တွဲသောစေတသိက်အပေါ် မူတည် ၍ အရောင်ပြောင်းလဲကြောင်း၊ အရောင်မဲ့မဟုတ်ကြောင်းပြော တော့ ဆေးပညာရှုထောင့်အသိဖြင့် ရေးခဲ့သော ဝတ္ထုတစ်ပုဒ်အတွက် စိတ်မကောင်း။ သူတွေးသော ဝါဖန့်ဖန့်အရောင်လေးက မှန်သလို လို ဖြစ်နေပြန်သည်။

သင်တန်းကာလအတွင်း နေ့လယ် ထမင်းစားပြီးချိန်မှ မွန်းလွဲ ၂ နာရီအတွင်း ကိုယ်ပိုင်အချိန်လေး ရပြန်တော့ သူ့ကို သတိရမိပြန်သည်။ ရက်အဝေးကြီး အဆက်ပြတ်နေ သည်ကို မခံစားနိုင်ပြန်။ သူ့အသံ လေးကိုလည်း ကြားချင်သည်။ နေလို့မှ ကောင်းရဲ့လား။ ဘယ် ရောက်နေသလဲ။ ဘာလုပ်နေသလဲ။ အတွေးကို မခံစားနိုင်။ ထို့ကြောင့် လိုအပ်ပစ္စည်းများ ဝယ်ခြမ်းရန် ဆင်ခြေဖြင့် ဓမ္မရိပ်အောက်မှ ခေတ္တ ထွက်ဖြစ်ပြန်သည်။

ဈေးအသွား ကားပေါ်မှ ဖုန်း ဆက်တော့ သူ အံ့သြသွားသည်။ သူနှင့်သက်ထား စကားတွေ အများ ကြီးပြောဖြစ်ကြသည်။ အချိန် အတော်ကြာ ပြောဖြစ်ကြသည်။ ဤသို့ဖြင့် သင်တန်းကာလအတွင်း နှစ်ကြိမ် ဆက်သွယ်ဖြစ်ပြန်သည်။

သင်တန်းပြီးတော့ စာမေးပွဲ ဖြေရသည်။ မေးခွန်းလေးခုမေးရာ သုံးခုက တရားသဘောကို မေးခြင်း ဖြစ်သည်။ မေးခွန်းသုံးပုဒ်ထဲမှ နှစ်ပုဒ်သည် အဘိဓမ္မာတရားကို မေးခြင်းဖြစ်ပြီး ကျန်တစ်ပုဒ်က မြတ်စွာဘုရားဖြစ်တော်စဉ်ကို မေးခြင်းဖြစ်သည်။ လေးခုမြောက် မေးခွန်းကတော့ သင်တန်းတက် သည့် ရည်ရွယ်ချက်နှင့်ရရှိသော အကျိုးကျေးဇူးများကို သင်ခံစားရ သလို ပြန်ရေးပါတဲ့။

တက္ကသိုလ်ဆရာမလည်း ဖြစ်၊ စာရေးဆရာမလည်းဖြစ်သော ကျွန်မအဖို့ လေးခုမြောက်မေးခွန်းက ဝတ္ထုကောင်းတစ်ပုဒ်ကို ဖန်တီးနိုင် သည့် အခွင့်အရေးကို ဖြစ်ပေါ်စေ သောအဖြေများဖြင့် မွန်းထုံမိသော အခါ၊ သင်တန်းဆင်းပွဲ၌ ကြေညာ သော 'ပထမဆု' သည် သက်ထားပိုင် ဆိုင်ခွင့်ရသော ဆုလာဘ်ဖြစ်လာရ တော့သည်။

ဤကဲ့သို့ ပထမဆုရခြင်း၏ အကျိုးဆက်အဖြစ် သင်တန်းဆင်းပွဲ ၌ အမှတ်တရစကားပြောပေးပါရန် ပရိသတ်၏ တောင်းဆိုခြင်းခံရပြန် သည်။ ကျွန်မစဉ်းစားရသည်။ ကိုယ် သင်ကြားခွင့်ရသော ပညာရပ်ကို လည်း အခြေပြုရမည်။ ကိုယ့်ခံစား ချက်ကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်သည့် အသိကိုလည်း မျှဝေရမည်။ အများစိတ်ဝင်စား မျှော်လင့်မည့် အကြောင်းအရာ လည်း ဖြစ်ရမည်။ ဓမ္မသည် ကျွန်မ တို့၏ စိတ်ခံစားမှုနှင့် ကိုယ်ကျင့် တရားကို လမ်းမှန်ရောက်အောင် လမ်းညွှန်ပြသည့် တရားဖြစ်ကြောင်း လည်း သက်သေပြုရမည်။ ထို့ကြောင့် ခေါင်းစဉ်တစ်ခုကို သက်ထားရွေးပေးလိုက်သည်။

'ချစ်ခြင်းသစ္စာ'

တစ်နည်းအားဖြင့် ချစ်ခြင်းမှ လွတ်မြောက်နိုင်သော တရား။

ဒီခေါင်းစဉ်ကို သက်ထားရွေး ပေးသည်ဆိုခြင်းထက် သက်ထားနှင့် သူနှစ်ယောက် အတူတိုင်ပင် ရွေးချယ် အတည်ပြုပေးသည်ဆိုက ပို၍မှန်ပါမည်။ အရာရာအတွက် တိုင်ပင်ဖော်၊ တိုင်ပင်ဖက်က သူဖြစ် နေမိခြင်းသည်ပင် စိတ်၊ စေတသိက် ၏ ခိုင်းစေမှုများ ဖြစ်နေလေ သလား။

သက်ထားက ရသစာပေရေး သားသူဖြစ်သော်လည်း ယခင်က အတွေးလည်း မနူးညံ့ခဲ့။ အရေး လည်း မနူးညံ့ခဲ့။ သူနှင့်တွေ့ပြီး နောက်ပိုင်းကျမှ သက်ထား၏ စိတ် ခံစားမှုများ ပြောင်းလဲလာခဲ့သည် မှာ အံ့သြစရာ။ နှလုံးနူးညံ့သိမ်မွေ့ လာသည်ဟုပင် ပြောရမည်လား။ နူးနူးညံ့ညံ့ အချစ်ကဗျာလေးတွေ စပ်မိလား၊ စပ်မိရဲ့။ အလွမ်းဝတ္ထု လေးတွေ ရေးမိလား၊ ရေးမိရဲ့။ မလွမ်းတတ်သူ လွမ်းတတ်လာတော့ ခဏ ခဏ လွမ်းမိနေသလိုမျိုး။ စက်ဘီးစီးတတ်ခါစ စက်ဘီးပေါ်မှ မဆင်းချင်သလိုမျိုး။

ဩော် . . . တွေးကောင်းတုန်း သူ့ထံမှ ဖုန်းမက်ဆေ့ ဝင်လာပြန် သည်။

အိပ်မက်ရွာလည်း
ကိုယ့်ဘာသာဆို
မသွားလိုဘူး
မင်းကို အဖော်ခေါ်ဦးမယ်
. . . တဲ့။

သက်ထား ပီတိဖြစ်ရပြန်သည်။ သက်ထားတို့ တက္ကသိုလ်ကျောင်းသူ ဘဝတုန်းက နှစ်ခြိုက်ခဲ့ရသည့် ကဗျာဆရာမောင်ပန်းမွှေး၏ ကဗျာ လေး။ ဒီကဗျာလေးကို သူလည်း ကြိုက်နှစ်သက်ပုံရသည်။ တိုက်ဆိုင် ၍လား။ မှတ်မိ၍လား။ သူ့ဝေဒနာ ကို သက်ထားရိပ်မိပေမင့်၊ သက်ထား၏ ဝေဒနာကိုတော့ သူ မရိပ်မိစေချင်။

ကိုယ့်စိတ်ကို ညာချင်သည်။ စိတ်ခံစားမှုအမှန်ပေါ်သွားမှာကို လည်း သက်ထားစိုးရိမ်သည်။ သက်ထား၏ မသိစိတ်ကို သူ့အား မမြင်တွေ့စေလို။ စိတ်ကိုနိုင်မှ ဖြစ် မည်။ စိတ်ကိုနိုင်အောင်လည်း တရားဓမ္မများ၏ အကျင့်အကြံ၊ အသိဉာဏ်တို့ဖြင့် ထိန်းကျောင်းခဲ့ ပြီးဖြစ်သည်။

သက်ထား မက်ဆေ့ပြန်ပို့လိုက် သည်။

အိပ်မက်ရွာထဲ
ကိုကိုခေါ်လည်း
မလိုက်ရဲလို့
တစ်ယောက်တည်းပဲ နေတော့ မယ် . . . လို့။

သက်ထား ပြုံးလိုက်သည်။ ဖုန်းကိုလည်း ပိတ်လိုက်ပြီ။ မီးကို လည်း မှိတ်လိုက်ပြီ။ အလွမ်းစိတ်ကို လည်း သိပ်လိုက်ပြီ။ မနက်ဖြန်ပွဲ

> **တကယ်လို့များ ယောကျ်ားနဲ့မိန်းမ နှစ်ယောက်ရဲ့ တွယ်တာစိတ်၊ ရမ္မက်ခံစားစိတ်တွေနဲ့ တစ်ဦးကိုတစ်ဦး အသုံးချကြမယ် ဆိုရင်တော့ အချစ်လို့မခေါ်နိုင်ဘဲ 'အကြိုက်' လို့ ခေါ်ရလိမ့်မယ် ထင်ပါတယ်။**

အတွက် သက်ထား အိပ်မှဖြစ်တော့မည်။

(၂)

အရက်မကျင်းတကျင်း၊ နံနက်ခင်းမှာတော့ သက်ပြင်းလှလှဖြင့် သက်ထားနိုးထဖြစ်သည်။ အခမ်းအနားက မနက်ကိုးနာရီစမှာဆိုတော့ ရှစ်နာရီခွဲလောက် အရောက်သွားရမည်။ ပွဲမစခင် ဧည့်ခံစကားပြောဆိုတာလည်း ရှိဦးမည်မဟုတ်ပါလား။

ရေမိုးချိုး ဖြီးလိမ်းပြီးတော့ ပွဲတက်ဝတ်စုံကို ပန်းရောင်ရွေးဖြစ်သည်။ အင်္ကျီကလည်း နှစ်ထပ်ဇာ ပန်းရောင်လက်ရှည်၊ ထဘီက ပန်းနုရောင် အောက်ခံပေါ် ပန်းဆီရင့်ရောင် ကြိုးကြီးချိတ်အဆင်ဖြင့် ခေါင်းမှာ ပန်သည့်နှင်းဆီပွင့်ကလည်း ပန်းရောင်၊ စီးသည့်ဖိနပ်တောင် ပုံတော်ဖိနပ်ပန်းရောင် အောက်ခံပေါ် စီးကွင့်ထိုးနှင့်။

ညီမတွေက သက်ထားကိုကြည့်ပြီး ပြုံးစိစိမျက်နှာလေးတွေနှင့် . . .

"မမကြီးကလည်း မကြိုက်ဘူးဆိုတဲ့ ပန်းရောင်ကို ဆင်ထားလိုက်တာမှ တစ်ကိုယ်လုံး"

"ဟဲ့ . . . ငါပြောမယ့် ခေါင်းစဉ်နဲ့ လိုက်ဖက်တဲ့စတိုင်ကို ရွေးရတာလေ"

သက်ထားအတွက် ဆင်ခြေက အပြည့်။

အခမ်းအနားသို့လာသည့် လမ်းတစ်လျှောက် ကားပေါ်မှာတော့ မေးခွန်းလေးများအတွက် အဖြေများကို မှတ်စုစာအုပ်ဖွင့်ပြီး ပြန်နွှေးနေလိုက်မိသည်။

ခန်းမ မဝင်မီ ဧည့်ခန်းဆောင်၌ ခေတ္တနားခိုက် တာဝန်ရှိသူများနှင့် ထွေရာလေးပါး စကားပြောဖြစ်ကြသည်။ မိနစ်နှစ်ဆယ်ခန့်အကြာတွင်တော့ အခမ်းအနားမှူးလုပ်မည့် အမျိုးသမီးငယ်လေးက အဆင်သင့်ဖြစ်ကြောင်း သတင်းလာပို့၍ ခန်းမစင်မြင့်သို့ တက်ဖြစ်ရတော့သည်။ ပရိသတ်ကို ဝေ့ကြည့်လိုက်တော့ ဦးရေနှစ်ရာ နီးပါးရှိမည် ထင်သည်။ လူကြီးမင်း၏ ကတော်တစ်ယောက်မှ အဖွင့်အမှာစကားပြောအပြီးမှာတော့ သက်ထားက နှုတ်ဆက်စကားပြောရတော့သည်။

"ဒီကနေ့ကျင်းပတဲ့ အခမ်းအနားလေးကို ကြွရောက်ချီးမြှင့်ကြတဲ့ NGO အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သီလရှင်စာသင် တိုက်အုပ်ချုပ်ရေးအဖွဲ့၊ 'နှင်းပွင့် မေတ္တာ' မိဘမဲ့အမျိုးသမီးလေးများ၊ စောင့်ရှောက်ရေးကျောင်းတို့မှ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်အပေါင်း ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့နဲ့ ပြည့်စုံပြီး ချစ်ခြင်းမေတ္တာ ပြည့်ဝစွာဖြင့် အရာရာမှာ အောင်မြင်ကြပါစေလို့ ကျွန်မ ဆုတောင်းမေတ္တာပို့သပါတယ်ရှင်"

"ကျွန်မတို့ အမေးအဖြေမပြုခင်မှာ ဒီအစီအစဉ်လေး ဖြစ်ပေါ်လာရပုံလေးကို ပဏ္ဏာမတင်ပြပါရစေ။ မချစ်ရင် မနေနိုင်တဲ့ ကျွန်မဟာ ဒီတစ်နွေမှာတော့ ချစ်ခြင်းက လွတ်ကင်းနိုင်တဲ့၊ အနှောင်အဖွဲ့ထဲက ရုန်းထွက်နိုင်မယ့် တရားတော်ကို ရှာဖွေမိခဲ့ပါတယ်။ အဲဒါကတော့ 'ဓမ္မရောင်ခြည်' သီလရှင်ဆရာကြီးများရဲ့ကျောင်းမှာ နွေရာသီ အဘိဓမ္မာသင်တန်းကို တက်ခွင့်ရခဲ့ခြင်းပါပဲ။ အလွန်မြင့်မြတ်လှတဲ့ ဗုဒ္ဓတရားတော်များကို နာယူသင်ကြားခွင့်ရဆဲမှာ ကျွန်မရဲ့နှလုံးသားထဲကို တရားအဆီအနှစ်များ စွဲဝင်သွားအောင် ကြိုးစားကျက်မှတ်နာယူခဲ့ပါတယ်"

"မထင်မှတ်စွာဘဲ သင်တန်းဆင်းစာမေးပွဲမှာ ပထမဆုကို ကျွန်မရခဲ့ပါတယ်။ သင်တန်းဆင်းပွဲနေ့က အားလုံးရဲ့ကိုယ်စား ကျွန်မကို အမှတ်တရစကားလေးနဲ့ ဟောပြောပွဲလေးလုပ်ပေးဖို့၊ 'နှင်းပွင့်မေတ္တာ' အမျိုးသမီးစောင့်ရှောက်ရေး ဖောင်ဒေးရှင်းက ကမ်းလှမ်းလာခဲ့ပါတယ်။ ဒီတော့ ကျွန်မ ဟောပြောမယ့် ခေါင်းစဉ်ကို ရွေးချယ်ရပါပြီ။ ဘာပြောရင် ကောင်းမလဲပေါ့"

"တရားနဲ့လည်း ဆက်စပ်ရမယ်။ နားထောင်သူများလည်း စိတ်ဝင်စားရမယ်။ ကျွန်မတို့ အမျိုးသမီးငယ်လေးတွေ အချစ်ကြောင့် ဒုက္ခမရောက်စေမယ့် အသိပညာတန်ဖိုးကိုလည်း ရစေချင်တယ်။ ကျွန်မ မျက်စိစုံမှိတ်ပြီး ရွေးပစ်လိုက်တဲ့ ခေါင်းစဉ်က 'ချစ်ခြင်းသစ္စာ' ပါပဲ။

"အခုတော့ အဲဒီခေါင်းစဉ်က နှိုပ်စက်လို့ ဒီစင်မြင့်ပေါ်ကို ကျွန်မရောက်လာခြင်းပဲ ဖြစ်ပါတော့တယ်။ အစ်မကြီးတို့က ကျွန်မကို တော်တော်လေး အထင်ကြီးကြရှာတယ်။ ဒီဆရာမ အချစ်နဲ့ပတ်သက်ရင် တော်တော်လေး နားလည်သိကျွမ်းလိမ့်မယ်လို့ ထင်ပုံရပါတယ်"

"နှင်းပွင့်မေတ္တာကျောင်းလေး ရှင်သန်ဖို့ ပရဟိတစိတ်ရှိသူတွေ တွေ့ဆုံပွဲလေးကို တက်တက်ကြွကြွ ဖြစ်စေချင်လို့ ရေးသူ ဖတ်သူ ဆွေးနွေးပွဲကို အချစ်အကြောင်းလေးနဲ့ ထူးထူးဆန်းဆန်းလေး စလိုက်ရအောင်လို့ ဖောင်ဒေးရှင်းအတွင်းရေးမှူးက အကြံပေးကတည်းက ကျွန်မ ရင်တုန်နေရပါပြီ။ အခု ပိုပြီးကြောက်နေပါတယ်"


"အခမ်းအနားမှူး ညီမလေးရေ၊ အမေးအဖြေပွဲလေး စလိုက်ရအောင်နော်။ ဟုတ်ကဲ့ပါ . . . မေးခွန်းလေးတွေကို ကျွန်မ ကြိုဆိုပါတယ်ရှင်"

ကြိုတင်စီစဉ်ထားသည့်အတိုင်း အခမ်းအနားမှူးက မေးခွန်းရှင်များကို စင်မြင့်တစ်ဖက်ထောင့်၌ နေရာချထားသော မတ်တတ်ရပ်မိုက်ခရိုဖုန်းတိုင်သို့ အစီအစဉ်အလိုက် ဆီးကြိုဖိတ်ခေါ်ပါတော့သည်။ ပထမဆုံးမေးခွန်းရှင် မေးလိုက်သည့် မေးခွန်းကတော့. . .

"အချစ်ဆိုတာ ဘာလဲ" တဲ့။

သက်ထားက လက်ဝါးနှစ်ဖက်ကို ရင်ဘတ်ပေါ် စုံဟပ်တင်မိ၍ လန့်သည့်အမူအရာမျိုးဖြင့် မတ်တတ်ရပ်လိုက်ရင်း

"ကဲ . . . ကောင်းရော။ အချစ်ဆိုတာ ဘာလဲလို့များ ကျွန်မ အချိန်ပေးပြီး တွေးမကြည့်ခဲ့မိတာ အမှန်ပါ။ ဒါပေမဲ့ အမေးရှိတော့ အဖြေရှိရမှာပါ။ ယောကျ်ားနဲ့မိန်းမ ရမ္မက်မပါတဲ့အချစ်မျိုးဟာ နူးညံ့သိမ်မွေ့တဲ့ စိတ်ရဲ့ခံစားမှုလေးဖြစ်တယ်လို့ ချစ်ခင်နှစ်သက်စွာ ဖြေချင်ပါတယ်ရှင်။ ဒီအချစ်မျိုးကို Platonic Love လို့ Oxford Learner Dictionary စာမျက်နှာ (၄၈၇) မှာ အကြမ်းဖျဉ်းအဓိပ္ပာယ်ဖွင့်ဆိုထားတာကို တွေ့ရမယ်။



ကျွန်မ ထင်ပါတယ်။ တကယ်လို့များ ယောကျာ်းနဲ့ မိန်းမနှစ်ယောက်ရဲ့ တွယ်တာစိတ်၊ ရမ္မက်ခံစားစိတ်တွေနဲ့ တစ်ဦးကိုတစ်ဦး အသုံးချကြမယ်ဆိုရင်တော့ အချစ်လို့မခေါ်နိုင်ဘဲ 'အကြိုက်' လို့ ခေါ်ရလိမ့်မယ် ထင်ပါတယ်။ အချစ်ဟာ အေးမြပြီး အကြိုက်ဟာ ပူလောင်စေတတ်တယ်လို့ ယူဆမိပါတယ်။ ကျွန်မသိတဲ့ အချစ်ကတော့ ဒီလောက်ပါပဲ။ ကျွန်မနဲ့ သဘောမတူသူတွေလည်း ရှိနိုင်ပါတယ်။ ဆက်ပြီး ငြင်းခုံနိုင်ပါတယ်ရှင်"

ပရိသတ်၏ လက်ခုပ်သံများ ထွက်ပေါ်လာ၍ တော်ပါသေးရဲ့ဟု ပွဲဦးထွက် သက်မကို ဖြည်းညင်းစွာ ချပစ်လိုက်သည်။

ဒုတိယမေးခွန်းရှင်က "ချစ်ပြီးတဲ့သူကို မုန်းသွားနိုင်သလား" တဲ့။

"ဟုတ်ကဲ့၊ အကြောင်းကြောင်းကြောင့် မုန်းသွားနိုင်တယ်လို့ပဲ ဖြေချင်ပါတယ်ရှင်"

သက်ထား၏ ရင်ထဲမှာတော့ ဒီမေးခွန်းရှင်ကောင်မလေး အသစ်မြင်လို့ အဟောင်းပစ်ချင်နေပြီ ထင်ရဲ့လို့။

"ချစ်ပြီးမှ မုန်းသွားတဲ့သူကို ပြန်ပြီးမျှော်လင့်နိုင်သလား။ မျှော်လင့်သင့်သလား"

လာပြန်ပြီ။ မိန်းကလေးတွေ ဒုက္ခရောက်တာလည်း မပြောနဲ့။ စိတ်က မပြတ်သားဘဲ ထွေပြားနေမှတော့။

"ဒါဆိုရင်တော့ တစ်ဖက်က တစ်ကယ်မမုန်းသေးဘူး ထင်ပါတယ်။ တကယ်မုန်းပြီဆိုရင်တော့ မျှော်လင့်လို့ ရမယ်မထင်ပါဘူး။ ချစ်လိုက်၊ မုန်းလိုက်၊ မုန်းလိုက်၊ ချစ်လိုက်ဆိုတာ ရှိလို့လား။ ကျွန်မကတော့ မုန်းပြီးရင် ပြန်ချစ်တော့မယ် မထင်ဘူးလို့ပဲ ဖြေပါရစေ"

အပျိုကြီးပီပီ သက်ထား စိတ်မရှည်နိုင်။ တိခနဲ ဖြတ်ချလိုက်သည်။ မိန်းကလေးတွေ အချစ်ကြောင့် ဘဝနစ်မွန်းမှုတွေ မကြုံစေချင်။

"လူကြီးတွေက လူငယ်တွေ ချစ်သွားမှာ ဘာလို့စိုးရိမ်တာလဲ"

သက်ထားက စိတ်ထဲရှိသည့်အတိုင်း ပြန်ဖြေလိုက်ချင်သည်။ လူကြီးကတော့ ချစ်ခြင်းသစ္စာကို တွေ့သွားလို့၊ ချစ်ခြင်းက လွတ်မြောက်သွားလို့၊ လူငယ်တွေကို ချစ်ခြင်းရဲ့ဒုက္ခတွေ မတွေ့ကြုံစေချင်လို့ . . . လို့။ အဲဒီလိုဖြေလိုက်ရင် လူငယ်တွေ ကြိုက်မယ်မထင်။

"ပြည့်စုံတဲ့ဘဝကို မတည်ထောင်နိုင်သေးတဲ့ အနေအထားမှာ စိုးရိမ်တာပဲ ရှိပါလိမ့်မယ်။ ကိုယ့်ဘဝကို ထူထောင်နိုင်တဲ့အနေအထား တစ်ခု ရောက်ရင်တော့ ဘယ်လူကြီးမှ မိဘဝတ္တရားငါးဖြာ ပျက်ကွက်ခံလိမ့်မယ် မထင်ပါဘူး"

လူငယ်သည် လူကြီး၏စိတ်ကို နားမလည်နိုင်ပေမဲ့ လူကြီးကတော့ လူငယ်ဘဝကို ကျော်ဖြတ်လာခဲ့ရသူမို့ လူငယ်တွေ၏စိတ်ကို နောကျေအောင် နားလည်နေသည်ကို သူတို့ မသိလေတကား။

"မချစ်သင့်တဲ့လူဆိုတာ ရှိလား။ မချစ်သင့်တဲ့လူကို ချစ်မိရင် ဘယ်လိုလုပ်ရမလဲ"

သေလိုက်ဟဲ့ နန္ဒိယလို့သာ အော်လိုက်ချင်တော့သည်။

"ကျွန်မတို့ငယ်ငယ်က လူကြီးတွေဆုံးမတဲ့အထဲမှာ မချစ်သင့်တဲ့ လူဆိုတာ ရှိတယ်လို့ ဆုံးမခဲ့ဖူးပါတယ်။ ဒါဟာ မြန်မာ့ဓလေ့ထုံးစံ ယဉ်ကျေးမှုနဲ့လည်း သက်ဆိုင်ပါတယ်။ ပထမဆုံး သာသနာကို မဖျက်ရဘူးလို့ ဆိုပါတယ်။ နောက် သူတစ်ပါးရဲ့အသိုက်အမြုံကို မဖျက်ရဘူးလို့ ဆိုပါတယ်။ နောက် အမျိုးဘာသာကို မဖျက်ရဘူးလို့ ဆိုပါတယ်။ ဒီကိစ္စတွေကို အချစ်ကြောင့် မဖျက်သင့်ဘူးလို့ နာယူမှတ်သားဖူးပါတယ်။ မချစ်သင့်တဲ့သူကို ချစ်မိရင်တော့ အလုပ်နဲ့အစားထိုးသင့်ပါတယ်။ အဲဒီလို အချိန်မျိုးမှာ စိတ်အား၊ လူအား မနေသင့်ပါဘူးလို့ပဲ ဖြေချင်ပါတယ်ရှင်"

"ဆရာမ ဘာ့ကြောင့် အိမ်ထောင်မပြုတာလဲ၊ ဘာ့ကြောင့် အပျိုကြီးဖြစ်တာလဲ"

လူကို တိုက်ရိုက်မေးသော မေးခွန်းက လာမှန်ပြီဆိုတော့ သင်တန်းတက်ထားသူအဖို့ ခပ်လွယ်

လွယ် အဖြေပေးလို့ရပြီလေ။

"ချစ်ခြင်းသစ္စာတရားကို တွေ့ သွားလို့ ချစ်ခြင်းက လွတ်မြောက်သွားတာလို့ ဖြေချင်ပါတယ်"

"အချစ်နဲ့ဘ၀ ဘာအရေးကြီးလဲတဲ့"

မေးခွန်းရှင်အမျိုးသမီးကို သက်ထားသနားသွားသည်။

"ကျွန်မကတော့ ဘ၀သမားပီပီ ဘ၀က အရေးကြီးတယ်လို့ပဲ ဖြေချင်ပါတယ်။ လူတွေဟာ အစာ အိမ်ငြိမ်ဖို့ အလုပ်တွေ လုပ်နေကြရတာ ဖြစ်ပါတယ်။ အစာအိမ်ငြိမ်မှ တခြားကိစ္စတွေကို စိတ်ဝင်စားနိုင်မယ် ထင်ပါတယ်"

"အိမ်ထောင်ကျပြီးတဲ့သူတွေဟာ နောက်ထပ်အချစ်ပေါ်လာနိုင်သလား" တဲ့။

အပျိုကြီးဖြစ်တာ ကံကောင်းသည်ဟု သက်ထားယူဆရတော့သည်။ မေးခွန်းရှင်က အမျိုးသား။

"ကျွန်မက အိမ်ထောင်မကျဖူးတော့ Yes (or) No အဖြေမပေးနိုင်တာ ခွင့်လွှတ်စေချင်ပါတယ်ရှင်"

ဝေ့လည်လည်အဖြေဖြင့် ရှန်းထွက်လိုက်သည်။ တရားခံတော့ အဖြစ်မခံနိုင်။

"မိန်းကလေးတစ်ယောက်က ကိုယ်ချစ်တဲ့အကြောင်း ပြသင့်သလား။ မပြသင့်ဘူးလား" တဲ့။

''ကျွန်မတို့ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာအရ၊ လူ့တန်ဖိုး က အဓိကကျလေတော့ လူ့အခွင့် အရေးကို အသားပေးတဲ့ ကိုရီးယား အချစ်ဓလေ့ကို ကူးစက်ရောဂါ အဖြစ် မြင်သင့်ပြီး ရှောင်ရှားသင့် တယ်လို့ ထင်ပါတယ်။ မြန်မာအပျိုစင်တစ်ယောက်ရဲ့ အဓိကတန်ဖိုးဟာ ဂုဏ်သိက္ခာရှိခြင်းလို့ ကျွန်မ ယူဆပါတယ်"

"ဘ၀ ဘ၀က ရေစက်ဆိုတာ အယုံအကြည်ရှိသလား။ အဲဒီ ရေစက်ဆိုတာ ဖျက်ပစ်လို့ရသလား။ ဘယ်လောက်အထိ တည်မြဲမယ်လို့ ယူဆသလဲ" တဲ့။

သက်ထား ပြုံးမိသည်။ ရေစက်ရှိလို့သာ သူနှင့်ဆုံခဲ့ရတာပေါ့။

''ကျွန်မ ရေးရေစက်ကို ယုံကြည်ပါတယ်။ ဘ၀ ဘ၀က ရေစက်ဆိုတာ ဆုံနိုင်တဲ့အချိန်ရောက်မှ ဆုံရတာမျိုးဖြစ်မှာပါ။ ရေစက်ပါကြတဲ့ သူအချင်းချင်းဟာ ပိုပြီးနားလည် စာနာနိုင်ကြလို့ ပိုပြီး ချစ်ခင်နိုင်ကြမယ်လို့ ကျွန်မ ထင်ပါတယ်။ ဖျက်ပစ်လို့မရလို့ ဆုံကြရတာပါ။ ရေစက်ရှိတဲ့အတိုင်းအတာအထိ တည်မြဲမယ်လို့ ယူဆပါတယ်"

"အတူမနေရဘဲ ချစ်လို့ဖြစ်ပါသလား" တဲ့။

သက်ထားပြုံးမိပြန်သည်။ ကိုယ်တွေ့ပဲလေ။ ဖြစ်တာပေါ့။

"အချစ်ဆိုတာ စိတ်ရဲ့ခံစားမှုပါ။ အတူနေတယ်ဆိုတာ ကိုယ်ရဲ့ ခံစားမှုပါ။ အတူမနေရတဲ့အချစ်မှာ ခံစားမှုအဆစ် အပိုရနိုင်ပါသေးတယ်။ ချစ်ရင်း လွမ်းရတဲ့ချိုမြတဲ့ အလွမ်းလေးတွေပေါ့"

မေးခွန်းရှင် မည်ကဲ့သို့ နားလည်မည်မသိ။ သက်ထားကတော့ အမေးထဲမှာ မပါသည့် ကိုယ့်အလွမ်းကိုပါ မဆီမဆိုင်အဆစ်ပေးပြီး ဖြေပစ်လိုက်မိတော့သည်။

"ဘယ်အရွယ်မှာ ချစ်သင့်သလဲ။ အသက်အရွယ်ကြီးသွားတဲ့အခါ လူတွေဟာ မချစ်တတ်ကြတော့ဘူးဆိုတာ မှန်ပါသလား။ ချစ်ခဲ့ရင် အပြစ်ရှိသလား" တဲ့။

ဘယ်လိုဖြေရပ့ါ။ ဘုရားဟောကို လှဲချလိုက်လျှင် စောဒကတက်စရာရှိမည်မထင်။

"စိတ်ရှိတဲ့လူမှာ စေတသိက်ကြောင့် ခံစားမှုတွေ မဖြစ်မနေ ဖြစ်လာခဲ့ကြရတယ်ဆိုတော့ ဘုရားဟောအရ ပြောမယ်ဆိုရင် အနာဂါမ် မဖြစ်သမျှ ချစ်နေ၊ မုန်းနေကြဦးမှာ ဖြစ်ပါတယ်။ အသက်ကြီးတဲ့သူတွေ လည်း ချစ်တတ်ကြပါတယ်။ ချစ်ရုံ နဲ့တော့ အပြစ်ရှိတယ် မထင်ပါဘူး ရှင်"

"ဆရာမမှာ ချစ်သူရှိပါသလား။ ဘယ်မှာပါလဲ"

အံမယ် . . . အံမယ်။ သိပ္ပံနည်းကျ မေးခွန်းပါလား။

"ဟုတ်ကဲ့ ရှိပါတယ်ရှင်။ ကျွန်မ ရင်ထဲမှာပါ"

အစတုန်းကတော့ ကျွန်မ ချစ်သူဟာ စာပေပါလို့ ဖြေမလို့ စီစဉ်ထားပေမဲ့ တကယ့်တကယ်နှုတ်က ထွက်ဖြစ်တော့ သက်ထားရင်ထဲမှာ သူရှိနေသည်ကို မညာချင်။ မသိစိတ်ကို အမြတ်မီးလှည့်ဖြား၍ ရမည်မထင်မိ။

နောက်မေးခွန်းများ တစ်ဆယ့်နှစ်ခု ဖြေအပြီးတွင်တော့ . . .

"ကဲ . . . မေးခွန်းအားလုံး ဖြေပြီးပါပြီရှင်။ အားလုံးအတိုင်းအတာတစ်ခုအထိ ကျေနပ်နှစ်သက်လိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်။ တကယ်တော့ ကျွန်မအချစ်ကို အကျွမ်းတဝင် နားလည်သူမဟုတ်ပါဘူး။ ဒီကနေ့ဆုံကြရတဲ့ စာချစ်သူပရိသတ်ကြီးဟာ သိတယ်လို့ထင်ရပြီး မသိနိုင်သေးလို့ အချစ်ကို ချစ်နေကြရသူတွေချည်းဖြစ်တယ်လို့ ကျွန်မ ဆိုပါရစေ"

အဆုံးသတ်နှုတ်ဆက်စကားပြောနေတုန်း ပရိသတ်ထဲမှ အမျိုးသားတစ်ယောက် လက်ညှိုးထောင် ခွင့်ပန်၍ စင်မြင့်ပေါ်ရှိ မေးခွန်းရှင်အတွက် ချထားသောမိုက်ခရိုဖုန်းတိုင်ဆီ လျှောက်သွားပြီး

"ဆရာမ ခွင့်လွှတ်ပါခင်ဗျား။ ကျွန်တော် မေးစရာမေးခွန်းတစ်ခု ရှိနေလို့ ကျေးဇူးပြုပြီး ဖြေကြားပေးစေချင်ပါတယ်"

ကြိုတင်အစီအစဉ်မှာ မပါပေမင့် မေးခွန်းရှင်က ခွင့်ပန်မှတော့ ဖြေရတော့မှာပေ့ါလေ။

"ဩော် . . . ဟုတ်ကဲ့ပါ။ မေးစရာရှိရင် မေးနိုင်ပါတယ်ရှင်။ ကျွန်မ ကြိုးစားဖြေပ့ါမယ်"

လောကဝတ်နှင့် ကြိုဆိုလိုက်ရသော်လည်း ကြိုသိမထားသော မေးခွန်းအတွက်တော့ သက်ထား စိုးရိမ်ပူပန်မိသည်မှာ အမှန်။

"အခု ဆရာမရဲ့အဖြေတွေကို နားထောင်လိုက်ရတဲ့အခါ အချစ်က လွတ်မြောက်နိုင်တဲ့တရားကို တွေ့သွားတဲ့ ဆရာမက ရင်ထဲက အချစ်က မလွတ်နိုင်သေးဘူးလို့ သုံးသပ်ရပါတယ်။ ဒါဆိုရင် အချစ်နဲ့ပတ်သက်ပြီး ဆရာမရဲ့ရပ်တည်ချက်ကို သိပါရစေ"

ဇာချွေးများ၊ မောချွေးများ၊ နှလုံးချွေးများ ထွက်စေသော မေးခွန်းကို သက်ထား ရင်ဆိုင်ရပြီတည်း။

"ကျွန်မတို့ အညာမှာ မိုးခေါ်လွန်ဆွဲပွဲတွေကို ငယ်ငယ်က အမြင်ကျွမ်းခဲ့ဖူးပါတယ်။ ခွန်အားတူညီတဲ့ ဆန့်ကျင်ဘက် အုပ်စုနှစ်စု အားပြိုင်ကြရတာ ဖြစ်ပါတယ်။ မြေပြင် အမှတ်အသားပြု အလယ်ဗဟိုချက်အပေါ်က လွန်ကြိုးမှာ ချည်နှောင်ထားတဲ့ အဝတ်ဖြူစလေးကို သူနိုင်ကိုယ်နိုင် ကိုယ့်ဘက်သတ်မှတ်ထားတဲ့ မျဉ်းကိုကျော်လွန်ပြီး ရောက်လာဖို့ ခြေကန် အားပြုဆွဲကြရတာ မဟုတ်လား"

"လွန်ဆွဲပွဲတွေကို ကြည့်မိတိုင်း အဝတ်ဖြူစ တစ်ဖက်ဖက်ပါသွားမှာကို ကျွန်မအရမ်းစိုးရိမ်မိပါတယ်။ ဒီလိုပါပဲ ပြိုင်ဆိုင်မှုပြင်းလို့ လွန်ကြိုးလေးပြတ်သွားမှာကိုလည်း ကျွန်မ စိုးရိမ်မိပြန်တာပါပဲ။ မဖြစ်နိုင်တဲ့ဆုကိုလည်း ကျွန်မ တောင်းမိပြန်တယ်ရှင်။ အဝတ်ဖြူစလေး ဘယ်ဘက်ကိုမှ လွတ်လွတ်ကျွတ်ကျွတ် ပါမသွားပါစေနဲ့လို့။ လွန်ကြိုးပေါ်က အဝတ်ဖြူစလေး ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိမ်းလိုက်နဲ့ ဘယ်ညာနွဲ့နေတာကိုကြည့်ပြီး ခံစားရတဲ့ရသသစ်ကို ကျွန်မ အကြိုက်ဆုံးပါ"

"အဲဒါကြောင့် အချစ်နဲ့ပတ်သက်ပြီး ကျွန်မရဲ့ရပ်တည်ချက်ကို ပြောရမယ်ဆိုရင်တော့ ကျွန်မဟာ လွန်ကြိုးလေးပေါ်က အဝတ်ဖြူစလေးရဲ့နေရာမှာ ရှိနေလိမ့်မယ် ထင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်မဟာ ပုထုဇဉ်တစ်ယောက်ဖြစ်လို့ပါပဲ"

သက်ထားပြုံးမိပြန်သည်။ သူပြောသောစကားတစ်ခွန်းကို ကြားယောင်၍ ဖြစ်သည်။

"ညီမလေး ကလောင်နာမည်ပြောင်းလိုက်တော့။ သက်ထားခင် (မန်းတက္ကသိုလ်) က ညီမနဲ့ မလိုက်ဖက်ဘူး။ မငွေ့ (မန်းတက္ကသိုလ်) လို့ ပြောင်းလိုက်" တဲ့။

ဝေ့လည်လည်ပြောဆိုဆက်ဆံတတ်တဲ့ ယဉ်ကျေးမှုဟာ သက်ထားတို့လို အပျိုကြီးတွေရဲ့ မူပိုင်စရိုက်လက္ခဏာတစ်ခုဖြစ်တယ်ဆိုတာ သူမသိလေရောသလား။

**တက္ကသိုလ်စိုးစံ**



# ခန္ဓာကိုယ်ခုခံစွမ်းအားကို မြှင့်တင်ပေးတဲ့ ဟင်းသီးဟင်းရွက်များ

အေမီချို

ဒီနေ့ခေတ်ကာလမှာ ကျန်းမာရေးဆိုင်ရာ ပြဿနာတွေဟာ တစ်ဟုန်ထိုး ကြီးထွားလာနေတာကို တွေ့မြင်နေရပါတယ်။ ဒါကြောင့် လူသားတွေဟာ ခန္ဓာကိုယ်ရဲ့ ခုခံစွမ်းအားကို မြှင့်တင်ပေးနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေလာကြရာ အနားယူအပန်းဖြေခြင်းကလည်း ခန္ဓာကိုယ်ရဲ့ ခုခံစွမ်းအားတိုးမြှင့်မှုကို အထောက်အပံ့ပေးတယ်လို့ သိရပါတယ်။ သို့သော်လည်း ခန္ဓာကိုယ်ခုခံစွမ်းအားကို မြှင့်တင်ပေးရာမှာ အရိုးရှင်းဆုံးနဲ့ အကျိုးသက်ရောက်မှုအရှိဆုံးကတော့ ဟင်းသီးဟင်းရွက်တွေကို စားသုံးပေးခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်ရဲ့ ခုခံစွမ်းအားကို မြှင့်တင်ပေးနိုင်မယ့် သင်စားသုံးသင့်တဲ့ ဟင်းသီးဟင်းရွက်စာရင်းကို ဖော်ပြပေးလိုက်ပါတယ်။

### ၁။ ကြက်သွန်ဖြူ

ကြက်သွန်ဖြူမှာပါဝင်တဲ့ allicin ဓာတ်က ခန္ဓာကိုယ်တွင်းမှာရှိတဲ့ ဆဲလ်များကို ညီညွတ်မျှတစေပါတယ်။ ဒါ့အပြင် ရောဂါပိုးမွှားများကို သေစေနိုင်တဲ့ စွမ်းအင်သတ္တိရှိပြီး ကင်ဆာအပါအဝင် အနာရောဂါများဖြစ်ပွားမှုကို တားဆီးကာကွယ်ပေးပါတယ်။

### ၂။ ဂေါ်ဖီမျိုးနွယ်ဝင် ဟင်းသီးဟင်းရွက်များ

မုန်ညင်းထုပ်၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာစိမ်း၊ မုန်လာဥဖြူစတဲ့ ဂေါ်ဖီမျိုးနွယ်ဝင် ဟင်းသီးဟင်းရွက်များမှာတော့ ဆာဖာဓာတ်ပါဝင်တယ်လို့ သိရပါတယ်။ ဆာဖာဓာတ်က ခန္ဓာကိုယ်ရဲ့ ခုခံစွမ်းအားကို တိုးမြှင့်စေပြီးကင်ဆာမဖြစ်စေရန် တားဆီးလုပ်ဆောင်ပေးတဲ့ ခန္ဓာကိုယ်ရဲ့ လုပ်ငန်းစဉ်များကိုလည်း ချိတ်ဆက်ပံ့ပိုးပေးပါတယ်။

### ၃။ ကြက်သွန်နီ

ဘိုးဘွားဘီဘင်များ လက်ထက်မှစပြီး ယနေ့အချိန်အထိ ဟင်းချက်ရာမှာ ကြက်သွန်နီကို ထည့်သွင်းချက်ပြုတ်လာခဲ့ကြပေမဲ့ ကြက်သွန်နီရဲ့ အစွမ်းအာနိသင်ကိုတော့ သတိမပြုမိတတ်ကြပါဘူး။ တကယ်တော့ ကျွန်ုပ်တို့ နေ့စဉ်စားသုံးဖြစ်နေတဲ့ ကြက်သွန်နီဟာ အနံ့အရသာကောင်းမွန်တဲ့အပြင် အင်တီအောက်ဆီဒင့်ဓာတ်တွေ ကြွယ်ဝစွာပါဝင်နေတာကြောင့် ဟင်းသီးဟင်းရွက်တစ်မျိုးပဲဖြစ်ပါတယ်။ ဒါ့ပြင် ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ ရောင်ခြယ်ဓာတ်ကိုလည်း ကြက်သွန်နီမှ ရရှိနိုင်ပြီး ခန္ဓာကိုယ်အတွက်အကျိုးကျေးဇူးရှိစေတဲ့ ဓာတ်အာနိသင်တွေများစွာပါဝင်တယ်လို့သိရပါတယ်။ ကြက်သွန်နီဟာ သွေးတိုးကိုလည်း ကျစေပြီး ဓာတ်မတည့်မှုတွေကို ကုသရာမှာလည်း အသုံးဝင်တယ်လို့ သိရပါတယ်။

> ပန်းငရုတ်ပွမှာ
> ဗီတာမင် C ဓာတ်
> မြင့်မားစွာပါဝင်တဲ့အပြင်
> ဗီတာကာရိုတင်းဓာတ်လည်း
> ပါဝင်တာကြောင့်
> ခန္ဓာကိုယ်ရဲ့
> ခုခံစွမ်းအားစနစ်ကို
> မြင့်မားစေပါတယ်။
> ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ဖို့အတွက်
> အဓိကသော့ချက်က . . .

### ၄။ ခရမ်းချဉ်သီး

ခရမ်းချဉ်သီးမှာ သဘာဝက ပေးအပ်ထားတဲ့ လီကိုပင်းဓာတ်ပါဝင်ပြီး အင်တီအောက်ဆီဒင့်ဓာတ်လည်း ပါဝင်တယ်လို့သိရပါတယ်။ ပါဝင်တဲ့ ဓာတ်တွေရဲ့ ထူးကဲတဲ့အကျိုးအာနိသင်ကြောင့်ကင်ဆာဖြစ်ပွားမှုကို တားဆီးကာကွယ်ပေးပြီး အထူးသဖြင့် ဆီးလမ်းကြောင်းဆိုင်ရာလုပ်ငန်းဆောင်တာကို ပိုမိုကောင်းမွန်စေတဲ့ အစွမ်းအာနိသင်ရှိတယ်လို့ သိရပါတယ်။ ဒါ့ပြင် ခရမ်းချဉ်သီးမှာ ဘီတာကာရိုတင်းဓာတ်နှင့် ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ အမျှင်ဓာတ်တွေလည်း ကြွယ်ဝစွာ ပါဝင်ပါတယ်။

### ၅။ မှို

မှိုမှာပါဝင်တဲ့ ဓာတ်က ကင်ဆာဖြစ်ပွားမှုကို လျှော့ချပေးတဲ့နေရာမှာ တိုက်ရိုက်အကျိုးပြုပြီး အထူးသဖြင့် ရင်သားကင်ဆာဖြစ်လာနိုင်မှုကို အထူးလျှော့ချပေးတယ်လို့ ဆိုထားပါတယ်။ မှိုဟာ ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်များထဲမှ ခေါင်းဆောင်ဆဲလ်ဖြစ်တဲ့ T Cells များကို ပွားများစေပြီး ရောဂါပိုးမွှားများရဲ့ တိုက်ခိုက်မှုကို ပိုမိုခုခံကာကွယ်ပေးနိုင်ပါတယ်။ ဒါ့အပြင် မှိုဟာ အရသာထူးကဲကောင်းမွန်တဲ့ အစားအစာတစ်မျိုးပဲ ဖြစ်ပါတယ်။









### ၆။ နို့ကိုဥ

နို့ကိုဥစားသုံးခြင်းက သင့်ခန္ဓာကိုယ်တွင်းရှိ သွေးများ သန့်စင်ဖို့အတွက် အထူးကောင်းမွန်စေတယ်လို့ သိရပါတယ်။ နို့ကိုဥမှာ သံဓာတ်ပြည့်ဝစွာ ပါဝင်ပြီး သွေးနီဥများအတွင်းသို့ အောက်ဆီဂျင်ပို့ဆောင်ပေးမှုလုပ်ငန်းဆောင်တာကို တိုးမြှင့်ပေးပြီး သွေးဖြူဥများရဲ့ ခုခံနိုင်စွမ်းအားကိုလည်း ကောင်းမွန်စေပါတယ်။ ဒါ့အပြင် ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များကိုလည်း ဖယ်ရှားရှင်းလင်းပေးပါသေးတယ်။

### ၇။ ဟင်းနုနယ်

ဟင်းနုနယ်မှာ ပါဝင်တဲ့ ဘီတာကာရိုတင်းနဲ့ ဗီတာမင် A တို့က ခန္ဓာကိုယ်ရဲ့ခုခံစွမ်းအားကို တိုးမြှင့်ပေးနိုင်တဲ့ အစွမ်းအာနိသင်ရှိပါတယ်။ ဒါ့ပြင် Zinc ဓာတ်နဲ့ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်တဲ့ သတ္တုဓာတ်တွေ ပါဝင်တာကြောင့်လည်း ခန္ဓာကိုယ်ရဲ့ ခုခံစွမ်းအားကို မြင့်တက်စေတဲ့ အစားအစာတစ်မျိုးပဲ ဖြစ်ပါတယ်။

### ၇။ ကညွတ်

ကညွတ်ဟာ အရသာထူးကဲကောင်းမွန်ရုံသာမက ဆီးလမ်းကြောင်းဆိုင်ရာကိုလည်း ကောင်းမွန်စေပါတယ်။ ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားရှင်းလင်းရာမှာ အားပေးကူညီပေးပြီး ခန္ဓာကိုယ်တွင်းကို သန့်စင်စေရုံသာမက ဓာတ်မတည့်မှု (သို့) အဆိပ်အတောက်ကြောင့် ခန္ဓာကိုယ်ကို ဖူးရောင်စေတဲ့ ဓာတ်များကိုလည်း ဆန့်ကျင်တိုက်ခိုက်ပေးပါတယ်။

### ၉။ ပန်းငရုတ်ပွ

ပန်းငရုတ်ပွမှာ ဗီတာမင် C ဓာတ် မြင့်မားစွာပါဝင်တဲ့အပြင် ဗီတာကာရိုတင်းဓာတ်လည်း ပါဝင်တာကြောင့် ခန္ဓာကိုယ်ရဲ့ ခုခံစွမ်းအားစနစ်ကို မြင့်မားစေပါတယ်။ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ဖို့အတွက် အဓိကသော့ချက်က ဟင်းသီးဟင်းရွက်များကို စားသုံးပေးခြင်းပဲဖြစ်တယ်လို့ ဆိုစကားရှိပါတယ်။

အေမီချို





# လောကသုံးပါး၏ယနေ့အခြေအနေ

ကျော်ဦး

သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ မိမိခန္ဓာကိုယ်မှအပဖြစ်သော အရာအားလုံးဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သိပ္ပံပညာကျော်အဲလ်ဘတ်အိုင်းစတိုင်းကလည်း "မိမိကိုယ်မှအပဖြစ်သော အရာအားလုံးဟာ သဘာဝပတ်ဝန်းကျင်ပါပဲ" ဟု ပြောခဲ့သည်။ သဘာဝပတ်ဝန်းကျင်၏ အဓိပ္ပာယ်ကို ဗုဒ္ဓဓမ္မလာ 'လောကသုံးပါး' ဖြင့် သုံးသပ်ကြည့်လျှင် ယင်းဖွင့်ဆိုချက်များထက် ပိုပြည့်စုံ၍ ပိုမိုသဘောပေါက်လာမည် ဖြစ်သည်။

ရေ၊ မြေ၊ တော၊ တောင်တည်းဟူသော ဩကာသလောက၊ သက်ရှိအပေါင်းတို့ဖြင့် ဖွဲ့စည်းထားသော သတ္တလောကနှင့် လုပ်ဆောင်ခြင်း၊ ပြုပြင်စီရင်ခြင်းစသည်တို့၏ အပေါင်းဖြစ်သော သင်္ခါရလောကဟူ၍ လောကသုံးပါးရှိသည်။ ဩကာသလောကသည် သူ့ဘာသာသာနေလျှင် သိသာသော ပျက်စီးယိုယွင်းခြင်းတို့နှင့် ကြုံတွေ့ရန် မလွယ်လှပေ။ သတ္တလောကတွင်ပါသော သက်ရှိတို့ အထူးသဖြင့် လူသားတို့၏ အမျိုးမျိုးသောလုပ်ဆောင်ချက် သို့မဟုတ် သင်္ခါရလောကကြောင့်သာလျှင် ပျက်စီးယိုယွင်းသည်။

သက်ရှိတို့တွင် အသိဉာဏ်အမြင့်မားဆုံးဟုဆိုသည့် လူသားတို့၏ လုပ်ဆောင်ချက်များ ဖြစ်ကြသော သယံဇာတအလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ လူနေမြို့ရွာနှင့်စက်မှုလုပ်ငန်းများမှ အဆိပ်ဓာတ်ငွေ့၊ အရည်နှင့် အမှိုက်သရိုက်များ စွန့်ပစ်ခြင်းတို့သည် တစ်ချိန်က နေချင်စဖွယ်ကောင်းခဲ့သော သဘာဝပတ်ဝန်းကျင် သို့မဟုတ် မြေ၊ လေ၊ ရေ အပေါင်းအစုဖြစ်သော ဩကာသလောကကြီးကို ထိခိုက်စေလျက်ရှိသည်။ ဤသည်ကို သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုဟု ဆိုကြသည်။

သိပ္ပံပညာ မည်မျှတိုးတက်သည်ဆိုစေကာမူ လူတို့သည် မိမိတို့မျိုးနွယ်ရှင်သန်ရေးအတွက် သဘာဝ မြေ၊ လေ၊ ရေတို့ပေါ်တွင် လုံးလုံးလျားလျား တည်မှီနေရသည်။ လူတို့သည် မိမိတို့ကို အသက်ဆက်ပေးနေသော သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် မလွဲမသွေလိုက်နာရမည့် ကျင့်ဝတ်များကို နားလည်ထားရမည်။ ထိုသို့ နားလည်ရန် သဘာဝပတ်ဝန်းကျင်၏ အကြောင်း

ကို ဂယနဏာသိဖို့ လိုအပ်သည်။ သိပြီးလျှင် သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာရမည်။ ယနေ့ သဘာဝပတ်ဝန်းကျင် အပျက်ဘက်သို့ ဦးတည်နေခြင်းမှာ ယင်း၏ သဘောကို ရင်ထဲနှလုံးထဲရောက်အောင် မသိကြ၊ မသိသဖြင့် လိုက်နာရမည့် ကျင့်ဝတ်များကို မလိုက်နာကြသော ကြောင့်ပင် ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ပညာရပ်သည် လူတို့နှင့် အခြားသက်ရှိများ၊ သက်မဲ့များ တစ်ခုနှင့်တစ်ခု ပတ်သက်ဆက်နွှယ်နေပုံကို လေ့လာသည်။ လေ့လာခြင်းတွင် ရည်ရွယ်ချက်သုံးခုရှိသည်။ သဘာဝတရားများ မည်သို့အလုပ်လုပ်ပုံကို သိရှိရန်၊ လူနှင့်သဘာဝပတ်ဝန်းကျင်တို့ မည်သို့ဆက်စပ်နေပုံကို ဖော်ထုတ်ရန်၊ သဘာဝပတ်ဝန်းကျင် ပြဿနာများကို ဖြေရှင်း၍ ရေရှည်တည်တံ့နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန်တို့ ဖြစ်ကြသည်။ သဘာဝပတ်ဝန်းကျင် ရေရှည်တည်



တံ့မှ လူအပါအဝင် သက်ရှိတို့လည်း ရေရှည်တည်တံ့နိုင်မည်။

သဘာဝပတ်ဝန်းကျင်ကို လေ့လာသည့် ဘာသာရပ်ကို ဂေဟဗေဒဟုခေါ်သည်။ ဂေဟဗေဒတွင် ဇီဝဗေဒ၊ ဓာတုဗေဒ၊ ဘူမိဗေဒစသည့် သိပ္ပံပညာရပ်များ၊ ပထဝီဝင်၊ ဘောဂဗေဒ၊ နိုင်ငံရေးသိပ္ပံစသည့် လူမှုရေးပညာရပ်များအပြင် ဒဿနဗေဒ၊ ကျင့်ဝတ်ပညာတို့သည်လည်း ရောယှက်ပါဝင်နေသည်။ ဂေဟဗေဒသည် ယင်းဘာသာရပ်ခွဲများကို အသုံးချ၍ ဂေဟစနစ်များရှိ သက်ရှိတို့ကို အဓိက လေ့လာသည်။

ဂေဟစနစ်ဆိုသည်မှာ သတ်မှတ်ထားသော နယ်နိမိတ်ဧရိယာအတွင်းရှိ သက်ရှိတို့၏ အစုအဖွဲ့ကို ခေါ်သည်။ ယင်းအစုအဖွဲ့တွင်ပါသော သက်ရှိတို့သည် မိမိတို့အချင်းချင်းသော်လည်းကောင်း၊ မိမိတို့၏ဝန်းကျင်ရှိ သက်မဲ့များနှင့် သော်လည်းကောင်း ဆက်ဆံထိတွေ့ဖြစ်ပျက်ပြောင်းလဲနေကြသည်။ ဥပမာ - သစ်တောဂေဟစနစ်တစ်ခု၌ အပင်အမျိုးမျိုး၊ အကောင်အမျိုးမျိုးနှင့် ဗက်တီးရီးယားစသော ပိုးကောင်ငယ်အမျိုးမျိုးတို့သည် မိမိတို့အချင်းချင်းအပြင် ဝန်းကျင်ရှိ မြေ၊ ရေ၊ လေ သက်မဲ့များ၊ ယင်းဂေဟစနစ်တွင်းသို့ ကျရောက်တည်ရှိသည့် နေရောင်နှင့် အခြားစွမ်းအင်များ၊ ဓာတ်ပစ္စည်းများနှင့် ထိတွေ့ဓာတ်ပြုခြင်းဖြင့် ရှင်သန်လှုပ်ရှားနေကြသည်။ အလားတူ မြို့တစ်မြို့၊ ရွာတစ်ရွာတွင် ဒေသခံလူများသည် မိမိတို့အချင်းချင်းသာမက ပတ်ဝန်းကျင်ရှိ အပင်များ၊ အကောင်များ၊ ရေမြေတောတောင်များ စသည်တို့နှင့် ကောင်းစွာထိတွေ့ဆက်ဆံကြရသည်။ ရှိသမျှ အပင်များ၊ အကောင်များကို ခုတ်ထွင်သတ်ဖြတ်လျှင် အနီးရှိတောတောင်များကို ဖျက်ဆီးလျှင် ဂေဟစနစ်ရှင်သန်နိုင်ခြင်းမရှိတော့၍ ယင်းမြို့၊ ယင်းရွာသည် ရေရှည်တွင် ပျက်စီးတိမ်ကောရမည်သာဖြစ်သည်။

စီးပွားရေးကဏ္ဍလည်ပတ်နိုင်ရန် ငွေကြေး ဥစ္စာ ပစ္စည်း၊ အိမ်၊ ခြံ၊ မြေစသည့် အရင်းအနှီးများ ရှိရမည်ဖြစ်သကဲ့သို့ ထိုသို့ဂေဟစနစ်များနှင့် သက်ရှိတို့ ရှင်သန်နိုင်ရန် သဘာဝရေမြေတောတောင်များ၊ သယံဇာတများ၊ စွမ်းအင်များစသည့် အရင်းအနှီးများ သို့မဟုတ် အရင်းအမြစ်များကို မရှိမဖြစ် လိုအပ်သည်။

အဆိုပါအရင်းအမြစ်များတွင် ကျောက်မီးသွေး၊ ရေနံ၊ ဓာတ်သတ္တုများစသည့် သုံးစွဲ၍ ကုန်ခန်းသွားနိုင်သော အရင်းအမြစ်များနှင့် လေ၊ ရေ၊ မြေ၊ နေရောင်ခြည်စသည့် သုံးစွဲသော်လည်း မကုန်ခန်းဘဲ ပြန်လည်ပြည့်တင်းနိုင်သည့် ပြန်ပြည့်မြဲအရင်းအမြစ်များဟူ၍ နှစ်မျိုးရှိသည်။ လူနှင့်သက်ရှိများ ကမ္ဘာပေါ်တွင် ရေရှည်ရှင်သန်နိုင်အောင် ကုန်ခန်းသွားနိုင်သော အရင်းအမြစ်များကို ဉာဏ်နှင့်ယှဉ်၍ သုံးရမည်ဖြစ်သကဲ့သို့ ပြန်ပြည့်မြဲ အရင်းအမြစ်များကို ပုံမှန်အရည်အသွေးအတိုင်း ထိန်းသိမ်းထားရန် အထူးအရေးကြီးရာယင်းတာဝန်ကို သဘာဝတရားက သဘာဝဝန်ဆောင်မှုများဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

သဘာဝဝန်ဆောင်မှုများအနက် ဥပမာတစ်ခုမှာ ရေဆိုးများကို သန့်စင်ပေးခြင်းဖြစ်သည်။ လူတို့စွန့်ထုတ်လိုက်သော အညစ်အကြေးများ၊ ရေဆိုးများသည် မြစ်ချောင်းများအတွင်းသို့ စီးဆင်းဝင်ရောက်လာသောအခါ ယင်းရေဆိုး

**ထို့အတူ လေထဲရောက်လာသော မိုးဒိုးငွေ့များကိုတိုက်ခတ်နေသောလေတို့က ရောမွှေကာ နေရာအနှံ့ပြန့်နှံ့စေခြင်းဖြင့် ဆိုးကျိုးအာနိသင်ကို လျော့ချ ပျက်ပြယ်စေခြင်းသည်လည်း သဘာဝဝန်ဆောင်မှုပင်ဖြစ်သည်။**

ထက် ပမာဏများသော မြစ်ရေ၊ ချောင်းရေတို့က ရောမွှေပစ်လိုက်ခြင်း၊ ယင်းရေအရောကို လှိုင်းနှင့် ဝဲဂယက်များက အထက်အောက်ပြောင်းပြန်လှန်ခြင်းဖြင့် အောက်ဆီဂျင်နှင့် ထိတွေ့စေကာ သန့်စင်ပေးခြင်း၊ ရေထုတွင်းရှိ ဗက်တီးရီးယားစသော ပိုးမွှားများ၊ အပင်ငယ်များက ဇီဝဓာတုနည်းဖြင့် ထိတွေ့ဓာတ်ပြုသန့်စင်ခြင်းတို့သည် ရေထု၏ သဘာဝဝန်ဆောင်မှုပင် ဖြစ်သည်။

ထို့အတူ လေထဲရောက်လာသော မိုးခိုးငွေ့များကို တိုက်ခတ်နေသောလေတို့က ရောမွှေကာ နေရာအနှံ့ ပြန့်နှံ့စေခြင်းဖြင့် ဆိုးကျိုးအာနိသင်ကို လျော့ချပျက်ပြယ်စေခြင်းသည်လည်း သဘာဝဝန်ဆောင်မှုပင်ဖြစ်သည်။ မြေပေါ်ကျရောက်လာသော အညစ်အကြေးများကို သစ်မြစ်များ၊ ပိုးမွှားများက သန့်စင်စေခြင်းဖြင့် ဝန်ဆောင်မှုပေးသည်။ အထက်ပါ သဘာဝဝန်ဆောင်မှုများကြောင့် ဖြစ်ပေါ်တည်ရှိနေသော ရေသန့်၊ လေသန့်၊ မြေသန့်တို့ကို သောက်သုံးရှူရှိုက်အသုံးချခြင်းဖြင့် လူအပါအဝင် သက်ရှိတို့ ကောင်းစွာရှင်သန်နေနိုင်ခဲ့သည်မှာ ၂၀ ရာစုအလယ်ပိုင်းအထိဖြစ်သည်။

သို့သော် ယင်းအချိန်နောက်ပိုင်းမှစ၍ ကမ္ဘာတွင် လူဦးရေများလွန်းလာကာ လူနေမှုအဆင့်လည်း တိုးတက်လာခဲ့သဖြင့် မြေ၊ လေ၊ ရေထုအတွင်းသို့ စွန့်ပစ်ပစ္စည်းများ ပိုဝင်လာသည်။ ယင်းတို့ကို သန့်စင်ဖယ်ရှားပေးသည့် သဘာဝဝန်ဆောင်မှုများ မနိုင်မနင်းဖြစ်လာသည်။ လူတို့တီထွင်ဖန်တီးအပ်သော နည်းပညာတို့ဖြင့် သဘာဝဝန်ဆောင်မှုများ၏ ပမာဏနှင့်စွမ်းရည်ကိုမြှင့်တင်ပေးသည့်တိုင်အောင်မှ မြေထု၊ လေထု၊ ရေထု ညစ်သထက် ညစ်လာနေသည်။

ကုန်ခန်းသွားနိုင်သော အရင်းအမြစ်များကို တစ်ဖက်က မဆင်မခြင် ထုတ်ယူသုံးစွဲနေကြခိုက် ပြန်ပြည့်မြဲအရင်းအမြစ်များ၏ အရည်အသွေးကို အရေးမထားသော လုပ်ဆောင်နေမှုများ သို့မဟုတ် သင်္ခါရလောကကြောင့် ဩကာသလောက သို့မဟုတ် သဘာဝပတ်ဝန်းကျင်သည် ယိုယွင်းရုံမက အချို့နေရာများတွင် ပျက်စီးသည့်အဆင့်အထိပင် ရောက်ရှိနေကာ နောက်ဆုံး သတ္တလောက ပျက်စီးသည်အထိ ဦးတည်သွားနိုင်ကြောင်း လူအတော်များများ မသိရှိကြသေးချေ။

**ကျော်ဦး**






# တော်ဝင်မဟုတ်သော်ငြား

## စည်းလုံးခြင်းကို အားအဖြစ်ယူကာ နိုင်ငံကိုအုပ်ချုပ်နေတဲ့

# ဘယ်လ်ဂျီယံတော်ဝင်တို့အကြောင်း

နန်းစံမဒီ

ဥရောပရဲ့ အနောက်ဘက်ခြမ်းမှာတည်ရှိပြီး အမေရိကန်ပြည်ထောင်စုရဲ့ မယ်ရီလန်းပြည်နယ် တစ်ခုစာသာရှိတဲ့ ဘယ်လ်ဂျီယံနိုင်ငံဟာ ကနေ့ကမ္ဘာ့ထိပ်တန်းစက်မှုနိုင်ငံတွေထဲက တစ်ခုဖြစ်ပါတယ်။ သဘာဝသယံဇာတ ပေါကြွယ်ဝမှုသိပ်မရှိပေမဲ့ ကမ္ဘာ့အကောင်းဆုံးဆိုတဲ့ စိန်တွေကို ဘယ်လ်ဂျီယံနိုင်ငံရှိ Antwerp အရပ်မှာ ရရှိပြီး ကမ္ဘာ့စိန်သိုက်တွေထဲက တစ်ခုဖြစ်ကာ ကမ္ဘာတစ်ဝန်း ၉၀ ရာခိုင်နှုန်းသော စိန်ရိုင်းတွေကိုတူးဖော်ရရှိနေတဲ့ နေရာတစ်ခုပဲဖြစ်ပါတယ်။ နောက်ထပ်တစ်ခုကတော့ ရေနံသဘာဝဓာတ်ငွေ့တွေ ထွက်ရှိမှုများစွာ ရှိနေတာပဲ ဖြစ်ပါ တယ်။ တိုင်းပြည်သေးပြီး စုစုပေါင်းကုန်းမြေဧရိယာ ၁၁၆၇၂ စတုရန်းမိုင်သာရှိပေမဲ့ စိန်၊ စတီးလ်နဲ့ ပတ်သက်တဲ့ စက်မှုလုပ်ငန်းတွေကို အိန္ဒိယနိုင်ငံနဲ့ အင်္ဂလန်နိုင်ငံတို့ ပူးတွဲလုပ်ကိုင်နေပြီး ဘယ်လ်ဂျီယံဟာ ဒီနှစ်နိုင်ငံရဲ့ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံလည်း ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံနိုင်ငံဟာဘုရင်စနစ်ကျင့်သုံးတဲ့နိုင်ငံဖြစ်ပြီး အခြားဥရောပနိုင်ငံတွေရဲ့ ဘုရင်စနစ်တွေနဲ့ ကွာခြားနေတာက ဘုရင်ဟာ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာဖြစ်နေတာပါပဲ။ ဒီဘုရင်စနစ်ဟာ စည်းမျဉ်းခံ ဘုရင်စနစ်လိုမဟုတ်ဘဲ အုပ်ချုပ်မှုမှာ ပါလီမန်ဆန်တဲ့ ဒီမိုကရေစီပုံစံဖြစ်ပြီး ရုံးသုံးစကား ၃ မျိုးရှိတဲ့အတွက် Wallonia၊ Flanders နဲ့ Bilingual Brussels - Capital ဆိုပြီး ဒေသသုံးခုခွဲခြားကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးထားပါတယ်။ ဒီလိုပြောလိုက်ရင် ဒေသနဲ့ ပတ်သက်ပြီး ရှုပ်ထွေးသွားနိုင်တာကြောင့် လွယ်လွယ်ပြောရရင် ရုံးသုံးဘာသာစကားတွေဖြစ်တဲ့ Flemish၊ French နဲ့ German ဘာသာတွေ သုံးတဲ့ အသိုင်းအဝိုင်းအားလုံးအတွက် သူ့ဘာသာ သူအုပ်ချုပ်နိုင်ခွင့်ကို ပေးထားတာပဲဖြစ်ပါတယ်။ ရုံးသုံးဘာသာစကား ၃ မျိုးဖြစ်ရတာဟာ နယ်သာလန်နဲ့မြောက်ဘက်မှာ ဧရိယာထိစပ်နေပြီး ဂျာမနီ၊ ပြင်သစ်၊ ဒတ်ချ်တို့နဲ့ နယ်နိမိတ်ချင်းနီးလွန်းနေတာကြောင့်ပဲ ဖြစ်ပါတယ်။

### တော်ဝင်တွေမဟုတ်ခဲ့တဲ့ ဘယ်လ်ဂျီယံတို့ရဲ့ ဘုရင်စနစ်အစ

ဘယ်လ်ဂျီယံဘုရင်စနစ်ကို ဘယ်လ်ဂျီယံနိုင်ငံလွတ်လပ်ရေးရတဲ့



၁၈၃၀ ပြည့်နှစ်မှ နိုင်ငံတော် ကွန်ဂရက်ကစပြီး တည်ထောင်ခဲ့တာပါ။ စတင်တည်ထောင်ကတည်းက ဘုရင်စနစ်ကို စည်းမျဉ်းခံဘုရင်စနစ်ဖြစ်သော်ငြား ရုပ်ပြဘုရင်မဟုတ်ဘဲ အစိုးရဆန်တဲ့ ဘုရင်စနစ်အဖြစ် တည်ထောင်ခဲ့တာပါ။ ၁၈၃၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂၂ ရက်မှာ ကွန်ဂရက်က မဲကောက်ခံခဲ့တဲ့အခါ ထောက်ခံမဲ ၁၇၄ မဲနဲ့ ကန့်ကွက်မဲ ၁၃ မဲ ရရှိခဲ့ပါတယ်။ အစကတော့ ပြင်သစ်ဘုရင် Louis Philippe ရဲ့ သားတော် မြို့စား Louis ကို လျာထားပေမဲ့ နိုင်ငံတကာက ပြင်သစ်ဘုရင်ကို ဖိအားပေးတဲ့အတွက် နန်းမပေးခဲ့ရဘဲ Prince Leopold of Saxe- Coburg ကို ဘုရင်အဖြစ် ပြန်လည်ရွေးချယ်ကာ ၁၈၃၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှာ Coud-enberg နန်းတော်မှာ နန်းတက်ပွဲကျင်းပပြီး ဒီနေ့ကို အခုလက်ရှိ ဘယ်လ်ဂျီယံနိုင်ငံရဲ့ အမျိုးသားနေ့အဖြစ် သတ်မှတ်ပေးထားပါတယ်။

## ဘယ်လ်ဂျီယံနိုင်ငံရဲ့ လက်ရှိဘုရင်

ဘယ်လ်ဂျီယံနိုင်ငံရဲ့ လက်ရှိဘုရင်ကတော့ King Philippe ဖြစ်ပြီး သူဟာ ဖခင်ကြီး King Albert II ဆီကထီးနန်းကို ၂၁ ရက်၊ ၇ လ၊ ၂၀၁၃ ခုနှစ်မှာ စတင်လက်ခံခဲ့ရတာပါ။ သူဟာ ဘုရင်ကြီး Albert II နဲ့ ဘုရင်မကြီး Paola ရဲ့ သားသမီးသုံးယောက်အနက် သားကြီးဩရသဖြစ်တာကြောင့် ဘယ်လ်ဂျီယံနိုင်ငံရဲ့ ခုနစ်ဆက်မြောက်မင်းအဖြစ် ထီးနန်းဆက်ခံခဲ့တာပါ။ ရှေးပဝေသဏီကတည်းက ရှိလာခဲ့တဲ့ မင်းမျိုးနွယ်တော်ဝင်မဟုတ်တာကြောင့်လို့ ပြောရမလား မသိပါဘူး။ ဘယ်လ်ဂျီယံမှာ ထီးနန်းလွှဲတဲ့အခါ ဖခင်မှသား၊ သားမှမြေးစသဖြင့် လွှဲလို့မရဘဲ ပါလီမန်ရဲ့ခွင့်ပြုချက်အရ လွှဲရမည်ဖြစ်ကြောင်း အခြေခံဥပဒေရဲ့ အပိုဒ် (၉၁) မှာ အတိအလင်း ထည့်သွင်းထားပါတယ်။ ပါလီမန်ကလည်း ဒီအတိုင်းခွင့်ပြုရမှာမဟုတ်ဘဲ ပါလီမန်နှစ်ရပ်လုံး သဘောတူညီချက်ရအောင် နန်းမလွှဲခင် ၁၀ ရက်အတွင်း တွေ့ဆုံညှိနှိုင်းပြီးမှ အတည်ပြုပေးရပါတယ်။



လက်ရှိဘုရင် Philippe ကို ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ ၁၅ ရက်နေ့မှာ မွေးဖွားခဲ့တာမို့ ကနေ့ အသက် ၅၄ နှစ်ရှိပါပြီ။ ဥရောပရှိတော်ဝင်တို့အနက် ဒုတိယအသက်အငယ်ဆုံး ဘုရင်ဖြစ်လာပြီး သူ့ရှေ့မှာ နယ်သာလန်နိုင်ငံရဲ့ ဘုရင်ဝီလျံအလက်ဇန်းနား (အသက် ၄၇ နှစ်) ပဲ ရှိပါတယ်။

ဘုရင်မဖြစ်မီ မင်းသားဘဝမှာ ငယ်စဉ် ကျောင်းသားဘဝကို ရိုးရိုးအရပ်သားကျောင်းမှာတက်ခဲ့ကာ အလယ်တန်းပြီးတာနဲ့ Royal Military Academy မှာ သွားရောက် ပညာသင်ကြားပြီး အသက် ၂၁ နှစ်အရွယ် ၁၉၈၄ ခုနှစ်မှာ ဘွဲ့ရခဲ့ပါတယ်။ ပြီးတဲ့အခါ ထရှိုင်နစ်တီတက္ကသိုလ်၊ အောက်



စဖို့ဒ်တက္ကသိုလ်နဲ့ စတန်းဖို့ဒ်တက္ကသိုလ်တို့မှာ ထပ်မံပညာသင်ကြားခဲ့ပြီး ၁၉၈၅ ခုနှစ်မှာ နိုင်ငံရေးသိပ္ပံဘွဲ့ကို ရရှိခဲ့ပါတယ်။

ဘုရင်ကြီးဟာ ဘယ်လ်ဂျီယံနိုင်ငံရဲ့ လူငယ်တွေကို အထူးစိတ်ဝင်စားပြီး သူတို့တစ်တွေဟာ တစ်နေ့မှာ ဘယ်လ်ဂျီယံနိုင်ငံကို တိုးတက်အောင် ပြုလုပ်ပေးမယ့်သူလို့ ယုံကြည်သူပါ။ ဒါကြောင့် တက္ကသိုလ်နဲ့ ကျောင်းများကို မကြာခဏသွားလည်ပြီး သူ နောက်ထပ် စိတ်ဝင်စားတဲ့ ပြဿနာကတော့ အလုပ်လက်မဲ့နဲ့ ဆင်းရဲမှုပြဿနာပဲ ဖြစ်ပါတယ်။ သူဟာ အိမ်ထောင်ဖက်ဖြစ်တဲ့ ဘုရင်မကြီး Queen Mathilde နဲ့ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှာ လက်ထပ်ပွဲဆင်နွှဲခဲ့ပြီး သူတို့မင်္ဂလာပွဲကို ကမ္ဘာတစ်ဝန်းက တော်ဝင်များအပါအဝင် ဧည့်ပရိသတ် ၁၂၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။ ဘာသာစကား ၃ မျိုးရှိတဲ့အတွက် ရုံးသုံးဘာသာ ၃ မျိုးနဲ့ သတင်းထုတ်ပြန်ပေးခဲ့ရပါတယ်။ King Philippe ရှေ့က ဘုရင်တွေဟာ များသောအားဖြင့် ဂျာမန်၊ ပြင်သစ်စတဲ့ နိုင်ငံများမှ မင်းသမီးတွေ၊ အရပ်သူတွေနဲ့ ယူခဲ့ကြပေမဲ့ Queen Mathilde ကတော့ ဘယ်လ်ဂျီယံသူစစ်စစ်ဖြစ်ပြီး



မြို့စားသမီးတစ်ဦးပဲ ဖြစ်ပါတယ်။

သူတို့မှာ မင်းသမီး Elisabeth ၁၂ နှစ်၊ မင်းသား Gabriel ၁၀ နှစ်၊ မင်းသား Emmanuel ၈ နှစ်နဲ့ မင်းသမီး Eleonore ၅ နှစ်တို့ ရှိနေပါတယ်။

### နောင်တစ်ခေတ်ရဲ့ အနာဂတ်ဘုရင်မ

နောင်တစ်ခေတ်ရဲ့ အနာဂတ်ဘုရင်မအဖြစ် Princess Elisabeth ဟာ ၁၉၉၁ ခုနှစ်မှာ အသစ်ပြန်လည်ထုတ်ပြန်တဲ့ နန်းဆက်ခံမှုပုံစံအရ ပထမဆုံးကလေးသည် သားဖြစ်ဖြစ်၊ သမီးဖြစ်ဖြစ် ထီးနန်းဆက်ခံခွင့်ရမှာဖြစ်တဲ့အတွက် ဖခင်ဆီက နန်းမွေကို ရတာပဲဖြစ်ပါတယ်။

သူမနန်းဆက်ခံပြီး တစ်နေ့ ဘုရင်မဖြစ်လာရင် သူမဟာ (၁၇၁) နှစ်အတွင်း ဘယ်လ်ဂျီယံထီးနန်းကို စိုးစံခွင့်ရတဲ့ ပထမဆုံးအမျိုးသမီးဆက်ခံသူ ဖြစ်လာပါလိမ့်မယ်။ ကျန်တဲ့ ကလေးသုံးယောက်က သူ့နောက်မှာ အစဉ်လိုက် မင်းဖြစ်ခွင့်ရမှာပဲ ဖြစ်ပါတယ်။ သူမရဲ့ အနာဂတ်ဘုရင်မဆိုတာအပေါ် ဖခင်ကြီးကတော့ တစ်နေ့မှာ အောင်မြင်ကျော်ကြားတဲ့ ဘုရင်မဖြစ်လာစေချင်သလို အမျိုးသမီးကောင်းလည်း ဖြစ်စေချင်ကြောင်း ပြောပြထားပါတယ်။ သမီးတော်ဟာ ၂၀၁၁ ခုနှစ်မှာ လူထုကို ပထမဆုံးမိန့်ခွန်းအဖြစ် ဆေးရုံဖွင့်ပွဲတစ်ခုမှာစကားပြောခွင့်ရခဲ့ပါတယ်။

### တွဲဖက်ညီတဲ့ဘုရင်နဲ့ ဘုရင်မ

တကယ်တော့ ဘုရင်ကြီးထက်စာရင် ညီမတော် Princess Astrid က လူထုကြား ပိုရေပန်းစားခဲ့သူပါ။ ဘုရင်ကြီးဟာ အိမ်ထောင်ပြုပြီးမှ လူထုကြား ရေပန်းစားလာခဲ့တာပဲ ဖြစ်ပါတယ်။ ဘုရင်ကြီးရဲ့ ကြင်ရာတော်ဘုရင်မ Mathilde ဟာ မြို့စားသမီးဖြစ်ပြီး မင်းသားနဲ့မတွေ့ခင်ကတည်းက ဘရပ်ဆဲလ်ရှိ Institut Libre Marie Haps ကနေ အမြင့်ဆုံးအဆင့်နဲ့ ဘွဲ့ရရှိခဲ့ပြီး Speech Therapist အဖြစ် ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ် အထိလုပ်ကိုင်ခဲ့ပြီး သူမဟာ အင်မတန် အောင် မြင်မှုရခဲ့သူလည်း ဖြစ်ပါတယ်။ မျက်မှောက် ခေတ်မှာ ကင်းဘရစ်ချ်မြို့စားကတော် ကက်သရင်းနယ်သာလန်ဘုရင်မ Maxima နဲ့ အပြိုင် Queen Mathilde ဟာ သူမရဲ့အလှနဲ့ ဖက်ရှင်ကျမှုကြောင့် နာမည်ကျော်သူပဲ ဖြစ်ပါ



တယ်။ သူမကို တက်ကြွတဲ့ဘုရင်မ လို့ခေါ်ပြီး သူမ ဟာ ပညာရေးမှာ အတော်ထူးချွန်ကာ လက်ထပ်ပြီးတဲ့နောက် သမီးတော်အကြီး မွေးပြီး တစ်နှစ်အကြာ ၂၀၀၂ ခုနှစ်မှာ စိတ်ပညာဘာသာရပ်ကို မာစတာဒီဂရီ ရခဲ့ပါတယ်။ နိုင်ငံသားတိုင်းကို ချစ်ခြင်းမေတ္တာ၊ လေးစားမှုနဲ့ မှန်ကန်ညီမျှတဲ့ ထောက်ပံ့မှုပေးမယ်ဆိုတဲ့ ဘုရင်မ ဟာ ဘုရင်ကြီးအတွက် လူထုကြား ရေပန်းစားမှုမြင့်မားစေတဲ့ အဓိက လက်နက်ပဲ ဖြစ်ပါတယ်။



နောက်ထပ် သူတို့နှစ်ဦးကြား တွဲဖက်ညီတာက ချစ်ခြင်းမေတ္တာပါ။ လက်ထပ်ပွဲပြီးကတည်းက ပြည်သူကြား ရေပန်းစားမှုဟာ အားလုံးသော တော်ဝင်တွေကို ဖြတ်ကျော်သွားနိုင်ခဲ့တဲ့ ဒီဇနီးမောင်နှံဟာ အလုပ်နဲ့ မိသားစုဘဝကို ဟန်ချက်ညီအောင် အမြဲထိန်းထားနိုင်ပါတယ်။ ချစ်ခင်ကြင်နာမှုအပြည့်နဲ့ တစ်ဦးပေါ်တစ်ဦး ဂရုစိုက်ပြီး အထူးသဖြင့် ဘုရင်ကြီးက ပိုပြီးချစ်ခင်တတ်ကာ ဘုရင်မထက်စာရင် စိတ်ခံစားမှုကို ပေါ်လွင်အောင် ပြသတဲ့သူပဲ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံနိုင်ငံရဲ့ ထူးခြားမှုတွေက···

ဘုရင်စနစ်ကို ပါလီမန်က ဖွဲ့စည်းခဲ့တဲ့အတွက် ဘုရင်စနစ်ဆိုတာဖြစ်လာတဲ့ ဘယ်လ်ဂျီယံဟာ သမိုင်းတစ်လျှောက်မှာလည်း အိမ်နီးချင်း ဂျာမန်နဲ့ ပြင်သစ်ရဲ့ ကျူးကျော်မှုကို ခံခဲ့ရပြီး တိုင်းပြည်လည်း အတော်ကြီး ထိခိုက်ပျက်စီးခဲ့ရပါတယ်။ ဒါပေမဲ့ ဇွဲမလျှော့ဘဲ သူတို့နိုင်ငံကို ၁၈၃၀ ပြည့်နှစ်နောက်ပိုင်းမှာ ပြန်လည်တည်ထောင်နိုင်ခဲ့ပါတယ်။ စည်းလုံးခြင်းသည် အင်အားဆိုတာကို လက်ကိုင်ထားပြီး အာဏာကိုခွဲဝေပေးခြင်းကြောင့် ရုံးသုံးဘာသာ ၃ မျိုးရှိကာ သူ့ယဉ်ကျေးမှု၊ သူ့အသိုင်းအဝိုင်းနဲ့ သီးသန့်နေထိုင်နေသလို နိုင်ငံရပ်ခြားမှ လာရောက်အခြေချမှုလည်း များပေမဲ့ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ကြတာပဲ ဖြစ်ပါတယ်။

သယံဇာတမရှိတာကြောင့် ကုန်ကြမ်းကို အခြားနိုင်ငံများမှ ရယူပြီး ကုန်ချောကိုအဓိက ထုတ်ရောင်းတဲ့ စက်မှုနိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။ ဥရောပရဲ့ နှလုံးသည်းပွတ်လို့ပြောရအောင် ဥရောပနိုင်ငံတွေနဲ့သက်ဆိုင်တဲ့ လမ်းဆုံနေရာမှာ ရှိနေပါတယ်။ ဒါကြောင့် သမိုင်းတစ်လျှောက် ဟိုနိုင်ငံကကျူးလိုက်၊ ဒီနိုင်ငံကသိမ်းလိုက်နဲ့ ရှိနေခဲ့ပေမဲ့ ကနေ့အချိန်မှာတော့ ဒီလိုဖြစ်တည်မှုက နိုင်ငံကို ချမ်းသာကြွယ်ဝလာစေသလို EU (European Union) နဲ့ NATO (North Atlantic Treaty Organization) စတာတွေရဲ့ ရုံးစိုက်ရာမြို့ဖြစ်လာပြီး အဖွဲ့ဝင်အဖြစ် ရွေးချယ်ခြင်းကို ခံလာရပါတယ်။ ကုလသမဂ္ဂရဲ့ လုံခြုံရေးကောင်စီ အဖွဲ့ဝင်အဖြစ် ၉ ကြိမ်တိတိ အရွေးခံထားရသလို ကမ္ဘာပေါ်မှာ အခွန်အခနဲ့ပတ်သက်ရင် အမြင့်ဆုံးနိုင်ငံတွေထဲက တစ်ခုလည်းဖြစ်ပါတယ်။ တော်ဝင်မိသားစုဟာ တစ်နှစ်ကို တိုင်းသူပြည်သားတွေရဲ့ အခွန်ပေးဆောင်မှုအဖြစ် ယူရိုငွေ ၁၂ သန်း ရရှိတာကြောင့် နိုင်ငံလေးကသေးပေမဲ့ သူတို့ရဲ့ ဘရူးဆဲလ်နန်းတော်ဟာ ဘက်ကင်ဟန်နန်းတော်နဲ့ ပုံစံတူဆောက်လုပ်ထားပြီး သူတို့ထက် ၅၀ ရာခိုင်နှုန်းပိုရှည်အောင် ဆောက်ထားနိုင်တာပဲ ဖြစ်ပါတယ်။



ဘုရင်ရဲ့စောင့်ရှောက်မှုတွေက…

ဘုရင်တွေဟာ တိုင်းပြည်သေးသေးလေးဖြစ်ပေမဲ့ ကမ္ဘာ့ပထမဆုံးဆိုတာတွေနဲ့ ဘယ်လ်ဂျီယံနိုင်ငံကို မြှင့်တင်ပေးထားပါတယ်။ ဒါတွေကတော့ . . .။






(၁) လိင်တူချင်းဖြစ်တဲ့ ဂေးလ်တွေလက်ထပ်ခွင့်ကို ၂၀၀၃ ခုနှစ်မှာ စတင်ခွင့်ပြုပေးပြီး ညင်သာစွာ ဇီဝိန်ခြွေခွင့်ကိုတော့ ၂၀၀၂ ခုနှစ်မှာ ပြဋ္ဌာန်းပေးခဲ့ပါတယ်။

(၂) ကမ္ဘာပေါ်မှာ ကလက်စတာပုံးတွေကို နိုင်ငံတွင်း သယ်ယူခွင့်၊ ပြုလုပ်ခွင့်ကို ပထမဆုံး ဥပဒေနဲ့ တားမြစ်ခဲ့တဲ့ နိုင်ငံဖြစ်လာပါတယ်။

(၃) အီတာလီနဲ့တစ်ချိန်တည်းမှာ Electronic ID Card တွေကို စတင်နိုင်ခဲ့ကာ ၂၀၀၃ ခုနှစ်မှာ တစ်နိုင်ငံလုံးအတွက် ပြုလုပ်ပေးနိုင်ခဲ့ပြီး ဥရောပနိုင်ငံများအနက် နိုင်ငံလူဦးရေနဲ့ တစ်ပြေးညီ ကတ်ထုတ်ပေးနိုင်တဲ့ ပထမဆုံးသော နိုင်ငံပဲ ဖြစ်ပါတယ်။

(၄) ကမ္ဘာပေါ်မှာ အမျိုးသမီးဝန်ကြီး အများဆုံးနိုင်ငံဖြစ်ပြီး ပါလီမန်ထဲမှာ အမျိုးသမီးပါဝင်မှုကို ၁၉၂၁ ခုနှစ်မှာ စတင်ပြုလုပ်ခဲ့တဲ့အတွက် အစောဆုံးအမျိုးသမီးပါလီမန်အမတ်ရှိတဲ့ နိုင်ငံတွေထဲကတစ်ခုဖြစ်လာပါတယ်။

(၅) ပညာရေးစနစ်ဟာ အထူးကောင်းမွန်ပြီး ကမ္ဘာပေါ်မှာ ၁၈ နှစ်အထိ မသင်မနေရ ပညာရေးစနစ်ရှိတဲ့ တစ်ခုတည်းသောနိုင်ငံဖြစ်ပြီး အခြားနိုင်ငံတွေကတော့ ၁၆ နှစ်အထိပဲ ပြဋ္ဌာန်းထားပါတယ်။

(၆) အနုပညာနဲ့ ပတ်သက်တဲ့ပစ္စည်းတွေ စုဆောင်းသူတွေ အများဆုံး နေထိုင်တဲ့တစ်ခုတည်းသော နိုင်ငံဖြစ်ပါတယ်။

(၇) ဘယ်လ်ဂျီယံမှာ ကမ္ဘာလှည့်ခရီးသွားတွေကို ဆွဲဆောင်တာ လည်ပတ်စရာနေရာများအပြင် နောက်တစ်ခုက အစားအစာပဲ ဖြစ်ပါတယ်။ ချောကလက်၊ ဝေဖာနဲ့ ဘီယာဟာ ဘယ်လ်ဂျီယံကို မမေ့နိုင်ကြတဲ့ အမှတ်တရဖြစ်ပါတယ်။ French Fries နည်းတွေဟာ ဘယ်လ်ဂျီယံတွေဆီကနေ ရသွားတဲ့ ကြော်လှော်နည်းဖြစ်ပါတယ်။ နှစ်စဉ် ချောကလက်တန်ချိန် ၂၂၀၀၀၀ တန် ထုတ်လုပ်ပြီး ဘီယာအမျိုးပေါင်း ၈၀၀ ကျော်လောက် ထုတ်လုပ်နိုင်တဲ့နိုင်ငံလည်းဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ဂျပန်နိုင်ငံပြီးနောက် ရုပ်ပြရေးသူ အပေါ်များဆုံးနိုင်ငံ ဖြစ်ပါတယ်။ ဒါ့အပြင် အိမ်ထောင်စုတစ်စုမှာ အိမ်မွေးတိရစ္ဆာန်တစ်ကောင် အနည်းဆုံးရှိပြီး လူ ၁၀ သန်းမှာ အိမ်မွေးတိရစ္ဆာန် ၂ သန်းကျော်ရှိနေတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။

တကယ်တော့ ဘယ်လ်ဂျီယံနိုင်ငံဟာ တော်ဝင်တွေက အာဏာကို အပြည့်ယူထားပြီးမှ ပြန်ခွဲဝေပြီး အုပ်ချုပ်တဲ့စနစ်သစ်ကြောင့် ရှေးကတည်းက မဟာဆီ၊ မဟာသွေးတွေပါပြီး နှစ်ပေါင်းရာနဲ့ ချီကာရှိနေပြီဖြစ်တဲ့ အခြားဥရောပတော်ဝင် ဘုရင့်နိုင်ငံတို့ထက် အောင်မြင်ကျော်ကြားချမ်းသာနေတာပဲ ဖြစ်ပါတယ်။ ကျူးကျော်မှုတွေ အားလုံးရဲ့ ဖျက်ဆီးသမျှကို ကြံ့ကြံ့ခံရင်းတော်ဝင်တွေက တစ်ဆင့်ချင်း ပြန်တည်ထောင်ခဲ့ရတဲ့နိုင်ငံဟာ ကမ္ဘာပေါ်မှာ အစိုးရမရှိတဲ့ တစ်ခုတည်းသောနိုင်ငံဖြစ်ပေမဲ့ အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာလုံးဝမရှိဘဲ လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေးနဲ့ ပညာရေးတွေမှာ ကမ္ဘာ့အကောင်းဆုံး စာရင်းဝင်ကာ ကမ္ဘာ့လူနေမှု အဆင့်အတန်းအမြင့်ဆုံးနိုင်ငံတွေ စာရင်းထဲ ၂၀၀၄ ခုနှစ်ကစပြီး ဝင်လာပါတယ်။ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုကို သူ့နိုင်ငံထက် အဆတစ်ရာမက ကြီးတဲ့ နိုင်ငံတွေနဲ့ လုပ်ကိုင်နေသလို နာမည်ပျက် သတင်းမရှိတဲ့ ဂုဏ်ယူဖွယ် တော်ဝင်တွေဟာလည်း ရှေးနှစ်ပေါင်းရာနဲ့ချီကာ တည်တံ့ခဲ့တဲ့ ဥရောပ ဘုရင့်နိုင်ငံတွေကြားထဲမှာ ခေါင်းမော့ရင်ကော့စွာ ဝင်ရောက်နေရာယူနိုင်တဲ့ သာမန်အရပ်သားကနေ ဖြစ်လာတဲ့ တော်ဝင်တွေဖြစ်ကြောင်း ပြောကြားရင်း . . . ။

**နန်းစံမဟီ**





# 'Beauty' & 'Hair'

**တင်လတ်သွန္တာဗိုလ်**

မိန်းမသားအများစုဟာ ခန္ဓာကိုယ်လှပ ကြော့ရှင်းသွယ်လျမှုနှင့် ပတ်သက်လို့ မိမိဘာသာ ကြိုးစားထိန်းသိမ်းပြုပြင်မယ်ဆိုရင် ရနိုင်တယ်လို့ အများက ယူဆကြပါတယ်။ ဇွဲလုံ့လ၊ ဝီရိယ နှင့် ကြိုးစားပြီး DIET နှင့် EXERCISE ကို သေချာ မှန်ကန်စွာ စနစ်တကျလုပ်မယ်၊ လိုက်နာမယ်ဆို ရင် လှပသွယ်လျတဲ့ ခန္ဓာကိုယ်ကိုရနိုင်မယ်လို့ လည်း ယုံကြည်ကြပါတယ်။ အနောက်နိုင်ငံ၊ ဖွံ့ဖြိုးစ၊ ဖွံ့ဖြိုးပြီးနိုင်ငံများအားလုံးမှာတော့ မိန်းမ သားများဟာ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းလှပရေး အတွက် လေ့ကျင့်ခန်းကို မဖြစ်မနေ လုပ်ကြလေ့ ရှိပါတယ်။ မလုပ်ချင်တာ၊ မလုပ်နိုင်တာပဲ ရှိပြီး

လုပ်ရင်တော့ ဖြစ်နိုင်တယ်လို့လည်း မိန်းမသား အများက လက်ခံယုံကြည်ထားကြပါတယ်။ ဒါပေမဲ့ ဆံကေသာအလှနှင့် ပတ်သက်လာရင်တော့ ယုံကြည်ချက်က ပြောင်းပြန်ဖြစ်သွားတယ်လို့ ဆိုရပါမယ်။ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ မိန်းမသားအားလုံးလိုလိုက ဆံပင်ဆိုတာ မွေးရာပါလာတဲ့၊ ကိုယ်ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ပြုပြင်ပြောင်းလဲလို့မရတဲ့ အကောင်းအဆိုးကို အရှိအတိုင်းလက်ခံရမယ့် ကိုယ်ပိုင်ပစ္စည်းလို့ သတ်မှတ်ကြပါတယ်။ ဆံပင်အထူအပါးအရောင် အသွေး၊ အကောက်၊ အဖြောင့်တို့ဟာ မွေးကတည်းက ဖြစ်တည်လာတဲ့ ပြုပြင်မရတဲ့ အရာလို့ အများကခံယူထားကြတာကို တွေ့ရပါတယ်။ အရွယ်ရှိမိန်းမသားအားလုံးကတော့ TV ကြော်ငြာတွေမှာပါဝင်တဲ့တောက်ပ၊ မြောက်ကြွပြီး သန်စွမ်းတဲ့ဆံကေသာပိုင်ရှင်များ ဖြစ်ချင်ကြတာကတော့ အမှန်ပဲဖြစ်ပါတယ်။ မွေးလာကတည်းက ဆံပင်မကောင်းခဲ့ရင် ဘာမှလုပ်လို့ မရနိုင်ဘူးဆိုတာတော့ မမှန်ကန်ဘူးလို့ ဆံပင်ပညာရှင် PHILIP KINGSLEY ကဆိုပါတယ်။ PHILIP ဟာ ကမ္ဘာကျော်ဆံကေသာပြုပြင်ထိန်းသိမ်းရေးဆေးခန်းနှစ်ခုကို အမေရိကန် နိုင်ငံ၊ နယူးရောခ်မြို့တော် မင်ဟက်တန်နှင့် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တော်မေဖဲရ်မှာ ဖွင့်လှစ်ထားသူဖြစ်ပြီး ကွယ်လွန်သူ မင်းသမီးကြီး AUDREY HEPBURN ကနေ လက်ရှိမင်းသမီး KATE WINSLET အထိ ဆံကေသာပြုပြင်ထိန်း သိမ်းရေးကို တာဝန်ယူခဲ့သူဖြစ်ပါတယ်။ “ကိုယ့် ဆံပင်ကို ထိန်းကျောင်းပြုပြင်ပြီး ထိခိုက်ဖျားနာခြင်း ပျက်စီးခြင်းမရှိအောင် ဂရုစိုက်ရမယ်။ ဆံပင်တွေ ပျက်စီးသွားလို့ ပညာရှင်နဲ့တိုင်ပင်ပြုပြင်တာက ကောင်းပေမဲ့ တကယ်တမ်းကောင်းမွန်တဲ့ ဆံပင်မျိုးကို လိုချင်တယ်ဆိုရင်တော့ ဆံကေသာရဲ့ကိုယ်ပိုင်ကျန်းမာရေးကို ကိုယ့်ဘာသာ ထိန်းသိမ်းဖို့ လေ့ကျင့်ပြုပြင်ယူရမယ်”လို့ ပညာရှင် PHILIP ဖိလစ်ပ်က ဆိုပါတယ်။


MODEL - GISELE BUNDCHEN နှင့် လှပဆံကေသာ

အရေးကြီးဆုံးကတော့ ကျန်းမာသန်စွမ်းတဲ့ ဦးရေရှိဖို့က အရေးကြီးဆုံးလို့ဆိုပါတယ်။ “ခန္ဓာကိုယ်မှာ ပစ်ပယ်ထားခံရဆုံးအပိုင်းမှာ ဦးရေက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ မျက်နှာအသားအရေကို ထိန်းသိမ်းသလို မျက်နှာပိုင်းဆိုင်ရာ ကြေးချွတ်တာ၊ နှိပ်နယ်တာ၊ ပေါင်းတင်တာ၊ သန့်စင်တာတွေ၊ မှန်မှန် လုပ်ကြသလို ဆံပင်ဦးရေကိုလည်း ဂရုစိုက်သင့်ပါတယ်။ သန်စွမ်းကျန်းမာတဲ့ဦးရေက သန်စွမ်းတဲ့ ဆံကေသာဖြစ်ဖို့ အများကြီး အထောက်အကူ ပြုနိုင်ပါတယ်”လို့ PHILIP KINGSLEY ကဆိုပါတယ်။ မျက်နှာပြင်က အသားအရေလိုပဲ ဦးရေမှာလည်း ဆဲလ်ကလာပ်စည်းတွေက အမြဲတမ်း အသစ်လဲလျက်ရှိနေပြီး အစိုဓာတ်ထိန်းသိမ်းဖို့နှင့် ကာကွယ်မှုရှိဖို့ အလွန်တရာလိုအပ်ပါတယ်။ မျက်နှာကို နေ့စဉ်သစ်သလို ခေါင်းကိုလည်းလျှော်ပြီး အပတ်စဉ် ဦးရေပြောင်းသန့်ရှင်းစင်ကြယ်ဖို့ MASK ကိုသုံး



'OLIA' နည်းစနစ်ဖြင့် တနိုးရောင် ဆိုးဆေး















ရမယ်လို့လည်း ဆိုပါတယ်။

မျက်နှာတစ်ခုတည်းကပဲ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်ထိခိုက်မှုကြောင့် အချိန်မတိုင်မီအိုမင်းလာခြင်းကိုပြသဖော်ပြရာအစိတ်အပိုင်းမဟုတ်ဘူးလို့ ဆိုပါတယ်။ ဆံကေသာနှင့် ဦးရေကလည်း ဒီထိခိုက်မှုကြောင့် မျက်နှာနည်းတူထိခိုက်ခံစားရမှုမျိုးရှိနေပါတယ်။ အရွယ်ရလာတာနှင့်အမျှ ဦးရေမှာရှိတဲ့ ဆဲလ်များပြောင်းလဲမှုကြောင့် ဆံပင်ပါးလာတာကို ခံစားရမှာဖြစ်ပါတယ်။ နေဒဏ်၊ လေထုညစ်ညမ်းမှုဒဏ်၊ ဆေးလိပ်သောက်ခြင်းနှင့် မှားယွင်းတဲ့ စားသောက်နေထိုင်မှုတို့ကလည်း ဆံပင်၊ ဆံကေသာရဲ့အိုမင်းမှုအရှိန်ကို လျင်မြန်စေနိုင်ပါတယ်။ ဆံကေသာရဲ့ အိုမင်းမှုဆိုတာကတော့ ဆံပင်ပါးလာခြင်း၊ အကျွတ်များခြင်းနှင့် ဆံပင်များကြမ်းတမ်းပြီး ကြွပ်ဆတ်လာခြင်းတို့ပဲ ဖြစ်ပါတယ်။ မျက်နှာအသားအရေမှာ အရေတွန့်လာခြင်း၊ အစက်အပြောက်များ၊ အမည်းစက်များပေါ်လာခြင်းတို့နှင့်အတူတူပဲလို့ဆိုပါတယ်။




နေ့စဉ်နှင့်အမျှ ကြုံတွေ့ရင်ဆိုင်နေရတဲ့ ထိခိုက်မှုများအပြင် ဆံကေသာက တခြားအရာများကို ရင်ဆိုင်တိုက်ခိုက်နေရတာလည်း ရှိပါတယ်။ "သိပ်ကို ပူပြင်းတဲ့ နေရောင်အောက်မှာ သွားလာနေတာတွေ၊ ဆံပင်ကို အရောင်ချွတ်တာတွေ၊ ဖြောင့်တာတွေကလည်း ဆံကေသာကို အိုမင်းပြီး မသန်စွမ်းအောင်လုပ်တဲ့ တရားခံတွေ အများကြီးထဲက တချို့တစ်ဝက်ဖြစ်တယ်"လို့ LONDON MAYFAIR က PHILIP KINGSLEY ဆံပင်ဆေးခန်းက ဒါရိုက်တာ GLENN LYONS ဂလဲန်းလိုင်းယင်းစ်က ဆိုပါတယ်။ P & G က သိပ္ပံဆက်သွယ်မှုနှင့်ပတ်သက်တဲ့ အကြီးတန်းကျွမ်းကျင်ပညာရှင် MARIA CASTAN မာရီယာဇာက်စ်တန်ကတော့ UV






TRESEMME ၏ ခေါင်းလျှော်ရည်၊ ပေါင်းဆေး၊ ဆံကေသာ ထိန်းသိမ်းပြုပြင်ဆေး ပစ္စည်းများ

အလင်းရောင်တွေက ဆံပင်ကိုထိခိုက်ပြီး အရွယ် မတိုင်ခင်အိုမင်းစေတဲ့ FREE RADICALS တွေကို ဖန်တီးထုတ်လွှတ်ပါတယ်။ ဒီ FREE RADICALS တွေက ဦးရေရဲ့ CUTICLE ပန်းကုံးမျက်နှာပြင်ကို ထိခိုက်ပျက်စီးစေပြီး ကြာလာတာနဲ့အမျှ ရလဒ်ကတော့ ခြောက်သွေ့ ကြမ်းတမ်းပွယောင်းပြီး အရောင်အဆင်းမဲ့ ထိန်းသိမ်းရခက်ခဲတဲ့ ဆံပင်များအဖြစ် ပြောင်းလဲလာတာပဲ ဖြစ်တယ်" လို့ဆိုပါတယ်။ အသားအရေကို ထိန်းသိမ်း ကာကွယ်သလို ဦးရေကို UV အလင်းတန်းများမှ ကာကွယ်နိုင်တဲ့ တစ်နှစ်ပတ်လုံးသက်သာ အဆင်ပြေစွာ သုံးနိုင်မယ့် ပေါ့ပါးတဲ့ကာကွယ် ပစ္စည်းများသုံးဖို့လိုတယ်လို့လည်း ဆိုပါတယ်။

ဆံကေသာအလှကို ထိန်းသိမ်းကာကွယ်ဖို့ အောက်ဖော်ပြပါအချက်များကို သေချာစနစ်တကျ လိုက်နာကျင့်သုံးမယ်ဆိုရင် ကျန်းမာသန်စွမ်းတောက်ပြောင်လှပတဲ့ ဆံကေသာကို လေးလအတွင်းမှာ ရရှိနိုင်တယ်လို့ ဆိုပါတယ်။ အသစ်ဖြစ်ထွန်းလာမယ့် ဆံပင်တွေကို ပစ်မှတ်ထားရမှာဖြစ်ပေမဲ့ ရှိပြီးသား ဆံပင်များကလည်း MASKS နှင့် အခြားကာကွယ်ရေးပစ္စည်းများကို အသုံးပြုခြင်းဖြင့် ကောင်းမွန်တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

DIET

ဆံပင်မွေးညှင်းပေါက်များသန်စွမ်းဖို့ စွမ်းအင်လိုအပ်တာ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒီစွမ်းအင်က အစာစားပြီးလေးနာရီမှာ ပျောက်ကွယ်သွားလေ့ရှိပါတယ်။ ဒါကြောင့် အဆာပြေ SNACKS များနှင့် ကစီဓာတ်ပေါင်းစပ်ပါဝင်မှုများရှိတဲ့ အစေ့အဆန်နှင့် အသီးခြောက်များကို တစ်နေ့တာလုံးစားပေးရမယ်လို့ ဆိုပါတယ်။ ဆံကေသာသန်စွမ်းဖို့ အထောက်အကူ ဖြစ်စေမယ့် ကြက်သား၊ ငါး၊ ဒိန်ချဉ်၊ အမဲသားနှင့် ပဲနီကလေးတို့ကိုလည်း မှန်မှန်စားသောက်ပေးရမယ်လို့ဆိုပါတယ်။

CUT

ဆံပင်ဆေးခန်းဒါရိုက်တာ LYONS က ဆံပင်ကို လိုအပ်တဲ့အခါမှသာညှပ်ဖို့ အကြံပေးပါတယ်။ ဆံပင်နှစ်ခွဖြစ်ပြီး ဆံပင်အဖျားတွေ မသပ်မရပ်ဖြစ်လာချိန်မှသာ ညှပ်ဖို့လိုတယ်လို့ ဆိုပါတယ်။ ဆံပင်ကို တစ်လခွဲတစ်ခါလောက် ညှပ်နေရင်တော့ ဆံပင်ရှည်လာဖို့ အခွင့်အရေးရှိတော့မှာမဟုတ်ဘူးလို့ဆိုပါတယ်။






SCALP

ဆံပင်တွေသန်စွမ်းစွာ ထွက်လာဖို့၊ ရှည်လာဖို့က ကျန်းမာသန်စွမ်းတဲ့ ဦးရေလိုအပ်တယ်လို့ ဆိုပါတယ်။ ဦးရေကို သန့်ရှင်းစွာထားဖို့လိုပါတယ်။ ဦးရေသန်စွမ်းကျန်းမာစေဖို့ ဗိုက်တာမင် E နှင့် သတ္တုဓာတ်များ အထူးသဖြင့် ခေါင်းကဆီနှင့် အဖတ်အလွှာတွေကို ထိန်းသိမ်းနိုင်တဲ့ ZINC သွပ်ဓာတ်ပါဝင်တဲ့ ပစ္စည်း PRODUCTS များကို သုံးစွဲရမယ်လို့ ဆိုပါတယ်။

EXERCISE

လေ့ကျင့်ခန်းလုပ်ခြင်းက ဦးရေမှာလည်း သွေးလည်ပတ်မှုကောင်းစေပြီး လိုအပ်တဲ့သွေး၊ အောက်စီဂျင်နှင့် အာဟာရဓာတ်များကို မွေးညှင်းပေါက်များထံပို့ပေးနိုင်တယ်လို့ ဆိုပါတယ်။

SUPPLEMENTS

သဘာဝပရိုတိန်းဓာတ်များနှင့် ဗိုက်တာမင်

H ဒါမှမဟုတ် B7 လို့လူသိများတဲ့ BIOTIN များ ပါဝင်တဲ့ ဖြည့်စွက်ဆေးပြား၊ ဆေးတောင့်များကို သောက်သုံးခြင်းဖြင့် ဆံကေသာနှင့် မွေးညင်းပေါက်များကို သန်စွမ်းစေနိုင်ပြီး၊ ဆံပင်ကြီးထွားမှုကိုလည်း အထောက်အကူပြုနိုင်တယ်လို့ ဆိုပါတယ်။

## RELAX

စိတ်ကိုဖြေလျှော့ပြီး ဖိစီးမှု STRESS အတက်အကျများကို ထိန်းချုပ်နိုင်ဖို့ကြိုးစားအားထုတ်ရမယ်လို့ဆိုပါတယ်။ "ခန္ဓာကိုယ်က နာတာရှည်ဖိစီးမှုဒဏ်ကို ခံစားလာရပြီဆိုရင် အရေးမပါတဲ့ ဖွဲ့စည်းမှုများထံ စွမ်းအင်ပို့လွှတ်မှုကို ရပ်ဆိုင်းလိုက်ပါတယ်။ ဆံပင်က အရေးတကြီးအဖွဲ့အစည်းမျိုး မဟုတ်တဲ့အပြင် ခန္ဓာကိုယ်မှာ အမြန်ဆုံး ကြီးထွားနိုင်တဲ့ ကလာပ်စည်းများမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ သန်စွမ်းကျန်းမာဖို့စွမ်းအင်များစွာ လိုအပ်တဲ့အရာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဖိစီးမှုခံစားရပြီဆိုရင် ဆံပင်ဖွဲ့စည်းမှုက အရင်ဆုံးစွမ်းအင်ဖြတ်တောက်မှုကို ခံရတဲ့အထဲမှာ ပါဝင်ပါတယ်" လို့ ဒါရိုက်တာ LYONS ကဆိုပါတယ်။

နယူးယောက်က ဆံပင်အလှပညာဆိုင်ရာ ကမ္ဘာကျော်ပညာရှင် FREDERIC FEKKAI ဖရက်ဒရစ်ဖက်ခိုင်ကတော့ ဆံပင်ကို နေတိုင်းလျှော်ရမယ်လို့ဆိုပါတယ်။ ဆံပင်အလှပြင်ဆိုင်ကိုလည်း BLOW- DRY လုပ်ဖို့သွားသင့်တယ်လို့ဆိုပါတယ်။ ဆံပင်အရောင်ရွှန်းလဲ့တောက်ပြောင်ပြီး မွေးညင်းပေါက်များသန်စွမ်းကျန်းမာစေဖို့ အထောက်အကူပစ္စည်းများကိုလည်း အသုံးပြုရမယ်လို့ ဆိုပါတယ်။



အလျှင်အမြန်ဆံပင် လှပအောင် ပြုပြင်ခြင်းဆိုင်ရာ နည်းနာများနှင့်ပတ်သက်ပြီး ပညာရှင် STYLIST -ADAM REED ရဲ့ နည်းလမ်းများကတော့ ဆံပင်ကို အသွေးအရောင် ပုံစံတကျ လှပစေလိုရင် ညအိပ်ရာဝင်မှာ ဆံပင်များကို လျော့လျော့ချောင်ချောင် ကျစ်ဆံမြီးကျစ်ပြီး အိပ်လိုက်ပါ။ နံနက်ခင်းမှာ ဖြည်ချပြီး ဆံပင်ပျော့ဆေး အခြောက် DRY CONDITIONER သုံးလိုက် ရင်ဖိုးရိုး ဖားရားပုံစံ၊ ဆံခွေနွယ်လေးနှင့်လှပနိုင်တယ်လို့ဆိုပါတယ်။ ဆံပင်တွေ ပျော့ခွေယိုင်နေရင်တော့ ဆံပင်အရင်းအမြစ်ကို HAIRSPRAY ဖျန်းပြီးမှ ဆံပင်ကို ဖွယူခြစ်ယူရမယ်လို့ ဆိုပါ တယ်။ ဆံပင်အုံထုထည်ကောင်းစေလိုတဲ့ နေရာတိုင်းမှာ ဒီလိုလုပ်ပြီးမှ ဖြီးသင်ပါလို့ ဆိုပါတယ်။ ဆံပင်ကို ရွှန်းလဲ့တောက်ပြောင်စေချင်တယ်ဆိုရင်တော့ ဆံပင်လိမ်းဆီ အနည်းငယ်ကို လက်ဖဝါးထဲမှာထည့်ပြီး ကြီးမားတဲ့ ပါးနီလိမ်း BRUSH နှင့်အသာပွတ်ယူပြီး ပျော့ပျောင်းညင်သာစွာ ဆံပင်မျက်နှာပြင်မှာ ပါးပါးလေးလိမ်းပေးရမယ်လို့ ဆိုပါတယ်။ ဆေးဆိုးထားတဲ့ ဆံပင်တာရှည်ခံဖို့အတွက်ကတော့ ထိန်းသိမ်းရေး MASK တွေ တစ်ပတ်တစ်ခါသုံးဖို့ လိုအပ်ပါတယ်။ MASK များကို သုံးတဲ့အခါမှာ မွေးညင်းပေါက်တွေကို ပိတ်ဖို့သုံးမိနစ်အချိန်ယူရပါမယ်။ အပူကို ထိန်းထားနိုင်တဲ့ အပြင် ထိထိရောက်ရောက် ထိုးဖောက်နိုင်ဖို့ SHOWER CAP ပလတ်စတစ် ရေချိုးခေါင်းဆောင်းကို အသုံးပြုရင် ပိုပြီးကောင်းမွန်တဲ့ အကျိုးရလဒ်များကို ရရှိနိုင်တယ်လို့ဆိုပါတယ်။

**တစ်လတ်သန္တာမိုယ်**

နာမည်ကျော် MOROCCAN OIL
ဆံကေသာထိန်းသိမ်းရေးပစ္စည်းများ







ဝတ္ထုတိုရသ

"ဒီနေ့တော့ ဒါလေးပဲ ယူပါ မောင်လေးရယ်၊ ခုတလော လူအဝင်ကျဲလို့ပါ"

"ခင်ဗျားတို့ ပြောလိုက်ရင် အဲလိုချည်းပဲ နောက်တစ်ခါတော့ မရဘူးနော်"

အဲသလို အပြင်ဘက်က အချီအချစကားပြောသံတွေကြားလို့ ပန်းအိတံခါးရွက်ကလေးအသာဟလို့ ချောင်းကြည့်လိုက်တော့ ဆိုင်ကယ်စီးဦးထုပ်ကို လက်တစ်ဖက်က ကိုင်ထားတဲ့လူတစ်ယောက်နဲ့ ဆိုင်ပိုင်ရှင်အစ်မကြီး မမော်တို့ စကားပြောနေတာတွေ့ရတယ်။

ဒါနဲ့အဲဒီလူကို မြင်ဖူးသလိုလို ရှိပါတယ်ထင်လို့ သေသေချာချာ ကြည့်လိုက်တော့ လား. . . လား ဟိုသူတောင်းစားပဲ၊ သူတောင်းစားမှ ရိုးရိုးသူတောင်းစားမဟုတ်ဘူး၊ ခွေးသူတောင်းစား၊ နှမချင်းမစာနာတဲ့ ကောင်၊ ပြီးခဲ့တဲ့ တစ်ပတ်ကျော်ကပဲ ညလုံးပေါက် တစ်ပြားမှမရဘဲ ကောင်းကောင်းကြီး ဧည့်ခံလိုက်ရသေးတယ်။

မှတ်မိသေးတယ်။ ပုံမှန်ဖောက်သည်တစ်ယောက်က ကြိုတင်ဖုန်းဆက်ပြီး ပန်းအိကို အဲဒီညက ဒိတ်လုပ်ထားတယ်။ အဲဒါကိုပဲ အဲဒီညမှာ မူးမူးရူးရူးနဲ့ ပေါက်ချလာပြီး ပန်းအိမှ ပန်းအိပါဆိုလို့ ဘာမှမတတ်နိုင်စွာနဲ့ ညလုံးပေါက်ဖရီးကစ်ဆက်ရှင် ဝင်ပေးလိုက်ရတယ်။ ပုံမှန်အားဖြင့်ဆိုရင်တော့ ပန်းအိအတွက် အဲလိုညမျိုးမှာ တစ်သောင်း၊ တစ်သောင်းခွဲလောက် နစ်နာသွားရတယ်။ အဲဒါကြောင့်မို့လို့ ဒင်း (သင်း) ကို ခွေးသူတောင်းစားလို့ နာနာကြည်းကြည်း၊ တူးတူးခါးခါး နာမည်ပေးလိုက်ရတာပဲ။

ပန်းအိ အခုအလုပ်လုပ်နေတဲ့ နေရာက အလှပြင်ဆိုင်ဗန်းပြ တရားမဝင် အနှိပ်ခန်း၊ ဒီအနှိပ်ခန်းကို ရောက်လာပုံက ဆန်းတယ်ပြောရင်လည်း ရတယ်၊ မဆန်းဘူးပြောရင်လည်း ရတယ်၊ ဇာတ်လမ်းက ဒီလို . . .။

အမှန်တော့ ပန်းအိနာမည်အရင်းက ပန်းအိမဟုတ်ဘူး၊ မလှစိန်၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးရပ်မှာ နေတယ်၊ တောင်တွင်းကြီးဆိုပေမဲ့လို့ မြို့ပေါ်ကတော့ မဟုတ်ဘူး၊ တောင်တွင်းကြီးကနေ ငါးမိုင်၊ ခြောက်မိုင်လောက် ဆက်သွားရသေးတယ်၊ ပန်းအိက အညာ

သူ၊ တောသူစစ်စစ်ပါ၊ အညာသူ တောသူဆိုပေမဲ့ ညိုချောစာရင်းဝင်တယ်၊ ရွာမှာ ပန်းအိကို လှကလေး၊ လှကလေးဆိုပြီး ခေါ်ကြတယ်။

ဟိုးတောကြိုအုံကြားမှာနေတဲ့ သူက ဆိုင်းမဆင့် ဗုံမဆင့် မြို့ကြီးပြကြီးပေါ် အခမဲ့အကြောင်း အပေါင်းတိုက်ဆိုင်လို့ ရောက်လာပုံများ ပြောပါတယ်၊ တောင်တွင်းကြီးမြို့ပေါ်မှာက ဦးလေးတွေရှိတယ်၊ တစ်ရက် အဲဒီဦးလေးအိမ်ကို အမေက ခိုင်းလို့သွားတာ၊ ဟိုမှာ အလှူတစ်ခုနဲ့ သွားတိုးတယ်၊ အလှူရှင်တွေကအရင်တုန်းကတော့ ဒီတောင်



တွင်းကြီးဇာတိဆိုပဲ။ ခုတော့ ရန်ကုန်မှာ ကြီးပွားနေပြီ။ ဒါကြောင့် ကိုယ်မြို့ကိုယ့်ရွာပြန်ပြီး အလှူအတန်းလာလုပ်တာလို့ သိရတယ်။

အဲဒီအလှူအိမ်က ဦးလေးတို့အိမ်နဲ့ကပ်လျက်မှာပဲ ဦးလေးခိုင်းလို့ အလှူအိမ်မှာ ဝိုင်းဝန်းလုပ်ကိုင်ပေးရင်း အလှူရှင်တွေနဲ့ ရင်းနှီးသွားတယ်။ နောက် အဲဒီအလှူရှင်တွေကပဲ သူတို့က ရန်ကုန်မှာ ထမင်းဆိုင်ကြီးဖွင့်ထားတာ၊ ရောင်းအားကလည်း ကောင်းတယ်၊ ရိုးသားကြိုးစားတဲ့ မိန်းကလေးဝန်ထမ်းတွေ လိုတယ်၊ အဲဒါလုပ်မလား၊ စားပြီးသောက်ပြီး စရိတ်ငြိမ်း တစ်လငါးသောင်းပေးပါ့မယ်ဆိုပြီး ဦးလေးကနေတစ်ဆင့် ကမ်းလှမ်းလာတယ်။

ရွာမှာနေ ဘာအလုပ်မှ ပြောပရလောက်အောင် မယ်မယ်ရရရှိတာမဟုတ်ဘူး၊ အလကားနေ အလကားပဲဆိုပြီး မိဘတွေကလည်း ခွင့်ပြုတာနဲ့ ကြိုတင်ပေးငွေတစ်သိန်း အမေ့လက်ထဲထည့်ခဲ့ပြီး သူတို့နဲ့ မြို့ကို လိုက်လာခဲ့လိုက်တော့တယ်။

သူတို့ပြောသလိုပါပဲ၊ သူတို့ထမင်းဆိုင်ကြီးက အကြီးကြီးပဲ၊ တော်တော်လေး ရောင်းရတယ်၊ အလုပ်သမားတွေမှ ယောကျ်ားလေးတွေရော၊ မိန်းကလေးတွေရော မရှိဘူးဆို ဆယ့်လေးငါးယောက်ရှိမယ်၊ ရောက်ရောက်ချင်းတော့ စားဖိုဆောင်မှာ ကူလိုက်၊ ပန်းကန်တွေ ဆေးလိုက်နဲ့ပါပဲ။

နောက်ပိုင်း သုံးလေးလလောက်ကြာတော့ ဟင်းပွဲလေးတွေ ဆွဲပေးရတယ်။ စားပွဲထိုးခေါ်မလားပဲ။ အဲလိုမျိုး လုပ်ပေးရတယ်။ ဘာဝတ္ထုအလုပ်သမား (စားပွဲထိုး) ကျော်ဦးနဲ့ကလည်း အဲဒီအချိန်မှာ တော်တော်ကြီးကို ရင်းနှီးနေပါပြီ။ ကျော်ဦးက အပြောကောင်းတယ်၊ ဟိုဟာလေး ဝယ်ပေး၊ ဒီဟာလေး ဝယ်ကျွေးကလည်း လုပ်တတ်ပြန်သေးတယ်။

ဘာကြာလို့တုံး၊ ကျော်ဦး ရည်စားစကားပြောတော့တာပဲ၊ နဂိုကလည်း ကျော်ဦးအပေါ် ညွတ်ချင်ချင်ဆိုတော့ ညွတ်လိုက်ပါတယ်။ နောက် သူက မနေနိုင်တော့ပါဘူး ပြောလို့ ဆိုင်ရောက်ပြီး တစ်နှစ်ပြည့်လုပြည့်ခင်မှာ သူ့နောက် လိုက်ခဲ့ရတယ်။ ခိုးရာလိုက်တယ်ပဲ ပြောရတော့မှာပေါ့။



ကျော်ဦးခိုးပြေးသွားတဲ့နေရာ က မြောက်ဒဂုံတဲ့။ နောက်မှ သိရတာပါ။ သူ့ဦးလေးအိမ်လို့ ပြောတယ်။ အဲဒီအိမ်မှာက စက်ဘီး၊ ဆိုက်ကားပြင်ဆိုင်လေး ဖွင့်ထားတယ်။ သူ့ဦးလေးဆိုသူက အိမ်နောက်ဖေးအဖီလေးမှာ နေရာချပေးတယ်။ သူ့ဦးလေးလင်မယားကြည့်ရတာလည်း ရိုးပုံရိုးပန်း၊ အေးပုံအေးလက်ပါပဲ။

ဘာလိုလိုနဲ့ ကျော်ဦးနောက်ခိုးရာလိုက်လာတာ တစ်လလောက်ရှိသွားပြီ၊ ပြီးခဲ့တဲ့ သုံးရက်လောက်ကပဲ နှစ်ယောက်သားပါလာတဲ့ ပိုက်ဆံလေး ထိုင်စား၊ ထသုံးလိုက်တာ ကုန်ခမန်းလုလုဖြစ်သွားလို့ နားက ကျောက်နီနားကပ်လေးကို ပေါင်ဖို့ဆိုပြီး ကျော်ဦးကို ချွတ်ပေးလိုက်ရသေးတယ်။

ဒီနေ့နဲ့ဆို ကျော်ဦး အိမ်ပြန်မလာတာ တစ်ပတ်ရှိသွားပြီ။ သွားတဲ့ နေ့တုန်းကတော့ အလုပ်သွားရှာမယ်ပြောပြီး ကျောပိုးအိတ်လေး လွယ်ထွက်သွားတာပဲ၊ ခု ပြန်မလာဘူးဆိုတော့ ဘယ်လိုထင်ရမလဲ၊ အစာဝလို့ ဌာနပြန်သွားတာလား၊ ဒါမှမဟုတ် သူများသတ်လို့ပဲ သေပလား၊ ကားပဲ အတိုက်ခံရလို့ ရုပ်၊ နာမ်နှစ်ပါး ချုပ်ငြိမ်းသွားပြီလား၊ ဘယ်လိုထင်လို့ ထင်ရမှန်းကို မသိတော့ဘူး။

သူကျန်ခဲ့တဲ့ ပစ္စည်းတွေ ကြည့်လိုက်တော့လည်း ရေလဲပုဆိုးတစ်ထည်၊ စွပ်ကျယ်နှစ်ထည်နဲ့ မျက်နှာသုတ်ပဝါအသေးတစ်ထည်၊ ဒါပဲ တွေ့တော့တာဆိုတော့ စဉ်းစားစရာဖြစ်သွားပြီ၊ ကျော်ဦးအကြောင်းကိုလည်း ကျောက်ပန်းတောင်းဇာတိဆိုတာကလွဲလို့ ဘာမှမသိဘူး၊ အေးတာပဲ။

အခုနေတဲ့ ဦးလေးက သူ့ဦးလေး မဟုတ်ဘူးဆိုတာလည်း နောက်မှ သိရတယ်။ ကျော်ဦးက ထမင်းဆိုင်မှာ အလုပ်မလုပ်ခင် ဒီစက်ဘီးပြင်ဆိုင်မှာ နှစ်ရှည်လများ အလုပ်လုပ်သွားတဲ့ အလုပ်သမားမို့ တူလို၊ သားလိုဖြစ်နေတာလို့ ပြောတယ်။ အဲဒီဦးလေးလင်မယားက ခဏဆက်ပြီး စောင့်ကြည့်ဖို့တော့ ပြောပါသေးတယ်၊ မလိုတော့ဘူးလေ၊ ဒီလောက်ဆိုရင် သဘောပေါက်ပါပြီ၊ ကျောချမှတော့ ဓားပြမှန်းသိပြီပေါ့၊ နောက်ပြီး အဲဒီဦးလေးလင်မယားကိုလည်း အားနာတယ်လေ၊ လူတစ်ယောက်ကို သွေးမတော်သားမစပ် တင်ကျွေးထားရတာ၊ ဒါနဲ့ပဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး အဲဒီအိမ်ကနေ အထုပ်ကလေးပိုက်ပြီး ထွက်လာလိုက်တော့တယ်။

အထုပ်ကလေးဆိုပေမဲ့ ထွေထွေထူးထူးမဟုတ်ပါဘူး။ အဝတ်ကလေးသုံးစုံရယ်၊ အလှပြင်ပစ္စည်းအနည်းအကျဉ်းရယ်၊ ခေါက်ပိုက်ဆံအိတ်လေးတစ်လုံးရယ်ပါပဲ။ ဘယ်သွားရမလဲဆိုတာကို အရင်စဉ်းစားရင်းနဲ့ အမှတ်တမဲ့ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်မိတယ်။ ပိုက်ဆံက တစ်ထောင်ကျော်ကျော်ပဲ ရှိတော့တာ၊ အလို . . . ဘုရားရေ၊ မှတ်ပုံတင် ဘယ်ရောက်သွားပါလိမ့်။ ဧကန္တ ဟိုသေနာကောင်ကျော်ဦးလက်ချက်ပဲ ဖြစ်ရမယ်၊ ဒင်း (သင်း) က အပိုင်ကို ချည်ပြီးတုပ်ပြီး လုပ်သွားတာပဲ၊ သူ့မှာ နမ၊ အစ်မတွေ ရှိရင်လည်း ငါ့လို မသူတော်နဲ့ မတွေ့ကြပါစေနဲ့တော်။

အခုမှ တကယ်ခက်ပြီ၊ ရွာပြန်ဖို့ကလည်း လမ်းစရိတ်က လုံလုံလောက်လောက်မရှိ၊ မှတ်ပုံတင်ကလည်း ပျောက်၊ ထမင်းဆိုင်ကို ပြန်သွားရင်လည်း လက်မခံနိုင်လောက်ဘူးဆိုတာကို သိနေပြန်တယ်၊ ဒါနဲ့ပဲ လမ်းမှာ ရှာလည်ပြီး တိုင်ပတ်နေတုန်း အခု ဗြူတီပါလာဆိုင်ပိုင်ရှင် အစ်မကြီး မမော်နဲ့ စတွေ့တော့တာပါပဲ။

အဲဒီမမော်ရဲ့သွင်ပြင်က ဖြူဖြူချောချော၊ ခန့်ခန့်ကြီး၊ ဒေါင်ကလည်း မိန်းကလေးထဲမှာ ရှာမှရှားတဲ့ ဒေါင်မျိုး၊ တကယ့်ကတော်ရုပ်မျိုး၊ သူ့ကို ကြည့်ရတာနဲ့တင် အားကိုးချင်စိတ်တွေ တဘွားဘွားပေါ်လာတယ်။ နောက်ပြီး မမော်က လူကဲခတ်လည်း ကျွမ်းကျင်ပုံရတယ်။

ညီမလေး ဘယ်သွားမလို့လဲ၊ မမ ဘာအကူအညီပေးရမလဲလို့ သူ့စကားစလိုက်တာနဲ့တင် ဖြစ်ကြောင်းရယ် ကုန်စင်ကို ကိုယ့်ဆွေမျိုးသားချင်းပြောသလိုမျိုး ပြောပြလိုက်တော့ သူက ဘာမှမပူနဲ့၊ သူ့မှာ ဗြူးတီးဆလွန်းရှိတယ်၊ အဲဒီမှာ အလုပ်လုပ်မလား မေးလာတယ်။

အမှန်ပြောရရင် ဗြူတီဆလွန်းဆိုတဲ့စကားကို နားမလည်ဘူး၊ နားမလည်လို့ ပြန်မေးတော့ အလှပြင်ဆိုင်လို့ပြောတယ်။ လုပ်မှ မလုပ်တတ်ပဲဆိုတော့ သင်ပေးမှာပေါ့တဲ့၊ အဲဒါနဲ့ပဲ မမော် ခေါ်ဆောင်ရာနောက်ကို လိုက်လာခဲ့တာပဲ။

မမော်ပြောတဲ့ ဗြူတီဆလွန်းဆိုင်ကို ရောက်တော့ အခန်းက အလှပြင်ဆိုင်သာ ပြောတယ်၊ လင်းလင်းချင်းချင်းလည်း မရှိဘူး။ ဒါပေမဲ့ အလှပြင်မှန်ခုံကြီးတစ်ခုံရှိတယ်။ နောက်ပြီး ပက်လက်လှန် ခေါင်းလျှော်ရတဲ့ အိပ်စင်ခေါင်းလျှော်ခုံနှစ်ခုံရှိတယ်။ အဲဒါပဲ၊ နောက်ဧည့်ခန်းထဲမှာ ဆိုဖာဆက်တီခုံတွေ ချထားတယ်။

အဲဒီဆိုဖာဆက်တီခုံပေါ်မှာ ပန်းအိနဲ့ မတိမ်းမယိမ်းကောင်မလေးတွေ ခုနစ်ယောက်၊ ရှစ်ယောက်လောက် အဝတ်အစားဖရိုဖရဲတွေနဲ့ ထိုင်နေကြပြီး တီဗီကလာတဲ့ ဗီဒီယိုဇာတ်လမ်း ထိုင်ကြည့်နေကြတယ်။ ပန်းအိဆိုတဲ့နာမည်ကိုလည်း အဲဒီနေ့ စရောက်ရောက်ချင်းပဲ မမော်က ပေးလိုက်တာ။

စစချင်းရောက်တဲ့နေ့ ညနေပိုင်းလောက်မှာ ဧည့်သည်တွေ စဝင်လာတယ်။ ဒါပေမဲ့ သူတို့က မိန်းကလေးတွေ မဟုတ်ဘူး။ ယောကျ်ားလေးတွေ ဖြစ်နေကြတယ်။ တချို့က အိပ်စင်ခေါင်းလျှော်ခုံပေါ်တက်အိပ်ပြီး ခေါင်းလျှော်ခံတယ်ထင်ရတာပဲ။ လိုက်ကာကြီး ဆွဲလိုက်တော့ ဘာမှမမြင်ရတော့ဘူး။ နို့ပေမဲ့ ခိုးခိုးခစ်ခစ်အသံတွေက အတိုင်းသား မသဲမကွဲလေး ကြားနေရတယ်။

နောက် တချို့ကလည်း ဟိုတစ်ယောက်ဆိုပြီး လက်ညှိုးထိုးလို့ရယ် နှစ်ယောက်သား ရှေ့လက်တွဲကာ အခန်းတစ်ခန်းထဲ ဝင်သွားကြတယ်၊ ဘာလဲပေါ့၊ အဲဒီအထိ သဘောက မပေါက်သေးဘူး၊ မမော်ကိုလည်း ချက်ချင်းကြီး မမေးရဲသေးဘူးလေ၊ သူ ငြိုငြင်သွားမှဖြင့်၊ လောလောဆယ် အခြေအနေတစ်ရပ်မှာ သူ့အားကိုးနေရမှာ မဟုတ်လား။

နောက်ရက် နောက်ရက်တွေကျတော့ ပန်းအိကိုယ်တိုင် လက်ညှိုးအညွှန်ခံရတဲ့အထဲ ပါလာတယ်။ အစပထမတော့ အိပ်စင်ခေါင်းလျှော်ခုံမှာပဲ တာဝန်ကျပါတယ်။ ဧည့်ခံပေးရတဲ့ ငနဲသားက ခြေအငြိမ်မနေ၊ လက်အငြိမ်မနေ ပုဂ္ဂိုလ်၊ ပြန်တော့ ငါးထောင်တန်တစ်ရွက် ပေးသွားတယ်၊ အမယ် တယ်ဟုတ်ပါလားပေါ့။ မမော်ကို အဲဒီငါးထောင်သွားပေးတဲ့အခါ မမော်က အဲဒါ နင့်ကို သဘောကျလို့ မုန့်ဖိုးပေးသွားတာ နင်ပဲယူပြောလို့ ထပ်ပြီး တယ်ဟုတ်ပါလားလိုက်ရသေးတယ်၊ အံမယ် မမော်က ထပ်ပြောသေးတယ်၊ ဆက်ရှင်ခလည်း ထပ်ရဦးမယ်ဆိုပဲ။

အခုတော့ ရာထူးတိုးသွားတာလား၊ အဆင့်မြင့်သွားတာလား၊ ခြင်္သေ့တွေ၊ ဆင်တွေအပေါ်မှာပဲ ယစ်မူးသာယာသွားတာလား မပြောတတ်ဘူး။ အိပ်စင်ခေါင်းလျှော်ခုံကနေ တစ်ဆင့် အခန်းထဲကို ရောက်



သွားပြီ၊ အိမ်ကကျယ်တော့ အခန်းလေးတွေ ဖွဲ့ထားတာ ခြောက်ခန်းတောင်မှ ဟိုဘက်အခြမ်းသုံးခန်း၊ ဒီဘက်အခြမ်းသုံးခန်း မျက်နှာချင်းဆိုင်ပေါ့။ တစ်ခန်းကို နှစ်ယောက်တစ်ပြိုင်တည်း ဝင်လို့ရတယ်၊ အလယ်မှာ လိုက်ကာခြားထားပေးတယ်။ အခန်းတိုင်းမှာ အဲယားကွန်းနဲ့၊ နံရံမှာကပ်ထားတဲ့ မီးခလုတ်ကို လှည့်ပြီး အခန်းမီးအလင်းရောင်ကို လျှော့လိုက်တာနဲ့ မာဆက်လို့ရပြီပေါ့၊ အတွေ့အကြုံက စကားပြောတယ်ဆိုတာ သွေးထွက်အောင်မှန်ပါ့။

အဲသလိုမျိုး အတွေ့အကြုံကိုလည်း မကြုံမဆုံခင်ကတည်းက ကြိုတင်ခန့်မှန်းပြီးသားပါ။ ဒီလောကကတော့ဖြင့် သဘောပေါက်သွားပြီပေါ့။ ကိုယ်က ကြက်သွန်လည်း တစ်တက်စားခဲ့ဖူးပြီးပြီ၊ နဖူးကလည်း ပေါက်ပြီးသားဆိုတော့ အရောအနှော ကပြားမာဆက်ယဉ်ကျေးမှုထဲမှာ အလိုက်သင့်လေးပဲ လည်သလို ပတ်သလို စီးမျောလိုက်ပါတော့တယ်။

အခုဆိုရင် ဘာလိုလိုနဲ့ အိမ်ကို တစ်လ၊ တစ်လ တစ်သိန်းခွဲ၊ နှစ်သိန်းလောက် ပုံမှန်လေး ပို့ပေးနိုင်ပြီ။ ကိုယ်လည်း ဒီမှာ တစ်လတစ်လ ဘာပဲပြောပြော နှစ်သိန်းလောက်ကတော့ သာသာလေး သုံးနိုင်တာပဲ၊ အိမ်ကိုတော့ ဒီအလုပ်လုပ်တယ် ဘယ်ပြောလို့ဖြစ်မလဲ၊ မိန်းကလေးသီးသန့် အလှပြင်ဆိုင်မှာ ဆံပင်ညှပ်ပေးရတယ်၊ ပေါင်းပေးရတယ်၊ ဆိုးပေးရတယ်၊ ဖြောင့်ပေးရတယ်၊ ကောက်ပေးရတယ်၊ လခအပြင်ကော်မရှင်ပါရတယ်။ ဒီလိုမျိုးပြောထားရတာပေါ့။ ဟိုမသာကောင်ကျော်ဦးမွှေသွားတဲ့ကိစ္စက ခုတော့ အိမ်ကလည်း သွေးအေးသွားလောက်ပါပြီ၊ ကြားခါစက တော်တော်လေး ဒေါသထွက်ကြသေးတယ်။ ခုတော့ အေးဆေးပါ။ လောကမှာ ငွေအရေးကြီးတယ် မဟုတ်လား၊ သူကပဲ အခန်းကူး၊ အခန်းပြောင်းလောက အစီအစဉ်တွေကို ပြုလုပ်ပေးနေတာလေ၊ ဟုတ်တယ်မလား။

အလုပ်လုပ်စားရတာလည်း မလွယ်ဘူး၊ ကိုယ့်ဟာကိုယ် လုပ်စားတာတောင်မှ ဟိုလူ့ကြောက်ရ၊ ဒီလူ့ကြောက်ရနဲ့၊ တော်ကြာနေ ဟိုဟာဆို ဟိုဟာလိုက်၊ ဒီဟာဆို ဒီဟာလိုက် အကြိုက်ဆောင်ပေးရတဲ့ အပြင် လူကိုပါဆိုခဲ့ရင်လည်း လူကိုပါလိုက်နဲ့ တကယ့်ကို မပြီးနိုင် မစီးနိုင်၊ ကုန်းလည်းပိုးသေး၊ လျှောလည်းချသေး၊ အောက်ရောက်တော့လည်း ပိုက်ဆံတောင်းသေးဆိုတာမျိုးနဲ့ ကွက်တိပဲ၊ တစ်စုံတစ်ခု ဖြစ်သွားပြန်ရင်လည်း သူတို့နဲ့မဆိုင်သလိုလို အရှုံးကွက်က နင်းတတ်ကြသေးတယ်။

ခုတလော အသံဗလံလေး နည်းနည်းထွက်နေလို့ ညည့်သည်အဝင် ကျဲနေတယ်၊ ရှောင်တခင် ဝင်စစ်လို့ မိရင် ညည့်သည်လည်း အိပ်ရာလိပ်ထမ်းပြီး လိုက်ခဲ့ရမယ်ဆိုတော့ ညည့်သည်တွေလည်း ကျွတ်ကျဲကုန်ကြတယ်ထင်ပါ့၊ ကျောချင်းကပ်လမ်းက ဆိုင်တစ်ဆိုင်ကို တစ်နေ့က ဝင်မသွားလို့ ဒီဆိုင်က လူတွေလည်း မျက်ခုံးလှုပ်နေကြရတယ်၊ အဲဒါကြောင့် အလုပ်လုပ်ရတာ မလွယ်ဘူးလို့ပြောတာ၊ မမော်ပြောတာကလည်း အမှန်၊ ညည့်အလာကျဲလို့ ဝင်ငွေမကောင်းဘူး၊ ဒါကြောင့်မို့ ဒီလောက်ပဲ ယူပါ ပြောတာ၊ သူတို့ကတော့ ရလေလိုလေ အိုတစ္ဆေတွေပါပဲ။

ဆိုင်မှာက ခုဆို ထွက်တဲ့သူထွက်၊ ဝင်တဲ့သူဝင်နဲ့ လူတော့မပြတ်ပါဘူး။ လူဟောင်းဆိုလို့ နှစ်ဆွေးလူဆွေးလုပ်လာတာ ပန်းအိနဲ့ နောက်နှစ်ယောက်ပဲ ရှိတော့တယ်။ အဲဒီနှစ်ယောက်ထဲက မနွယ်ဆိုတဲ့ တစ်ယောက်နဲ့ ပန်းအိနဲ့က ညီအစ်မအရင်းအချာလို ဖြစ်နေပြီ။ သူ့အကြောင်း ကိုယ်အကုန်သိ၊ ကိုယ့်အကြောင်း သူအကုန်သိ၊ အတွင်းသိ၊ အစဉ်းသိတွေဖြစ်နေကြပြီ၊ ဘာလိုလိုနဲ့ မမော်ဆီကိုရောက်တာ ငါးနှစ်၊ ခြောက်နှစ်လောက် ရှိရောပေါ့၊ အဲဒီငါးနှစ်၊ ခြောက်နှစ်အတွင်း ပြောင်းလိုက်ရတဲ့နေရာတွေကလည်း ဘယ်နည်းပါ့မလဲ။

အကြောင်းကြောင့် အကျိုး၊ အကျိုးကြောင့် အကြောင်း တစ်ခုခုတော့ တစ်ခုခုပဲ။ အမှုမဲ့အမှတ်မဲ့ နေလာလိုက်တဲ့ အချိန်တွေကလည်း နည်းမှမနည်းဘဲ။ ခုတလော ဘာဖြစ်လဲဆိုတော့ ညနေဘက် ခြောက်နာရီကျော်ရင် အဖျားသွေးက ဝင်ဝင်လာတယ်။ သတိထားမိနေတာကြာပြီ၊ လည်ပင်းမှာကလည်း အကျိတ်စေ့ကလေးတွေ နှစ်ဖု၊ သုံးဖုလောက် စမ်းမိတယ်။ လူက အစားအသောက်လည်းပျက်ပြီး ကိုယ်အလေးချိန်တွေလည်း ထိုးကျသွားမှာ အမှန်ပါပဲ။ လူက ချုံးကျသွားတာကိုး၊ ပါးရိုးတွေတောင် နည်းနည်းငေါ်ထွက်နေသလို စိတ်ထဲ ခံစားရတယ်။ မှန်ထဲတောင် ကိုယ့်ရုပ်ကို ကိုယ်ပြန်မကြည့်ချင်ဘူး။

အဲဒါနဲ့ မနွယ်ကို ဘာဖြစ်တာလဲဆိုတာ ဖြစ်ကြောင်းကုန်စင်ပြောပြပြီး မေးကြည့်တော့ မနွယ်က အဲဒါအေကိုက်တဲ့ လက္ခဏာပဲတဲ့။ အရင် သူနဲ့တွဲခဲ့ဖူးတဲ့ သူငယ်ချင်းတစ်ယောက်ကလည်း အခု ပန်းအိဖြစ်သလိုမျိုးပဲ ဖြစ်တာတဲ့။ နောက်ဆုံးအရှက်သည်းပြီး ဆေးကုဖို့ အချိန်မီရက်သားနဲ့ အိမ်တွင်းပုန်းလိုက်တာ အပြီးသတ်တော့ အေကိုက်သေရောတဲ့၊ ဒါနဲ့ မနွယ်က မေးသေးတယ်၊ ဝမ်းကော သွားသေးလားတဲ့၊ ဟုတ်ပါရဲ့၊ လေးငါးရက်ရှိပြီ၊ ဝမ်းတွေသွားနေတာ၊ ဒီလိုပုံစံမျိုးတွေ ဖြစ်ပြီဆိုရင် ကျိန်းသေသလောက် ရှိတယ်လို့ မနွယ်က ရှင်းပြတယ်။

ဒါပေမဲ့ မနွယ်က ဆက်ပြောပြတယ်၊ စိတ်မပူနဲ့၊ စိတ်အေးအေးထား၊ သွေးအရင်စစ်ကြည့်လိုက်၊ သွေးစစ်ကြည့်လို့ HIV ပိုးရှိခဲ့ရင်လည်း ခုခေတ်အချိန်အခါမှာ အစွမ်းထက်တဲ့ ART ဆေးတွေ ပေါ်နေပြီ။ ရောဂါပိုးကို ပျောက်ကင်းသွားအောင် အဲဒီ ART ဆေးက မစွမ်းဆောင်နိုင်ပေမဲ့ ရောဂါဆက်မတိုးအောင် ထိန်းပေးထားနိုင်တယ်တဲ့၊ သက်တမ်းစေ့လည်း နေရမယ်၊ ဆေးကိုတော့ မသေမချင်း တစ်သက်လုံး သောက်ရမှာတဲ့ဆိုပြီး ဘာမှ အားမငယ်ဖို့နဲ့ သူလည်း တတ်နိုင်သလောက် ကူညီပါ့မယ်လို့ သူငယ်ချင်းကောင်းပီသစွာ အားပေးစကားဆိုရှာပါတယ်။

နောက်တစ်နေ့ ချက်ချင်းပဲ နှစ်ယောက်သား နာမည်ကြီးဓာတ်ခွဲခန်းတစ်ခုကို သွားပြီး သွေးသွားစစ်ကြည့်တယ်၊ သွေးအဖြေက ချက်ချင်းကြီးတော့ မရပါဘူး။ နောက်တစ်ရက် ခွာချိန်းလိုက်တယ်။

ဓာတ်ခွဲခန်းက ချိန်းတဲ့နေ့ မနွယ်ကိုပါခေါ်ပြီး နှစ်ယောက်သား ထပ်သွားကြတယ်၊ လမ်းမှာ ရင်က ခုန်သလားမမေးနဲ့။ ဒါပေမဲ့ အဆိုးဆုံးအခြေအနေတစ်ရပ်ကိုလည်း မျှော်လင့်ထားပြီးသားပါ။ ခံနိုင်ရည်ရှိတယ်၊ မရှိတယ်ကတော့ မပြောတတ်သေးဘူး။ ဘာပဲဖြစ်ဖြစ်ရင်ဆိုင်ရမှာပဲလေ။ ဘယ်သူမပြုမိမိမှုမဟုတ်လား။

ဟိုကိုရောက်တော့ ကောင်တာမှာ နာမည်ပြောလိုက်တယ်။ ဓာတ်ခွဲခန်း အမှတ်တံဆိပ်နဲ့ ဓာတ်ခွဲခန်းနာမည်ပါတဲ့ စာအိတ်ဖြူဖြူလေးကို ကောင်တာက ထုတ်ပေးတယ်။ စာအိတ်ကို တုန်ယင်နေတဲ့လက်အစုံနဲ့ လှမ်းယူပြီး နှစ်ယောက်သား ခပ်သွက်သွက်ပဲ ဓာတ်ခွဲခန်းထဲကနေ အပြင်ကို ထွက်လိုက်တယ်။

အပြင်ကိုရောက်တော့ နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ မနွယ်က နှစ်သိမ့်ပြုံးလေးပြုံးပြရှာရဲ့၊ တုန်ယင်လို့ မဆုံးသေးတဲ့ လက်အစုံနဲ့ပဲ စာအိတ်ဖြူဖြူလေးထဲက သွေးအဖြေစာရွက်ကို ထုတ်ကြည့်လိုက်တယ်၊ အဲဒါမှ ခက်ပါလေပြီ။ သွေးအဖြေစာရွက်မှာက အကုန်လုံး အင်္ဂလိပ်လိုချည်း ရေးထားတာ၊ ပန်းအိမှ အင်္ဂလိပ်လို မဖတ်တတ်တဲ့ဟာပဲ၊ ဒါနဲ့ခေါင်းလေးငုံ့ပြီး စာရွက်ကို အတူတူကြည့်နေတဲ့ မနွယ်ကို အကဲခတ်လိုက်တဲ့အခါ မနွယ်ရယ်ပြုံတော့မယ့်မိုးလို မျက်စိမျက်နှာပျက်နေပါပကောလား။

**မြတ်ကိုကို (ရွှေကူ)**



# ဖိုးဖိုး

## သိပ်ချစ်တဲ့ ပတိုးသမီးလေး

**ဝတ္ထုတိုရသ**

အဲဒီနေ့ မနက်ခင်းလေးက မပူမအေးလွန်း၊ အေးအေးမြမြလေးရယ်၊ အခန်းထဲက စံပယ်ပင်လေးဟိုတစ်နေ့ကမှ ပထမဆုံးအဖူးလေးတွေ တွေ့လာရပြီ။ ဒီနေ့ဆို စိမ်းမြမြအရွက်သန်သန်လေးတွေနဲ့ ဖူးဖူးပွင့်ပွင့် စံပယ်ပင်လေးဖြစ်နေခဲ့ပြီ။ စံပယ်ပင်လေးဆီက သင်းပျံ့ပျံ့ရနံ့လေး အခန်းထဲဝေ့ဝဲမွှေးမြနေတဲ့ အဲဒီနေ့ မနက်ခင်းလေးဟာ သိပ်လှနေခဲ့တာပေါ့။

စံပယ်ဖြူဖြူ အိပ်ရာထဲက မထသေးဘဲ အိပ်ချင်မူးတူးမျက်လုံးတွေကို အားယူဆွဲဖွင့်ရင်း ဖုန်းကိုလိုက်ရှာရတယ်။ ခေါင်းအုံးအောက်မှာလား မရှိ ဘေးမှာရော မရှိပါဘူး။ ဟော. . . တွေ့ပါပြီ အိပ်ရာဘေးက စာကြည့်စားပွဲလေးပေါ်မှာ၊ ကိုကြီးရွှေ့ထားခဲ့တာနေမှာပေါ့။ ကိုကြီးက အဲဒီလိုပဲ ညတွေညတွေ စံပယ်ဖြူဖြူ ဖုန်းသုံး အင်တာနက်ထဲမွှေ၊ Facebook ကြည့် candy crush ဂိမ်းဆော့ရင်း ဖုန်းဘေးချ အိပ်ပျော်သွားတဲ့အခါ မိုးလင်းလို့ကြည့်လိုက်ရင် ဖုန်းကအနားမှာ ရှိမနေတော့ဘူး။ ခပ်ဝေးဝေးကို ဖယ်ရွှေ့ပစ်လိုက်ပြီးသားပဲ။ အိပ်ရာထဲ ဖုန်းထားပြီး အထူးသဖြင့် ခေါင်းအုံးအောက်မှာထားပြီး မအိပ်မိဖို့ ကိုကြီးအမြဲ တားမြစ်တတ်တယ်။ ဖုန်းကိုဆွဲယူ Facebook စာမျက်နှာအရင်ဆုံးဖွင့် refresh လုပ်လိုက်တာနဲ့ ပထမဆုံး တွေ့လိုက်ရတာက သိပ်လှတဲ့ မင်္ဂလာစုံတွဲပုံလေးတစ်ပုံ။ သတို့သမီးလေးက လှလိုက်တာကွယ်။ မျက်နှာဖူးဖူးလေးမှာ နှုတ်ခမ်းလေးက ပုံကျကျ ပြည့်ပြည့်ဖောင်းဖောင်းလေး၊ နှာတံလေးက သွယ်စင်းကျနေပြီး ထိပ်ပိုင်းမှာ ချွန်ချွန်လုံးလုံးလေး၊ မျက်လုံးလေးတွေဆို ကြည့်လှဲ့နေတာပဲ။ ပြင်ထားတဲ့ မိတ်ကပ်ကောင်းတာလည်း ပါမှာပဲ။ မျက်တောင်က အတုတော့ သုံးထားမယ်ထင်တယ်။ ဒါပေမဲ့ မိန်းကလေးရဲ့ မျက်နှာကျလေးကိုက ချစ်စရာကောင်းလွန်းနေတာ။ ရွှန်းရွှန်းစားစားမျက်ဝန်းအစုံနဲ့ သိပ်ကိုလှတဲ့ အနီရောင်သတို့သမီးလေး။ သတို့သားကို ကြည့်မိတော့ အိုး . . . စံပယ်ဖြူဖြူရဲ့ နှုတ်ခမ်းတွေ စုဝိုင်းသွားရတော့တယ်။ စုစုဝိုင်းဝိုင်း နှုတ်ခမ်းဆီက အာမေဍိတ်သံတောင် လျှံကျသွားရမိတဲ့အထိပေါ့။ သူပါလား။ ပြီးခဲ့တဲ့ သုံးနှစ်လောက်က စံပယ်ဖြူဖြူရဲ့ အချစ်ဦး ဖြစ်ခဲ့ဖူးတဲ့ မောင်။ ဒါဆို ဒီမိန်းကလေးက မောင် စံပယ်ဖြူဖြူကို ပြတ်စဲလိုက်ပြီး စိတ်တိုင်းကျ ရွေးချယ်ခဲ့တဲ့ မိန်းကလေးဖြစ်မှာပဲ။ အရာရာကို စီမံကိန်းချ၊ ရည်မှန်းချက်ကြီးကြီးထားပြီး မဖြစ်ဖြစ်အောင် လုပ်တတ်တဲ့သူလို့ ထင်ခဲ့မိတာ သိပ်မှန်တာပဲပေါ့။ မောင်ဟာ စံပယ်ဖြူဖြူထက် ပိုချစ်ရမယ့်သူကို ရှာဖွေတွေ့ခဲ့ပြီး တာတောင် ချက်ချင်းလက်မထပ်





သေးဘဲ အစစအရာရာပြည့်စုံတဲ့ အထိ အချိန်ယူဖြည့်ဆည်းပြီးမှ လက်ထပ်ဖို့ စီစဉ်ခဲ့ကြသတဲ့။ စံပယ်ဖြူဖြူ့ဆီ သတင်းစကားလေးတွေ သယ်ပိုးလာကြတဲ့ မိတ်ဆွေတွေက တစ်ဆင့် အဲဒီသတင်းတွေ သိခဲ့ရတယ်။ ဒီမိန်းကလေးရဲ့ အရည်အချင်းတွေမသိရသေးဘဲနဲ့ မြင်လိုက်ရတဲ့အလှအပမှာတော့ သူမဟာ အပြည့်စုံဆုံးမိန်းမလှလေးဖြစ်နေတာ သေချာနေပါပြီ။

ကြည့်နေရင်းမှာပဲ Pre-wedding ဓာတ်ပုံတွေတဲ့ တစ်ပုံပြီး တစ်ပုံ တက်လာတော့တယ်။ မောင် tag ထားတဲ့ နာမည်အတိုင်း လိုက်ကြည့်ရင်းနဲ့ မောင့်သတို့သမီးလေးရဲ့ wall ကိုရောက်သွားမိတယ်။ စံပယ်ဖြူဖြူလည်း တကယ့်ကို သိချင်စိတ်ပြင်းပြနေခဲ့ပြီ။ မောင်ရွေးချယ်လိုက်တဲ့ မိန်းကလေးက ဘယ်လို မိန်းကလေးလည်း သိပ်ကိုသိချင်သွားခဲ့လို့ပါ။ နှင်းစုသီတဲ့။ စပ်စုတတ်တဲ့ မိန်းကလေးမျိုးမဟုတ်ဘူးလို့ ကိုယ့်ဘာသာထင်ထားခဲ့မိသမျှ ဒီအချိန်လေးမှာတော့ လွဲမှားသွားတယ်။ စပ်စုမိနေမှန်းမသိ အမေ့မေ့ အလျော့လျော့နဲ့။ နှင်းစုသီရဲ့ profile ထဲကို ဝင်မွှေမိတော့တယ်။ နှင်းစုသီက နာမည်ကြီးကုမ္ပဏီ "...." မှာ ရာထူးခပ်ကြီးကြီး ရထားသူလေး၊ သူမ ရထားခဲ့တဲ့ အောင်လက်မှတ်တွေ၊ ဘွဲ့တွေဒီဂရီတွေကလည်း များများစားစားရယ်။ မင်္ဂလာပွဲအတွက်ရည်ရွယ်ပြီး အယ်လ်ဘမ်သက်သက် တင်ထားတာမို့ အဲဒီအယ်လ်ဘမ်ထဲက ဓာတ်ပုံတွေကိုကြည့်မိတော့ နှစ်ဖက်မိဘရဲ့ ရာထူးအရှိန်အဝါ မြင့်မြင့်မားမား၊ မောင့်ရဲ့အောင်မြင်မှုတွေပါ ပေါင်းစပ်ခင်းကျင်းထားတဲ့ မင်္ဂလာပွဲ ဖိတ်စာလေးဟာ စံပယ်ဖြူဖြူ့ကို လှောင်ပြောင် ရယ်ပွဲဖွဲ့နေသလိုပဲ။ မင်္ဂလာပွဲမကျင်းပခင် ဓာတ်ပုံတွေမှာ မိတ်ကပ်အလှဖန်တီး ရှင်နဲ့ နှင်းစုသီ အလှပြင်နေတဲ့ပုံတွေ၊ မိတ်ကပ်အစမ်းပြင်တာလို့ ပုံမှာ ရေးထားတယ်။ မင်္ဂလာပွဲက နောက်တစ်ပတ် တနင်္ဂနွေနေ့တဲ့၊ မိတ်ကပ်ဆရာက နာမည်သိပ်ကြီးတဲ့မိတ်ကပ်ဆရာဆိုလား။ နှင်းစုသီဖြေထားတဲ့ comment တချို့မှာတွေ့လိုက်ရတယ်။ သိပ်ကိုလိုက်ဖက်ညီတဲ့ မင်္ဂလာစုံတွဲလေးတွေကို နေနဲ့လ ရွှေနဲ့မြလို့ ချီးမွမ်းကြသလို ပြောရတော့မှာပဲ။ ခြောက်ပေနီးပါး မြင့်မားတဲ့ မောင့်အရပ်၊ မောင့်ရုပ်ရည် ခန့်ခန့်ချောချောရယ် မိန်းကလေးရဲ့ ထူးထူးကဲကဲအလှအပတို့နဲ့ ပေါင်းစပ်လိုက်တော့ တကယ့်ကိုလိုက်ဖက်ညီလှတဲ့ မင်္ဂလာစုံတွဲလေးပဲပေါ့။

စံပယ်ဖြူဖြူ့ကို ပြတ်စဲစကား ဆိုလာခဲ့တုန်းက စကားလုံးတွေ နားထဲ ပြန်လည်ကြားယောင်လို့။ အချိန်တွေဟာ အဲဒီတုန်းက စံပယ်ဖြူဖြူရဲ့ ခံစားချက်တွေဆီ လက်တံလှည့်ကုန်ကြတယ်။

"မ မောင့်ကို မောင်လေး တစ်ယောက်လို သဘောထားပေးပါ။ မောင် မိန်းကလေးတစ်ယောက်ကို ချစ်မိသွားပြီ။ သူ့ကိုချစ်မိသွားတာ မှန်သလား၊ မှားနေမလားတောင် မောင်မသိဘူး။ တစ်ချိန် မောင့်ဆုံးဖြတ်ချက်မှားယွင်းခဲ့ရင် မ လှောင်ပြောင်နိုင်ပါတယ်တဲ့"

ဟောတော် ခက်ရချည်ရဲ့ မောင်ရယ်၊ စံပယ်ဖြူဖြူအတွက်ကတော့ မောင်ပြောလာတဲ့ စကားတွေကိုတောင် အဲဒီတစ်ခဏအတွင်း ဘယ်လိုတုံ့ပြန်လိုက်ရမယ်မှန်း မသိနိုင်သေးဘူးလေ။ တစ်ချိန်ဆိုတဲ့ ဟိုးအဝေးကြီး အချိန်ရောက်တဲ့အခါကျမှ တုံ့ပြန်ရမယ့်ပုံစံကိုတောင် မောင်က ပြောပြနေပါရောလား။ သူများကို လှောင်ပြောင်ဖို့ထက် လက်ရှိအချိန်လေးမှာ ဘယ်လို ရပ်တည်ရမယ်ဆိုတာလေး အရင် စဉ်းစားပါရစေဦး။ အဲဒါလေး အရင် ပြေပြတာကမှ စံပယ်ဖြူဖြူ့အတွက် အဆင်ပြေနိုင်ဦးမယ်။

ဂရုတစိုက်ရွေးချယ်ထားတဲ့ စကားလုံးတွေနဲ့ အလွန်အမင်း

ယဉ်ကျေးပြခဲ့တဲ့ မောင့်ရဲ့ စကားလုံးတွေက စံပယ်ဖြူဖြူ အတွက်တော့ ကြမ်းတမ်းရိုင်းပျ ခါးသက်လွန်းလှချည်ရဲ့။ စကားတစ်ခွန်းမှ မတုံ့ပြန်နိုင်ဘဲ ငေးကြောင်ဆွံ့အနေခဲ့တဲ့ အဲဒီတစ်ခဏ "မောင်လေး သူနဲ့ . . . လပိုင်းကျမှ ဖြစ်သွားတာ" တဲ့။ သူ့ကိုယ်သူ မောင်လေးလို့ ပြောင်းလဲလိုက်တဲ့ နာမ်စားတစ်ခုကို နားမယဉ်နိုင်ခဲ့သေးခင်၊ နောက်ထပ် နားမလည်နိုင်ခဲ့တာက "ဖြစ်သွားတာ" ဆိုတဲ့စကား။ ဘာဖြစ်တာလဲ။ ချစ်သွားခဲ့တာလား၊ အဲဒီထက်ပိုတဲ့ အဖြစ်အပျက်တွေ ဖြစ်သွားခဲ့တာလား။ ပြီးတော့ အလွန်နီးကပ်နေသေးတဲ့ အချိန်ကာလတစ်ခု အဲဒီအချိန်မတိုင်ခင်လေးတင် မောင် စံပယ်ဖြူဖြူ့ကို ချစ်တယ်၊ ချစ်တယ်ဆိုတဲ့စကားတွေ ပြောထွက်ခဲ့သည်ပဲ မဟုတ်လား။ အဖြစ်အပျက်ကို နားမလည်နိုင်ခဲ့သေးပေမဲ့ မောင်ဆိုတဲ့လူက စံပယ်ဖြူဖြူကို မချစ်တော့တာ သေချာသွားခဲ့လေပြီ။ အဲဒီမိန်းကလေးကဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်လိုတွေ့၊ ဘယ်လိုမေးခွန်းမျိုးနဲ့မှ မမေးရဲခဲ့ပါဘူး။ မဆိုင်တဲ့ မိန်းကလေးတစ်ယောက်ကို အပြစ်မတင်ချင်တာထက် အဲဒီမိန်းကလေးရဲ့ သာလွန်မှုတွေကို စံပယ်ဖြူဖြူ သိလိုက်ရမှာ စိုးရိမ်တဲ့စိတ်နဲ့ မမေးဖြစ်ခဲ့တော့တာ ကိုယ်တိုင်သာ အသိဆုံးပါပဲ။

စံပယ်ဖြူဖြူဆိုတဲ့ မိန်းကလေးက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားနည်းခဲ့သူ တစ်ယောက်ပါ။ စံပယ်ဖြူဖြူဟာ ပါးဖောင်းဖောင်းနဲ့ ချစ်စရာ ကောင်းတဲ့ မိန်းကလေးလို့ ပြောနိုင်ရုံလောက်လေးပဲ၊ ထူးထူးခြားခြားလှပသူ မဟုတ်ပါဘူး။ ပြောရရင်တော့ ကိုယ့်ဘာသာတောင် ရုပ်ဆိုးတယ်လို့ ထင်နေတတ်ခဲ့သေးတယ်။ ခေတ်မီမီ အပြင်အဆင်လေးတွေလည်း ဆင်ယင်တတ်ခဲ့သူ မဟုတ်၊ ချစ်စရာဒီဇိုင်းလေးတွေနဲ့ ဝတ်ဆင်တတ်တာကလွဲလို့ ဆံပင်ကလည်း တိုတိုစင်းစင်း၊ မျက်တောင်ဆိုးဆေးမသုံး၊ နှုတ်ခမ်းနီပါးပါးဆိုးရုံလောက် ပြီးတော့ မိတ်ကပ်ပါးပါး လိမ်းကာ အပေါ်က သနပ်ခါးထပ်လိမ်းတတ်သေးတဲ့ ခပ်ရိုးရိုး မိန်းကလေးမျိုးဖြစ်နေတော့ အရပ်ရှည်ရှည် အသားဖြူဖြူ မျက်ခုံးထင်းထင်း၊ နှုတ်ခမ်းပါးပါး၊ ဆံပင်တိုတို လူချောကြီးမောင့်လိုလူကို ချစ်ခွင့်ရလိုက်တာကိုပဲ ဆုလာဘ်ကြီးကြီး လက်ခံရရှိထားသလိုလို။ ဆုလာဘ်ကြီးပျောက်ဆုံးသွားမှာ လျော့ပါးသွားမှာ စိတ်မချနိုင်၊ ကိုယ့်ဘာသာလည်း အားမရနိုင်တဲ့စိတ်တွေနဲ့ ပူပန်စိုးထိတ်နေခဲ့တယ်။

မောင့်ကိုစိတ်မချတိုင်း "ဘယ်မိန်းကလေးမှ မကြည့်ရဘူးနော်၊ မကိုပဲ သတိရနေရမယ်၊ မကလွဲလို့ ဘယ်မိန်းကလေးကိုမှ စိတ်ကူးထဲ မထည့်ရဘူးလို့" မကြာခဏ ပြောတတ်ခဲ့မြ။ အဲဒီအခါ မောင်ဖြေတတ်တဲ့စကားက "မကြည့်ပါဘူးကွာ၊ မောင့်မှာ မကလွဲလို့ ရွေးနေစရာကိုမရှိတာ" တဲ့။ ကဲ . . . တကယ်ဆို "ရွေးချယ်စရာတွေ ဘယ်လောက်ပဲရှိနေပစေ မကိုပဲ. . ." လို့ ဖြေသင့်တာ မဟုတ်လား။ စံပယ်ဖြူဖြူကတော့ မောင့်အဖြေဘယ်လိုလေးပဲ ဖြစ်နေပါစေ ကျေနပ်နှစ်သိမ့်နေတော့တာ။ တကယ်ဆို အဲဒီအချိန်ကတည်းက သိထားခဲ့သင့်တာပေါ့။ စံပယ်ဖြူဖြူက မောင့်ထက် အသက်လေးနှစ်လောက် ကြီးနေတာကလည်း အမြဲစိတ်အနှောင့်အယှက် ဖြစ်ခဲ့ရတာပဲ။ မိန်းကလေးဆိုတာ အရွယ်မြန်မြန်လေး အိုမင်းလွယ်တယ်၊ ယောကျ်ားလေးတွေက အရွယ်တင်တယ်။ ဒီလောက် အသက်ကွာနေရင်ဆိုပြီး မဆုံးအောင်တွေးပြီး ပူပင်ဝမ်းနည်းနေခဲ့သေးတယ်။ တစ်ခါ ဒီဇိုင်းဆန်းဆန်း အနီရောင်တီရှပ်လေး မောင် ဝယ်ပေးခဲ့တုန်းက စံပယ်ဖြူဖြူတော်တော်နဲ့ မဝတ်ခဲ့ဘူး။ မောင်က ဝတ်ခဲ့ပါ ဝတ်ပါ အခါခါပြောမှ စံပယ်ဖြူဖြူပြန်ပြောမိတာက "မောင်ရဲ့ အင်္ကျီအဝတ်အစား သိပ်လှနေရင် မမဝတ်ရဲဘူးဗျ၊ အင်္ကျီ သိပ်လှတာ ပိုပြီးပေါ်သလို မ မလှတာလည်း ပိုပြီးမြင်သာတယ်။ ဒါကြောင့် အဝတ်အစားဆို သိပ်တောက်တောက်ပြောင်ပြောင် မဝတ်ရဲဘူး။ အဝတ်အစားက သတ်သတ် လူက သတ်သတ်ဖြစ်နေလွန်းလို့" ဆိုပြီး ရယ်ကျဲကျဲလုပ်နေခဲ့တဲ့ စံပယ်ဖြူဖြူ့

> မောင်က တကယ်
> ချစ်ခဲ့တာမှမဟုတ်တာပဲ။
> မောင် မချစ်ခဲ့တာက
> စံပယ်ဖြူဖြူရဲ့ရုပ်ရည်က
> အစ အမူအကျင့်၊
> အတွေးအခေါ်အလုံး
> ပါဝင်နေခဲ့မှာပါ။
> မောင် လမ်းခွဲစကား
> ပြောခဲ့စဉ်တုန်းက
> စံပယ်ဖြူဖြူ ဆိုတဲ့
> မိန်းကလေးကသာ
> မပြတ်စဲချင်သူကြီးလေ။

ကိုကြည့်ပြီး "ဟောဗျာ" တစ်ခွန်းတည်း မောင် ပြောခဲ့နိုင်ရှာတယ်။ စံပယ်ဖြူဖြူက မောင့်ထက် အသက်လေးနှစ်ကြီးနေပေမဲ့ မိသားစုမှာတော့ အငယ်ဆုံးဖြစ်နေတယ်လေ။ မောင်ကတော့ ညီတစ်ယောက်၊ ညီမတစ်ယောက် ရှိနေခဲ့သူ၊ အသက်ငယ်ပေမဲ့ စံပယ်ဖြူဖြူ့ထက် အကြီးပုံစံနဲ့ ပြောဆိုတတ်တယ်။ အဲဒီပုံစံကို တစ်ခါတစ်ရံ ကျေနပ်မိပါတယ်။ ဒါပေမဲ့ စိတ်ထဲမှာတော့ မလွတ်မလပ် စိုးရွံ့စိတ်တွေနဲ့ မောင့်ရှေ့မှာ ဝံ့ဝံ့စားစား ရှိမနေခဲ့ဘူး။ အဲဒါကိုပဲ မောင် မကြိုက်ခဲ့တာနေမှာပါပဲ။

စံပယ်ဖြူဖြူဟာ လူကသာ ခပ်ရိုးရိုး ပုံစံဆင်ယင်လေ့ရှိပေမဲ့ သီချင်းတွေဆိုရင်တော့ မြန်မာသီချင်းတွေသိပ်နားမထွဲဘဲ အင်္ဂလိပ်သီချင်းတွေကိုမှ နားယဉ်တတ်သူ ဖြစ်နေသေးတယ်။ မောင်နဲ့ gtalk မှာ တစ်ခါတွေ့ဖြစ်တုန်းက သီချင်းစာသားတစ်ခု ရိုက်ပြခဲ့ဖူးတယ်။ "သွေးကြောထဲမှာ လည်ပတ်နေ၊ မင်းလေးပေးတဲ့ အားအင်တွေ" ဆိုပြီး။ စံပယ်ဖြူဖြူက အဲဒီသီချင်းကို သိမထားတော့ သံစဉ်ဘယ်လိုမှ ဖော်မရ ဘယ်လိုသီချင်းမှန်းခံစားမရ ဖြစ်နေခဲ့တာ။ နောက် လူချင်းတွေ့မှ အပြင်မှာဆိုပြခိုင်းတော့ မောင့်အသံသြသြဟာ ဂရေဟမ်အသံလိုမျိုး သိပ်ကိုနားထောင်လို့ကောင်းတာပဲ။ အဲဒီအချိန်ကစလို့ စံပယ်ဖြူဖြူတစ်ယောက် မောင်ဆိုပြတဲ့သီချင်းကို ဖုန်းထဲ၊ ကွန်ပျူတာထဲသိမ်းယူဖို့ အလောတကြီးလိုက်ရှာ တစ်ချိန်လုံး နားထောင်မိခဲ့တယ်။ အဲဒီအချိန်ကစလို့ ဂရေဟမ်ရဲ့သီချင်းတွေလည်း ကြိုက်နှစ်သက်သွားပြီး စုဆောင်းမိခဲ့တာ။ ဂရေဟမ်သီချင်းတွေကြားမိတိုင်း မောင့်အသံနဲ့ တူလိုက်တာဆိုပြီး နားစိုက်ထောင်ပြီး ရင်ခုန်နေတတ်ခဲ့တာပေါ့။ "မကဘာသီချင်းတွေကြိုက်လဲ ပြောပါဦး" လို့ မောင်မေးလာတုန်းက "Linking Park ရဲ့ In the End ကြိုက်တယ်။ Somewhere I belong ပြီးတော့ Crawling လည်း သိပ်ကြိုက်တာပဲ" အားတက်သရော ပြောမိသွားတယ်။ မောင်က မျက်မှောင်ကြုတ်လို့ နားမလည်ဟန်နဲ့ စံပယ်ဖြူဖြူ့ကို စူးစူးစိုက်စိုက်ကြည့်ခဲ့တယ်။ စံပယ်ဖြူဖြူကြိုက်ပေမဲ့ မောင် မကြိုက်တာတွေကလည်း နောက်ထပ်ရှိနေသေးတာ ခပ်များများရယ်၊ စံပယ်ဖြူဖြူဆိုတဲ့မိန်းကလေးဟာ ဘောလုံးပွဲကြည့်ရတာလည်း ကြိုက်တတ်တာ၊ တခြားအချိန်ဆို ငြိမ်ဆိမ်တိုးတိတ်နေတတ်ပေမဲ့ နိုင်ငံရေးအကြောင်း ပြောရမယ်ဆိုရင် အသံကျယ်လောင်လောင် ဖြစ်လာတတ်တာမျိုးတွေ။ တစ်ခုကတော့ အဆိုးဆုံး ဖြစ်သွားခဲ့မယ်ထင်တယ်။ မင်္ဂလာပွဲဝတ်စုံတွေအကြောင်း ပြောနေရင်းကနေ စံပယ်ဖြူဖြူ ပြောမိသွားခဲ့တဲ့ စကားတွေကြောင့်ပေါ့။

"မကတော့ သိပ်စိတ်ကျဉ်းကျပ်မိမှာပဲ သတို့သမီးဝတ်စုံပြိုးပြိုးပြက်ပြက်၊ ရွှန်းရွှန်းလဲ့လဲ့ မိတ်ကပ်ရောင်စုံခြယ်ပြီး လူတွေအများကြီးရှေ့မှာ ဟိုဒီလျှောက်နေရမှာ၊ စိတ်ညစ်စရာကြီးနော်။ မြန်မာဝတ်စုံ ခါးတိုအင်္ကျီ တို့ဘာတို့ဆို မ တစ်ခါမှမဝတ်ဖူးဘူး သိလား။ မနဲ့လည်း မလိုက်လို့။ မကိုယ်လုံးကိုယ်ပေါက်ကလည်း မလှလို့။ ဟန်ဆောင်ပန်ဆောင်၊ ဟန်ကြီးပန်ကြီး၊ ဟိတ်ဟန်ထုတ်ပြီး နေရမှာလည်း စိတ်ညစ်တယ်"

"ဟာ ဟန်ဆောင်ပန်ဆောင်တွေရော၊ ဟန်ကြီး ပန်ကြီးတွေရော

ဟိတ်ဟန်တွေရော ဒေါ်စံပယ်ဖြူဖြူ ရယ် ဘယ်လိုဖြစ်တာလဲ၊ မြန်မာ မိန်းကလေးဆိုတာ မိန်းကလေးပီပီ တင့်တင့်တယ်တယ်၊ ကျက်သရေရှိရှိ ကလေးဝတ်ပြီး မင်္ဂလာပွဲလုပ်ကြရတာပဲ။ အနောက်တိုင်းဝတ်စုံ ပေါ့ပေါ့ပါးပါး ဂါဝန်ဝတ်ချင်တယ်ဆိုလည်း ညပိုင်းဧည့်ခံပွဲမှာ ဝတ်လို့ရသားပဲ။ လက်မှတ်ထိုးတာတို့ မင်္ဂလာဧည့်ခံပွဲတို့ဆိုရင်တော့ မြန်မာဝတ်စုံ ခန့်ခန့်ညားညားလေး ဝတ်ရမှာပေါ့ဗျာ။ ဒါမှ တစ်သက်မှာ တစ်ခါ ကျက်သရေရှိတဲ့ မင်္ဂလာဧည့်ခံပွဲမျိုးအဖြစ် မှတ်တမ်းတင်လို့ရတာပေါ့"

"သူရယ် ကိုယ်ရယ် ချစ်ခင်စုံမက်ကြတယ်။ ပြီးတော့ သစ္စာထားလို့ အတူနေကြဖို့၊ မိသားစုလေးတည်ဆောက်ဖို့ မင်္ဂလာဧည့်ခံပွဲ လုပ်တယ်ဆိုကတည်းက ဘယ်လိုပဲဖြစ်ဖြစ် မင်္ဂလာရှိနေပြီးသားပါ။ ကျက်သရေရှိနေပြီးသားပါဗျာ မောင်ကလည်း"

စံပယ်ဖြူဖြူ တန်ပြန်ပြောခဲ့တဲ့ စကားတွေကို မောင်က ဘာမှထပ်ပြီး မပြောတော့ပေမဲ့ လက်ခံချင်ပုံမရတဲ့အပြင် အဲဒီတုန်းက မောင့်အကြည့်က နွေးထွေးမှုမရှိတော့သလို အေးအေးစက်စက်ဖြစ်သွားခဲ့တာ။ ပြီးတော့ ကောက်ကာငင်ကာ "မ ဆံပင်အရှည်ထားပါလား" လို့ ပြောခဲ့လေတယ်။ စံပယ်ဖြူဖြူစကားပြောရင် 'ဗျာ' လို့ ထည့်ပြောတတ်တာလည်း မောင်က နည်းနည်းလေးမှ အကြိုက်မတွေ့ခဲ့ဘူး။ မောင်နဲ့ ချစ်ကြိုက်ခဲ့ကြတဲ့ တစ်နှစ်ကျော် ကာလအတွင်းမှာ မ က သိပ်လှတာပဲတို့၊ သိပ်ချစ်ဖို့ကောင်းတာပဲတို့ မောင်တစ်ခါလေးမှ ချီးကျူးတာ မရှိခဲ့ပါဘူး။ တစ်ကြိမ်ကတော့ ရွှေတိဂုံဘုရား အတူတက်ကြရင်း ဘုရားကအပြန် မုန့်ဟင်းခါးဆိုင်မှာ ထိုင်ဖြစ်ခဲ့တုန်းက အဖြစ်အပျက်လေးတစ်ခု ပြန်ငဲ့ကြည့်ရရင်။ မုန့်ဟင်းခါးဆိုင်မှာပဲ နွားနို့စစ်စစ်လည်းရတယ်ဆိုလို့ သောက်ဖြစ်ခဲ့ကြတုန်းကပေါ့။ စံပယ်ဖြူဖြူက နွားနို့ တစ်ငုံနှစ်ငုံသောက်ပြီး မုန့်ဟင်းခါး ငုံ့စားနေခဲ့မိတဲ့အချိန်၊ မောင်က မ ဒီဘက်လှည့်ပါဦးဆိုပြီး မောင့်ရဲ့ လက်ချောင်းတွေဟာ စံပယ်ဖြူဖြူ့ နှုတ်ခမ်းဖေးကို ခပ်ဖြည်းဖြည်း ထိကပ်လာခဲ့တယ်။ "နွားနို့တွေ မ နှုတ်ခမ်းဖေးမှာ ကပ်နေတုန်းပဲ၊ မ နှုတ်ခမ်းဖေး အပေါ်ထောင့်နားလေးမှာ အမွေးလေးတွေက ရှည်ရှည်လေးတွေ၊ တစ်ခုခုသောက်ပြီးရင် အဲဒီအမွေးလေးတွေမှာ ကျန်နေတတ်သေးတာ၊ ကလေးလေးလိုပဲ အသည်းယားစရာ" လို့ ပြောရင်း ရွှန်းရွှန်းစားစားကြီး ကြည့်နေခဲ့ဖူးတယ်။ အဲဒီတစ်ခါလေးလောက်ပဲ မောင် စံပယ်ဖြူဖြူအပေါ် ချစ်ကြောင်းပြခဲ့ဖူးတာ။ ဒါတောင် သိပ်လှတာပဲဆိုတဲ့ စကားလုံးမျိုးအထိ ပြောပြီး ချစ်ပြခဲ့သူတော့ မဟုတ်ပါဘူး။ အခုအချိန်ပြန်စဉ်းစားကြည့်တော့ မောင် တွေးနေခဲ့မယ့်စိတ်ကူးတွေ၊ အတွေးတွေကို စီကာစဉ်ကာ ပြန်မြင်လာနိုင်ခဲ့တယ်။ အဲဒီတုန်းက မောင်တွေးနေနိုင်တဲ့ မောင့်ရဲ့ အတွေးတစ်ခုချင်းစီကို ဆွဲထုတ်ပြီး လျှော်ဖွတ်ပြီးစ အဝတ်သန့်သန့်လေးတွေလို ကြိုးတန်းမှာအစီအရီလှမ်း၊ ချိတ်နဲ့ ချိတ်ထားလိုက်သလိုမျိုး အခုတော့ စံပယ်ဖြူဖြူ ချိတ်ထားလိုက်နိုင်ပြီ။ နင့်နင့်သီးသီး ခံစားချက်တွေမပါဘဲနဲ့ ကြိုးတန်းမှာချိတ်ထားတဲ့ စိတ်ကူးအတွေးတွေကိုစံပယ်ဖြူဖြူ စိမ်ပြေနပြေဖတ်ကြည့်နိုင်နေပြီ။ မောင်က တကယ်ချစ်ခဲ့တာမှ မဟုတ်တာပဲ။ မောင်မချစ်ခဲ့တာက စံပယ်ဖြူဖြူရဲ့ ရုပ်ရည်ကအစ အမူအကျင့်၊ အတွေးအခေါ် အားလုံးပါဝင်နေခဲ့မှာပါ။ မောင် လမ်းခွဲစကားပြောခဲ့စဉ်တုန်းက စံပယ်ဖြူဖြူ ဆိုတဲ့ မိန်းကလေးကသာ မပြတ်စဲချင်သူကြီးလေ။ မောင်က လေသံခပ်မာမာရယ်။ စံပယ်ဖြူဖြူအတွက်တော့ ရထားခဲ့ဖူးတဲ့ ဆုလာဘ်ကြီး ဆုံးရှုံးသွားခဲ့တဲ့အခါ အရာရာဟာ ဝရုန်းသုန်းကား၊ မျက်ရည်တွေဟာ မထိန်းနိုင်မသိမ်းနိုင်၊ မျှော်လင့်ချက်တွေဟာ ဖရိုဖရဲ အလဲလဲအပြိုပြို မိုးကောင်းကင်ကြီး ကိုယ်တစ်ယောက်တည်းအပေါ် စီးမိုးပြိုကျသလို ခံစားခဲ့မိတာ။ အချိန်ဟာ အကောင်းဆုံးပါပဲလေ။ နာရီလက်တံတွေ လှည့်လည်၊ အချိန်တွေကုန်ဆုံး၊ နေ့ရက်တွေပြောင်းရွှေ့၊ လတွေ၊ နှစ်တွေ မတူတော့တဲ့အချိန်မှာတော့ စံပယ်ဖြူဖြူ ရဲ့ ခံစားချက်တွေလည်း တည်တည်ငြိမ်ငြိမ်ဖြစ်သွားခဲ့ပြီ။ မောင်ကတော့ သူ့စိတ်ကူးအတွေးတွေကို အနီးစပ်ဆုံးအမှန်ကန်ဆုံး ဖြစ်အောင် ပုံဖော်နိုင်ခဲ့မယ်လို့ ထင်ပါတယ်။ အခုတော့ စံပယ်ဖြူဖြူလည်း မိန်းကလေးဆန်ဆန် လှလှပပနေဖို့ စိတ်ဝင်စားနေခဲ့သလို မြန်မာဝတ်စုံနဲ့ သတို့သမီးလှလှလေးတွေကိုလည်း အားကျစိတ်နဲ့ငေးမောကြည့်တတ်ခဲ့ပါပြီ။ သတို့သမီးလှလှလေးတွေလိုတောင် ဝတ်ကြည့်ချင်နေခဲ့မိသေးတာ။

ကိုကြီးနဲ့ စံပယ်ဖြူဖြူ လက်ထပ်တုန်းက လက်မှတ်ထိုးမယ့်နေ့ ဝတ်မယ့် အဝတ်အစားဝယ်ကြတော့ ကိုကြီးလက်ကိုတွဲလို့ ပလာဇာမှာ လိုက်ရှာဖြစ်ခဲ့ကြတာ။ ကိုကြီးကပဲ လိုက်မလိုက်ကြည့်ပေးပြီး ပုံစံခပ်ရိုးရိုး၊ ဈေးလည်းသိပ်မကြီး၊ ဇာပန်းပွင့်လေးတွေ ခပ်ကျဲကျဲရက်ဖောက်ထားတဲ့ ဂါဝန်ဖြူလေး တစ်ထည်ကိုပဲ ရွေးဖြစ်ခဲ့ကြတယ်။



မိတ်ကပ်ပြင်ဖို့အတွက်လည်း မိတ်ကပ်ပြင်ဆရာမလိုခဲ့ပါဘူး။ စံပယ်ဖြူဖြူ့တစ်သက်မှာ မိတ်ကပ်အလှဖန်တီးရှင်နဲ့ တစ်ခါမှ မိတ်ကပ်မပြင်ခဲ့ဖူးပါဘူး။ မျက်တောင်ကော့ဆေး နည်းနည်းသုံး၊ ပါးနီနည်းနည်းလေးတင်၊ နှုတ်ခမ်းပန်းနုရောင်လက်လက်လေးဆိုး၊ စံပယ်ဖြူဖြူ့မှာရှိပြီးသား မျက်ခွံ shadow ထဲကပဲ ပန်းရောင်၊ ငွေရောင်လက်လက်ပါတာလေး နည်းနည်းတင်။ ကိုယ့်ဘာသာပဲ မိတ်ကပ်ပြင်လိုက်တော့တာ။ မင်္ဂလာခန်းမဈေးနှုန်းတွေ၊ မိတ်ကပ်အလှဖန်တီးရှင်တွေ ဘာတစ်ခုမှ စံပယ်ဖြူဖြူမသိခဲ့ပါဘူး။ ညနေပိုင်း မိတ်ဆွေသူငယ်ချင်းနည်းနည်းဖိတ်ပြီး မင်္ဂလာဧည့်ခံပွဲလောက်ပဲ လုပ်ဖြစ်ခဲ့တယ်။ အဲဒီလိုရိုးရိုးရှင်းရှင်း ဧည့်ခံပွဲနေ့လေးမှာ စံပယ်ဖြူဖြူနဲ့ ကိုကြီးတို့ ကြည်ကြည်နူးနူး ပျော်ရွှင်ခဲ့ကြတာပါပဲ။ ကိုကြီးရဲ့အချစ်တွေကြောင့် စံပယ်ဖြူဖြူ ကိုယ့်ကိုယ်ကိုယ်တောင် လှတယ်၊ ချစ်စရာကောင်းတယ်လို့ ထင်မြင်လာခဲ့မိသေးတယ်။ ကိုကြီးကတော့ စံပယ်ဖြူဖြူ့ကို သိပ်လှတယ်၊ သိပ်ချစ်တယ်လို့ အမြဲပဲ နှုတ်မနေးတမ်းပြောပြတတ်ခဲ့သူပဲလေ။ ကိုကြီး အချစ်တွေကြောင့်ပဲ ဘယ်တုန်းကမှ ကျေနပ်မှုမရှိခဲ့တဲ့ ကိုယ့်ရုပ်ရည်ကို ချစ်ခင်သွားတတ်ခဲ့တယ်။

မောင်နဲ့ နှင်းစုသီတို့ မင်္ဂလာပွဲမတိုင်ခင်မှာပေါ့၊ မောင် Facebook chat မှာ စကားလာပြောခဲ့တယ်။

"အစ်မ Hi hello! အစ်မ နေကောင်းလား"

"အင်း နေကောင်းတယ်။ မင်္ဂလာပွဲသတင်းတွေ့တယ်နော်။ Congratulations!"

"ဟုတ်၊ မောင်လေး အစ်မကို လှမ်းဖိတ်တာပါ။ အစ်မ လာနိုင်ရင် လာခဲ့နော်"

"အစ်မ မလာနိုင်လောက်ဘူး။ အစ်မ အခု ရန်ကုန်မှာ မဟုတ်ဘူး။ နယ်က အမေ့အိမ်မှာ၊ လက်ဖွဲ့လည်း မပို့ဘူးနော်၊ ပိုက်ဆံကုန်တယ်။ ပြောပြီးသား"

"ဟားဟား အစ်မရယ် လက်ဖွဲ့ကအရေးမကြီးပါဘူး၊ အစ်မကို လာစေချင်လို့ပါ"

“ဆုတောင်းပေးပါတယ်။ ဘဝတစ်လျှောက် အစစအရာရာ အဆင်ပြေချောမွေ့ပါစေ။ အောင်မြင်ပါစေပေါ့။ ယူ့ရဲ့ နှင်းစုသီ သိပ်လှတာပဲ၊ Pre-wedding ဓာတ်ပုံတွေ ကြည့်ရတယ်။ သိပ်လှတဲ့ သတို့သမီးလေးပဲ။ အရွေးတော်တယ်။ ယူ သိပ်ချစ်မှာပဲ၊ အဲဒါနဲ့တောင် ယူက ချက်ချင်းလက်မထပ်သေးဘူး အခုမှ လက်ထပ်ကြတယ်နော်။ အချိန်တော်တော်ယူခဲ့တာပဲ ပြီးခဲ့တဲ့သုံးနှစ်တုန်းကတည်းကဆိုတော့ ”

“မောင်လေးလည်း စုရဆောင်းရသေးတာကိုးဗျာ၊ ပြီးတော့ မောင်လေးက အိမ်မှာအကြီးဆုံးလေ၊ အိမ်ရဲ့တာဝန် တတ်နိုင်သလောက်တော့ ခွဲဝေယူခဲ့ချင်သေးတာကိုး၊ နှင်းစုကိုလည်း မင်္ဂလာပွဲတင့်တင့်တယ်တယ်လုပ်ပေးချင်တာလေ၊ သူက တစ်ဦးတည်းသောသမီး၊ သူ့အိမ်မှာ သူကအိမ်ဆည်းလည်းဆိုတော့ မောင်လေးဖြစ်သလို လက်မထပ်ချင်ဘူး”

မောင်က သူ့မိန်းကလေး နှင်းစုသီအတွက် အားလုံးတွေးပြီး ဖြည့်ဆည်းပေးခဲ့တာပဲ၊ မောင်ဟာ စံပယ်ဖြူဖြူ့အတွက် ရက်စက်တတ်တဲ့ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ပေမဲ့ နှင်းစုသီအတွက်တော့ ယောကျ်ားကောင်း၊ မိသားစုမှာလည်း သားကောင်းတစ်ဦးတော့ ဖြစ်နေခဲ့တာပါပဲ။ ဒီလိုပါပဲ အချစ်ဆိုတာကလည်း အတင်းလုပ်ယူ၊ ပုံသွင်းလို့မှ မရတာပဲ။ ကိုယ့်ကို မချစ်ရကောင်းလား၊ ကိုယ့်ကို ရက်စက်ရကောင်းလား အပြစ်တင် ကလဲ့စားချေနေဖို့ဆိုတာလည်း မလိုအပ်လှဘူးလေ။ ကိုယ်ပဲ စိတ်ပင်ပန်းရတာမဟုတ်လား။

“အစ်မ လက်ထပ်သွားခဲ့တာ ၂ နှစ်နီးပါးရှိပြီထင်တယ်။ မောင်လေး Facebook မှာ အစ်မမင်္ဂလာပွဲတုန်းက ဓာတ်ပုံတွေတွေ့ပါတယ်ဗျာ။ မောင်လေးက အလုပ်မအားနိုင်တာကြောင့်လည်း အမြဲတမ်းတော့ အင်တာနက်မသုံးဖြစ်ပါဘူး။ အစ်မ အဆင်ပြေတယ်မဟုတ်လား။ အိမ်ထောင်ရေးအတွေ့အကြုံလေးတွေ ပြောပါဦး။ မောင်လေးကို စိတ်နာခဲ့မှာပဲ”

“အမလေး တော်ပါ။ classic ဆန်ဆန်စကားလုံးနဲ့ ပြောလိုက်ဦးမယ်။ ပြီးခဲ့တာတွေ ပြည်ဖုံးကားချလိုက်ပါပြီဟယ်လို့ပေါ့။ အခု အစ်မလည်း အိမ်ထောင်ကျနေပါပြီ။ အချိန်က အားလုံးကို ဖန်တီးတယ်၊ ပုံသွင်းပေးတယ်။ လိုသလို ပုံသွင်းပြုပြင်နိုင်အောင် အစ်မတို့ကတော့ အလိုက်သင့်နေပေးရတာပေါ့။ ခံစားချက်အပြင်းစားကြီးတွေ တသသမွေးမြူပြီး ခေါင်းမာနေလို့တော့မရဘူးလေ။ ခေါင်းမာနေရင်တော့ အချိန်ဆိုတာကြီးကလည်း ပုံသွင်းပေးနိုင်မှာ မဟုတ်ဘူးဗျာ”

“ဟုတ်ပါပြီ၊ ပြောပြပါဦး အစ်မရဲ့ အိမ်ထောင်ဖက်အကြောင်း နည်းနည်းပါးပါးပါ။ ကျွန်တော်လည်း ခဏနေ နှင်းစုသီနဲ့ ဖိတ်စာတွေလိုက်ဖိတ်ဖို့ရှိသေးတယ်။ အစ်မအကြောင်းလေး နည်းနည်းသိချင်မိသေးတယ်”

“အစ်မတော့ ဘဝဆိုတာကို စီမံကိန်းချပြီး စနစ်ကျကျမလုပ်တတ်ဘူး။ အချစ်ကိုလည်း ဒီအတိုင်းပဲ လွှတ်ထားလိုက်တာပဲလေ။ ဖန်တီးယူမနေတော့ဘူး။ သူ့ဘာသာတွေ့ချင်တဲ့ အချိန်တော့လည်း တွေ့ပါစေ နေလာလိုက်တာ။ အဲ ဖန်တီးမယူပေမဲ့ limit အပြင်းစားတော့ ရှိသွားတယ်။ အဲဒါကတော့ အသက်ငယ်တဲ့လူ ဘယ်တော့မှ မချစ်တော့ဘူးပေါ့။ အဲဒါနဲ့ပဲ အစ်မအမျိုးသားနဲ့ တွေ့သွားတာပဲလေ။ limit က နည်းနည်းပြင်းသွားတော့ သူက အစ်မထက် ၁၀ နှစ်တောင်ကြီးသွားတယ်”

“အစ်မ သူ့ကိုရော ချစ်လား”

“အလိုတော် မေးပုံကလည်း စပ်စုလွန်းပါတယ်။ လက်ထပ်ခါစတုန်းကတော့ ချစ်တာမချစ်တာထက် သူနဲ့နေရတာ စိတ်လုံခြုံတာကို သဘောကျသွားတာ။ သူက အစ်မအတွက် ဘာကိုမှ ကြောက်လန့်နေဖို့ မလိုတဲ့သူဖြစ်နေလို့။ သူ့ရှေ့မှာ အစ်မ မလှဘဲဖြစ်နေမှာ စိတ်ပူနေစရာမလိုဘူး။ သူ စိတ်ဆိုးသွားမှာ ကြောက်လန့်နေစရာမလိုဘူး။ သူ့ကို စိတ်ဆိုးလိုက်ရမှာလည်း ထိန်းချုပ်နေစရာမလိုဘူး။ သူ့ကို ဆုံးရှုံးရမှာ ကြောက်လန့်နေဖို့ မလိုပြန်ဘူး။ သူကလည်း အစ်မကို ထိန်းချုပ်မနေဘူး။ အစ်မအတွက်တော့ ချစ်သူဆိုတာ ကြောက်လန့်နေရဖို့ မလိုတဲ့သူပဲ။ ချစ်သူဆိုတာ ချစ်နေတဲ့သူ၊ ချစ်နေမယ့်သူပဲပေါ့။ ဘာလို့လဲဆိုတော့ အစ်မ အရင်တုန်းကတော့ အဲဒါတွေ မပိုင်ဆိုင်ခဲ့ရဘူး။ အားလုံး ထိတ်လန့်ကြောက်ရွံ့ခဲ့ရဖူးလို့လေ။ ချစ်သူဆိုတာ စိုးထိတ်နေရမယ့်သူ ဖြစ်ခဲ့တာကိုး။ အခုတော့ သူ့ကို မကြောက်ရလို့ပဲ ရဲရဲဝံ့ဝံ့အချစ်မျိုးနဲ့ ချစ်သွားခဲ့တာ။ အစ်မချစ်သူ အဓိပ္ပာယ်ဖွင့်ဆိုချက်ကြီးက ရယ်စရာဖြစ်သွားလားပဲ”

> နှင်းစုသီ ကျေနပ်ပျော်ရွှင်ခဲ့သလို စံပယ်ဖြူဖြူ ကြည်နူးခဲ့ရသလို သတို့သမီးတိုင်း ကိုယ့်စိတ်ကြိုက် ဖန်တီးမှုပုံစံထဲက မင်္ဂလာပွဲနေ့လေးမှာ အပျော်ရွှင်ဆုံး ဖြစ်နေကြမှာပါ။ စံပယ်ဖြူဖြူ တွေးနေမိတာက မင်္ဂလာဝတ်စုံအသွေးအရောင်လေးတွေ မတူလည်း သတို့သမီးတွေရဲ့ အပျော်ကတော့ အားလုံး ထပ်တူကျနိုင်ကြတယ်။

“မရယ်ပါဘူး အစ်မရယ်။ တကယ်ဝမ်းသာမိပါတယ်။ အစ်မ ပျော်ရွှင်နေတာမြင်ရတော့ စိတ်ချမ်းသာရတယ်”

ပြီးတော့ မောင်က smile ပုံလေး smiley တစ်ခုတည်းရိုက်တယ်။ ပြီးတော့ နှုတ်ဆက်ပြီး Facebook ကနေ log out လုပ်သွားခဲ့ပါတယ်။ အဲဒီနေ့က မောင်နဲ့ စံပယ်ဖြူဖြူ Facebook chat မှာ စကားတွေ အတော်ကြာကြာ ပြောဖြစ်သွားခဲ့တယ်။

မောင်နဲ့ နှင်းစုသီတို့ မင်္ဂလာပွဲအပြီး နောက်တစ်နေ့ Facebook မောင့် account မှာရော နှင်းစုသီရဲ့ account မှာပါ မင်္ဂလာပွဲဓာတ်ပုံတွေ တက်လာတယ်။ လက်မှတ်ထိုးတဲ့နေ့ကျောက်စိမ်းရောင် မြန်မာဆန်ဆန်ဝတ်စုံလေး၊ မင်္ဂလာပွဲနေ့က ရွှေဖလားရောင်မြန်မာဝတ်စုံလေး၊ ညနေဧည့်ခံပွဲမှာတော့ ပတ္တမြားအသွေးကျကျအနီရဲရဲ မင်္ဂလာဝတ်စုံ ဂါဝန်ဖားဖားလေးတွေနဲ့ အလှဆုံးဖြစ်နေတဲ့ နှင်းစုသီရဲ့အလှအပကို ငေးမောအားကျနေမိခဲ့ပြီး မောင့်ကိုတောင် ကြည့်ဖို့ မေ့လျော့သွားမိတဲ့အထိပါပဲ။ မောင်က ရန်ကုန်မြို့က မဟုတ်လေတော့ မောင့်ရဲ့ ဇာတိနယ်မြို့လေးမှာ မင်္ဂလာဧည့်ခံပွဲ လုပ်ခဲ့ကြသေးတယ်။ မောင့်မြို့လေးမှာ ကျင်းပခဲ့တဲ့ဧည့်ခံပွဲဓာတ်ပုံလေးတွေမှာလည်း နှင်းစုသီဟာ အလှဆုံးသတို့သမီးလေး ဖြစ်နေခဲ့တယ်။ နှင်းစုသီဟာ သိပ်ကိုလှတဲ့သတို့သမီးလေးပါ။ သတို့သမီးလေးနဲ့သတို့သားရဲ့ အပြုံးအပျော်တွေဟာ စိတ်ကြည်နူးစရာပါပဲ။ တကယ်တော့လည်း မင်္ဂလာသတို့သမီးတိုင်းဟာ လှနေကြမှာပါ။ မောင့်အတွက် နှင်းစုသီဟာ အလှပဆုံးသတို့သမီးလေးဖြစ်သလို ကိုကြီးအတွက်တော့ စံပယ်ဖြူဖြူဟာ အလှဆုံးသတို့သမီးဖြစ်ခဲ့မှာပဲ။ နှင်းစုသီကျေနပ်ပျော်ရွှင်ခဲ့သလို စံပယ်ဖြူဖြူကြည်နူးခဲ့ရသလို သတို့သမီးတိုင်း ကိုယ့်စိတ်ကြိုက် ဖန်တီးမှုပုံစံထဲက မင်္ဂလာပွဲနေ့လေးမှာ အပျော်ရွှင်ဆုံးဖြစ်နေကြမှာပါ။ စံပယ်ဖြူဖြူတွေးနေမိတာက မင်္ဂလာဝတ်စုံအသွေးအရောင်လေးတွေ မတူလည်း သတို့သမီးတွေရဲ့အပျော်ကတော့ အားလုံးထပ်တူကျနိုင်ကြတယ်။ သတို့သမီးလေးတွေ အားလုံး သိပ်လှနေကြမှာပါပဲ။ ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝခရီးပိုင်ဆိုင်ကြမယ့် သတို့သမီးလေးတွေ ဖြစ်နိုင်ကြဖို့လည်း စံပယ်ဖြူဖြူ ဆုတောင်းကြည့်ချင်မိသေးတယ်။

အဲဒီနေ့က နှင်းစုသီ နဖူးလေးကို ကြင်ကြင်နာနာနမ်းနေတဲ့ မောင်တို့ နှစ်ဦးဓာတ်ပုံလေးရဲ့ အောက်မှာ စံပယ်ဖြူဖြူ comment လေး ရေးချလိုက်တယ်။

“သိပ်လှတဲ့ သတို့သမီးလေး” လို့ပေါ့။

သိပ်မကြာပါဘူး။ နောက်ထပ် comment တစ်ခု ပေါ်လာတယ်။

မောင် ပြန်ရေးလိုက်တာပါ။ မောင်ရေးလိုက်တာက အပြုံးလေး၊ smiley လေးတစ်ခုတည်းရယ်ပါ။

**ဖြိုးဖြိုး**

# ထိုက်တန်တဲ့ အမှောင်ညတွေ

ညိုဝေ | လင်းနှင်းကျော့ခြည် |

ရည်ညွှန်းဖွဲ့သီချစ်သူဆီ

သူမသိတဲ့ အလွမ်းတွေနဲ့ ညဟာ မှောင်မိုက်လွန်းနေတယ်။ မနေ့ကထိ ကိုယ့်ကိုယ်ကိုယ် တည်ဆောက်နိုင်စွမ်းရှိတယ်ထင်ခဲ့တယ်။ ခုချိန်မှ သိရတာ အသိနောက်ကျလွန်းတယ် ဆိုရမလား။ သူမရှိရင် ကိုယ့်ကမ္ဘာဟာ အမှောင်ကမ္ဘာပဲ။ ကိုယ့်ဘေးနားကနေ တစ်ခုမကျန်



ဖြည့်ဆည်းပေးနေတတ်တဲ့ လူတစ်ယောက် ဘာကြောင့် ပျောက်သွားခဲ့တာလဲ။ မရေမရာအတွေးတွေနဲ့ ပဲ ညဟာ ပိုပြီးမှောင်လာတယ်။ ဒီညဟာ အလွမ်းတွေနဲ့ သိပ်သည်းနေခဲ့တာလား။ ဟင့်အင်း။ ကိုယ်မသိဘူး။ သေချာတာတစ်ခုကတော့ ရိုးလွန်းတဲ့ ကလေးတစ်ယောက်ရဲ့ အပြုံးလေးကို ကိုယ်သတိရနေခဲ့တယ်။

အပြုံးလေး။ ကိုယ်ဘာလုပ်လုပ် ခွင့်ပေးမယ်ဆိုတဲ့ အပြုံးလေး၊ ကိုယ်ဘာလိုလို ဖြည့်ဆည်းမယ်ဆိုတဲ့ အပြုံးလေး။ ကိုယ်နဲ့ မထိုက်တန်ကြောင်းငြင်းဖို့ စကားတွေ တဆွံ့တအနဲ့ပဲ လက်ခံခဲ့တယ်။ ကိုယ်ဟာ ဖြည့်ဆည်းဖို့ မထိုက်တန်သူပါ ကလေးရေလို့ ဖွင့်ပြောဖို့ ကိုယ်ကြောက်ရွံ့နေခဲ့တယ်။ ဟုတ်တယ်။ ကိုယ်ကြောက်ရွံ့နေခဲ့တယ်။

♦

ကိုယ်က ခံစားချက်နောက် ပါးပါးလေးလိုက်နေတတ်သူ။ ဟုတ်တယ်။ ဘယ်တော့မှ အပြည့် မလိုက်ခဲ့ဘူး။ ပါးပါးလေးလိုက်နေတတ်ခဲ့သူ။ အချစ်ဆိုတဲ့ စကားကို ဟက်ခနဲရယ်ရင်း လှောင်ရတာ ကြိုက်တဲ့သူ။ အချစ်မကြိုက်သူအတွက် စစ်မှန်တဲ့ ချစ်ခြင်းတရားလည်း မလာခဲ့ပါဘူးလေ။ စောင့်ကြည့်ဆဲအဆင့်မှာ ခြေချော်သွားသူတွေ အများကြီး။ ယောကျ်ားတွေရဲ့ ချစ်တယ်ဆိုတဲ့ စကားဟာ သုံးလပဲခံပါလားဆိုတဲ့ အသိကို ကိုယ် လူတော်တော်များများဆီကနေ သိခဲ့ရတာပေါ့။ ကိုယ်ဟာ မာနမင်းသမီး၊ သိက္ခာကို ဂိတ်ဆုံးထိ မြှင့်တင်ထားတတ်သူ။ ဒါပတ်ဝန်းကျင်မှာ ပျံ့နေတတ်တဲ့ ကိုယ့်ရဲ့ အကြောင်း၊ "အဲဒီကောင်မလေးက စိတ်မထင်ရင်မထင်သလို စကားကြမ်းကြမ်းပြောတတ်တယ် အရမ်းရိုင်းတဲ့ ကောင်မလေး"ဆိုတဲ့ ပြစ်တင်စကားဟာ ငွေမျက်နှာကြည့်တတ်သူတွေဆီက အမြဲကြားရတတ်တာပေါ့။ ကိုယ်ကလည်း ကိုယ်ပါပဲ။ စိတ်နဲ့ သဘော မတွေ့သူဆို မျက်ခွံလေးမပြီးကြည့်ရမှာတောင် ပင်ပန်းတယ် ထင်တတ်တယ်။

ပိုက်ဆံလား။ ဘယ်သူ့မှ မော့ကြည့်စရာမလိုအောင် ကိုယ်ပိုင်အလုပ် လုပ်တဲ့သူဆိုတော့လည်း မာနက မိုးထိနေတာ ဆန်းမှ မဆန်းပဲ။ ဘဝတူသူငယ်ချင်းတွေကြားမှာ ကိုယ်ကအမြဲနံပါတ်တစ်။ စာမကြိုးစားခဲ့တဲ့ကိုယ်ဟာ စီးပွားရေးတစ်ခုကို ဦးဆောင်ရာမှာတော့ ကျွမ်းကျင်ပိုင်နိုင်လွန်းနေတာ မွေးရာပါ အရည်အချင်းပဲ ထင်ပါရဲ့။ ကျောင်းတက်ကတည်းက ကျက်စာထက် တွက်စာကို ပိုနှစ်သက်ခဲ့သူ မဟုတ်လား။

ဘဝကြီးက ချောမွေ့နေတာပဲ။ အမေရယ်၊ အဖေရယ်၊ ကိုယ်ရယ်ပဲ ကျန်ရှိတဲ့ဘဝမှာ ကိုယ်က ကိုယ်ပိုင် စတိုးဆိုင်တစ်ခုနဲ့ မိဘကို ထောက်ပံ့နေသူဆိုတဲ့ သတင်းလေးလည်း မွေးသေးတယ်။



တွေ့ဖူးတယ်။ အရမ်းအရမ်း ချစ်ပါတယ်ဆိုတဲ့ယောကျ်ား စောင့်ကြည့်ကာလ သုံးလဆိုတဲ့ အဆင့်မှာပဲ နောက်ကောင်မလေးတစ်ယောက်နဲ့ ကြိုက်သွားခဲ့တယ်။ ဒီလိုလူတွေ များများလာတော့လည်း ကိုယ်က အချစ်ကို မယုံတာ ကိုယ့်အပြစ် မဟုတ်ဘူးထင်ပါတယ်။

ဒါပေမဲ့ကွယ်. . .။ ကလေးတစ်ယောက် ဘယ်အဆင့်မှာပါလဲ ကိုယ်စောင့်မကြည့်ချင်ပါဘူး။ ကိုယ်စောင့်မကြည့်ချင်ခဲ့ပါဘူး။ ဒီတိုင်း ဒီတိုင်းလေး ချစ်ခဲ့တယ်ဆိုတဲ့ ခံစားချက်လေးကိုပဲ သိမ်းထားခဲ့ရုံတင်။

ဟင့်အင်း။ မိုးတွေက ဒီနေမှ ဘာလို့ သဲသဲမဲမဲရွာတာလဲ ကိုယ်မသိဘူး။ ကလေးပြန်သွားတဲ့ ခြေလှမ်းတွေ ဘာကြောင့်တုံ့နှေးနေတာလဲ ကိုယ်မသိဘူး။ မိုးထင်းနေတဲ့ ကလေးရဲ့ နောက်ကျောကို ကြည့်ရတာ ကိုယ့်စိတ်က တစ်စုံတစ်ရာ ပျောက်ရှသွားသလိုပဲ။ ဟင့်အင်း။ ဘာကြောင့်လဲ ကိုယ်မသိချင်ဘူး။

"အစ်မ အရမ်းတော်တာပဲနော် ကျွန်တော့်ကို ဘာမှ ဖွင့်ပြောလို့ မရအောင် လမ်းတွေ ပိတ်ထားခဲ့တယ်"

သူပြောခဲ့တဲ့ တိုးလျလျစကားသံဟာ အခုအချိန်မှာမှ ဘာ့ကြောင့် ကျယ်လောင်နေရတာလဲ။ ညကြီးက ပိုပိုနက်လာတယ်။ မှိတ်တုတ်မှိတ်တုတ်လင်းနေတဲ့ အလှဆင်မီးပွင့်လေးတွေကို အဓိပ္ပာယ်မဲ့ ငေးကြည့်လိုက်တော့ မျက်ဝန်းလေးတစ်ခု ပေါ်လာသလိုပဲ။ သိမ်ငယ်နွေးထွေးလွန်းတဲ့ မျက်ဝန်းတွေ။

"အစ်မ ထိုင်၊ ကျွန်တော်က ကိစ္စမရှိဘူး"

ဘတ်စ်ကားစီးတော့လည်း ကိုယ့်အပေါ် ညှာတာတဲ့ အပြုအမူ။ ဟင့်အင်း။ သူကိုယ့်ကို ဖမ်းစားဖို့

ကြိုးစားတာမဟုတ်မှန်းသိတယ်။ သူရဲ့ လေးစားမှုကိုက ကိုယ့်အပေါ် မှာရှိနေတာ။ အပြင်ထွက်တိုင်း ကိုယ့်ဘေးပါလာတတ်တဲ့ အဖော် ဟာ သူဖြစ်နေတာ ခုနောက်ပိုင်း ပိုစိပ်လာသလိုပဲ။ ကိုယ်ကပဲ စိတ်ထင်နေလို့လား။

"အစ်မ စကားပြောရင် ဘာလို့ နှာခေါင်းရှုံ့ပြီး ပြုံးတတ်တာလဲ ဟင်"

ကွန်ပျူတာခုံပေါ် မေးတင်မေး လိုက်တဲ့ သူ့စကားမှာ ကိုယ်ဟား တိုက်ရယ်မိတော့ သူရှက်သွားတဲ့ အပြုံးလေး သိပ်လင်းလက်တာပဲ။ ကိုယ်နဲ့ကလေး အသက်က ရှစ်နှစ် ကြီးများတောင် ကွာတယ်ဆိုတာသိ တော့ ကလေးနှာခေါင်းရှုံ့မျက်နှာမဲ့ ဖူးတာ သတိရတယ်။

နှစ်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်တဲ့ မိန်းမတစ်ယောက်ဟာ အချစ်ဆိုတဲ့ အရာနဲ့ နဖူးတွေ့ဒူးတွေ့ တွေ့ရတဲ့ အခါ အရာရာကို လက်လျှော့အရှုံး ပေးတော့မှာလားလို့ ကိုယ့်ကိုယ် ကိုယ် ဆုံးမရင်း စိတ်မာထားရတာ အရမ်းခက်တာပဲ။ ဟင့်အင်း။ ကိုယ် မချစ်ခဲ့ပါဘူး။ သံယောဇဉ် တစ်ခါမှ မထားဖူးလို့ ကလေးအပေါ် သံယော ဇဉ်နည်းနည်းလေး ပိုတိုးမိရုံတင်။

ကိုယ်နဲ့ သူစတွေ့တုန်းက ကိုယ့်မျက်နှာမာတင်းတင်းကို ကြည့် လို့ သူ့မျက်နှာလေးငယ်ခဲ့ဖူးတယ်။ ကိုယ့်အကျင့်စရိုက် ကိုယ့်မာနကို သူဘယ်လို အရည်ဖျော်လိုက်လဲ ကိုယ်မသိဘူး။ ခုချိန်မှာတော့ ကလေးဟာကိုယ့်အတွက် အရင်းနှီး ဆုံးသူငယ်ချင်း။

တွေ့တယ်။ တွေ့ခဲ့တယ်။ ကိုယ် အရမ်းငိုချင်တာပဲ။ သူ့ စာအုပ်မှာ ရေးထားတဲ့ စာသားလေး။ အဖြူရောင်စည်းတဲ့လေ။ ကိုယ်သိ တာပေါ့။ ကိုယ်နဲ့ တွေ့နေပြီဆိုရင် သူသီချင်းလေးတွေ ညည်းတတ် တယ်။ ကိုယ့်မျက်တောင်ဖျားလေး တွေ ကအစ သူငေးကြည့်နေတတ် တယ်။ ကိုယ့်ကို ခိုးခိုးကြည့်တဲ့ သူ့ မျက်လုံးတွေကို ကိုယ်မဖမ်းရက်ဘူး။ ကိုယ်သိနေတဲ့အကြောင်းများ သူသိ ခဲ့ရင် ကိုယ်ဟာ ရက်စက်လွန်းတဲ့ မာယာရှင်လို့များ သူစွပ်စွဲလေ မလား။

ဟင့်အင်း။ ကိုယ်ဟာ အစွပ် စွဲခံရရင်တောင် ငြင်းမှာမဟုတ်ပါ ဘူး။ ကလေး စိတ်သက်သာမယ်ဆို ကိုယ်အစွပ်စွဲခံဝံ့တယ်။

သူနဲ့ကိုယ် တွေ့ခဲ့တဲ့ ကေအမ် ဒီ သင်တန်းကျောင်းဟာ ကိုယ့်ဘဝ ရဲ့ အမှားတစ်ခုလား။ ဒီသုံးလဆိုတဲ့ အတောအတွင်း ဆော့ဖ်ဝဲရေးနည်း ကို ကိုယ်ကျွမ်းကျင်ခဲ့သလို ကလေး တစ်ယောက်ဆီက သံယောဇဉ်ကို လည်း ချူယူတတ်ခဲ့တယ် မဟုတ် လား။

ဆော့ဖ်ဝဲရေးဖို့ အချက်အလက် ကောက်မယ်ဆို ကိုယ်လုပ်ရမယ့် တာဝန်တိုင်းဟာ ကလေးက ကြိုတင် ဖြည့်ဆည်းပေးထားတာတွေပဲ။ သင်တန်းမှာ ဘေးချင်းကပ်လျက် ထိုင်ရတဲ့ ကိုယ်တို့နှစ်ယောက် ခင်မင်မှုဟာ ကိုယ့်လိုအပ်ချက် ကြောင့် ဖြစ်တည်လာခဲ့ရတယ်ဆို ပိုမှန်လေမလား။ သင်တန်းဆရာမ ပြောသမျှကို တချို့တစ်ဝက်ပဲကြား တဲ့ ကိုယ်ဟာ ကလေးဆီက အနီး ကပ် ကျူရှင်ယူရတော့တယ်။ မရည် ရွယ်ခဲ့ပါဘူးလေ။ သံယောဇဉ်ကို ချူယူဖို့ အမှန်တကယ်ကို မရည် ရွယ်ခဲ့ပါဘူး။ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် လွတ် လွတ်လပ်လပ်နေခဲ့မိရုံတင်။

ဘဝအတွက် တစ်စုံတစ်ရာ အရေးပါလာမှာမဟုတ်တဲ့ ဒီ သင်တန်းကို ကိုယ်က ဝါသနာတစ်ခု တည်းနဲ့ တက်ခဲ့တယ်။ အဖေနဲ့အမေ ရဲ့ ဆိုင်ထိုင်ရတာ ပျင်းလှပြီဆိုတဲ့ စကားကို မျက်ကွယ်ပြုပြီးကို တက်ခဲ့တာ။ ကိုယ့်စီးပွားရေးနဲ့ဘာ မှ မသက်ဆိုင်တဲ့ ဒီသင်တန်းမှာ ကိုယ်တော်တော်ပျော်ခဲ့တာဟာ သင်တန်းအပြင် ကလေးကြောင့် လည်းပါတယ်လို့ ပြောရင် ကလေး ပျော်သွားနိုင်မလားလို့ တွေးမိ တယ်။ အင်္ဂလိပ်သီချင်းတွေကို နား မထောင်တတ်တဲ့ ကိုယ့်ကို Michael Learns ရဲ့ "Take me to your heart" သီချင်းနဲ့ မိတ်ဆက်ပေးခဲ့တာ သူပေါ့။ ဒီသီချင်းတစ်ပုဒ်တည်းကို ပဲ repeat လုပ်ပြီး အထပ်ထပ်ဖွင့်ပြခဲ့ တာ။ ကိုယ်သိလျက်နဲ့ မသိချင် ယောင်ဆောင်မှုမှာ မာယာမပါပါ ဘူး။ ရိုးရိုးလေးပဲ။ ကိုယ် ကိုယ့်ဘဝကို လက်ထပ်ခြင်းဆိုတဲ့ ထောင်ထဲဘယ် တော့မှ မပို့ဘူးဆိုတဲ့ ရည်ရွယ်ချက် တစ်ခုတည်းရှိတယ်။

Command Button လေးတွေ နဲ့ ခိုင်းစေတဲ့ ဒီပညာကို ကိုယ် အရမ်းစိတ်ဝင်စားတာပဲ။ ပရော ဂျက်ကြီးတစ်ခုလုံးမှာ ပါဝင်သူတွေ ဟာ ဘယ်သူမှ အမေ့လျော့ခံမဟုတ် တာတော့ သေချာတယ်။ သူ့နေရာ နဲ့သူ အရေးပါနေကြတယ်။ ကိုယ့် ဘဝမှာလည်း ကလေးဟာ ကွန်မန်း ဘက်တမ်တစ်ခုပါပဲ။ ကိုယ်မရေး ဆွဲဘဲ အလိုအလျောက်ရလာတဲ့ ဘက်တမ်ပေါ့။

"အစ်မက လက်ထပ်ဖို့ စိတ် မဝင်စားဘူး၊ အစ်မငယ်သူငယ်ချင်း တွေ လက်ထပ်တာ တစ်ယောက်မှ စိတ်ချမ်းသာရတယ်မရှိဘူး၊ သူတို့ ယောက်ျားတွေက ဖောက်ပြန်ရတာ နဲ့၊ ငွေရအောင် မရှာနိုင်တာနဲ့၊ အားကိုးရှာပါတယ်ဆိုတဲ့ သူတို့မှာ ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီး ကျားထက်ဆိုးဖြစ်နေကြတယ်လေ"

"ရှိသားပဲအစ်မကို ချစ်ပါတယ် ဆိုတဲ့သူတွေ ဘယ်တော့မှ သုံးလ ထက် ပိုမခံဘူး။ သူတို့မှာ စိတ်ကစား တာနဲ့ပဲ ချစ်တယ်ဆိုတဲ့ စကားသုံး လိုက်တာပဲ ဒီလိုလူတွေကို လေ့လာ ရင်းနဲ့ပဲ ညည်းအစ်မ အပျိုကြီးဇာတာ ပါလာတယ်ထင်ပါရဲ့ အဟား"

"အစ်မ သူငယ်ချင်းယောက်ျား လေးတွေထဲမှာ အစ်မကို စိတ်ဝင် စားတဲ့ အရိပ်အယောင်ပြလာတာနဲ့ အစ်မကတော့ တန်းဖြတ်ချတာပဲ လုံးဝခင်မင်မှုအဖြူရောင်မဟုတ်ရင် လက်မခံဘူးပဲ ကိုယ့်အတွက် အမိုက် ကို ကိုယ်ကိုယ်တိုင် မထုတ်လုပ်ချင် ဘူး"

ကိုယ် အဲဒီစကားတွေ ပြော နေတုန်းက ငေးနေတဲ့ မျက်ဝန်းတွေ ကို သိသားပဲ။ တစ်ခါတည်း သတိ ပေးရင်း ကိုယ့်အကျင့်စရိုက်ကိုပါ ဖော်ပြပေးခဲ့တာ ကိုယ်လူလည် ဖြစ် ခဲ့သလား။

"အစ်မ ဘယ်လိုလူမျိုးကို ချစ် ချင်တာတုံး"

စိတ်မရှည်လက်မရှည်မေးတဲ့ သူ့စကားကိုကြားတော့ ကိုယ်ကိုယ် တိုင်တောင် ကြောင်အသွားတာပဲ။ ဟုတ်တယ်။ ကိုယ်အဲဒီမေးခွန်းကို တစ်ခါမှ မစဉ်းစားခဲ့ဖူးဘူး။ ကိုယ် ဘယ်လိုလူမျိုးကို ချစ်ချင်တာတုံးလို့

**ကိုယ်ဘာလုပ်လုပ် ခွင့်ပေးမယ်ဆိုတဲ့ အပြုံးလေး၊ ကိုယ် ဘာလိုလို ဖြည့်ဆည်းမယ်ဆို တဲ့ အပြုံးလေး။ ကိုယ်နဲ့ မထိုက်တန် ကြောင်းငြင်းဖို့ စကားတွေ တဆို့ တအနဲ့ပဲ လက်ခံခဲ့တယ်။ ကိုယ်ဟာ ဖြည့်ဆည်းဖို့ မထိုက်တန်သူပါ ကလေးရေလို့ ဖွင့်ပြောဖို့ ကိုယ် ကြောက်ရွံ့နေခဲ့တယ်။**

ကိုယ့်ကိုယ်ကိုယ် အခါခါ အထပ်ထပ်မေးကြည့်တော့ အဖြေ တစ်ခုပဲ ရလာတယ်။ အချစ်မှာ အဖြေရှိလာရင် အဲဒါ အချစ်မဟုတ်တော့ဘူးတဲ့လေ။

"ဟင့်အင်း အချစ်ကို မတွေ့ဖူးလို့လားမသိဘူး အဲဒီမေးခွန်းဖြေဖို့ အစ်မမှာတကယ်အဖြေမရှိဘူး"

ကိုယ့်အဖြေစကားမှာ ငေးငိုင်သွားတတ်တဲ့ သူ့သဏ္ဌာန်ကို ကိုယ်သိပေမဲ့ နှစ်သိမ့်ဖို့ ခက်ခဲခဲ့တယ်။ ကိုယ်ကိုယ်တိုင် ရှေ့မတိုးနောက်မဆုတ် ဒီအနေအထားလေးကိုပဲ နှစ်သက်ခဲ့တာမဟုတ်လား။ သူဟာ သာမန်သတင်းထောက်လေးမို့လို့ကော၊ ကိုယ့်ထက် အသက် အများကြီးငယ်လို့ကော ကိုယ်နဲ့ တွေ့ရင် သူ့မျက်လုံးလေးတွေ သိပ်သိမ်ငယ်တာပဲ။ ကိုယ်မတားရက်ပါဘူး။ မသိမ်ငယ်နဲ့လို့ပြောရင် သူပိုသိမ်ငယ်သွားမှာစိုးရတယ်။



ကိုယ့်အိမ်ထိ ဘတ်စ်နဲ့ လိုက်ပို့တတ်တဲ့ ကလေးတစ်ယောက်ကို ကိုယ်ကျေးဇူးတင်တယ်။ ကိုယ်မကြားတဲ့ စကားတွေ ပြန်ပြောပေးတတ်တဲ့ ကလေးတစ်ယောက်ကို ကိုယ် ကျေးဇူးတင်တယ်။ ကိုယ်သွားမယ့်လမ်းတွေမှာ ကိုယ့်ဘေးနားက နေကာကွယ်ပေးတတ်တဲ့ ကလေးတစ်ယောက်ကို ကိုယ်ကျေးဇူးတင်တယ်။

"သင်တန်းပြီးသွားလို့လား မသိငါ့သမီး အရင်ကလို မသွက်လက်တော့ပါလား ဘာလဲ အပြင်မထွက်ရတော့ဘူးဆိုပြီး စိတ်ညစ်နေတာလား"

ညစာထမင်းဝိုင်းမှာ အမေ့အမေးစကားကိုဖြေဖို့ ကိုယ် အလောတကြီးစဉ်းစားလိုက်ရတယ်။ ဟုတ်တယ်။ ကိုယ်မပျော်ခဲ့ဘူး။ ကိုယ် . . .။

ညနေတုန်းက မိုးတွေ ရွာနေခဲ့တယ်။ ညနေတုန်းက ကိုယ့်ကို လိုက်မပို့ဖို့တားတော့ ကလေးမျက်ဝန်းလေးတွေ ညှို့သွားတာများ မှိုင်းမှိုင်းဆွေးဆွေး။ ကိုယ်ဘတ်စ်ပေါ်ကနေ လှမ်းကြည့်လိုက်တော့ တစ်ဖက်ကိုလှည့်သွားနေတဲ့ ကလေးခြေလှမ်းလေးတွေ အရမ်းနှေးတာပဲ။ ခေါင်းက ငိုက်စိုက်ကျလို့။

မနက်ကတည်းက ကိုယ့်ဘေးနားမှာ တစ်စုံတစ်ခုပြောဖို့ ကြံရွယ်နေတဲ့ ကလေးအကြောင်း ကိုယ်ကြိုသိနေခဲ့လို့ပဲ ကိုယ်ကြိုတား နိုင်ခဲ့တယ်။ ကိုယ်က မိန်းမသားဖြစ်ပြီး ကလေးထက်ပိုပြီး စဉ်းစားတတ်ခဲ့သူမဟုတ်လား။

''အစ်မ ကျွန်တော် . . . ကျွန်တော်ဖုန်းဆက်မယ်နော်''တဲ့။ သူ့အသံကို ပြန်ကြားမိတော့ ဖုန်းပိတ်ထားဖို့ သတိရတယ်။ ဒီထက်ပိုဆိုးလာရင် ကိုယ်ကိုယ့်ကိုယ် ကိုယ်ထိန်းနိုင်ပါ့မလား။ ကိုယ် တကယ်မသိဘူး။ တစ်ခါမှ မခံစားဖူးတဲ့ သံယောဇဉ်ဆူး အစူးခံနေရပြီ။ ဘယ်လိုနုတ်ရမလဲ ကိုယ်တကယ်မသိဘူး။

အသက်နှစ်ဆယ့်ရှစ်ထိ ကိုယ်တစ်ယောက်တည်း နေခဲ့ပြီးပြီ။ ဒီအချိန်မှာ လက်တွဲဖော်ဆိုတာ တကယ်မလိုအပ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် အားတင်းထားတယ်။ ကိုယ်ဘယ်တော့မှ အိမ်ထောင်ဆိုတဲ့ ထောင်ထဲ ခုန်မဆင်းဘူး။ ဟင့်အင်း။ ဘယ်တော့မှ ခုန်မဆင်းဘူး။

ဖုန်းကို ပိတ်လိုက်တာလား။ နှလုံးသားကို ဓားနဲ့ခွဲလိုက်တာလား။ သိပ်မသဲကွဲဘူး။ သိတာတစ်ခုပဲရှိတယ်။ ဝဲဘက်ရင်အောက်က အရမ်းအောင့်သက်နေတာပဲ။ ပရုတ်ဆီလုံးလည်း ပျောက်မသွားဘူး။ ကိုယ်ဘာဖြစ်နေတယ်ဆိုတာ သိသလိုလို မသိသလိုလိုနဲ့ နေရအရမ်းခက်တယ်။

♦

အပြုံးလေး။ ကိုယ်ဘာလုပ်လုပ် ခွင့်ပေးမယ်ဆိုတဲ့ အပြုံးလေး၊ ကိုယ်ဘာလိုလို ဖြည့်ဆည်းမယ်ဆိုတဲ့ အပြုံးလေး ကိုယ်နဲ့ မထိုက်တန်ကြောင်း ငြင်းဖို့စကားတွေ တဆွံ့ဆွံ့တအအနဲ့ပဲ လက်ခံခဲ့တယ်။ ကိုယ်ဟာ ဖြည့်ဆည်းဖို့မထိုက်တန်သူပါ ကလေးရေလို့ ဖွင့်ပြောဖို့ ကိုယ်ကြောက်ရွံ့နေခဲ့တယ်။ ဟုတ်တယ်။ ကိုယ်ကြောက်ရွံ့နေခဲ့တယ်။

ပိတ်ထားတဲ့ ဖုန်းလေးကို ဖွင့်ဖို့လည်းကိုယ် ကြောက်ရွံ့နေဆဲပဲ။ ကိုယ့်ဘေးနားက တစ်ခုမကျန်ဖြည့်ဆည်းတတ်တဲ့ အရိပ်လေးကို ပျောက်ခိုင်းလိုက်တာ ကိုယ်မှားလား။ ကိုယ်တကယ်မသိဘူး။ အိုး မှောင်လိုက်တာ။ ညအမှောင်ကြောင့်များ ကလေးကို ပိုသတိရနေမိသလား။

ကိုယ့်ကိုယ်ကိုယ် ပြန်တည်ဆောက်ဖို့ လွယ်ပါ့မလား။ ခုချိန်မှာတော့ ဒီအဖြေကို ကိုယ်မရှာရဲဘူး။ ဒီအချိန်မှ ကလေးကို ပြန်ဆက်သွယ်ဖို့လည်း ကိုယ်ယုံကြည်ချက်မရှိဘူး။ ကိုယ်အသိနောက်ကျခဲ့တယ်ဆိုတောင် ကျေနပ်တယ်။ ချစ်ခြင်းတရားရဲ့ ရနံ့ကို ကိုယ်ရှိုက်ခွင့်ရခဲ့တယ်မဟုတ်လား။

ကိုယ်တစ်စုံတစ်ခုကိုလည်း ကျေကျေနပ်နပ်ကြီး ဝန်ခံဝံ့လိုက်တယ်။ ကိုယ် မှားခဲ့တယ်။ ချစ်ခြင်းတရားနဲ့ ဝေးရာရှောင်ခဲ့သူ တစ်ယောက်အတွက် အမှောင်ညတွေဟာ ထိုက်တန်ပါတယ်။ ထိုက်တန်ပါတယ် . . .။

**ရည်ဝေ(လင်းရောင်ခြည်)**



# yati HOROSCOPE

*yati*

# HOROSCOPE

DR. MYAT THIT (MANDALAY)



## တူရာသီဖွား (Libra)

**စက်တင်ဘာ (၂၃) ရက်မှ အောက်တိုဘာ (၂၂) ရက်**

နာမည်ကောင်းဖြင့် ထင်ပေါ်မှုရှိလာလိမ့်မည်။ ရာထူးတိုးခြင်းရှိလိမ့်မည်။ အလုပ်နေရာကောင်းရရှိလိမ့်မည်။ ငွေဝင်အထူးကောင်းမွန်လာစေကာ စုဆောင်းလာနိုင်မည်။ ပညာရေးမျှော်မှန်းသည့်အဆင့်အထိ ရောက်ရှိလာစေတတ်သည်။ လုပ်ငန်းထဲမှ အမြတ်အစွန်းထွက်လိမ့်မည်။ နီးစပ်မှုဖြင့် ဌာနတွင်း အချစ်ရေးသံယောဇဉ် တွယ်မိတတ်သည်။ ခရီးရှည် အကျိုးပေးလိမ့်မည်။ မျက်လုံးဒုက္ခပေးလာတတ်သည်။ လုပ်ငန်းတွင် မနာလို ခံရတတ်၍ သတိထားသင့်သည်။ အိမ်ထောင်ရေး ဂရုစိုက်သင့်သည်။

**ယတြာ။ ။ နှမ်းထမင်းလှူပါ။**



## ဗြိစ္ဆာရာသီဖွား (Scorpio)

**အောက်တိုဘာ (၂၃) ရက်မှ နိုဝင်ဘာ (၂၂) ရက်**

လုပ်ငန်းတွင်းသာမက အိမ်တွင်းထိပါ လူကြီး၊ မိဘ၊ ဆရာသမား ဒုက္ခပေးတတ်သည်။ ရန်မီးပွားစေလိမ့်မည်။ အလုပ်နေရာ မတည်မြဲမှု ရှိစေကာ မနေချင်သည့်နေရာတွင် တာဝန်ယူရတတ်ပေသည်။ ပြည်ပအလုပ်ကြိုးစားမှုတို့ အဆင်ပြေမည်။ ကြိုးစားအားထုတ်မှုခံစားရတတ်ပါသည်။ မြောက်အရပ်ခရီး အကျိုးရှိပါလိမ့်မည်။ စနေသားသမီးနှင့် သတိထား ဆက်ဆံသင့်ပေသည်။ အချစ်ရေး အဆင်ပြေစေတတ်ပေသည်။ သားသမီး ရတနာရတတ်ပြီး ခွဲစိတ်မွေးဖွားခြင်း ခံရတတ်ပေသည်။ အိမ်ထောင်ရေး သာယာမှု နည်းစေလိမ့်မည်။

**ယတြာ၊ ၊ အဝါရောင်ပန်း ၇ ပွင့်လှူပါ။**



## ဓနုရာသီဖွား (Sagittarius)

**နိုဝင်ဘာ (၂၃) ရက်မှ ဒီဇင်ဘာ (၂၁) ရက်**

အလုပ်ရရန် တိကျသောအဖြေ ရရှိစေတတ်ပါသည်။ ဂုဏ်သိက္ခာရှိစေသော အလုပ်နေရာဌာနတို့ ရရှိတတ်ပါသည်။ ခရီးဝေး အစီအစဉ်အနေနှင့် ပျက်ပြားနိုင်ပါသည်။ မြေ၊ အိမ်၊ ခြံ၊ ကား၊ စက်၊ အီလက်ထရောနစ်ပစ္စည်း၊ ဖုန်းအမျိုးမျိုးစသည်တို့ ရောင်းဝယ်မှုအကျိုး ရှိပါပေလိမ့်မည်။ တနင်္လာနေ့ ခရီးသွားလာခြင်း ရှောင်သင့်သည်။ ပညာရေး အပျင်းမထူသင့်၊ ဇွဲနှင့် ကြိုးစားသင့်သည်။ အိမ်ထောင်ရေး အလိုလိုက်ခံရတတ်၏။ လက်ထပ်ရေး စိတ်ကူးရလိမ့်မည်။ ငွေကြေးကိစ္စ သတိထားပါ။

**ယတြာ။ ။ သပြေ ၅ ညွန့်လှူပါ။**



## မကာရရာသီဖွား (Capricom)

**ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီ (၂၁) ရက်**

စိတ်ညစ်စရာ အကုန်ပျောက်ကွယ်လာလိမ့်မည်။ စိတ်ချမ်းသာစရာနှင့် နည်းလမ်းကောင်းတွေ့ရတတ်ပေသည်။ အလုပ်လက်မဲ့တို့ အလုပ်အကိုင်သစ် ရရှိလာလိမ့်မည်။ နိုင်ငံခြားခရီးနှင့် အလုပ်တို့အဆင်ပြေတတ်သည်။ ပညာရေးတိုးတက်မှု အရည်အချင်းကောင်း ရှိစေမည်။ ရစရာငွေများ ရရှိစေတတ်သည်။ အချစ်ရေး ပျော်ရွှင်မှုများနှင့်အတူ ကံကောင်းလိမ့်မည်။ မိတ်ဆွေသစ်၊ မိတ်ဆွေကောင်း ရရှိစေတတ်သည်။ အဖွဲ့အစည်းများ၏ ကူညီမှုရရှိလိမ့်မည်။

**ယတြာ၊ ၊ ပန်းတိမ်ငိုပန်း လှူပါ။**

# *yati* HOROSCOPE

DR. MYAT THIT (MANDALAY)




## ကုမ်ရာသီဖွား (Aquarius)

**ဇန်နဝါရီ (၂၂) ရက်မှ ဖေဖော်ဝါရီ (၁၈) ရက်**

ရုံးခန်းနှင့် အိမ်တွင် အငြိမ်မနေရတတ်ပေ။ လှုပ်ရှား သွားလာမှုအထူးများစေတတ်ပေသည်။ ကိုယ်တိုင်လျှို့ဝှက်ဖန်တီးရယူသော ကိစ္စတို့ အောင်မြင်စေတတ်သည်။ ကိုယ့်မိသားစု မိဘအပေါ် မနာလိုသူ ရှိလိမ့်မည်။ မထင်မှတ်ဘဲ အနှောင့်အယှက် ကြုံစေတတ်ပေသည်။ စာကြိုး စားလိုစိတ်နည်းနေတတ်သည်။ အချစ်ရေး အဆင်ပြေလာလိမ့်မည်။ ပြည်ပ နှင့်ရှယ်ယာ စီးပွားစတင်ခံစားအောင်မြင်စေတတ်သည်။

**ယတြာ။ ။ နှင်းဆီနီ ၃ ပွင့်လှူပါ။**



## မိန်ရာသီဖွား (Pisces)

**ဖေဖော်ဝါရီ (၁၉) ရက်မှ မတ် (၂၀) ရက်**

ပညာရေးတွင် မျက်နှာပွင့်လန်းလိမ့်မည်။ ပြည်ပခရီးအထူးကောင်းလိမ့်မည်။ ဘွဲ့လွန်အတွက် ဖြေဆိုမှုအဆင်ပြေမည်။ ကံကောင်းနေမည်။ တာဝန်သစ်များ အဆင်ချောမည်။ စီးပွားရေးမှန်မှန် တိုးတက်မှုရှိစေတတ်ပေသည်။ အိမ်တွင်းလူဦးရေ တိုးမည်။ အိမ်ထောင်ဖက် ကိုယ်ဝန်ထပ်မံရှိတတ်ပါသည်။ အပျို လူပျိုများ အချစ်ရေးကံကောင်းလိမ့်မည်။ ငွေပေးငွေယူစာရင်းသတိထားသင့်ပေသည်။ ကလေးငယ်ကျန်းမာရေးသတိပြုပါ။

**ယတြာ။ ။ ပိန်းပန်း ၅ ပွင့်လှူပါ။**



## မိဿရာသီဖွား (Aries)

**မတ် (၂၁) ရက်မှ ဧပြီ (၂၀) ရက်**

စိတ်ဓာတ်ကျစရာ ကြုံတတ်သည်။ ငွေအကုန်အကျများသော ခရီးရှည်သွားရတတ်သည်။ အကျိုးရှိစေမည်။ ဘွဲ့၊ ဘွဲ့လွန်ပညာရေးဖြေဆိုထားမှု အောင်မြင်စေတတ်သည်။ စပ်တူရှယ်ယာ ရန်ပေါ်တတ်၊ စိတ်ဝမ်းကွဲတတ်ပေသည်။ အိမ်ထောင်ရေး အထူးညံ့သည်။ ကျန်းမာရေးတွင် သွား၊ မျက်လုံး ခွဲစိတ်ရတတ်သည်။ အုပ်ချုပ်သောလူတန်းစားနှင့် ရန်မီးပွားတတ်သည်။ အချစ်ရေး အနှောင့်အယှက် အထူးများစေတတ်ပေသည်။

**ယတြာ။ ။ နဂါးမောက်သီး လှူပါ။**



## ပြိဿရာသီဖွား (Taurus)


**ဧပြီ (၂၁) ရက်မှ မေ (၂၁) ရက်**

စိတ်ချမ်းသာမှု မရှိတတ်ပါ။သို့သော် ဝမ်းသာစရာ သတင်းစကားကြားသိရ၍ ဝမ်းမြောက်ရတတ်ပေသည်။ ကိုယ့်ထက် အဆင့်အတန်းမြင့်မားချမ်းသာသူက ကူညီမစလိမ့်မည်။ ပညာရေးအထူးကောင်းမွန်မည်။ ဘွဲ့လွန်ဝင်ခွင့် ဖြေဆိုအောင်မြင်လိမ့်မည်။ အများအကျိုးပြုကိစ္စဆောင်ရွက်ပေးရတတ်ပေသည်။ ငွေဝင်ကောင်းစေမည်။ အချစ်ရေးတွင် ပျော်ရွှင်မှု ရရှိတတ်သည်။ အိမ်ထောင်ဖက်၏ အနေအထိုင်မရိုးသားမှုကြောင့် စိတ်ညစ်ရမည်။ ကျန်းမာရေး နှလုံး၊ သွားဒုက္ခပေးတတ်၊ အရေးပေါ်ခွဲစိတ်ရတတ်ပေသည်။

**ယတြာ။ ။ ဆီထမင်း လှူပါ။**

# yati HOROSCOPE

DR. MYAT THIT (MANDALAY)



## မေထုန်ရာသီဖွား (Gemini)

**မေ (၂၂) ရက်မှ ဇွန် (၂၁) ရက်**

ရန်သူအတိုက်အခံတို့၏ နာမည်အလွဲသုံးစားပြုခြင်းကို ခံရတတ်ပေသည်။ စိတ်မငြိမ်မသက် ဖြစ်လာတတ်သည်။ ပညာဉာဏ်ထက်မြက်မှုကြောင့် ထူးချွန်ပေလိမ့်မည်။ ဖြေဆိုထားသော စာမေးပွဲ-ဘွဲ့လွန်အခြေအနေ ကောင်းမွန်လိမ့်မည်။ စီးပွားရေးလွဲချော်မှု မဖြစ်တော့။ ကံကောင်းလာမည်။ အကျိုးအမြတ်များပေလိမ့်မည်။ သားသမီးအတွက် စီစဉ်ဆောင်ရွက်မှု အဆင်ပြေမည်။ ဘွဲ့ထူးဂုဏ်ထူးဆုတံဆိပ် ရရှိစေတတ်သည်။ အိမ်ထောင်ရေး အဆင်မပြေ ညှံ့စေတတ်သည်။ လုပ်ငန်းတူ ဆိုင်နီးနားချင်းများကို သတိပြု ဆက်ဆံပေးပါ။ ဒုက္ခပေးလာနိုင်ပါသည်။

**ယတြာ။ ။ ထန်း ၃ လက်လှူပါ။**



## ကရကင့်ရာသီဖွား (Cancer)

**ဇွန် (၂၂) ရက်မှ ဇူလိုင် (၂၂) ရက်**

အခက်အခဲ အကျပ်အတည်းကြားမှ အဆင်ပြေကံကောင်းလာစေတတ်ပေသည်။ ဘုန်းကံအရှိန်အဝါတောက်ပ ကံကောင်းနေပေမည်။ စိတ်ချမ်းသာမှု ရရှိလာမည်။ ငွေဝင်ကောင်းမည်။ အရောင်းအဝယ် ဖြစ်ထွန်းမည်။ ပညာရေးများစွာ တိုးတက်မည်။ အပေါင်းအသင်းမမှားရန် သတိထားသင့်ပေသည်။ အချစ်ရေးအနေနှင့် တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲပြီး ပြဿနာများ ဆက်တိုက်ကြုံတတ်ပါသည်။ လူမှုဆက်ဆံရေး အဆင်ချောမည်။ ကုသိုလ်ကောင်းမှုအနေဖြင့် ဘုရားကျောင်း များများသွားရတတ်ပေသည်။

**ယတြာ။ ။ အချိုရည်လှူပေးပါ။**



## သိဟ်ရာသီဖွား (Leo)

**ဇူလိုင် (၂၃) ရက်မှ ဩဂုတ် (၂၂) ရက်**

သားသမီးတို့ကြောင့် သင် စိတ်အနှောင့်အယှက် ကြုံတတ်သည်။ တစ်မြို့စီ၊ တစ်နိုင်ငံစီ ခွဲနေရတတ်သည်။ လက်ရှိနေရာ အိုးအိမ်အခန်းမှ ရွှေ့ပြောင်းရမည်။ အများအထင်ကြီးစေသော အလုပ်တို့ လုပ်ဆောင်ရတတ်သည်။ ပညာရေး မပေါ့ဆသင့်၊ ကျောင်းမလစ်သင့်၊ ကျောင်းခေါ်ချိန် ပြည့်ရန် အရေးကြီးပေသည်။ ငွေကြေး အဆင်ပြေစေမည်။ ထီထိုးပေးပါ။ အချစ်ရေး ပျက်ပြားတတ်၊ တစ်ကိုယ်တည်း ဖြစ်နေရတတ်သည်။ ငွေစာရင်း သတိပြုရှင်းပါ။

**ယတြာ။ ။ သပြေ ၅ ညွန့်လှူပါ။**



## ကန်ရာသီဖွား (Virgo)

**ဩဂုတ် (၂၃) ရက်မှ စက်တင်ဘာ (၂၂) ရက်**

ပင်ပန်းသောအလုပ်တို့ကို လုပ်ဆောင်ရတတ်ပေသည်။ ဆွေမျိုးသားချင်းတို့နှင့် အတူနေမှု အဆင်မပြေတတ်ပါ။ ပစ္စည်း၊ ငွေပျောက်တတ်ပေသည်။ ကြွေးငွေတချို့ ပေးဆပ်ရတတ်ပေသည်။ လူမျိုးခြားနှင့် ဆက်ဆံရေး အဆင်ပြေမည်။ အချစ်ရေးအဆင်ပြေမည်။ မျက်နှာပွင့်လန်းပြီး အသစ်ထပ်မံ ဆုံတွေ့ရတတ်သည်။ ထီထိုးပေးပါ။ ငွေစုပုံ ဝင်ကိန်းရှိပါလိမ့်မည်။ မိခင်ကျန်းမာရေး ဂရုစိုက်ပေးပါ။ အန္တရာယ် အထူးရှိပါသည်။ ဌာနအသီးသီးနှင့် လေလံတင်ဒါကိစ္စ အဆင်ပြေကံကောင်း ရွေးချယ်ခံရတတ်မည်။

**ယတြာ။ ။ သကြားပေါက်စီလှူပါ။**




# yati HOROSCOPE

တက္ကသိုလ်စိုးမိုးနိုင်

1

| ၁ အောက်တိုဘာ (ဗုဒ္ဓဟူးနေ့) | |
|---|---|
| တနင်္ဂနွေ | မလွဲမရှောင်သာသော ကိစ္စရပ်များကို လုပ်ဆောင်ရမည့်နေ့။ ကျန်းမာမည်။ |
| တနင်္လာ | စိတ်တိုစိတ်ဆိုးလွယ်မည့်နေ့။ သို့သော် ချစ်သူထံမှ အကြင်နာကို ရရှိပါလိမ့်မည်။ |
| အင်္ဂါ | လုပ်ငန်းရည်ရွယ်ချက်များ တိုးချဲ့လုပ်ဆောင်ခွင့်ရရှိမည့်နေ့။ ကံကောင်းမည်။ |
| ဗုဒ္ဓဟူး | ဆန်းကြယ်လွန်းသောကိစ္စရပ်များ ကြုံတွေ့ရမည့်နေ့။ ငွေကံကောင်းမည်။ |
| ကြာသပတေး | အတိုက်အခံများစွာ စိန်ခေါ်နေမည့်နေ့။ ချစ်သူကို ပိုင်ဆိုင်ရမည်။ |
| သောကြာ | ဖြည်းဖြည်းမှန်မှန်အောင်ပွဲခံရမည့်နေ့။ ဇွဲရှိရှိလုပ်ဆောင်ပါ။ |
| စနေ | ကိုယ့်ဒူးကိုယ်ချွန်ဆောင်ရွက်ရမည့်နေ့။ တိုးတက်မှု ကြုံရပါလိမ့်မည်။ |

2

| ၂ အောက်တိုဘာ (ကြာသပတေးနေ့) | |
|---|---|
| တနင်္ဂနွေ | ကံ၊ဉာဏ်၊ဇာတာပွင့်လန်းနေမည့်နေ့။ ဘဝမြင့်မြင့်တက်လှမ်းနိုင်မည်။ |
| တနင်္လာ | မျှော်လင့်ချက်ရောင်ခြည်တောက်ပမည့်နေ့။ တရားထိုင်ပါ။ |
| အင်္ဂါ | နှင်းဆီပွင့်ပေါ် အိပ်ပျော်ခွင့်ရရှိမည့်နေ့။ ရွှေဝင်မည်။ |
| ဗုဒ္ဓဟူး | ကိုယ်၊ စိတ်နှလုံးဖြူစင်အေးမြမည့်နေ့။ ကြံသမျှအောင်မည်။ |
| ကြာသပတေး | လှေနံနှစ်ဖက်နင်းနေမည့်နေ့။ တစ်ပြိုင်တည်းငှက်နှစ်ကောင်ဖမ်းမိမည်။ |
| သောကြာ | အရာရာကို အထူးငဲ့ညာစဉ်းစားနေမည့်နေ့။ ကိုယ်ချင်းစာတရားရှိနေမည်။ |
| စနေ | အောင်မြင်မှုကို ရရှိမည့်နေ့။ သောကကင်းဝေးမည်။ |

3

| ၃ အောက်တိုဘာ (သောကြာနေ့) | |
|---|---|
| တနင်္ဂနွေ | လုံ့လဝီရိယရှိနေမည့်နေ့။ အကွက်စေ့၊ ထောင့်စေ့နေမည်။ |
| တနင်္လာ | စိတ်ကူးအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်ရမည့်နေ့။ |
| အင်္ဂါ | အပေါင်းအသင်းများနေမည့်နေ့။ ပွဲလမ်းသဘင်သွားရောက်ရမည်။ |
| ဗုဒ္ဓဟူး | ဆွေမျိုး၊မိဘ၊ အကြီးအကဲများ၏ ကူညီပံ့ပိုးမှုများရရှိမည့်နေ့။ |
| ကြာသပတေး | အလုပ်အကိုင်၊အခွင့်အလမ်းပွင့်လန်းမည့်နေ့။ လာဘ်ရွှင်မည်။ |
| သောကြာ | ဟိုယောင်ယောင်၊ ဒီယောင်ယောင်ဖြစ်နေမည့်နေ့။ စိတ်လေနေတတ်သည်။ |
| စနေ | ရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့် ပြုံးပျော်ရမည့်နေ့။ အကြံအောင်မည်။ |

4

| ၄ အောက်တိုဘာ (စနေနေ့) | |
|---|---|
| တနင်္ဂနွေ | မျှော်လင့်ချက်များ အဓိပ္ပာယ်ပြည့်ဝမည့်နေ့။ ဦးဆောင်တာဝန်ယူရလိမ့်မည်။ |
| တနင်္လာ | ဝီရိယတန်ခိုးဖြင့် ကြီးပွားမည့်နေ့။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်နေလိမ့်မည်။ |
| အင်္ဂါ | လူတကာကြားမှာ စူပါစတားဖြစ်မည့်နေ့။ စိတ်ကူးဉာဏ်ကွန့်မြူးနေလိမ့်မည်။ |
| ဗုဒ္ဓဟူး | အိပ်မက်ကမ္ဘာမှာ ပျော်မြူးရမည့်နေ့။ အိုင်တီပစ္စည်းဝင်မည်။ |
| ကြာသပတေး | ခရီးသွားရမည့်နေ့။ ခရီးသွားပြီး ကြီးပွားမည်။ |
| သောကြာ | စီးပွားဥစ္စာတိုးပွားမှု ကြုံရမည့်နေ့။ ကူညီသူပေါများနေလိမ့်မည်။ |
| စနေ | ပွင့်ပွင့်လင်းလင်းပြောဆိုလုပ်ကိုင်နေမည့်နေ့။ စိတ်ထားဖြူစင်နေမည်။ |

5

| ၅ အောက်တိုဘာ (တနင်္ဂနွေနေ့) | |
|---|---|
| တနင်္ဂနွေ | ကြံစည်တွေးတောမှုများပြားနေမည့်နေ့။ လုပ်ငန်းတူပြိုင်ဘက်များရှိနေမည်။ |
| တနင်္လာ | ငါးရံ့နှစ်ကောင်ဖမ်းမိမည့်နေ့။ အခွင့်အရေးနှစ်ခုတစ်ပြိုင်တည်းရရှိမည်။ |
| အင်္ဂါ | ကံတရားအလှည့်အပြောင်းနဲ့နှောင်းနေမည့်နေ့။ ဘာသာတရားပိုလုပ်ပါ။ |
| ဗုဒ္ဓဟူး | လက်ဖျားမှာ ငွေသီးနေမည့်နေ့။ ကောင်းကံဆင့်နေမည်။ |
| ကြာသပတေး | ငွေကြေးရင်းနှီးမြှုပ်နှံရမည့်နေ့။  ဆုံးဖြတ်ချက် တိကျသေသပ်ရန်လိုသည်။ |
| သောကြာ | အောင်မြင်မှုပန်းပွင့်ကို ဆွတ်ခူးခွင့်ရရှိမည့်နေ့။ မွေးနေ့တူထံမှ အကူအညီရမည်။ |
| စနေ | နတ်ကောင်းနတ်မြတ်များထံမှ စောင်မမှု ရရှိမည့်နေ့။ သတင်းကောင်းကြားရမည်။ |

6

| ၆ အောက်တိုဘာ (တနင်္လာနေ့) | |
|---|---|
| တနင်္ဂနွေ | လူတကာကြားမှာ စူပါဖြစ်နေမည့်ကာလ။ ပတ်ဝန်းကျင်မှာ ပေါ်ပြူလာဖြစ်မည်။ |
| တနင်္လာ | အတွေးအခေါ်၊ အယူအဆမှန်ကန်နေမည့်နေ့။ လူမှုရေးကူညီမှုများ ပြုလုပ်ရမည်။ |
| အင်္ဂါ | နိုင်ငံရပ်ခြားနှင့် အကျိုးပေးကောင်းသောနေ့။ ရပ်ဝေးမှ မင်္ဂလာသတင်းကြားရမည်။ |
| ဗုဒ္ဓဟူး | ယှဉ်ပြိုင်နိုင်မှ အနိုင်ရရှိမည့်နေ့။ ဇွဲ၊ သတ္တိရှိရန်လိုသည်။ |
| ကြာသပတေး | ကတိစာချုပ် ချုပ်ဆိုရမည့်နေ့။ တိုင်ပင်သင့်သူများနှင့် တိုင်ပင်။ |
| သောကြာ | လုပ်ငန်းဌာနပြောင်းရွှေ့ရမည့်နေ့။ ပြောင်းရွှေ့မှုနဲ့ အကျိုးပေးကောင်းသည်။ |
| စနေ | လက်တွေ့ကျကျ ပြောဆိုလုပ်ကိုင်နေမည့်နေ့။ ဘာသာတရားကို ပိုမိုလုပ်ပါ။ |

# 7

| ၇ အောက်တိုဘာ (အင်္ဂါနေ့) | |
|---|---|
| တနင်္ဂနွေ | အကျိုးအကြောင်း ဆက်စပ်တွေးခေါ်မှုကောင်းနေမည့်နေ့။ အလှူပြုရမည်။ |
| တနင်္လာ | သတိ၊ ပညာ၊ ဝီရိယရှိနေမည့်နေ့။ အပြောကောင်းနေလိမ့်မည်။ |
| အင်္ဂါ | ကြွယ်ဝချမ်းသာစေမည့် နည်းလမ်းကောင်းတွေ့မည့်နေ့။ |
| ဗုဒ္ဓဟူး | ကာရန်ချိုမြသော ဘဝလှလှကြုံတွေ့ရမည့်နေ့။ အမွေ၊မြေကိစ္စအဆင်ပြေမည်။ |
| ကြာသပတေး | တာထွက်စောပြီး ပန်းအဝင်လှမည့်နေ့။ ရွေးချယ်မှု မှန်ကန်မည်။ |
| သောကြာ | ကြီးပွားမှု၊တိုးတက်မှုကြုံရမည့်နေ့။ ဘာသာရေးအစီအစဉ်တစ်ခုပြုပါ။ |
| စနေ | စနေထောင့်မှာ ပန်းများများလှူရမည့်နေ့။ ဘာသာတရားကြောင့် အဆင်ပြေမည်။ |

# 8

| ၈ အောက်တိုဘာ (ဗုဒ္ဓဟူးနေ့) | |
|---|---|
| တနင်္ဂနွေ | ထိပ်တန်းအခြေအနေကို ရောက်ရှိမည့်နေ့။ ဉာဏ်လည်းရှိ၊ ဝီရိယလည်း ကူပါ။ |
| တနင်္လာ | တိုးတက်မှုနှုန်းမြန်ဆန်မည့်နေ့။ အောင်မြင်မှုနှစ်ထပ်ကွမ်းကြုံရလိမ့်မည်။ |
| အင်္ဂါ | မိမိကိုယ်မိမိ ယုံကြည်မှု ပြည့်ဝနေမည့်နေ့။ ကိုယ့်ဒူးကိုယ်ချွန်နေလိမ့်မည်။ |
| ဗုဒ္ဓဟူး | တိမ်စင်လပမာ ရွှန်းပထွန်းလင်းနေမည့်နေ့။ အခွင့်အရေးသစ်ကို ဖန်တီးခွင့်ရမည်။ |
| ကြာသပတေး | အကောင်းမြင်၊ အပြုတွေးနေမည့်နေ့။ အားကျလောက်စရာ ဝင်ငွေများရမည်။ |
| သောကြာ | ချစ်သူခင်သူဝိုင်းဝိုင်းလည်နေမည့်နေ့။ ဘဝအစီပွာယ်ပြည့်ဝနေမည်။ |
| စနေ | စွမ်းရည်သစ်များ ထူးခြားတောက်ပနေမည့် ကာလ။ အစွမ်းအစကို ပြသခွင့်ရမည်။ |

# 9

| ၉ အောက်တိုဘာ (ကြာသပတေးနေ့) | |
|---|---|
| တနင်္ဂနွေ | လုပ်သမျှ ဟုတ်နေမည့်နေ့။ အတွေးသစ်ကြောင့် ထူးခြားမှု ကြုံရပါလိမ့်မည်။ |
| တနင်္လာ | ဘဝမြင့်မြင့်သို့ တက်လှမ်းခွင့်ရမည့်နေ့။ စည်းစိမ်ဥစ္စာကြွယ်ဝမည်။ |
| အင်္ဂါ | လန်းဆန်းတက်ကြွနေမည့်နေ့။ ပျော်ရွှင်ကြည်နူးမှုများ ကြုံရပေလိမ့်မည်။ |
| ဗုဒ္ဓဟူး | အောင်မြင်မှုကို စောင့်ဆိုင်းနေရမည့်နေ့။ မလုပ်မဖြစ်သော ကိစ္စများလုပ်ရမည်။ |
| ကြာသပတေး | အတတ်ပညာကို အသုံးချခွင့်ရရှိမည့်နေ့။ ဂုဏ်သိက္ခာတက်မည်။ |
| သောကြာ | စုတ်ရော လာဘ်ပါဝင်မည့်နေ့။ ကြီးစားမှုဆုလာဘ်များ ရရှိပေလိမ့်မည်။ |
| စနေ | လှုပ်ရှားပျော်ရွှင် အောင်ပွဲဝင်ရမည့်နေ့။ လှပတဲ့ ဘဝနေ့ရက်ကို ပိုင်ဆိုင်ရမည်။ |

# 10

| ၁၀ အောက်တိုဘာ (သောကြာနေ့) | |
|---|---|
| တနင်္ဂနွေ | ကောင်းသတင်းများကို ကြားသိခွင့်ရရှိမည့်နေ့။ဗုဒ္ဓဟူးနံပစ္စည်းဝင်မည်။ |
| တနင်္လာ | အောင်မြင်မှုသရဖူကို ဆောင်းခွင့်ရမည့်နေ့။ ကားပြောင်းစီးရမည်။ |
| အင်္ဂါ | မွန်းတည့်နေရောင်အောက်မှာ ပန်းပွင့်ရမည့်နေ့။ အခက်အခဲရှိသည်။ကြိုးစားပါ။ |
| ဗုဒ္ဓဟူး | ကံစမ်းမဲတစ်ပြားကိုနှိုက်ခွင့်ရမည့်နေ့။ ကံတရားကိုဉာဏ်ကစားခွင့်ရရပေလိမ့်မည်။ |
| ကြာသပတေး | အောင်မြင်မှုကို တစ်စစီလိုက်ကောက်ရမည့်နေ့။ အဆင်မပြေမှုအချို့ကြုံနိုင်သည်။ |
| သောကြာ | သတ္တိအားမာန်ပြည့်ဝနေမည့်နေ့။ လက်တွေ့ကျကျလုပ်ဆောင်နေမည်။ |
| စနေ | သစ်လွင်လှပနေသောနေ့။ မျှော်လင့်ထားသော ဝင်ငွေများ ရရှိပေလိမ့်မည်။ |

# 11

| ၁၁ အောက်တိုဘာ (စနေနေ့) | |
|---|---|
| တနင်္ဂနွေ | စိန်၊ရွှေ၊ရတနာပစ္စည်းဝင်မည့်နေ့။ ကံတရားက သင့်ဘက်မှာ ရပ်တည်နေသည်။ |
| တနင်္လာ | ရွှံ့ကိုင်လျှင်ပင် ရွှေဖြစ်မည့်နေ့။ လုပ်သမျှ ဟုတ်နေပေလိမ့်မည်။ |
| အင်္ဂါ | ဝမ်းမြောက်ဝမ်းသာဖြစ်နေမည့်နေ့။ ဘဝအဆင့် မြှင့်တင်ခွင့်ရရှိပေလိမ့်မည်။ |
| ဗုဒ္ဓဟူး | ငွေအစုအပြုံလိုက်ရရှိမည့်နေ့။ ပြိုင်ဘက်မရှိ အောင်မြင်ခွင့်ရရှိပေလိမ့်မည်။ |
| ကြာသပတေး | မိသားစုကို အပြစ်မမြင်ဘဲ ချစ်ခင်နေမည့်နေ့။ သာယာပျော်ရွှင်မှုကြုံရလိမ့်မည်။ |
| သောကြာ | စေတနာရောင်ပြန်ဟပ်အောင်မြင်မည့်နေ့။ လူမှုရေးကူညီမှုများလုပ်ရလိမ့်မည်။ |
| စနေ | တိုက်၊ ခြံ၊မြေကိစ္စ စကားပြောရမည့်နေ့။ ကျန်းမာရေးဒေါင်ဒေါင်မြည်နေလိမ့်မည်။ |

# 12

| ၁၂ အောက်တိုဘာ (တနင်္ဂနွေနေ့) | |
|---|---|
| တနင်္ဂနွေ | စပ်တူလုပ်ငန်းနှင့် အကျိုးပေးမည့်နေ့။ မိတ်ဆွေများထံမှ အကူအညီများရရှိမည်။ |
| တနင်္လာ | ပြောင်းလဲမှုများစွာ ကြုံတွေ့ရမည့်နေ့။ ဘဝတိုးတက်ရန် အခွင့်ထူးပေါ်မည်။ |
| အင်္ဂါ | ထည်ဝါခန့်ညားသောနေ့။ လှပသော အိပ်မက်ကလေးကို မက်ခွင့်ရရှိပေလိမ့်မည်။ |
| ဗုဒ္ဓဟူး | စိတ်ကူးထဲမှ ဘဝကို လက်တွေ့ရရှိမည့်နေ့။ ကံတရားကို ဉာဏ်ကစားခွင့်ရရှိမည်။ |
| ကြာသပတေး | မိုင်တစ်ထောင်ခရီးအတွက် ပထမဆုံးခြေလှမ်းကို စတင်ရမည့်နေ့။ |
| သောကြာ | ငြီးငွေ့တာရမည့်နေ့။ ငွေကြေးစုဆောင်းမိမည်။ |
| စနေ | လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးရှိမည့်နေ့။ စီမံခန့်ခွဲမှုကောင်းနေမည်။ |

# 13

| ၁၃ အောက်တိုဘာ (တနင်္လာနေ့) | |
|---|---|
| တနင်္ဂနွေ | လမ်းရိုးအတိုင်း လျှောက်လှမ်းနေမည့်နေ့။ မှန်သော စကားကို ပြောနေမည်။ |
| တနင်္လာ | ကြိုးစားမှုနှင့် ညီမျှသော အောင်မြင်မှုကို ရရှိမည့်နေ့။ လူချစ်လူခင်များမည်။ |
| အင်္ဂါ | ပြုံးပြုံးလေးနှင့် ဒေါင်ကျကျ ပြားကျကျ နေထိုင်နေမည့်နေ့။ |
| ဗုဒ္ဓဟူး | ဘဝအတွက် ရွေးချယ်မှုတစ်ခုကို ပြုလုပ်ရမည့်နေ့။ တိုင်ပင်သင့်သူနှင့် တိုင်ပင်ပါ။ |
| ကြာသပတေး | အတွေးအမြင်ပွင့်လင်းနေမည့်နေ့။ အရှိကို အရှိတိုင်း ပြုမူပြောဆိုနေလိမ့်မည်။ |
| သောကြာ | ဘာသာတရားကို ပိုမိုလုပ်ဆောင်နေမည့်နေ့။ သီလမြဲနေမည်။ |
| စနေ | ဆရာကောင်းတွေ့မည့်နေ့။ အကျိုးရှိသော အလုပ်များကို လုပ်ခွင့်ရပေလိမ့်မည်။ |

# 14

| ၁၄ အောက်တိုဘာ (အင်္ဂါနေ့) | |
|---|---|
| တနင်္ဂနွေ | ရင်ခုန်သံမြန်ဆန်ရမည့်နေ့။ မမျှော်လင့်ထားသော အခွင့်ထူးတစ်ခုကို ရရှိပေမည်။ |
| တနင်္လာ | အတွေးအခေါ်မြင့်မားနေမည့်နေ့။ နေအိမ်ပြုပြင်မှုများ ပြုလုပ်ရလိမ့်မည်။ |
| အင်္ဂါ | အမှတ်တမဲ့မှ အမှတ်တရဖြစ်ရမည့်နေ့။ စာကောင်းပေမွန်ကို ဖတ်ရှုပါ။ |
| ဗုဒ္ဓဟူး | စေတနာကောင်းပြီး ကံကောင်းမည့်နေ့။ ခရီးသွားရမည်။ |
| ကြာသပတေး | စိတ်ကူးကိုလက်တွေ့ပေါင်းစပ်ရမည့်နေ့။ အိပ်မက်များ အကောင်အထည်ပေါ်မည်။ |
| သောကြာ | အဖြူကံ၊ အမည်းကံရောနေမည့်နေ့။ ကိုးကွယ်ရာ ဘာသာတရားကို ပိုလုပ်ပါ။ |
| စနေ | နှမ်းထွက်နှင့် မှန်းချက်ကိုက်ညီမည့်နေ့။ ခရီးမသာဘဲ ကြီးပွားမည်။ |

# 15

| ၁၅ အောက်တိုဘာ (ဗုဒ္ဓဟူးနေ့) | |
|---|---|
| တနင်္ဂနွေ | လုပ်ငန်းသစ်ပြောင်းရွှေ့ချင်နေမည့်နေ့။ မခုန်ကျော်ခင် သတိရှိပါ။ |
| တနင်္လာ | ဘဝပုစ္ဆာကို အဖြေညှိရမည့်နေ့။ မေတ္တာသက်ဝင်သူထံမှ အဖြေရမည်။ |
| အင်္ဂါ | အောင်မြင်မှုရေစီးမှာ အလိုက်သင့်မျောခွင့်ရမည့်နေ့။ မင်္ဂလာရှိနေမည်။ |
| ဗုဒ္ဓဟူး | ချောတိုင်ထိပ်မှ အလံကို တက်ယူရမည့်နေ့။ စွန့်စားမှုပြုလုပ်ရလိမ့်မည်။ |
| ကြာသပတေး | မချိမချင့်ပြုံးရမည့်နေ့။ အပြာရောင်လေးက သင့်ကို ကံကောင်းစေလိမ့်မည်။ |
| သောကြာ | စေ့စေ့စပ်စပ်လုပ်ဆောင်ရမည့်နေ့။ မိတ်ဆွေတိုးမည်။ |
| စနေ | အားနည်းချက်ကို အားသာချက်အဖြစ်ပြောင်းနိုင်မည့်နေ့။ |

# 16

| ၁၆ အောက်တိုဘာ (ကြာသပတေးနေ့) | |
|---|---|
| တနင်္ဂနွေ | ခရုကို ခါးတောင်းကျိုက်ဖမ်းနေမည့်နေ့။ အလွဲလွဲအချော်ချော်ဖြစ်နေလိမ့်မည်။ |
| တနင်္လာ | စစ်မှန်တဲ့မေတ္တာကို ရရှိမည့်နေ့။ မိဘကျေးဇူးကို ဆပ်ခွင့်ရမည်။ |
| အင်္ဂါ | လျှမ်းလျှမ်းတောက် အောင်မြင်မည့်နေ့။ အရောင်းအဝယ်ဖြစ်မည်။ |
| ဗုဒ္ဓဟူး | ဝင့်ကြွားဂုဏ်ယူပြုံးပန်းဆင်ရမည့်နေ့။ ဘဝစာမေးပွဲမှာ ဂုဏ်ထူးဖြင့် အောင်မည်။ |
| ကြာသပတေး | အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင်အသုံးချနိုင်မည့်နေ့။ပန်းရောင်က ကံပွင့်စေမည်။ |
| သောကြာ | ပျင်းရိချိန်ပင်မရှိလောက်အောင်အလုပ်များနေမည့်နေ့။ ဝီရိယအကျိုးကို ရရှိမည်။ |
| စနေ | အသိဉာဏ်ရင့်သန်နေမည့်နေ့။ အိုးအိမ်ပိုင်ဆိုင်ခွင့်ကြုံရလိမ့်မည်။ |

# 17

| ၁၇ အောက်တိုဘာ (သောကြာနေ့) | |
|---|---|
| တနင်္ဂနွေ | ရှေ့မှာ ချီးကျူး၊ ကွယ်ရာမှာ ကဲ့ရဲ့သူနှင့် ကြုံရမည့်နေ့။ မိတ်ဆွေစစ်မကြုံနိုင်ပါ။ |
| တနင်္လာ | ရှုံးပွဲမရှိ အောင်မြင်မည့်နေ့။ မိတ်ဆွေအသိုင်းအဝိုင်းကျယ်ပြန့်နေလိမ့်မည်။ |
| အင်္ဂါ | လုပ်ငန်းသစ်နှင့်အကျိုးပေးမည့်နေ့။ ပန်းရောင်က ကံပွင့်လန်းစေလိမ့်မည်။ |
| ဗုဒ္ဓဟူး | ခေတ်မီသော အမြင်ရှိနေမည့်နေ့။ အိုင်တီပညာရပ်များကို သင်ယူခွင့်ရရှိလိမ့်မည်။ |
| ကြာသပတေး | လမင်းကို တိမ်ဖုံးနေသောနေ့။ သည်းခံစိတ်ကို မွေးရပေလိမ့်မည်။ |
| သောကြာ | အရှုံးထဲမှ အမြတ်ကို ရှာဖွေတွေ့ရှိမည့်နေ့။ အိမ်၊ခြံ၊မြေနှင့်အကျိုးပေးမည်။ |
| စနေ | ဝန်နဲ့အား၊ လေးနဲ့မြှားမျှတနေမည့်နေ့။ ချိန်ဆလုပ်ဆောင်နေလိမ့်မည်။ |

# 18

| ၁၈ အောက်တိုဘာ (စနေနေ့) | |
|---|---|
| တနင်္ဂနွေ | ဘဝသင်ခန်းစာသစ်များကို သင်ယူခွင့်ရရှိမည့်နေ့။ အတွေ့အကြုံများစွာရရှိမည်။ |
| တနင်္လာ | တက်နေမင်းကြီးကို မြင်တွေ့ခွင့်ရရှိမည့်နေ့။ ရာထူးတိုးမည်။ |
| အင်္ဂါ | အောင်မြင်မှုရပ်တန့်နေမည့်နေ့။ ပျင်းရိငြီးငွေ့နေတတ်သည်။ |
| ဗုဒ္ဓဟူး | ဆူးကြားမှ ဘူးခါးကဲ့သို့ အနေရခက်နေမည့်နေ့။ ဆန္ဒထက်ဦးနှောက်ကိုအသုံးပြုပါ။ |
| ကြာသပတေး | အိပ်မက်ကို ပန်းပုထုဆစ်ခွင့်ရရှိမည့်နေ့။ တီထွင်မှုများအောင်မြင်မည်။ |
| သောကြာ | ကြိုးစားသည်ထက်အောင်မြင်မည့်နေ့။ အထင်ကြီးလေးစားမှုကို ရရှိလိမ့်မည်။ |
| စနေ | ရင့်ကျက်မှုရှိနေမည့်နေ့။ နိုင်ငံရပ်ခြားနှင့်ဆက်သွယ်လုပ်ကိုင်ရပေလိမ့်မည်။ |

# 19

| ၁၉ အောက်တိုဘာ (တနင်္ဂနွေနေ့) | |
|---|---|
| တနင်္ဂနွေ | ဇဝနဉာဏ် ထက်သန်နေမည့်နေ့။လိုက်လျောညီထွေနေထိုင်ပြောဆိုနေလိမ့်မည်။ |
| တနင်္လာ | ဂုဏ်တယူယူပြုံးပျော်ရမည့်နေ့။ လက်လွှန်ထားသော ငွေကြေးဥစ္စာများ ပြန်ရမည်။ |
| အင်္ဂါ | စွမ်းရည်မြင့်တင်ကြိုးစားနေရမည့်နေ့။ ကူးသန်းရောင်းဝယ်မှုနှင့်အဆင်ပြေမည်။ |
| ဗုဒ္ဓဟူး | ဝရှိပြီး ဝိလုပ်ခွင့်ရရှိမည့်နေ့။ ထင်ပေါ်ကျော်ကြားလူသိများမည်။ |
| ကြာသပတေး | လက်မြှောက်အရှုံးပေးထားသောအလုပ်ကိုလုပ်ခွင့်ကြုံမည်။ |
| သောကြာ | စိတ်ဝင်စားဖွယ်ကောင်းသောနေ့။ အပန်းဖြေအပျော်ခရီးထွက်ရမည်။ |
| စနေ | ရတနာရှိရာ ရတနာစုခွင့်ကြုံမည့်နေ့။ စီးပွားဥစ္စာတိုးရန် အခွင့်ထူးပေါ်မည်။ |

# 20

| ၂၀ အောက်တိုဘာ (တနင်္လာနေ့) | |
|---|---|
| တနင်္ဂနွေ | ဒေါသကို သော့ခတ်သိမ်းထားရမည့်နေ့။ သည်းခံမှုရှိမှ အောင်မြင်လိမ့်မည်။ |
| တနင်္လာ | ဒဏ္ဍာရီဆန်သည့် အိပ်မက်ကိုမက်ခွင့်ရရှိမည့်နေ့။ ကြုံတောင့်ကြုံခဲအခွင့်ထူးရမည်။ |
| အင်္ဂါ | တိုးတက်ရေးလှေကားကြီးဘွားဘွားကြီးပေါ်လာမည့်နေ့။ ဆန္ဒပြည့်ဝမည်။ |
| ဗုဒ္ဓဟူး | အတွေးသစ်ကို တောင်ပံတပ်ခွင့်ရရှိမည့်နေ့။ ခရီးကံပွင့်သည်။ |
| ကြာသပတေး | ပရိယာယ်ကြွယ်ဝနေမည့်နေ့။ ဆန္ဒကို သိက္ခာဖြင့်ထိန်းသိမ်းပါ။ |
| သောကြာ | လိုတရဆီမီးခွက်ကို ပိုင်ဆိုင်ရမည့်နေ့။ ဆန္ဒနှင့် ဘဝတစ်ထပ်တည်းကျမည်။ |
| စနေ | တက်လမ်းပွင့်မည့်နေ့။ ပြိုင်ဘက်ကို အလဲထိုးနိုင်လိမ့်မည်။ |

# 21

| ၂၁ အောက်တိုဘာ (အင်္ဂါနေ့) | |
|---|---|
| တနင်္ဂနွေ | လသာခိုက်ဗိုင်းငင်ခွင့်ရရှိမည့်နေ့။ သင့်အရည်အချင်းကို အသိအမှတ်ပြုခံရမည်။ |
| တနင်္လာ | တိုးတက်မှုနှေးကွေးနေမည့်နေ့။ ရတနာသုံးပါးကို မမေ့သင့်ပါ။ |
| အင်္ဂါ | ငွေကုန်ကြေးကျများမည့်နေ့။ အသွားအလာများနေတတ်သည်။ |
| ဗုဒ္ဓဟူး | အိပ်မက်များကြားမှာ ရှင်သန်ရမည့်နေ့။ပညာကောင်းများရမည်။ |
| ကြာသပတေး | မျှော်လင့်နေသူနှင့်ဆုံစည်းရမည့်နေ့။ နွေးထွေးသော နှလုံးသားရှိနေလိမ့်မည်။ |
| သောကြာ | အညံ့ကုန်ပြီး အကောင်းဆုံးရမည့်နေ့။ ပြီးပြည့်စုံတဲ့ ဘဝကို ရရှိမည်။ |
| စနေ | ခြေလှမ်းကျဲ၊ ခြေလှမ်းသွက်နေမည့်နေ့။ သင့်ခြေလှမ်းကို စိတ်ဝင်စားသူများနေမည်။ |

## 22

| ၂၂ အောက်တိုဘာ (ဗုဒ္ဓဟူးနေ့) | |
|---|---|
| တနင်္ဂနွေ | ဈေးကွက်သစ်ချဲ့ထွင်ခွင့်ရမည့်နေ့။ ဆုံးမည်ထင်ထားသောငွေများ ပြန်ရလိမ့်မည်။ |
| တနင်္လာ | ထိပ်တန်းအခြေအနေကို ရောက်ရှိမည့်နေ့။ ပညာမျက်စိကို ဖွင့်ပြီး ဇွဲခတ်ကြိုးစားပါ။ |
| အင်္ဂါ | ရည်ရွယ်ချက်များ ဆက်တိုက်အောင်မြင်မည့်နေ့။ အောင်မြင်မှုနှစ်ခုရရှိမည်။ |
| ဗုဒ္ဓဟူး | ကေသရာဇာခြင်္သေ့မင်းကဲ့သို့ အားမာန်ပြည့်ဝနေမည့်နေ့။ စိန်ခေါ်မှုကိုအနိုင်ရမည်။ |
| ကြာသပတေး | ဆောင်းဦးပန်းကဲ့သို့မွှေးနေမည့်နေ့။ သင့်ကောင်းသတင်းများရေပန်းစားမည်။ |
| သောကြာ | မြော်မြော်မြင်မြင်ပျော်ရွှင်ရမည့်နေ့။ ဖြစ်ချင်သည်ထက် ဖြစ်နိုင်တာကိုလုပ်နေမည်။ |
| စနေ | ကျကျနနစီစဉ်ပြီး မဆိုင်းမတွလုပ်ဆောင်ရမည့်နေ့။ ပြတ်သားမှုရှိနေမည်။ |

## 23

| ၂၃ အောက်တိုဘာ (ကြာသပတေးနေ့) | |
|---|---|
| တနင်္ဂနွေ | အာလာဒင်၏ မီးခွက်ကို ပိုင်ဆိုင်ခွင့်ရရှိမည့်နေ့။ ဆွေးနွေးမှုများအောင်မြင်မည်။ |
| တနင်္လာ | စူးစမ်းလေ့လာမှုအားကောင်းနေမည့်နေ့။ အသက်မွေးဝမ်းကျောင်းပညာသင်ရမည်။ |
| အင်္ဂါ | ငုပ်လျှိုးနေသော အစွမ်းများကို ဖော်ထုတ်ခွင့်ရမည့်နေ့။ |
| ဗုဒ္ဓဟူး | အိုင်ဒီယာဆန်းများရရှိမည့်နေ့။ အောင်မြင်မှု၏ သော့ချက်ကိုတွေ့မည်။ |
| ကြာသပတေး | ဦးတည်ချက်မှန်ကန်နေမည့်နေ့။ အံ့မခန်းသော ကိုယ်ပိုင်အရည်အချင်းရှိနေမည်။ |
| သောကြာ | စိုးရိမ်စိတ်ကို လျှော့တွေးရမည့်နေ့။ သတ္တိကို မွေးပါ။ ကျိန်းသေအောင်မြင်မည်။ |
| စနေ | ဆိုင်းမဆင့်ဗုံမဆင့်ကံကောင်းနေမည့်နေ့။ စီးပွားရေးလမ်းစသစ်ပေါ်မည်။ |

## 24

| ၂၄ အောက်တိုဘာ (သောကြာနေ့) | |
|---|---|
| တနင်္ဂနွေ | ရွှေငွေခင်းသောလမ်းမှာ လျှောက်လှမ်းခွင့်ရရှိမည့်နေ့။ အင်္ဂါနံနှင့်အကျိုးပေးသည်။ |
| တနင်္လာ | စတိုင်သစ်ကြောင့် စတားဖြစ်မည့်နေ့။ ကြိမ်ဖန်များစွာ ကြိုးစားထားမှုတို့အောင်မည်။ |
| အင်္ဂါ | သတင်းကောင်းများကြားရမည့်နေ့။ အံ့ဩဝမ်းသာရလိမ့်မည်။ |
| ဗုဒ္ဓဟူး | လိုလျှင်ကြံဆနည်းလမ်းရမည့်နေ့။ အတတ်ပညာကို အသုံးချခွင့်ရရှိမည်။ |
| ကြာသပတေး | ပြိုင်ဘက်များထက် ခြေတစ်လှမ်းသာနေမည့်နေ့။ ရတနာပစ္စည်းဝင်မည်။ |
| သောကြာ | အခွင့်အရေးပေးလာသည့် လုပ်ငန်းသစ်ကို လုပ်ရမည့်နေ့။ ကံကောင်းနေမည်။ |
| စနေ | ချမ်းသာသုခပြည့်စုံနေမည့်နေ့။ တကယ်လုပ်ပြီး အဟုတ်ဖြစ်လိမ့်မည်။ |

## 25

| ၂၅ အောက်တိုဘာ (စနေနေ့) | |
|---|---|
| တနင်္ဂနွေ | မခံချင်စိတ်ကြောင့် အောင်မြင်မည့်နေ့။ အမျက်ဒေါသကို ထိန်း၊ ဝီရိယရှိပါ။ |
| တနင်္လာ | ကြောက်လျှင်လွဲပြီး ရဲလျှင် အောင်မြင်မည့်နေ့။ တိကျမှန်ကန်ပါ။ |
| အင်္ဂါ | အန္တရာယ်ကင်းပြီး လာဘ်ရွှင်နေမည့်နေ့။ ဉာဏ်ပညာကို လွှာသုံးခွင့်ရမည်။ |
| ဗုဒ္ဓဟူး | အငိုမျက်လုံး၊ အပြုံးမျက်နှာဖြစ်ရမည့်နေ့။ အဆိုး၊အကောင်းဒွန်တွဲနေတတ်သည်။ |
| ကြာသပတေး | မိတ်ဆွေသစ်ကြောင့် ထူးခြားမှုကြုံရမည့်နေ့။ အရက်သေစာရှောင်ရှားပါ။ |
| သောကြာ | ဥစ္စာရင်လို ဥစ္စာရင်ခဲကြိုးစားရမည့်နေ့။ လိမ္မာပါးနပ်နေမည်။ |
| စနေ | အမြင်သစ်ကို ကိုယ်ပိုင်အသိဖြင့် လုပ်ဆောင်ရမည့်နေ့။ အမြင်ကျယ်နေမည်။ |

## 26

| ၂၆ အောက်တိုဘာ (တနင်္ဂနွေနေ့) | |
|---|---|
| တနင်္ဂနွေ | ဂုဏ်သတင်းကျော်ဇောမည့်နေ့။ မည်သည့်ကိစ္စကိုမှ အလောတကြီးမဆုံးဖြတ်နှင့်။ |
| တနင်္လာ | မျှော်လင့်မထားသော သတင်းစကားကြားရမည့်နေ့။ စိတ်ကူးဉာဏ်ကောင်းမည်။ |
| အင်္ဂါ | မမီသော ပန်းကို တုံးခုလှမ်းနေသောနေ့။ မဖြစ်နိုင်သောအရာကို မက်မောနေမည်။ |
| ဗုဒ္ဓဟူး | အောင်မြင်မှုအတွက် လက်ခုပ်သံကို ကြားရမည့်နေ့။ ငွေကြေးစိတ်အေးရမည်။ |
| ကြာသပတေး | လှေခွက်ချည်းကျန် အလံမလှဲကြိုးစားနေမည့်နေ့။ ဇွဲစိတ်ကြီးမားနေမည်။ |
| သောကြာ | မုန်တိုင်းစဲမည့် ကာလ။ ဘဝ၏ လေပြည်လေညင်းတိုက်ခိုက်နေမည်။ |
| စနေ | မကောင်းမှုကို ရှောင်၊ ကောင်းမှုကိုဆောင်၊ စိတ်ကို ဖြူအောင် မွေးရမည့်နေ့။ |

## 27

| ၂၇ အောက်တိုဘာ (တနင်္လာနေ့) | |
|---|---|
| တနင်္ဂနွေ | နှလုံးသားဖြင့် ခံစားပြီး ဦးနှောက်ဖြင့် ဆုံးဖြတ်ရမည့်နေ့။ သမာသမတ်ကျနေမည်။ |
| တနင်္လာ | ကုသိုလ်ရ၊ ဝမ်းလည်းဝနေမည့်နေ့။ ဘာသာတရားကို ပိုမိုလုပ်ဆောင်နေမည်။ |
| အင်္ဂါ | ခက်ခဲမည့်နေ့။ ဘဝစာမေးပွဲမှာ ကြောက်စိတ်ဖြင့် နောက်မတွန့်သွားသင့်ပေ။ |
| ဗုဒ္ဓဟူး | စေတနာသန့်သန့်ဖြင့် ကူညီမှုများ ပြုရမည့်နေ့။ စိတ်ထားမွန်မြတ်နေမည်။ |
| ကြာသပတေး | အောင်မြင်မှုတံခါးကို ဖွင့်လှစ်ခွင့်ရမည့်နေ့။ ရဲရင့်ပြီး တက်ကြွရန် လိုသည်။ |
| သောကြာ | အများသဘောကျသော ဆန်းသစ်တီထွင်မှုကို ပြုလုပ်ရမည့်နေ့။ |
| စနေ | ထင်ပေါ်ပြီး စင်ပေါ်မှ ကောက်ခံရမည့်နေ့။ အသိပညာထူးရမည်။ |

## 28

| ၂၈ အောက်တိုဘာ (အင်္ဂါနေ့) | |
|---|---|
| တနင်္ဂနွေ | မြစ်ကို အလျားလိုက် ဖြတ်ကူးနေမည့်နေ့။ မှားယွင်းမှု ကြုံရတတ်သည်။ |
| တနင်္လာ | လောကစံစာမေးပွဲကို ဖြေဆိုရမည့်နေ့။ မြန်မြန်စဉ်းစား၊ ဖြည်းဖြည်းပြောပါ။ |
| အင်္ဂါ | ကျန်းမာချမ်းသာမည့်နေ့။ အထစ်ထစ်အငေါ့ငေါ့ကိစ္စများ အဆင်ပြေသွားလိမ့်မည်။ |
| ဗုဒ္ဓဟူး | စိတ်အာရုံစုစည်းမှုကောင်းနေမည့်နေ့။ သမာဓိအားကောင်းနေမည်။ |
| ကြာသပတေး | လျှို့ဝှက်နက်နဲသော သဘောရှိနေမည့်နေ့။ ထူးဆန်းသောကိစ္စများကစိတ်ဝင်စားမည်။ |
| သောကြာ | အမှောင်ခွင်းကာ အလင်းဆောင်နိုင်မည့်နေ့။ ဒါနပြုပါ။ |
| စနေ | မိမိကိုယ်မိမိ အားကိုးရမည့်နေ့။ ကိုယ့်ဒူးကိုယ်ချွန်ရမည်။ |

## 29

| ၂၉ အောက်တိုဘာ (ဗုဒ္ဓဟူးနေ့) | |
|---|---|
| တနင်္ဂနွေ | ကွက်ကျော်မြင်နေမည့်နေ့။ တိုးချဲ့မှု၊ ပြောင်းရွှေ့မှုနှင့် အကျိုးပေးမည်။ |
| တနင်္လာ | ဆက်ဆံရေးကျယ်ပြန့်နေမည့်နေ့။ မရောက်ဖူးသောခရီးထွက်ရမည်။ |
| အင်္ဂါ | ခေါက်ရာငှက်ပျံလောကစံနှင့်ကြုံရမည့်နေ့။ အဆင်မပြေမှုအချို့နှင့်ကြုံရလိမ့်မည်။ |
| ဗုဒ္ဓဟူး | ခမ်းခမ်းနားနားကြီးပွားမည့်နေ့။ အတိတ်ကံ၏ အကျိုးကို ခံစားရမည်။ |
| ကြာသပတေး | ဆွဲဆောင်မှုအားကောင်းနေမည့်နေ့။ ဖက်ရှင်စတိုင်လန်းနေမည်။ |
| သောကြာ | ပင်မြင့်ထက်က ပန်းသဇင်ကို ကြိုက်နေမည့်နေ့။ ဘဝအဆင့်မြင့်မည်။ |
| စနေ | ဆုံးဖြတ်ချက်ခိုင်မာနေမည့်နေ့။ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်သတိရှိနေလိမ့်မည်။ |

## 30

| ၃၀ အောက်တိုဘာ (ကြာသပတေးနေ့) | |
|---|---|
| တနင်္ဂနွေ | သေမြေကြီး၊ ရှင်ရွှေထီးကြိုးစားနေမည့်နေ့။ မဆုတ်မနစ်သော ဇွဲအားမာန်ရှိနေမည်။ |
| တနင်္လာ | အပေးအကမ်းရက်ရောနေမည့်နေ့။ ဒါနအမှုများဖြင့် ပျော်ရွှင်ခွင့်ရရှိလိမ့်မည်။ |
| အင်္ဂါ | အစွမ်းသတ္တိထူးခြားနေမည့်နေ့။ လေးစားယုံကြည်မှုကို ရရှိလိမ့်မည်။ |
| ဗုဒ္ဓဟူး | အားလုံးစင်းလုံးချောနေမည့်နေ့။ အတိုင်းထက်အလွန်ကံကောင်းနေသည်။ |
| ကြာသပတေး | အောင်မြင်မှုမီးမောင်းအထိုးခံရမည့်နေ့။ ရင်းနှီးမြှုပ်နှံမှုပြုရမည်။ |
| သောကြာ | အမှီကောင်းကြုံပြီး အောင်မြင်မည့်နေ့။ အဆက်အသွယ်ကောင်းရမည်။ |
| စနေ | အဆင့်မြင့်သော ပညာရပ်များကို သင်ကြားရမည့်နေ့။ ဘုရားမှာ ရေချမ်းလှူပါ။ |

## 31

| ၃၁ အောက်တိုဘာ (သောကြာနေ့) | |
|---|---|
| တနင်္ဂနွေ | လူမှုရေးကူညီမှုများပြုလုပ်ရမည့်နေ့။ ရည်မှန်းချက်ဆန္ဒများပြည့်ဝခွင့်ကြုံမည်။ |
| တနင်္လာ | လပြည့်ညကို ပိုင်ဆိုင်ခွင့်ရမည့်နေ့။ မှန်ကန်သော စကားကိုပြောပါ။ |
| အင်္ဂါ | လိုတာရပြီး ပြုံးပျော်ရမည့်နေ့။ ကတိပေးမှု ပြုရလိမ့်မည်။ |
| ဗုဒ္ဓဟူး | သာယာစိုပြည်သော ဘဝကို ပိုင်ဆိုင်ခွင့်ရမည့်နေ့။ ဂုဏ်ယူစရာကြုံမည်။ |
| ကြာသပတေး | အတွေးမှန်ပြီး ရလဒ်ကောင်းမည့်နေ့။ အိုင်ဒီယာကောင်းရမည်။ |
| သောကြာ | ကျက်သရေမင်္ဂလာပြည့်ဝမည့်နေ့။ လူကြီးမိဘစကားနားထောင်။ |
| စနေ | လာဘ်ခေါ်မိုးရွာသွန်းဖြိုးမည့်နေ့။ အောင်မြင်မှုအားလုံး၏ပိုင်ရှင်ဖြစ်မည်။ |

## စကားပြောသော နေ့စွဲများ

# OCTOBER

နွေနိဒါန်း

October (အောက်တိုဘာ) ဟူသော စကားလုံးဟာရိုမန်ဘာသာစကား Octo က ဆင်းသက်လာပြီး 'ရှစ်' Eight လို့အဓိပ္ပာယ်ရပါတယ်။ အောက်တိုဘာလဖွားမြင်သူများအတွက် အဆောင်ကျောက်ကတော့ အိုပယ်လ် Opal ဖြစ်ပါတယ်။ ယင်း Opal ကျောက်ကို အောက်တိုဘာလဖွား မဟုတ်သူများ ဝတ်ဆင်ပါက ကွဲကြေတတ်ကြောင်းလည်း ဆိုကြပါတယ်။ မွေးနေ့အဆောင်ပန်းကတော့ Calendula ပန်းပဲ ဖြစ်ပါတယ်။

**နေ့စွဲများ အဖြစ်အပျက်များ**

| | |
|---|---|
| ၁ ရက် | ကမ္ဘာ့သက်သတ်လွတ်စားသူများနေ့ |
| ၃ ရက် | ကားနာမည်ပေးနေ့ |
| | ကမ္ဘာ့အပြုံးနေ့ (World Smile Day) |
| | (ပထမပတ် သောကြာနေ့) |
| | အပြည်ပြည်ဆိုင်ရာမြီးခြံချွေတာရေးနေ့ |
| | (ပထမပတ် စနေနေ့) |
| ၄ ရက် | အမျိုးသားဂေါက် (Golf) နေ့ |
| ၅ ရက် | ကမ္ဘာ့ဆရာများနေ့ |
| ၇ ရက် | ဆံပင်မပေါက်သူများနေ့ (Bald and Free Day) |
| ၉ ရက် | စူးစမ်းချင်စရာ အဖြစ်အပျက်များနေ့ |
| ၁၀ရက် | World Egg Day |
| ၁၃ရက် | အင်္ဂလိပ်ဘာသာ စကားနေ့ |
| ၁၄ရက် | အချိုပွဲများနေ့ |
| ၁၆ရက် | အဘိဓာန်နေ့ |
| ၁၈ရက် | နိုင်ငံတကာသတင်းစာရောင်းသူများနေ့ |
| ၂၄ရက် | ကမ္ဘာ့ကုလသမဂ္ဂနေ့ |
| ၃၁ရက် | Halloween |



### ယူနီဆက် (UNICEFF) နေ့

အောက်တိုဘာလအတွင်းမှာ ထူးခြားတဲ့ အထိမ်းအမှတ်နေ့လေးတွေလည်း ရှိပါသေးတယ်။ Computer Learning Month, International Dinosaur Month, Positive Attitude Month, National Book Month, Fair Trade Month, World Space week. Kids Goal Setting Week, Financial Planning Week, Earth Science Week, Chemistry Week စသည်တို့ ဖြစ်သည်။






### World Vegetaian Day

အောက်တိုဘာ ၁ ရက်နေ့ကို ကမ္ဘာ့သက်သတ်လွတ်စား သူများနေ့အဖြစ် ၁၉၇၇ ခုနှစ်တွင် မြောက်အမေရိက သက်သတ်လွတ်စားသူများ အဖွဲ့ကြီး (NAVS) က သတ်မှတ်ခဲ့ပါတယ်။ ၁၉၇၈ ခုနှစ်တွင် နိုင်ငံတကာသက်သတ်လွတ်စားသူများသမဂ္ဂ (IVU) ကလည်း အတည်ပြုပေးခဲ့ပါတယ်။ သက်သတ်လွတ်စားသူများနေ့အဖြစ် သတ်မှတ်ခြင်းဖြင့် သတ္တဝါများအပေါ် စာနာသနားစိတ်များ တိုးပွားလာနိုင်မည်ဟု မျှော်လင့်ကြပါတယ်။ International Vegetarian Week ကို ၂၀၀၈ ခုနှစ်မှ စ၍ကမ္ဘာ့နိုင်ငံပေါင်း ၁၃နိုင်ငံတွင် ကျင်းပခဲ့ပါတယ်။ ၁၉၉၂ ခုနှစ် စစ်တမ်းများအရ အမေရိကန် နိုင်ငံတွင် သက်သတ်လွတ်စားသူ ၁၂.၄ သန်းကျော်ရှိပြီး အမျိုးသား ၃၂ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၆၈ ရာခိုင်နှုန်းဖြစ်ပါတယ်။



## World Smile Day

အောက်တိုဘာလရဲ့ ပထမပတ်သောကြာနေ့ကို ကမ္ဘာ့အပြုံးနေ့အဖြစ် သတ်မှတ်ကြပါတယ်။ ယင်းနေ့ကို အနုပညာရှင်တစ်ဦးဖြစ်သူ Harvey Bau ဆိုသူက စတင်သုံးစွဲခဲ့ခြင်းဖြစ်ပါတယ်။ ကမ္ဘာ့ပထမဆုံး Smile Day ကို ၁၉၉၉ ခုနှစ်က စတင်ကျင်းပနိုင်ခဲ့တာပါ။ ၂၀၁၀ ခုနှစ်ဆောင်ပုဒ်ကတော့ 'Do an act of Kindness. Help one person smile'. ဖြစ်ပါတယ်။ 'ငြိမ်းချမ်းရေးဟာအပြုံးနဲ့စရတယ်' (Peace begins with a smile) လို့ မာသာထရီဇာကလည်း မိန့်ဆိုဖူးပါတယ်။

## World Teachers' Day

ဆရာကောင်းတစ်ယောက်ဟာ မျှော်လင့်ချက်တွေကို နိုးဆွပေးနိုင်တယ်။ စိတ်ကူးစိတ်သန်းတွေကို ထွန်းညှိပေးနိုင်တယ်။ ပြီးတော့ ဆည်းပူးလေ့လာမှုကိုလည်း မြတ်နိုးတတ်အောင် သင်ပြပေးနိုင်တယ်လို့ Brad Henry ဆိုသူက ပြောဖူးပါတယ်။ ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) ကို နှစ်စဉ်အောက်တိုဘာလ ၅ ရက်နေ့မှာ ကျင်းပကြပါတယ်။ ၁၉၉၄ ခုနှစ်ကမှ စတင်ကျင်းပခဲ့တာပါ။ UNESCO ဦးဆောင်၍ နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းလေးရာကျော်က နိုင်ငံပေါင်း တစ်ရာကျော်တွင် နှစ်စဉ်ကျင်းပလျက်ရှိပါတယ်။






## Bald and Free Day

အောက်တိုဘာလ ၇ ရက်နေ့မှ ၁၄ ရက်အတွင်းမှာ ဆံပင်မပေါက်သူများ (ခေါင်းတုံး) နေ့ (Bald and Free Day) ကို ကျင်းပလေ့ရှိကြပါတယ်။ ယင်းနေ့မှာ Bald ဖြစ်နေသူများအနေဖြင့် သူတို့၏ လွတ်လပ်သောဘဝနှင့် ဆံပင်နှင့်ပတ်သက်၍ အပူအပင်ကင်းရခြင်းများအကြောင်းကို ထုတ်ဖော်ပြောကြားပြသတတ်ကြပါတယ်။ ကမ္ဘာကျော် The Daily Critter ဝက်ဆိုဒ်တွင် "သင်ဟာ ခေါင်းတုံးတစ်ယောက်ဖြစ်လျှင် သင်၏ လွတ်လပ်ခွင့်ကို ခံစားလိုက်ပါ။ သင်ဟာ ဆံပင်ညှပ်စရာမလိုသလို ခေါင်းလျှော်ရည်၊ ခေါင်းလိမ်းဆီ၊ ဘီး စတာတွေလည်း မလိုတော့ဘူးပေါ့"လို့ ရေးသားဖော်ပြခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ဧပြီလမှာ UK နိုင်ငံ Channel - 4မှာ ပြသခဲ့တဲ့ Bald! မှတ်တမ်း ရုပ်ရှင်ဟာလည်း လူကြိုက်များခဲ့ပါတယ်။

## National Dessert Day

ချိစ်မပါတဲ့အချိုပွဲဟာ မျက်လုံးတစ်လုံးသာပါတဲ့ အလှတစ်ခုနဲ့တူတယ်လို့ ပညာရှင်က ပြောဖူးပါတယ်။ အချိုပွဲ (Dessert) မှာ ကိတ်မုန့်၊ ကွတ်ကီး၊ ဘီစကွတ်၊ ရေခဲမုန့်၊ ပူတင်း၊ အစာသွတ်မုန့် စသည်တို့ပါဝင်ပါတယ်။ အောက်တိုဘာလ ၁၄ ရက်နေ့မှာ အမျိုးသား အချိုပွဲနေ့ကို ကမ္ဘာတစ်ဝန်းကျင်းပလေ့ရှိကြပါ တယ်။ ဘဝဟာ သိပ်တိုတောင်းပါတယ်။ ဒါကြောင့် အချိုပွဲကို အရင်စားပါ (Life is so short. Eat Dessert First!) ဆိုတဲ့ ဆိုရိုးစကားဟာလည်း မှတ်သားစရာပါ။






## United Nations Day

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး (United Nations) ကို ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှာ စတင်တည်ထောင်ခဲ့ပါတယ်။ သို့သော် ကမ္ဘာ့ကုလသမဂ္ဂနေ့ (UN Day) ကိုတော့ ၁၉၄၇ ခုနှစ်ကမှ အတည်ပြုကျင်းပခဲ့ကြ တာပါ။ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဦးရွက် ဆောင်ရွက်နေသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် အဖွဲ့ဝင်နိုင်ငံ ပေါင်း ၁၉၃ နိုင်ငံရှိပြီး လေ့လာဆဲနှစ်နိုင်ငံရှိပါတယ်။ UN အဖွဲ့ ကြီးဟာ ၂၀၀၁ ခုနှစ်မှာ နိုဗယ်လ်ဆု ရရှိခဲ့ပါတယ်။

## Halloween

Halloween ဆိုတာ holy evening (မြင့်မြတ်သော ညနေခင်း) လို့အဓိပ္ပာယ်ရပါတယ်။ ထို့ပြင် All Hallow Eve ရဲ့အတို ကောက်ဖြစ်ပြီး All Hallow's Day မတိုင်ခင် တစ်ရက်ကို ဆိုလိုပါတယ်။ မြင့်မြတ်သူတို့ကို အောက်မေ့တမ်းတတဲ့နေ့ ဖြစ်ပါတယ်။ အဲဒီနေ့မှာ ဝတ်ပြုဆုတောင်းပွဲတွေ ကျင်းပလေ့ရှိပါတယ်။ သာမန်အားဖြင့် Halloween ညကို မကောင်းဆိုးဝါး ဝိညာဉ်တွေနဲ့ ဆက်စပ်ထားကြတယ်။ ဥရောပဒေသရဲ့ အစဉ်အလာအရ ဒီအချိန်မှာ မကောင်းဆိုးဝါးတွေဟာ လူတွေနဲ့ အနီးစပ်ဆုံး အချိန်လို့တောင်ဆိုထားပါတယ်။




နွေနီဒါန်း

ဖူးနုသစ်လွင်

# ကဗျာဥယျာဉ်



## တောင်ပေါ်မြေသို့ . . .

ငါ ပြန်လာမှာပါ
ငါ့မျိုးနွယ် ငါ့ဌာနေကို
ပန်းရနံ့လေး သယ်ဆောင်ရင်းနဲ့ပေါ့။

ငါ့ကိုချစ်တဲ့ ဆွေမျိုးတွေနဲ့
ငါ့ကိုလွမ်းတဲ့ အပေါင်းအဖော်တွေကို
ဝီရ လက်ဆောင် ပေးနိုင်ဖို့က
ငါ့ ကလောင်ဓား
အသွားမထက်သေးဘူး. . .။

အရောင်အသွေး စုံလင်လှတဲ့
ပန်းမြိုင်အလယ်မှာ
တောင်ပေါ်ပန်းလေး ပွင့်လန်းချင်လို့
စိမ်းသက်တဲ့ အပြုအမူတွေနဲ့
ကွဲပြားတဲ့ ဓလေ့တွေကြားမှာ
စိတ်ပျက်လို့ ငါ အားမလျော့ချင်ဘူး . . .။

ရိုးရာပွဲရောက်တိုင်း
မီးပုံပွဲကို ဝိုင်းဖွဲ့ကကြပုံနဲ့
ဝါးဘူးထဲက ခေါင်ရည်ချိုကို
တမ်းတမိသူ ငါ့ကို
မြင်ယောင်ကြည့်စေချင်ပါသည် . . .

ခန္တီးနဲ့ လေရှိုး
မိုင်တိုင်တွေ ဘယ်လောက်ပဲဝေးဝေး
အိမ်လွမ်းသူ ငါ့အတွက်တော့
လွမ်းဆွတ်မှုတွေ ခမ်းနားနေဆဲပါ။

ငါ ပြန်လာမှာပါ . . .
ကဗျာတွေကို စိန်စီရင်း
ငါ့ကလောင်ဓား ထက်တဲ့နေ့. . .။

**လင်းဆုပိုင် (ခန္တီး)**

## တမူး (၂)

အလင်းအမှောင်ချိန်သားကိုက်ဖို့
ခေတ်ကို လက်မောင်းသွေးနဲ့ မျှားနေတဲ့မြို့
ဝေ့သီ အတိတ်စိမ်းစိမ်းထဲ
မောင်းပြန်ဓားလို အာသာငမ်းငမ်းအငွေ့နဲ့
ညဝတ်အင်္ကျီမချွတ်ရသေးတဲ့ မြို့
ဆေးသားအနီးအဝေးက လှဲ့လှဲ့လင်းလို့
မျဉ်းပြိုင်တွေကြား လက်ခုပ်တီးခဲ့
ပြိုင်တူတွန်းရင်း ရွေ့နေတဲ့ မြို့
ရုန်းလိုက် နစ်လိုက် လူစီးကြောင်းထဲ
အမှန်တရားကို မုဆိုးဒူးထောက်ရှာဖွေ
ဇနက္ကထုံးနှလုံးမူထားတဲ့မြို့
အဲ့ဒီမြို့
ရင်ခုန်သံအစင်းစင်းဖြန့်ခင်းထားရဲ့
လက်ဝဲလက်ယာဝါဒတွေခုတ်ထစ်ထားရဲ့
ယဉ်ကျေးမှုကို တစ်ပိုင်တစ်နိုင်
ထွန်းညှိထားရဲ့၊
မှိန်ဖျော့ဖျော့ညရေးရေးထဲ
ကဗျာဆရာတွေကတုတ်ကျင်းခိုနေတဲ့မြို့
အဲဒီမြို့
နယ်စပ်ကို တံတားတစ်စင်းထိုးထားရဲ့။

**လင်းအိမ်ငယ်**



ဖူးနုသစ်လွင်



## ခန္တီး

ထူးထူးခြားခြား
အရှေ့မှ အနောက်
မြို့ကို အလျားလိုက်ဖြတ်စီးတဲ့ ချင်းတွင်းရှိတယ်
ရွှေမော်ရှိသလို ကျောက်မော်လည်း ရှိရဲ့
ခန္တီး၊ ရှမ်းနဲ့ နာဂသွေးချင်းတို့
ရင်းနှီးချစ်ကြည်ရာမြေ
ဆောင်းဆို အအေးပိုတတ်သလို
မိုးဆိုလည်း သဲသဲမဲမဲ
သူ့ဦးခေါင်းထက်မှာ
သစ်တောဟာ ပန်းလိုဝေလို့
မြန်မာပြည်နားရွက်ဖျားမှာ မေးတင်နေတဲ့မြို့။
မြို့မှာ ကပ်ထားတဲ့ အမှတ်တံဆိပ်လေးတွေ
'မြသိန်းတန်၊ ချင်းတွင်း၊ ဝေနေယျပါလ
မြို့မ၊ ပေါမိုင်း၊ ဇီးဖြူကုန်း၊ နားမေတ္တာ'
တစ်ခါတလေ ရှမ်းအိုးစည်နဲ့ ပျော်
တစ်ခါတစ်ရံ နာဂတေးနဲ့မော်
မျက်နှာများတဲ့ မြို့။
'အောက်ကို ဆင်းဦးမယ်
အမြန်ယာဉ်နဲ့ ဇျ
ကြာတာပ့ါ သုံးလေးရက်ခရီး'
အဲဒီလို . . .
ခရီးရှည်ထွက်တတ်တဲ့မြို့
အဲဒီမြို့ပေ့ါ . . .
မနက်ခင်းဆို ပေါ့ဆိမ့်ကြိုက်တယ်
ညနေခင်းဆို
'ရွာဦး' မှာ လမ်းသလားတယ်။
**ဗွန်သီဟ (ဇမဲ)**

## ကလေးမြို့

မြစ်တို့ရဲ့ သဘောကို ဖီလာပြုတဲ့
တစ်ခုတည်းသော မြစ်သာမြစ်
သူချစ်တဲ့ 'ကလေးမြို့' ကို
ကမ်းနဖူးပေါ် ရွက်တင်
ချင်းတောင်တန်းကြီးက
ရင်ခွင်မှာ ထွေးပိုက်ငုံ့နမ်း
အို . . . အေးချမ်းလိုက်တာ ကလေးရယ်။
ကလေးမြို့ရောက် ဧည့်သည်
ဘယ်ဆီကို ရော်ရမ်း
ဘယ်ဆီကိုများ တမ်းရလေမလဲနော်
မှုန်မှိုင်းတဲ့ဝန်းကျင်
တောင်ခွင်နဲ့တောတန်း
စခန်းအနယ်နယ်
လမ်းအသွယ်သွယ်
အလွမ်းသယ်စရာချည်းပါလား . . . ဟရို့
ရောက်တုန်းရောက်ခိုက်
ကြုံတုန်းကြုံခိုက် စဉ်အကြိုက်မှာ
ဓလေ့စရိုက် ဘာသာထုံးတမ်း
တောင်ကမ်း မြောင်စမ်းကအစ
သမိုင်းအဆက်ဆက်
ကိုင်းအခက်ပါ မကျန်
မြေလှန်ကာ မွှေနှောက်လို့
ဇယ်ကောက်သလို
ကောက်ကြည့်ရဦးမှာပလေ. . . ။
**မောင်ကြည်နိုင် (သံတွဲ)**



ဖူးနုသစ်လွင်

# ကဗျာများ

## ဘူတာ

ဗို့အားမပြည့်တော့တဲ့ ဦးနှောက်ကို
ခံစားချက်ပြင်းပြင်းတွေနဲ့
ရိုက်ချိုးလိုက်တဲ့အခါ
ရင်ခုန်သံတွေ ပလတ်ပေါက်ပျောက်တဲ့ည
လမ်းဘေးအုတ်ခုံလေးပေါ် ညွတ်ကျနေတဲ့
သစ်ကိုင်းလေးကတော့ အလဲအကွဲပဲ
ရက်ထားတဲ့ ပိုးချည်မျှင်တွေလို
စိတ်ကူးတွေ အတောင်ယှက်နွယ်
ညဟာ ပင့်ကူတစ်ကောင်လိုပဲ
အစာရှာ ထွက်ခဲ့ပေါ့။

ညဟာ အုန်းမောင်းခေါက်သံ
မကြားဆင်ရသလို ခြောက်ကပ်ကပ်
ညဟာ အရက်မကျင်းသလို
လင်းကြက်လည်း မတွန်ခဲ့
ညဟာ သူ့မြည်သံသူဆွဲရင်း
လေးတွဲစွာ အိပ်မောကျနေရဲ့
ညရဲ့ဆံပင်ရှည်တွေက
မအိပ်သေးတဲ့ အလင်းတစ်ပြောက်နဲ့
လမ်းလျှောက်နေကြသော ငှက်တွေကို
မှောင်ရိပ်ချ ထမ်းထားရင်း
ရှည်မျောစွာ စီးဆင်းကြ
ညမှာ တစ်ခါတစ်ခါ
သေမင်းငင်သံလိုလို
ရထားအော်သံတွေ ကြားရတယ်။

တစ်ခါတစ်ခါ အူဆွဲလိုက်တဲ့
လေလွင့်တစ်ကောင်ရဲ့
အိမ်အလွမ်းတွေက
မျက်တောင်ပင့်ကြည့်လိုက်သော
လခြမ်းကွေးကွေးရဲ့
အသွေးအသားထဲအထိ စိမ့်ဝင်သွား
ည ရယ်မောသံ ကြားရတယ်။

ညက ဆင်ခြေဖုံးရပ်ကွက်ကလေး
ငိုက်မျဉ်းနေသလို
ညဟာ အိပ်မွေ့ချခံထားရသလို
အသိဉာဏ်တွေ အဖတ်လိုက်ကွာကျ
လရောင်မှျင်မှျင်မှာ
အပျိုမတစ်ယောက်ရဲ့ ခြေလှမ်းလို
ညဟာ စိတ်မချရဘူး
ငါတို့ဟာ ကိုယ့်ခြေထောက်တွေ
ကိုယ်ပြန်သိမ်းပြီး
ကိုယ့်အိမ်ကိုယ်ပြန် ခုတ်မောင်းခဲ့ပေါ့။
**ဒေါက်ဒေါက်**





## ရန်ကုန်

လွတ်လပ်ရေးဗိသုကာကြီး
ငါတို့ဗိုလ်ချုပ်ရဲ့ အဖိုးတန်အသက်
အခိုးခံလိုက်ရတဲ့ မြို့
ခေတ်ရေစီးထဲမှာ
နိုင်ငံရေးအရ
ထိရှနာကျင်မှုများထဲက
သမိုင်းဝင် ဒဏ်ရာအက်ကြောင်းတွေကို
ထမ်းပိုးထားတဲ့ မြို့


ခေတ်အဆက်ဆက်ပြက်လုံးမှာတော့
လူလည်တွေနေတဲ့ အရပ်
အလိမ်အညာအကြွားဆိုတာ
ဒီမြို့ရဲ့ ထုတ်ကုန်ပေါ့
မှတ်တမ်းဝင်အထင်ကရဖြစ်စဉ်တွေ
ရင်နဲ့မဆုံအောင် များလွန်လွန်းလို့
ပြောမဆုံးပေါင် တောသုံးထောင်ရယ်လို့
အိုက်တင်ခံတတ်သေးတဲ့ မြို့

ရန်ကုန်အောင်
ရန်ကုန်ပါ နာမည်တပ်ပြီး
ရန်ကုန်ချင်ယောင်ဆောင်နေတတ်တဲ့ မြို့

မြို့ပြယောင်ဆောင်ထားပြီး
စက်လုပ်ယန္တရားများလို
လူသားစွမ်းအား ဖြုန်းတီးလို့
တစ်နေ့လုပ် တစ်နေ့စားဘဝတွေ
တောင်ပုံရာပုံဖြစ်နေတဲ့ မြို့
အခွင့်ထူးခံ လူတစ်စုရဲ့
အရေခွံခွာထားခံရတဲ့ မြို့

ခေတ်သမိုင်းအစဉ်မှာ
ဘယ်တော့မှ မပြီးဆုံး
နိဂုံးမဲ့မြေပုံ
ရန်ကုန်မြို့ဆိုတာ
မျိုးမြန်မာတို့ရဲ့
မဟာနှလုံးသားပုံရိပ်နှင့် ဖြစ်နေဆဲပင်။
**မင်းအိမ်**

## ဖူးနုသစ်လွင်



### ငါးသိုင်းချောင်း

ဝေနိမြစ်မျောမျောကို ကျောပိုးထားတဲ့မြို့
အဲဒီမြို့လေးလေ
ငြိမ်းအေးခြင်း သိဝရီတွေနဲ့ ဖောင်ဖွဲ့လို့။
သူ့ရဲ့ ရင်ဘတ်ပေါ်မှာ
ပုသိမ် - မုံရွာ - ရေဦး ကားလမ်းမကြီး
စီးဆင်းနေရဲ့
စကားသံထွေးထွေးနဲ့
သက်သတ်လွတ်ဈေးလေးလည်းရှိရဲ့
အဲဒီမြို့လေးလေ
ရခိုင်ရိုးမတောင်တန်းကြီးတွေကို
ငေးကြည့်နေတတ်တာ။
တစ်ခါတလေ
သူ့ကိုယ်သူ မိခင်တစ်ယောက်လို
ထမင်းရည်ချောင်းတေးနဲ့
ချော့သိပ်ပေးတတ်တာ။
ဆိပ်ကမ်းရဲ့ ရေစီးနဲ့
သိပ်ကြီးကျယ်တဲ့ မြို့လေး
အဝါရင့်ရောင် တေးတစ်ပိုဒ်
သူ့ရင်မှာ ပိုက်လို့
သူ့ပါးကို သူကိုယ်တိုင်မွှေးပြီး
ရင်ခုန်သံ မြမြလေးနဲ့ နွေးနေတာ
အဲ့ဒီမြို့လေးလေ
ငြိမ်းအေးခြင်း သိဝရီတွေနဲ့ ဖောင်ဖွဲ့လို့။

**ဝင်းမင်းထက်**



### ဖြတ်

လမ်းမတွေရဲ့တစ်ဖက် ဖြတ်တဲ့အခါ
မြစ်တွေရဲ့တစ်ဖက် ဖြတ်တဲ့အခါ
လမ်းဆုံ / ဆုံးတွေရဲ့တစ်ဖက် ဖြတ်တဲ့အခါ
နည်းပညာတွေရဲ့ တစ်ဖက်ဖြတ်တဲ့အခါ
နန်းတော်တိုင်မှာ ပေနေခဲ့ 'ထုံး' ရာလေးအတွက်
ပဒေသရာဇ်ဘုရင်ကြီး သူ့လက်ညှိုးသူဖြတ်တဲ့အခါ
ရက်ရှစ်ဆယ်နဲ့ ကမ္ဘာကိုပတ် ဖြတ်တဲ့အခါ
မိုးထဲလေထဲ လေယာဉ်ကြီးနဲ့ တစ်နိုင်ငံပေါ်ကနေ တစ်နိုင်ငံပေါ် ဖြတ်သန်းတဲ့အခါ
မောင်းသူမဲ့ လေယာဉ်ငယ်တွေ တစ်နိုင်ငံပြည်သူတွေထဲ တစ်နိုင်ငံဖြတ်သန်းတဲ့အခါ
တစ်ယောက်အရေးအသား တစ်ယောက်နှလုံးသားထဲ တစ်ယောက်ဖြတ်စီးသွားတဲ့အခါ
အပူလှိုင်းတွေ ဖြတ်တဲ့အခါ အအေးလှိုင်းတွေ ဖြတ်တဲ့အခါ
ရည်းစားနဲ့ သမီးသားကတားလို့ ဆေးလိပ်/အရက်တွေဖြတ်ရတဲ့အခါ
သာသာယာယာပါပဲနဲ့ ဒီလိုပါပဲနဲ့ ခေတ်တွေကို ဖြတ်တဲ့အခါ
ကျောက်သံပတ္တမြားတွေ ဈေးဖြတ်ရတဲ့အခါ
သံတွေ မှန်တွေကို ဖြတ်ရတဲ့အခါ၊ လူရိပ်လူကဲတွေ ဖြတ်ရတဲ့အခါ
ယုတ်ညစ်ဆိုးသွမ်း ရန်သူမျိုးငါးပါးလက်အောက်မှာ ဖြတ်သန်းကြရတဲ့အခါ
'ကိုယ့်ဆန္ဒတွေ သူများပြုပေးလို့ . . .' အဲဒီလို ဖြတ်သန်းလိုက်ရတဲ့အခါ
ကိုယ့်လယ်ယာမြေထဲ ဓာတ်ငွေ့/ရေနံပိုက်လိုင်းဖြတ်သန်းသွားတဲ့အခါ
ကိုယ့်ဆင်ခြေဖုံးထဲ ကျူးကျော်ဖျက်သူ အင်အားစုများ ဖြတ်သန်းသွားတဲ့အခါ
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
ပြင်ပက / အတွင်းက ဆက်သွယ်မှုဧရိယာကို ဖြတ်ရတဲ့အခါ
တစ်ယောက်တစ်မျိုး၊ တစ်ကမ္ဘာ တစ်ပုဒ်ဆန်းများနဲ့ ဖြတ်သန်းရတဲ့အခါတွေမှာ
'မေခလာ' မရှိတဲ့ခေတ်မှာ 'ဇနက' မင်းသားမဟုတ်ဘဲ
ပင်လယ်ပြင် လက်ပစ်ကူးခပ်ဖြတ်ရတဲ့အခါတွေမှာ
ယုံကြည်ချက်တွေရဲ့ လမ်းတစ်ဖက်ကို ဖြတ်ကူးသွားတဲ့အခါ
အမေ့ရဲ့ အဖေလိုတစ်မျိုး မေတ္တာတွေနဲ့ ဖြတ်သန်းလာရတဲ့အခါ
ကလေးအလုပ်သမား၊ ကလေးစစ်သားအဖြစ်နဲ့ ဖြတ်သန်းလာရတဲ့အခါ ရေခြားမြေခြားအလုပ်သမား
ဖြတ်။ ဖြတ်ပြီးရင် ဖြတ်။ မျိုးဆက်တစ်ခု
ပြီးတစ်ခု ။ ဂြိုဟ်တစ်ဂြိုဟ်ပြီးတစ်ဂြိုဟ်။ နောက်
ကမ္ဘာတစ်ခုပြီး နောက်ခေတ်တစ်ခု . . . ။ ဖြတ်
စစ်ပွဲတွေနဲ့ ဖြတ်၊ ဘောလုံးပွဲတွေနဲ့ ဖြတ်၊ ဆွေးနွေးပွဲတွေနဲ့ ဖြတ်၊ ပြန်လည်ပြင်ဆင်ရေးတွေနဲ့ ဖြတ်
ပြန်လည်ကယ်ဆယ်စာနာကြရင်းနဲ့ ဖြတ်။ ဖြတ်
ဒီလိုနဲ့သာ ဖျတ်ခနဲလည်း ဖြတ်။
ဒီလိုနဲ့သာ ပြက်ပြက်ထင်ထင် ဖြတ်။
ဒီလိုနဲ့သာ စိတ်မသာ ကိုယ်မသာ ဖြတ်။
ဒီလိုနဲ့သာ လှလှပပ သာသာယာယာ ဖြတ်။
ဒီလိုနဲ့သာ ဖြတ်။ ပြတ် သွား/သားအောင်သာဖြတ်ကြ။
ဖြတ်။ ။

**ဖြိုးသစ်**


HUNDERBOLT




အခုလထုတ် ကမ္ဘာကျော် Vanity Fair မဂ္ဂဇင်းကြီးကတော့ ဟောလီးဝုဒ်ညို့မင်းသမီးချော ခရစ္စတင်စတီးဝပ်ရဲ့ ရင်ဖွင့်စကားသံ အင်တာဗျူးနဲ့ ထုတ်ဝေလာတာကြောင့် ကမ္ဘာတစ်လွှားက Twilight ပရိသတ်တွေကြားမှာရော ဗြိတိန်ဆယ်ကျော်သက်တွေကြားမှာပါ ရေပန်းစားနေရခြင်းပဲ ဖြစ်ပါတယ်။ အမေရိကန် Best Seller စာရေးဆရာမစတက်ဖနီမေရာရဲ့လက်ရာမွန် Twilight ဝတ္ထုစာအုပ်တွေဟာ လက်မလည်အောင် ရောင်းအားကောင်းခဲ့သလို ပိတ်ကားထက်ကို ဆွဲတင်လာတော့လည်း ဝက်ဝက်ကွဲ ဝင်ငွေကောင်းခဲ့တာကြောင့် အဓိကဇာတ်ဆောင်မောင်နှံဖြစ်တဲ့ Vampire အက်ဒဝပ်ကူလစ်နဲ့ မိန်းမလှလေး ဘဲလာဆွမ်းတို့ရဲ့မယုံကြည်နိုင်ဖွယ်ရာ ချစ်ပုံပြင်ဟာ Twilight ပရိသတ်တွေကြားမှာ တသသပြောစမှတ်တွင်ခဲ့ရတာလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ Twilight ဇာတ်ကား


# Twilight ဝတား
# ရော်ဘတ်ပက်တီဆင်နဲ့ခရစ္စတင်စတီးဝပ်တို့ကြား
# အမုန်းတံတိုင်း ခြားခဲ့ပြီလား


ရဲ သစ်

၅ ကားကို စူပါဒါရိုက်တာတစ်ဦးစီက စိတ်ကူးသစ်တွေကိုယ် စီနဲ့ ပုံဖော်ခဲ့ကြတာ ဝင်ငွေစုစုပေါင်း ဒေါ်လာ ၄ ဘီလီယံနီးပါးရခဲ့တာကို ကြည့်မယ်ဆိုရင်လည်း ဒီဇာတ်ကားရဲ့ပေါက်ချက်ကို မှန်းဆမိနိုင်ကြမှာပါ။

Twilight ဇာတ်လမ်းထဲက ချစ်သူနှစ်ဦးဖြစ်တဲ့ ရော်ဘတ်ပတ်တီဆင်နဲ့ ခရစ္စတင်စတီးဝပ်တို့မောင်နှံဟာ အပြင်မှာလည်း အတူနေချစ်သူတွေဖြစ်ကြတာကြောင့် သူတို့တင်ဆက်ခဲ့တဲ့ Love - Scence တွေက ပိုမိုအသက်ဝင် ရင်ခုန်စရာကောင်းသလို ရွှေနဲ့မြမောင်နှံပါလို့ ပါပရာဇီတွေက တင်စားရလောက်အောင်လည်း နှစ်ဦးသားလိုက်ဖက်ညီခဲ့တာတွေ အားလုံးဟာ အခုနောက်ဆုံးပိတ် Twilight ဇာတ်ကားနဲ့အတူ နိဂုံးချုပ်ခဲ့ပြီလားဆိုတဲ့ မေးခွန်းဟာလည်း အကဲ်ဒဝပ်ရောဘဲလားပါ ခပ်မဆိတ်ရေငုံနေတဲ့ မေးခွန်းတစ်ပုဒ်ဖြစ်နေဆဲပဲဖြစ်ပါတယ်။ Green Day တို့၊ U2 တို့၊ Nirvana တို့ကို စွဲစွဲလမ်းလမ်း ခံစားနားဆင်တတ်သူ ညို့မင်းသမီးခရစ္စတင်းဟာ မျက်ဝန်းစိမ်းစိမ်းအလှနဲ့ ရင်ခုန်စရာကောင်းအောင် ကြည့်တတ်သလို အခု ရော်ဘတ်အပေါ်ကိုရော တကယ် မျက်လုံးစိမ်းနဲ့ ကြည့်မြင်နေပြီလားဆိုတာကိုတော့ Vanity Fair ထဲမှာ ခရစ္စတင်းက









ဝေ့လည်ကြောင်ပတ်စကားတွေနဲ့ပဲ ရှောင်လွှဲထားပါတယ်။

Snow White ဇာတ်ကားရိုက်ကူးရင်း အိမ်ထောင်ရှင်ဒါရိုက်တာ ရူပတ်ဆန်ဒါနဲ့ နိုးကြောင်နိုးဝှက် ညနေစာ အတူထွက်စားတာကို လူမိခဲ့ပြီးနောက်မှာ လော့အင်ဂျလိစ်သူချော ခရစ္စတင်းက လူသိရှင်ကြား ရော်ဘတ်ကို တောင်းပန်စကားဆိုခဲ့တာကလည်း ဘာမှ သိပ်မဝေးကွာလှသေးတဲ့ လတ်ဆတ်ဆဲပုံရိပ်တွေပါပဲ။ အရပ် ၆ ပေ ၁ လက်မမြင့်မားပြီး မျက်လုံးစိမ်းသူ အင်္ဂလန်မင်းသားချောဟာ တခြားစူပါစတားတွေလို တက်တူးထိုးရတာကို မခုံမင်သလို အချစ်ရေးမှာလည်း မျက်နှာမများသူတစ်ဦးဖြစ်တာကြောင့် ပရိသတ်အများစုကတော့ ခရစ္စတင်ရဲ့ လုပ်ရပ်ကို သစ္စာမဲ့တဲ့သင်္ကေတပါလို့ ပြင်းပြင်းထန်ထန် ထိုးနှက်ခဲ့ကြတာပဲ ဖြစ်ပါတယ်။ RPatz လို့ မီဒီယာတွေက ရည်ညွှန်းလေ့ရှိသူ ရော်ဘတ်ဟာ ခရစ္စတင်လိုပဲ ဂီတမြတ်နိုးသူတစ်ဦးဖြစ်ပြီး စန္ဒရားနဲ့ ဂီတကို ကျွမ်းကျွမ်းကျင်ကျင် တီးနိုင်သူဖြစ်တာကြောင့် သူတို့မောင်နှံကြားမှာ ခြားနားချက် ကြီးကြီးမားမား ဘာမှမရှိဘဲ ဘာကြောင့် အခုလို ခရစ္စတင် ခြေပုန်းခုတ်ရတာလဲဆိုတာကို အင်္ဂလန်ပရိသတ်တွေက စောဒကတက်နေကြခြင်းပါပဲ။

ဂန္ထဝင်စာရေးဆရာကြီးတွေဖြစ်တဲ့ အယ်ဘက်ကမူးရဲ့ The Stranger ၊ ဂျွန်စတိန်းဘက်ရဲ့ East of Eden စာအုပ် ၂ အုပ်ဟာ သူမအနှစ်သက်ဆုံး စာပေမွန်တွေပါလို့ဆိုခဲ့သူ ခရစ္စတင်ရဲ့ မျက်နှာဖုံးပုံနဲ့ ထုတ်ဝေတဲ့ Vanity Fair ဆောင်းပါးရှင်ကတော့ Twilight ပရိသတ်အများစုရဲ့ ဖြစ်ချင်တဲ့ဆန္ဒလိုပါပဲ သူကလည်း အက်ဒဝပ်နဲ့ ဘဲလားတို့ ရွှေလက်တွဲချစ်ခရီးရှည်မြဲမြံစေဖို့ လိုလားပါတယ်လို့ ဆိုလာပါတယ်။ ရင်းနှီးတဲ့ ဟောလီးဝုဒ်လောကသားတွေရဲ့ ကောက်ချက်စကားတွေအရလည်း ရော်ဘတ်နဲ့ ခရစ္စတင်တို့ကြားမှာ အမုန်းတံတိုင်းခြားစရာ အကြောင်းမရှိလှဘူးဆိုတာကိုလည်း Vanity Fair က လက်ဆောင်စကားပါးလာပါတယ်။ Twilight ပွဲဦးထွက် ဇာတ်ကားဖန်တီးသူ ဒါရိုက်တာ ကက်သရင်းဟာတ်စစ်ကလည်း အခုလို မှတ်ချက်ပြုခဲ့ပါတယ်။ "ရော်ဘတ်နဲ့ စတီးဝပ်တို့ နှစ်ဦးကြားက နားလည်မှုက သာမန်အမြင်ထက်ကို ပိုမိုနက်ရှိုင်းမြဲမြံတာ ကျွန်မအသိဆုံးပါ။ နားလည်မှုလွဲတဲ့ အခိုက်အတန့်မှာ ဝိုင်းဖွခဲ့ကြတာကို အမြင်မစောင်းသင့်ဘူးလို့ ကြားက ဝင်ပြောချင်ပါတယ်။ ဘဲလားဟာ အက်ဒဝပ်ကို အသက်ပေးချစ်ရဲသူတစ်ယောက် မဟုတ်ဘူးလားလို့ မေးချင်ပါတယ်။ အမြန်ဆုံး ရင်ကြားစေ့သွားဖို့ပဲ ဆုတောင်းပေးပါတယ်" လို့ ကရုဏာစာနာစကား ဆိုလာပါတယ်။

ဂန္ထဝင်ဇာတ်လမ်းတစ်ပုဒ်ဖြစ်တဲ့ Lawrance of Arabia ကို တစ်ကျော့ပြန်အသွင်သစ်နဲ့ တင်ဆက်ထားတဲ့ Queen of the Desert မှာ ဗြိတိသျှစစ်အရာရှိငယ် တီအီးလောရင့်စ်အသွင်နဲ့ အနုပညာစွမ်းပြထားသူရော်ဘတ်ဟာ အသည်းကွဲနေတာကို အလုပ်တွေ မနားတမ်းလုပ်သွားရင်း သက်သာအောင် ကုစားခဲ့တာကိုတော့ အားလုံးက သဘောတွေ့ခဲ့ကြပါတယ်။ သိပ်မကြာသေးခင်က The Rooer ဇာတ်ကား အထူးပွဲမှာ ရော်ဘတ်နဲ့ခရစ္စတင်တို့ စုံတွဲ တက်ရောက်လာဖို့ ပရိသတ်အများစုက မျှော်လင့်ခဲ့ကြပေမဲ့ ရော်ဘတ်ကို တစ်ကိုယ်တော် တွေ့ခဲ့ကြရတာကို ကရုဏာပိုသူ နှုတ်ခမ်းနီမလေးတွေကလည်း ပေါများနေပါတယ်လို့ တချို့ကလည်း ဖွကြပါတယ်။ ၂၀၁၃ ခုနှစ်ကတည်းကစပြီး ရန်ဖြစ်လိုက် ပြန်ချစ်လိုက် သံသရာလည်နေသူ Twilight မောင်နှံစုံတွဲပီပြင်မယ့် ဇာတ်ကားသစ်ကိုလည်း ပရိသတ်တွေက မျှော်လင့်နေကြတာ ငြင်းစရာမလိုတဲ့ အချက်ပါပဲ။

အင်္ဂလန်မှာရောင်းအားကောင်းတဲ့ Esquire မဂ္ဂဇင်းကလည်း Vanity Fair ကို အားကျမခံ သူတို့နိုင်ငံသားရော်ဘတ်ရဲ့ ပွင့်ပွင့်လင်းလင်း အမေးအဖြေကဏ္ဍတွေနဲ့ စက်တင်ဘာ Issue ကို ထုတ်ဝေလာတာကြောင့် Twilight ပရိသတ်တွေကြားမှာ Esquire ကိုလည်း တွေ့နေရခြင်းပါပဲ။ သူတို့နှစ်ဦးစလုံးနဲ့ ရင်းနှီးတဲ့ Hunger Games စတား ဂျင်နီဖာလောရင့်စ်ကတော့ တစ်ယောက်နဲ့တစ်ယောက် စိတ်ကောက်နေကြတာပါ။ ကြီးကြီးမားမား ပြဿနာမရှိပါဘူးလို့ ဆိုပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်ပါ။ လိုက်ဖက်ညီသလို အတူနေခဲ့ကြတဲ့ချစ်သူတွေ နှစ်ဦးကြားမှာ အမုန်းတံတိုင်းခြားမှာကိုတော့ Twilight ပရိသတ်တွေ အားလုံးက လိုလားကြမှာမဟုတ်ပါဘူးလို့ စာနာနားလည်ရင်း . . . ။

ရဲသစ်

# INT'L MUSIC NEWS

phyo phyo














## မစ်ကီမောက်စ်နားရွက်လေးတွေအသုံးပြုရင် ဒစ်စနေးက တရားစွဲမယ်

Electro house ဂီတသမား Deadmau5 ဟာ ဒစ်စနေးရဲ့ အမှတ်တံဆိပ် မစ်ကီမောက်ကြွက်နားရွက်ပုံစံလေးကို အမေရိက DJ ဖျော်ဖြေပွဲတစ်ခုမှာ အသုံးပြုခဲ့တာကြောင့် တရားစွဲဆိုခံရဖို့ သတိပေးခြင်းခံခဲ့ရပါတယ်။ ယူအက်စ် EDM (Electronic Dance Music) ဂီတသမားဟာ သူ့ရဲ့ အမှတ်အသားအဖြစ် ၁၀ နှစ်ကျော် အသုံးပြုခဲ့ပါတယ်။ ဂျာမနီ၊ ဂျပန်၊ အီတလီနဲ့ ယူကေတို့မှာ Deadmau5 ဟာ သူ့ရဲ့အမှတ်တံဆိပ်ပုံစံအဖြစ် အသုံးပြုခဲ့ပေမဲ့ အမေရိကမှာတော့ မစ်ကီမောက်စ်နဲ့ သက်ဆိုင်တဲ့ကုမ္ပဏီရဲ့ ဆန့်ကျင်ကန့်ကွက်မှုနဲ့ ရင်ဆိုင်ခဲ့ရတယ်။ Deadmau5 ဟာ ၂၀၁၃ ခုနှစ်မှာ ယူအက်စ်မူပိုင်ခွင့် Trademark ရုံးမှာ သူ့ရဲ့ အမှတ်တံဆိပ် အဖြစ် အသုံးပြုခွင့်လျှောက်ထားခဲ့တယ်။ အဲဒီမူပိုင်ခွင့် လျှောက်ထားမှုအကြောင်းကို ၁၉၂၈ ခုနှစ်ဆီက မစ်ကီမောက်စ်ဇာတ်ကောင် ဖန်တီးခဲ့တဲ့ ဒစ်စနေးကုမ္ပဏီဆီ သတင်းပေါက်ကြားခဲ့ပြီး ယူအက်စ်နဲ့ တခြားနိုင်ငံက ဒစ်စနေးစီးပွားရေးလုပ်ငန်းတွေကို သက်ရောက်မှု ရှိနိုင်တာကြောင့် တရားစွဲဆိုခဲ့တာပါ။ Deadmau5 ရဲ့ ရှေ့နေ Dina LaPolt ကတော့ သူမရဲ့ အမှုသည်ဟာ အဲဒီအမှတ်တံဆိပ်နဲ့ပဲ နိုင်ငံပေါင်း ၃၀ ခန့်မှာ အသုံးပြု ဖျော်ဖြေခဲ့ပြီးပါပြီလို့ဆိုတယ်။

## အောင်မြင်မှုလျှို့ဝှက်ချက်ကိုသိသူ
## Enrique Iglesias

စပိန်ဖွား လက်တင်ပေါ့ပ် ရော့ခ်ဂီတသမား Enrique Iglesias ရဲ့ hit သီချင်းတွေဖြစ်တဲ့ Bailando နဲ့ Hero သီချင်းတွေကို နယူးယောက်စီးတီး Central Park က Ruumsey Playfield မှာ ပြုလုပ်တဲ့ GMA (Good Morning America)ဖျော်ဖြေပွဲမှာ သီဆိုသွားခဲ့ပါတယ်။ အဲဒီနေ့ကပွဲမှာ အသက် ၃၉ နှစ်ရှိပြီဖြစ်တဲ့ Enrique ဟာ ပရိသတ်လူထုထုကြားထဲမှာ ပျော်ရွှင်မြူးထူးနေပုံရတယ်။ သူ့ရဲ့ အသစ်ထွက်ရှိခဲ့တဲ့ Sex and Love အယ်လ်ဘမ်အကြောင်းလည်း စကားစမြည်ပြောသွားခဲ့ပါသေးတယ်။ "အမြဲတမ်း တိုက်ခိုက်နေရမယ်။ ကိုယ်လုပ်နေတာကို ချစ်ခင်နှစ်သက်နေတာဟာ အောင်မြင်မှုရဲ့လျှို့ဝှက်ချက်ပါ။ သီချင်းတိုင်းကို ကြိုက်နှစ်သက်တဲ့ခံစားမှုရှိတယ်။ သီချင်းတိုင်းဟာ တိုက်ပွဲတစ်ခုလိုပဲ သဘောထားခဲ့တယ်။ နောက်ဆုံးတော့ ကျွန်တော့်ပရိသတ်တွေကြိုက်သွားတယ်။ ဒီအယ်လ်ဘမ်ကို သူတို့ချစ်သွားတာ။ သီချင်းတွေကို ကြိုက်နှစ်သက်သွားတာ ကျေးဇူးတင်ရပါတယ်" လို့ Enrique က ပြောပါတယ်။ ပြီးခဲ့တဲ့ ဇွန် ၂၅ ရက်နေ့က မော်လ်တာ Valletta ကျွန်းလေးမှာ ပြုလုပ်ခဲ့တဲ့ MTV Malta Concert မှာ Nicole Scherzinger နဲ့အတူတွဲပြီး Heartbeat သီချင်းသီဆိုသွားခဲ့ကြတယ်။ အဲဒီမော်လ်တာဂီတဖျော်ဖြေပွဲဟာလည်း ဂီတချစ်သူတွေအများကြီးပဲ ဆင်နွှဲကြတဲ့ပွဲပါ။ ဒီနှစ်မှာတော့ ၉ နှစ်မြောက် ကျင်းပခဲ့တာပါ။





## ကမ္ဘာ့မှတ်တမ်းစာအုပ်ထဲရောက်သွားခဲ့တဲ့
## Metallica ၊ Miley Cyrus နဲ့ Eminem

Metallica , Eminem နဲ့ Miley Cyrus တို့ဟာ ကမ္ဘာ့မှတ်တမ်းဂင်းနစ်စာအုပ်ရဲ့ တည်းဖြတ်မှုအသစ်ထဲမှာ စာရင်းဝင်ဖြစ်သွားခဲ့ကြတယ်။ စက်တင်ဘာ ၁၁ ရက်နေ့က ထွက်ရှိခဲ့တဲ့ ၂၀၁၅ ထုတ်ကမ္ဘာ့မှတ်တမ်းစာအုပ်မှာ Katy Perry, One Direction နဲ့ Shakira တို့လည်း ပါဝင်ခဲ့ကြပါတယ်။ Metallica အဖွဲ့စာရင်းဝင်သွားခဲ့တာက တစ်နှစ်အတွင်း ကမ္ဘာ့တိုက်ကြီး ၇ တိုက်အားလုံးမှာ ဂီတဖျော်ဖြေပွဲတွေပြုလုပ်ခဲ့တဲ့ တစ်ခုတည်းသော ဂီတအဖွဲ့ဖြစ်တာကြောင့်လို့ Billboard မှတ်တမ်းတွေမှာ ဖော်ပြထားတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာမှာ အန္တာတိကဖျော်ဖြေပွဲမှာ သရုပ်ဆောင်နိုင်ခဲ့ကြတယ်။ Miley Cyrus ကတော့ အင်တာနက်မှာ ရှာဖွေမှုအများဆုံးခံရတဲ့ ပေါ့ပ်စတားဖြစ်ခဲ့ရတာကြောင့်ပါ။ ပြီးခဲ့တဲ့နှစ် MTV VMAs ဆုပေးပွဲက ဝေဖန်မှုများများရခဲ့တဲ့ ဖျော်ဖြေမှုနဲ့ Wrecking Ball single ဗီဒီယိုထွက်ရှိခဲ့ပြီး ရှာဖွေမှုနှုန်းတွေ မြင့်တက်သွားခဲ့ပါတယ်။ Eminem ရဲ့ Rap God single ကလည်း ကြာချိန် ၆ မိနစ်နဲ့ ၄ စက္ကန့်အတွင်းမှာ စာလုံးပေါင်း ၁၅၆၀ လုံးပါဝင်ပြီး သီချင်းစာသား စာလုံးအများဆုံးပါဝင်တဲ့ သီချင်းအဖြစ် စာရင်းဝင်သွားခဲ့တာပါ။ Shakira ဟာ Facebook မှာ Likes အများဆုံး သန်း ၁၀၀ အထိ ရရှိသွားခဲ့တာကြောင့်ဖြစ်ပြီး Katy Perry ကတော့ Twitter follower အများဆုံး ၅၂၄၆၃၈၃၈ ဦးအထိရှိခဲ့ပါတယ်။ One Direction ကလည်း သူတို့ရဲ့ ပထမဆုံးအယ်လ်ဘမ် ၃ ခုဟာ နံပါတ်တစ်ဖြစ်ခဲ့တာကြောင့် ပထမဆုံးဖန်တီးမှုမှာပဲ အောင်မြင်မှုတွေ အမြင့်ဆုံး ရရှိခဲ့တာကြောင့် စာရင်းဝင်သွားခဲ့တာပါ။ One Direction ရဲ့ LP တွေဖြစ်တဲ့ Midnight Memories ၊ Up All Night နဲ့ Take Me Home တို့ဟာ US Billboard စာရင်းမှာ ထိပ်ဆုံးရောက်ရှိခဲ့ပြီး လူကြိုက်အများဆုံးအဖွဲ့ ဖြစ်ခဲ့ပါတယ်။



# အဲလ်ဗစ်ရဲ့ဂျက်လေယာဉ်တွေ

အဲလ်ဗစ်ပရက်စလေရဲ့ နောက်ဆုံးဂျက်လေယာဉ်နှစ်စီး Lisa Marie နဲ့ Hound Dog II ကို ရောင်းချတော့မှာပါ။ အင်ဂျင်လေးလုံးတပ် Lisa Maire ရဲ့ အပြင်အဆင်တွေကတော့ queen-size အိပ်ရာ၊ ရွှေရောင် ရေချိုးခန်းနဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ စပီကာ ၅၂ လုံးပါတဲ့ စတီရီယို အသံစနစ်၊ တီဗီ ၄ လုံးပါ videotape စနစ်တွေပါဝင်ကြတယ်လို့ လေယာဉ် အရောင်း website မှာ အချက်အလက်တွေ ဖော်ပြထားပါတယ်။ လေယာဉ် အမျိုးပိုင်းမှာ ၁၉၆၀ ခုနှစ်ထုတ် အမေရိကန် လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ Convair ၊ အမှတ် 880 နဲ့ ပရက်စလေရဲ့ အမှတ်တံဆိပ် TCB - Taking Care of Business ဆိုတဲ့ စာသားတွေပါဝင်ပြီး အရောင်အတွဲအစပ်က လည်း အဲလ်ဗစ်စိတ်ကြိုက် ရွေးချယ်ခဲ့တဲ့အရောင်တွေလို့ Controller.com က ပြောပါတယ်။ နောက်ထပ်နည်းနည်းသေးငယ်တဲ့ Hound Dog II ဂျက်လေယာဉ်က ပရက်စလေရဲ့ back up လေယာဉ်ပါ။ Lisa Marie ကို ပြုပြင် တည်ဆောက်နေခဲ့တုန်းက အဲလ်ဗစ်စိတ်တိုင်းကျဖြစ် အောင် ပုံစံထုတ်တည်ဆောက်ဖြစ်ခဲ့တဲ့ လေယာဉ်ပါ။ အဲဒီလေယာဉ်တွေဟာ ၁၉၇၅ ခုနှစ်က ရော့ခ်စတား စီးခဲ့တဲ့ အဆင့်မြင့်လေယာဉ်ပုံစံကို ကိုယ်စားပြုရုံပါပဲ။ သင်ဟာ လေယာဉ်တွေ ဝယ်ယူခဲ့တယ်ဆိုရင်တော့ သူတို့ကို မောင်းနှင်အသုံးပြုဖို့ မျှော်လင့်လို့မရနိုင်ပါ ဘူးတဲ့။ ၁၉၇၇ ခုနှစ် ပရက်စလေဆုံးပါးခဲ့ပြီး နောက်ပိုင်း လေယာဉ်တွေကို ဝယ်ယူခဲ့တဲ့ K.G. Coker က "ဂျက်လေယာဉ်တွေဟာ ပြတိုက်က ပစ္စည်းတွေပါ"လို့ ပြောပါတယ်။ ၁၉၈၄ ခုနှစ်က ပရက်စလေရဲ့ ဂရေ့စ်လန်းဒ် စံအိမ်ရဲ့ ကမ္ဘာ လှည့်ခရီးသည် ဝင်ပေါက်မှာ ရပ်နားထားလိုက်ကတည်းက မပျံသန်းဖြစ် တော့တာပါ။ Coker ရဲ့ ကြော်ငြာမှာ ဈေးနှုန်းအတိအကျကိုတော့ ဖော်ပြမထားပေမဲ့ လေးလေးနက်နက် ဝယ်ယူလိုသူတွေကို သူက ရှာဖွေနေပါတယ်လို့ ရေးထားတယ်။ Graceland Tour မှာ ကမ္ဘာလှည့် ခရီးသွားတွေဟာ လေယာဉ်တွေကို စိတ်ဝင်တစား ကြည့်ရှုကြလေ့ရှိတယ်။ ဒါပေမဲ့ Coker နဲ့ Elvis Presley Enterprises တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု သဘော တူညီချက်သက်တမ်း ကုန်ဆုံးသွားတော့ လေယာဉ်တွေကို ဖယ်ရှားရဖို့ ဖြစ်လာခဲ့တာပါ။ ပြီးခဲ့တဲ့ ဇူလိုင်လတုန်းက Enterprises ကနေ Coker ဆီကို လေယာဉ်တွေ ဖယ်ရှားပေးဖို့ စာတစ်စောင်ပို့ခဲ့တဲ့ သတင်းကြောင့် အဲလ်ဗစ်ပရက်စလေပရိသတ်တွေ ဆန္ဒပြခဲ့ကြပါသေးတယ်။

■

# အမေရိကန် ပေါ့ပ်စတား Grande နဲ့ Bang Bang






အမေရိကန် Pop / R&B အဆိုရှင်မလေး Ariana Grande အတွက် တော့ စက်တင်ဘာဟာ လက်ခုပ်သံတွေရရှိခဲ့တဲ့ လတစ်လဖြစ်နေမှာပါ။ အမေရိကန် National Football League (NFL) ပထမဘောလုံးရာသီ အဖွင့်မှာ အမျိုးသားသီချင်းကို သီဆိုခွင့်ရခဲ့တာဟာ ကြီးမားတဲ့ဆုလာဘ် တစ်ခုပါ။ ထူးထူးခြားခြားသီဆိုသွားနိုင်ခဲ့တော့ အမေရိကန်ဘောလုံး လောကသားတွေပါ မှင်တက်ငေးမောသွားခဲ့ကြရတယ်။ Grande ရဲ့ အယ်လ်ဘမ်အသစ် My Everything ဟာလည်း Billboard ၂၀၀ စာရင်း ဝင်ခဲ့ပါတယ်။ သူမရဲ့ ဒုတိယအယ်လ်ဘမ်ဟာ တစ်နှစ်အတွင်းမှာ နံပါတ် ၁ အထိ ရောက်ရှိသွားရလောက်အောင် လူကြိုက်များခဲ့ကြတယ်။ အမြဲလိုလို စကပ်တိုတိုကားကားလေးနဲ့ ချစ်စဖွယ်ကလေးမလေးအသွင် မြင်ရလေ့ရှိတဲ့

# ငြိမ်းချမ်းရေးအတွက် ပေးတဲ့ဆု "Lennon Ono Grant"




Yoko Ono ဟာ ဒီနှစ်အတွက် Lennon Ono Grant ငြိမ်းချမ်းရေး ဆုရရှိခဲ့သူ ၄ ဦးကို ကြေညာခဲ့ပါတယ်။ ဒီငြိမ်းချမ်းရေးဆုဟာ ၂၀၀၂ ခုနှစ်ကနေစတင်ပြီး ၂ နှစ် ၁ ကြိမ် ဆုပေးအပ်ခဲ့တာပါ။ ဒီနှစ်အတွက် ဆုရရှိခဲ့တဲ့သူတွေကတော့ Rolling Stone မဂ္ဂဇင်းတွဲဖက်တည်ထောင်သူ၊ ထုတ်ဝေသူ Jan Wenner ၊ NGO အဖွဲ့ Peace One Day တည်ထောင်သူ Jeremy Gilley ၊ Doreen Remen နဲ့ Yvonne Force Villareal တို့ ဦးဆောင်နေတဲ့ အနုပညာထုတ်လုပ်ရေးရန်ပုံငွေ NGO အဖွဲ့နဲ့ အိုက်စ်လန်ဒ်မြို့တော် Reykjavik ရဲ့ မြို့တော်ဝန်ဟောင်း Jón Gnarr တို့ဖြစ်ကြတယ်။ ဆုရရှိသူတွေကို ရွေးချယ်ခဲ့ပုံကို အိုနိုကပြောပြပါတယ်။ "၆၀ ခုနှစ်၊ ၇၀ ခုနှစ်တွေမှာ Jann ဟာ rock'n'roll အမည်ကို ထောက်ခံအားပေးမှုများများရလာအောင် မီဒီယာကို တိတွေ့မှုများများပေးနိုင်ခဲ့တယ်။ Jeremy Gilley က Peace One Day အဖွဲ့နဲ့အတူ လူတွေအားလုံး ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေမှာ အလွယ်တကူလက်တွဲပါဝင်လာနိုင်အောင် ပြုလုပ်ခဲ့တာကြောင့်ပါ"၊ "Art Production Fund ဟာ အနုပညာနဲ့ဆိုင်တဲ့အစီအစဉ်တွေကို ဖန်တီးလိုစိတ်ကြီးမားလှတဲ့အနုပညာရှင်တွေအတွက်ဖြစ်ခဲ့တာကြောင့်ရယ် Jon Gnarr ကတော့ အုပ်ချုပ်ရေးပိုင်းနဲ့ဆိုင်တဲ့ နိုင်ငံရေးဆိုတာဟာ လူထုအတွက်၊ လူထုအားဖြင့်ဖန်တီးနိုင်စေရမယ်ဆိုတာ ကမ္ဘာကို သိရှိစေခဲ့လို့ပါ" လို့ ဆိုတယ်။ "ဒီနှစ်ပေးအပ်နိုင်ခဲ့တဲ့ ဂုဏ်ပြုဆုတစ်ခုချင်းစီအတွက် အင်မတန်ပျော်ရွှင်မိပါတယ်။ ဒီဆုတွေဟာ ဂျွန်လင်နွန်ရဲ့ ပြုလုပ်ချင်တဲ့အလုပ်တွေရဲ့ အထိမ်းအမှတ်တစ်ခုပါ။ သူနဲ့ အတူတကွ အလုပ်လုပ်နိုင်အောင် ကြိုးစားခဲ့တာပါ။ အခု ဆက်ပြီးတော့ ကြိုးစားသွားပါမယ်"လို့ အိုနိုက ပြောပါတယ်။ ဆုတွေကို အိုက်စ်လန်ဒ် Reykjavik မြို့တော်မှာ လာမယ့်အောက်တိုဘာ ၉ ရက် ဂျွန်လင်နွန်မွေးနေ့မှာ ပေးအပ်ပါလိမ့်မယ်။ Reykjavik မြို့တော် Videy ကျွန်းရဲ့ ငြိမ်းချမ်းရေးမျှော်စင်မီးတိုင်မှာ အိုနိုက မီးထွန်းညှိပါလိမ့်မယ်။ မျှော်စင်မီးအလင်းတိုင်ကို ဂျွန်လင်နွန်သေဆုံးခဲ့တဲ့ ဒီဇင်ဘာ ၈ ရက်နေ့အထိ ထွန်းညှိထားမှာပါ။ ပြီးခဲ့နှစ်က Reykjavik မြို့တော်ကောင်စီ အလုပ်အမှုဆောင်ကော်မတီကနေ အိုနိုအတွက် ဂုဏ်ထူးဆောင်နိုင်ငံသားဆုပေးအပ်ခဲ့ပါတယ်။ ■






Grande ကို ပြီးခဲ့တဲ့ စက်တင်ဘာ ၄ ရက်နေ့ NFL ဖွင့်ပွဲ အမျိုးသားသီချင်းကို သီဆိုခဲ့တဲ့နေ့မှာတော့ ဂျင်းဘောင်းဘီအပြာဖျော့ဖျော့အသင်းရဲ့ဂျာစီကို ဝတ်ဆင်ထားပြီး ပိုနီတေးလ်ဆံပင်စတိုင်လေးပဲ စည်းနှောင်းထားခဲ့တယ်။ သီဆိုရခက်ခဲလှတဲ့ Star-Spangled Banner အမေရိကန်အမျိုးသားသီချင်းကို အေးအေးသက်သာသီဆိုပုံလေးနဲ့ အကောင်းဆုံး ဖျော်ဖြေတင်ဆက်သွားနိုင်ခဲ့တာကြောင့် Grande ကို ပေါ့ပ်ပရိသတ်တွေ ပိုပြီးချီးမွမ်းခဲ့ကြပါတယ်။ လက်တလော ပေါ့ပ်လူငယ်ပရိသတ်ကြားမှာ Nicki Minaj ၊ Jessi J တို့နဲ့ သီဆိုထားတဲ့ Grande ရဲ့ trio သီချင်း Bang Bang ဟာလည်း လူကြိုက်အများဆုံးသီချင်းတွေထဲက တစ်ပုဒ်ဖြစ်နေပါတယ်။

■

# int'l FASHION week

အခုလရတီပရိသတ်တွေအတွက်ခုတလော ခေတ်စားနေတဲ့မင်္ဂလာဝတ်စုံဖက်ရှင်ဒီဇိုင်းများကို ကြည့်ရှုခံစားနိုင်ဖို့ မျှဝေလိုက်ပါတယ်။

ကမ္ဘာကျော်စုံတွဲဖြစ်တဲ့ ဂျိုလီနဲ့ပစ်တို့ရဲ့ လက်ထပ်ပွဲမှာဆင်မြန်းတဲ့ ဂျိုလီရဲ့ဝတ်စုံဟာ အနုပညာရပ်ဝန်းမှာ ပြောစမှတ်ဖြစ်နေပါတယ်။

ဩဂုတ်လ ၂၃ရက်နေ့က လက်ထပ်ပွဲမှာ ဆင်မြန်းခဲ့တဲ့ သူ့ရဲ့ရုပ်ပြောင်ကာတွန်းတွေနဲ့ သူ့ရဲ့မင်္ဂလာ ဝတ်စုံကို ချစ်စရာကောင်းတယ်လို့ ရှုမြင်သူနဲ့ မထော်မနန်းရယ်စရာပါလို့ သတ်မှတ်သူတွေကြား မဲခွဲကြည့်ရမယ့်အခြေအနေအဖြစ် သတ်မှတ်ခဲ့ကြပါတယ်။

အဲဒီဝတ်စုံရဲ့ ခြုံပုဝါပေါ်က ကာတွန်းအရုပ်လေးတွေဟာသူမရဲ့တစ်ပြုံတစ်မသော ကလေးငယ် ၆ဦးရဲ့ ချစ်ခြင်းမေတ္တာခြယ်သံတဲ့ ခြယ်မှုန်းချက်ပဲဖြစ်ပါတယ်။



# int'l FASHION week

Photo . AFP



မြင်တွေ့ရတဲ့
ဝတ်စုံကတော့
၂၀၁၄ ခုနှစ်
နွေဦးကာလအတွက်
Vivienne Westwood
ဖန်တီးခဲ့တဲ့ဝတ်စုံကို
မော်ဒယ်တစ်ဦးက
ဆင်မြန်းပြသခဲ့တာပဲ
ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံတစ်လွှား
ခေတ်စားနေတဲ့
မင်္ဂလာဝတ်စုံဒီဇိုင်းများကို
ဘောလီးဝုဒ်မင်းသမီးတချို့နဲ့
အိန္ဒိယမော်ဒယ်
တချို့တက်ဆင်ပြသခဲ့တာကို
LFW(Lakma Fashion Week) မှာ
မြင်တွေ့ရတာဖြစ်ပါတယ်။





# int'l FASHION week

photo . AFP



# int'l FASHION week

photo . AFP



အနောက်နိုင်ငံသူတွေအကြိုက်
မင်္ဂလာဝတ်စုံဒီဇိုင်းတွေကတော့
ရိုးရှင်းစွာ လက်ပလွန်းတာကို
US New York က EZ
စတာဒီယိုလျှောက်လမ်းမှာ
၂၀၁၅ မင်္ဂလာဖက်ရှင်အနေနဲ့
နာမည်ကြီး မော်ဒယ်တွေဆင်မြန်းလျှက်
အခုနှစ် လတွေက မြင်တွေ့ခဲ့ရသလို
နွေဦးရာသီမင်္ဂလာပွဲတက်
ဝတ်စုံတွေကိုလည်း
တွေ့မြင်ရမှာဖြစ်ပါတယ်။

# int'l FASHION week

photo . AFP

# BOLLYWOOD NEWS

AKM

# ၂၀၁၄ ခုနှစ် ဆွဲဆောင်မှုအရှိဆုံး ဘောလီးဝုဒ်မင်းသမီးများ



## Priyanka Chopra
(1982)

၂၀၀၀ ခုနှစ် လန်ဒန်မြို့တွင် ပြုလုပ်ကျင်းပခဲ့သည့် Miss World အလှပြိုင်ပွဲတွင် ဆုရရှိခဲ့သူဖြစ်သည်။ ပန်ချာပီလူမျိုးဖြစ်သော Chopra သည် အိန္ဒိယတွင် အောင်မြင်ကျော်ကြားသော ရုပ်ရှင်မင်းသမီးဖြစ်သလို အဆိုတော်တစ်ဦးလည်း ဖြစ်သည်။ အနုပညာကြေးအမြင့်ဆုံးရရှိသော Chopra သည် အကောင်းဆုံးမင်းသမီးဆု အပါအဝင် ဆုပေါင်းများစွာ ရရှိထားသူဖြစ်သည်။ ၂၀၀၂ ခုနှစ်မှာ Thamizhan ဇာတ်ကားဖြင့် အနုပညာလောကထဲ စတင်ဝင်ရောက်ခဲ့ပြီး Don (2006)၊ OM Shanti OM (2007)၊ Ra One (2011)၊ Don 2 (2011)၊ Krrish 3 (2013)၊ Gunday (2014) စသောဇာတ်ကားများဖြင့် လူကြိုက်များလာသည်။



## Katrina Kaif (1983)


ဗြိတိန်နိုင်ငံသားဖြစ်သော်လည်း ဟောင်ကောင်မှာမွေးပြီး ဘောလီးဝုဒ်ရုပ်ရှင်လောကမှာ ထင်ရှားအောင်မြင်နေ သူတစ်ဦး ဖြစ်သည်။ ၂၀၀၃ ခုနှစ်မှာ Boom ဇာတ်ကားဖြင့် ရုပ်ရှင်လောကထဲ ဝင်ရောက်လာခဲ့ပြီး Bodyguard (2011)၊ Ek Tha Tiger (2012)၊ Dhoom 3 (2013) စသည့် ဇာတ်ကားများဖြင့် လူကြိုက်များခဲ့သည်။ အနုပညာကြေးအမြင့်ဆုံးရရှိသူ ကိတ်သည် ကမ္ဘာကျော်ကုန်အမှတ်တံဆိပ်များဖြစ်သော Coca-Cola၊ LG၊ Fevicol နှင့် Samsung အတွက်လည်း ကြော်ငြာမော်ဒယ်အဖြစ် ရိုက်ကူးပေးခဲ့ရာ အထူးအောင်မြင်ခဲ့သည်။ မင်းသမီးကိတ်သည် Gastern Gye မဂ္ဂဇင်းကြီး၏ Sexiest Asian Woman ဆု၊ FHM မဂ္ဂဇင်း၏ 'World's Sexiest Woman ဆု၊ The Times of India မဂ္ဂဇင်း၏ Most Desirable Woman ဆု၊ People မဂ္ဂဇင်းကြီး၏ India's Most Beautiful Woman ဆု အပါအဝင် အလှဘွဲ့ဆုပေါင်းများစွာကို ရရှိထားသူဖြစ်သည်။



## Kareena Kapoor (1980)

အနုပညာမျိုးရိုးမှ ဆင်းသက်လာသော ကရီနာကပူးသည် ဇာတ်ရုပ်မရွေး ပီပြင်အောင် သရုပ်ဆောင်နိုင်သူဖြစ်သည်။ ဖခင်ဖြစ်သူမှာ ရုပ်ရှင်မင်းသားကြီး ရန်ဒါကပူးဖြစ်ပြီး ညီမ အငယ်ဆုံးမှာ မင်းသမီး ကရစ်မာကပူး ဖြစ်သည်။ ထို့ပြင် သူမသည် ၂၀၁၂ ခုနှစ်တွင် ရုပ်ရှင်မင်းသား ဆိုင်းမ်အလီခန်နှင့် လက်ထပ်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် Refugee ဇာတ်ကားဖြင့် စတင်ခဲ့ပြီး Asoka (2001)၊ Dev (2004)၊ Jab We Met (2007)၊ 3 Idiots (2009)၊ Heroine (2012) ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ထားသည်။





## Deepika Padukone (1986)



ဒိန်းမတ်နိုင်ငံတွင် ဖွားမြင်သော ဒီပီကာသည် မီဒီယာများ၏ အလေးပေးခံရဆုံး ဘောလီးဝုဒ်မင်းသမီး တစ်ဦးဖြစ်သည်။ ဖခင်ဖြစ်သူမှာ ကြက်တောင်ရိုက်ချန်ပီယံ ပရာခက်ဖြစ်ပြီး သူမသည်လည်း အားကစားလိုက်စားခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရုံတင်ခဲ့သော Aishwarya ဇာတ်ကားသည် သူမ၏ ပထမဆုံးဇာတ်ကားဖြစ်ပြီး Om Shanti Om (2007) Cocktail (2012)၊ Race 2 (2013)၊ Chennai Express (2013) စသည့် ဇာတ်ကားများသည် လူကြိုက်များခဲ့သည်။ Tissot၊ Sony Cyber - Shot၊ Nescafe Maybelline၊ Pepsi များအတွက် ကြော်ငြာရိုက်ကူးခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် Garnier အလှကုန်ပစ္စည်းအတွက် ကြော်ငြာကြေး အမေရိကန် ဒေါ်လာ ၁ သန်းရရှိခဲ့ပြီး အိန္ဒိယရုပ်ရှင်မင်းသမီးများတွင် ဈေးအမြင့်ဆုံး ရရှိခြင်းဖြစ်သည်။



## Anushka Sharma (1988)

မော်ဒယ်ဘဝကို ခုံမင်သော်လည်း ရုပ်ရှင် လောကမှာပါ လျှမ်းလျှမ်းတောက်အောင်မြင်လာသော ဟိန္ဒူမင်းသမီးလေးဖြစ်သည်။ သူမ၏ ပထမဆုံး ရုပ်ရှင်ဇာတ်ကားမှာ Rab Ne Bana Di Jodi (2008) ဖြစ်ပြီး ယင်းဇာတ်ကားဖြင့် လူသိများလာခဲ့သူဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ရုံတင်ခဲ့သော Jab Tak Hai Jaan ဇာတ်ကားဖြင့် အကောင်းဆုံးဇာတ်ပို့ဆုရရှိခဲ့သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ရုံတင်ပြသတော့မည့် 'PK' ဇာတ်ကားတွင်လည်း မင်းသားအမာန်နှင့်အတူ ပါဝင်သရုပ်ဆောင်ထားသည်။

## Bipasha Basu
(1979)

Ajnabee (2001) ဇာတ်ကားသည် သူမ၏ ပထမဆုံးဇာတ်ကားဖြစ်ပြီး ယင်းဇာတ်ကားဖြင့်ပင် အကောင်းဆုံးမင်းသမီးဆုကို ရရှိခဲ့သည်။ ဒုတိယဇာတ်ကားဖြစ်သော Raaz (2002) ဇာတ်ကားသည် ဝင်ငွေများစွာရရှိစေခဲ့သည်။ သူမရဲ့ ရဲတင်းပွင့်လင်းသောအမူအရာ သရုပ်ဆောင်ချက်များကြောင့် 'Sex symbol' အဖြစ် မီဒီယာများက မကြာခဏ ဖော်ပြကြသည်။ No Entry (2005), Dhoom 2 (2006), Om Shanti Om (2007), Race (2008), Players (2012) စသည့် ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ထားသည်။









## Nargis Fakhri
(1979)

နယူးယောက်မြို့မှာ မွေးဖွားခဲ့သူဖြစ်ပြီး ၂၀၀၄ခုနှစ်တွင် America's Next Top Model အသိုင်းအဝိုင်းတွင် ပါဝင်ခဲ့သည်။ ၂၀၀၉ခုနှစ်တွင် Kingfisher Swimsuit ပြက္ခဒိန်တွင်လည်း ပါဝင်ရိုက်ကူးခဲ့သည်။ သူမ၏ ပွဲဦးထွက်ဇာတ်ကားမှာ Rockstar (2011) ဖြစ်ပြီး Madras Cafe (2013), Main Tera Hero (2014). Kick (2014) စသည့် ဇာတ်ကားများမှာလည်း ပါဝင်သရုပ်ဆောင်ထားသည်။

# ပြည့်တန်ဆာလုပ်ငန်းတွင်ပါဝင်နေသော အိန္ဒိယမင်းသမီးများ

ကမ္ဘာကျော် India Today သတင်းဝက်ဆိုဒ်တွင် စက်တင်ဘာလ ၄ ရက်နေ့က ' Indian actresses involved in prostitution' ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။



**Shweta Basu Prasad (1991)**

၂၀၀၂ ခုနှစ်တွင် အကောင်းဆုံးကလေးသရုပ်ဆောင်ဆုကို ရရှိခဲ့သူဖြစ်သည်။ အသက် ၁၁ နှစ်အရွယ်ကတည်းက ရုပ်ရှင်လောကထဲ ရောက်ရှိခဲ့သည်။ Makdee (2002), Iqbal (2005), Kotha Bangaru Lokam (2008) ဇာတ်ကားများတွင် ပါဝင်ထားသည်။ မကြာသေးခင်ကဇိမ်ခန်းတစ်ခုတွင်ဖမ်းဆီးခြင်းခံခဲ့ရသည်။



**Bhuvaneswari (1975)**

၂၀၀၉ ခုနှစ်အောက်တိုဘာလ ၁ရက်နေ့တွင် Chennai မြို့၌ ပြည့်တန်ဆာမှုဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ယင်းသည် သူမ၏ဒုတိယအကြိမ်ဖမ်းဆီးခံရခြင်းလည်း ဖြစ်သည်။



**Aish Ansari**

၂၀၁၁ ခုနှစ်တွင် ကာမရောင်းဝယ်မှုဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသော တမီလ်မင်းသမီးတစ်ဦးဖြစ်သည်။ သူမသည် အိန္ဒိယနိုင်ငံမြို့ကြီး တော်တော်များများတွင် ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ခဲ့သည်။ ထို့ပြင် နိုင်ငံခြားမော်ဒယ်များကိုလည်း လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်ဟု ထွက်ဆိုခဲ့သည်။



**Sherlyn Chopra (1984)**

၂၀၀၂ ခုနှစ်တွင် Vendi Mabbu ဇာတ်ကားသည် သူမ၏ပထမဇာတ်ကားဖြစ်သည်။ Time Pass (2005), Naughty Boy (2006), Game (2007), Kamasutra 3D (2014) ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ထားသည်။ ၂၀၁၂ ခုနှစ် ဇူလိုင်လထုတ် Playboy မဂ္ဂဇင်းမျက်နှာဖုံးတွင် ဖော်ပြခြင်းခံရသည်။ တွစ်တာပေါ်တွင် သူမ၏ ဗလာကျင်းပုံများ တင်ခြင်း၊ ငွေကြေးဖြင့် လိင်ကိစ္စလက်ခံခြင်းများကို လုပ်ဆောင်ခဲ့သည်ဟု သူမက ဝန်ခံထားသည်။



**Kinneral**

တူလဂူရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ကာမရောင်းဝယ်မှုဖြင့် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ သူမသည် ရုပ်ရှင်ဒါရိုက်တာများ၊ ထုတ်လုပ်သူများစွာနှင့် လိင်ပျော်ပါးခဲ့ကြောင်း ထွက်ဆိုဝန်ခံခဲ့သည်။



**Yamuna**

အိန္ဒိယတောင်ပိုင်း မင်းသမီးယမုနာသည် ခန်နဒရုပ်ရှင်များတွင် အများဆုံးပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ၂၀၁၁ခုနှစ်ဇန်နဝါရီလတွင် ဘင်္ဂလာ းရဲအဖွဲ့ ဖိမ်ခန်းတစ်ခု စီးနင်းရာတွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။



**Sravani**

၂၀၁၃ ခုနှစ်အောက်တိုဘာလတွင် ရုပ်မြင်သံကြားမင်းသမီးလေး ဆွာဝါနီကို ဖိမ်ခန်းတစ်ခုအတွင်း ဖမ်းဆီးခဲ့သည်။ အသက်၂၃နှစ်သာ ရှိသေးသော ဆွာဝါနီကို အမျိုးသားနှစ်ဦးနှင့် ပျော်ပါးနေစဉ် ဖမ်းမိခဲ့ခြင်းဖြစ်သည်။

# Bang Bang! ဇာတ်ကားထဲက ကက်ရီနာကာ့ဖ် ရဲ့ဘီကီနီဝယက်



ဘောလီးဝုဒ်မင်းသမီးချော ကရီနာကာမ်သည် အောက်တိုဘာလ ၂ ရက်နေ့မှာ စတင်ရုံတင်မည့် ဇာတ်ကားတွင်ပါဝင်သော သူမ၏ဇာတ်ဝင်ခန်းတစ်ခန်းကြောင့် ပရိသတ်၏အာရုံစိုက်ခြင်းကို ခံနေရသည်။ ဒါရိုက်တာအာနတ် ရိုက်ကူးထားသော Bang Bang! အက်ရှင်ရုပ်ရှင်ကားတွင် ကရီနာသည် ဘီကီနီဝတ် သရုပ်





ဆောင်ခန်းများ ပါဝင်သည်။ ညို့အားပြင်းသော သူမ၏သရုပ်ဆောင်မှုများကြောင့် မိနစ်အနည်းငယ်ခန့်သာ မြင်လိုက်ရသော ပရိသတ်များအဖို့ စွဲမက်စရာ ဖြစ်ခဲ့သည်။


ယင်း Bang Bang! ရုပ်ရှင်ဇာတ်ကားတွင် ကရီနာကာမ်နှင့်အတူ မင်းသားဟီးသစ်ရိုရှန် ဦးဆောင်ပါဝင်ထားသည်။ အက်ရှင်ဇာတ်ကြမ်းဖြစ်ပြီး မူရင်းဇာတ်လမ်းမှာ တွမ်ခရုစ်နှင့် ကင်မရွန်ဒိုင်ယာဇ်တို့ သရုပ်ဆောင်ထားသော 'Kinght and Day' (2010) ဇာတ်ကားဖြစ်သည်။ အမေရိကန်ဒေါ်လာ ၂၂ သန်းကျော် ကုန်ကျခံ ရိုက်ကူးထားသော ယင်းဇာတ်ကားကို ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂ရက်နေ့တွင် စတင်ရုံတင်မည် ဖြစ်သည်။

# Yati

# KOREA

ဇင်မြင့်စံ





## လီပြောင်ဟွန်းနဲ့ဒါဟီးတို့ နှစ်ကိုယ်ကြားစကားများ ပေါက်ကြား

Channel A ဆိုတဲ့ လိုင်းကနေပြီး ဟောလီးဝုဒ်ရုပ်ရှင်လောကထိ ဝင်ဆန့်နေပြီဖြစ်တဲ့ မင်းသား လီပြောင်ဟွန်းနဲ့ အဆိုတော်၊ သရုပ်ဆောင် ဒါဟီးတို့အပြင် အခြားအမည်မဖော်ပြတဲ့ မော်ဒယ် တစ်ယောက်တို့ပါဝင်တဲ့ စကားပြောဆိုခြင်းများကို ဖွင့်ချခဲ့ပါတယ်။

အဲဒီဗီဒီယိုထဲမှာ လီပြောင်ဟွန်းက GLAM အဖွဲ့က ဒါဟီးကို "မင်းရဲ့ ပထမဆုံး လိင်ကိစ္စ အတွေ့အကြုံက ဘယ်တုန်းကလဲ၊ ယောကျ်ားလေးတစ်ယောက်ရဲ့မျက်နှာနဲ့ ခန္ဓာကိုယ် ဘယ်ဟာကို ကြိုက်သလဲ" စသဖြင့် လိင်ကိစ္စနဲ့ သက်ဆိုင်တာတွေကို မေးမြန်းထားတာတွေ၊ လိင်ကိစ္စ ထင်မြင်ချက်တွေ ပြောဆိုတာ၊ သောက်စားတာတွေ ပါဝင်ပါတယ်။ ပြောင်ဟွန်းရဲ့ ကိုယ်စားလှယ်ကတော့ ဒီဗီဒီယိုကရဲတွေ စစ်ဆေးမှုမရှိဘဲ ပေါက်ကြားခဲ့တာပါလို့ဆိုပါတယ်။ ဒါဟီးနဲ့ တခြားမော်ဒယ်တစ်ယောက်က ဒီဗီဒီယို မှတ်တမ်းနဲ့ လီပြောင်ဟွန်းကို အမေရိကန်ဒေါ်လာ ၅ သန်း ငွေညှစ်ခဲ့ပြီးနောက်မှာ ဗီဒီယိုက ပေါက်ကြားသွားတာဖြစ်ပါတယ်။

သူတို့ဟာ တခြားသူငယ်ချင်းတစ်ယောက်ကတစ်ဆင့် တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ဗီဒီယိုထဲမှာ ပြောင်ဟွန်းက ဒီနှစ်အစောပိုင်းမှာ သူ့အိမ်ကို အဲဒီမိန်းကလေးနှစ်ယောက်ကိုဖိတ်ခဲ့တာဖြစ်ပြီး အသေးစိတ် အတွင်းပိုင်းတွေ့ဆုံမှုများတော့ ဗီဒီယိုမှာ မပါဝင်ဘူးလို့ သိရပါတယ်။

# မလေးရှားပရိသတ်နဲ့ အောက်တိုဘာမှာတွေ့မယ့် အဲရစ်စ်နမ်


ကိုရီးယား - အမေရိကန်အဆိုတော် အဲရစ်စ်နမ်က လာမယ့်အောက်တိုဘာလမှာ မလေးရှားပရိသတ်နဲ့ တွေ့ဆုံမှာဖြစ်ပါတယ်။


အောက်တိုဘာလ ၁၂ ရက်နေ့မှာ တွေ့ဆုံမှာဖြစ်ပြီး The Gardens Theatre, Mid Valley City မှာ တွေ့ဆုံပွဲကို ကျင်းပမှာဖြစ်ပြီး လက်မှတ်များကိုတော့ ရင်းဂစ် ၁၈၀ ကနေ ၃၅၀ နဲ့ ရောင်းချနေတယ်လို့သိရပါတယ်။တွေ့ဆုံပွဲဟာ M.E Malaysia ကစီစဉ်တဲ့ F.Y.I On Stage ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အဲဒီအစီအစဉ်ကို မီဒီယာမျက်နှာစာမှာ တောက်ပနေတဲ့ အရည်အသွေးရှိ အနုပညာရှင်တွေကို လူငယ်တွေရဲ့ အိပ်မက်တွေ သက်ဝင်လာအောင် ကူညီပေးဖို့ မျှော်လင့်ချက်နဲ့ ဖန်တီးထားတာလို့ဆိုပါတယ်။





# ချစ်သူကို အညိုမည်းစွဲအောင် ရိုက်ခဲ့တဲ့ မင်းသားဟွန်ဂျောင်း





မင်းသားကင်မ်ဟွန်ဂျောင်းဟာ ချစ်သူဟောင်းကို အညိုမည်းစွဲအောင်ရိုက်ခဲ့ကြောင်း သတင်းတွေထွက်လာပြီးတဲ့နောက် တရက်က ဖျော်ဖြေရေးပွဲကို တိတ်တဆိတ်ထွက်သွားပေမဲ့ ပြန်အလာမှာတော့ အဲဒီကိစ္စကို ဝန်ခံလိုက်တဲ့အတွက် အားလုံးကို အံ့သြခဲ့ရပါတယ်။

ဓာတ်ပုံများအရ ဟွန်ဂျောင်းဟာ ချစ်သူဟောင်းရဲ့လက်မောင်းများ ညိုမည်းစွဲတဲ့အထိ ရိုက်နှက်ခဲ့တာတွေ့ရပြီး မိန်းကလေးဘက်က လူတွေကတော့ သူက နှစ်ကြိမ်တိုင် ရည်းစားဟောင်းကို ကိုယ်ထိလက်ရောက်ရိုက်ခဲ့ကြောင်း ဩဂုတ်လ ၂၂ ရက်ကပြောကြားခဲ့ပြီး စက်တင်ဘာလဆန်းပိုင်းမှာတော့ သူတို့နှစ်ဦးလုံးကို ရဲများက ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ကြပါတယ်။ ဒါပေမဲ့ ဟွန်ဂျောင်းက သူ့အနေနဲ့ ရည်းစားဟောင်းကို တစ်ကြိမ်သာရိုက်ခဲ့တာဖြစ်ကြောင်း၊ နှစ်ကြိမ် မဟုတ်ကြောင်းနဲ့ သူမ နံရိုးကျိုးအောင် ရိုက်ခဲ့တယ်ဆိုတာလည်း မဟုတ်ကြောင်း၊ ကစားရင်း သူမနံရိုးကျိုးတာဖြစ်ကြောင်းတို့ကို ဖြောင့်ချက်ပေးခဲ့ပါတယ်။

မင်းသားရဲ့အေဂျင်စီကတော့ သူတို့ နှစ်ယောက်ဟာ အနည်းငယ်သာတွဲဖြစ်ခဲ့ကြတာ ဖြစ်တယ်လို့ဆိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒဏ်ရာဓာတ်ပုံများကြောင့် ဟွန်ဂျောင်းဟာ ပရိသတ်က အမြင်စောင်းစရာဖြစ်သွားခဲ့ပြီး သူ့အောင်မြင်မှုကိုထိခိုက်စေခဲ့ပါတယ်။

# ယာဉ်တိုက်မှုကြောင့် ကြေကွဲနာကျင်မှုများ ကြုံခဲ့ရတဲ့ Ladies' Code



ကိုရီးယားမိန်းကလေးအဆိုတော်အဖွဲ့များထဲက မနှစ်ကမှစတင် ထွက်ပေါ်လာတဲ့ Ladies' Code ဟာ စက်တင်ဘာလ ၃ ရက်နေ့မှာ ဖျော်ဖြေရေးပွဲတစ်ခုကနေ ညဘက် ကားနဲ့အပြန် အမြန်လမ်းမှာ ကားမတော်တဆမှုဖြစ်ပြီး သူတို့အဖွဲ့ဝင်များထဲက အွန်းဘီဆိုတဲ့ မိန်းကလေးဟာ နေရာမှာတင် ပွဲချင်းပြီး သေဆုံးသွားခဲ့ရသလို အခြားအဖွဲ့ဝင်များဟာလည်း ဆိုးဆိုးရွားရွား ဒဏ်ရာများနဲ့ ဆေးရုံတက်ခဲ့ရပါတယ်။

သူတို့ရဲ့ကားဟာ တခြားကားကိုရှောင်ရင်း မိုးရေကြောင့်လမ်းချော်ကာ အမြန်လမ်းအထိန်းနံရံနဲ့ တိုက်မိသွားတာဖြစ်ကြောင်း၊ ကားတိုက်မှုဖြစ်တုန်းမှာ လေအိတ်များမပွင့်ခဲ့ကြောင်း သိရပါတယ်။ ကားတိုက်မှုဖြစ်ရာကို သတင်းရရခြင်း အရေးပေါ်ယာဉ် ၁၁ စီးနဲ့ မီးသတ်သမား ၃၂ ယောက်အရောက်သွားခဲ့ကြကြောင်း သိရပါတယ်။

Ladies' Code ရဲ့ အဖွဲ့တစ်ဦးဖြစ်တဲ့ RiSe နဲ့ Sojung တို့ဟာလည်း အခြေအနေစိုးရိမ်ခဲ့ရသလို RiSe ဟာ ဦးနှောက်ခွဲစိတ်ကုသမှုအပါအဝင် ခွဲစိတ်မှု ၃ မျိုး ခံယူခဲ့ရပါတယ်။ Ashley နဲ့ Zuny ဆိုတဲ့ ကျန်အဖွဲ့သားနှစ်ယောက်ကတော့ ကုသမှုခံယူပြီးတဲ့နောက် ကြောက်ရွံ့မှုများ ကျန်နေခဲ့တယ်လို့ဆိုပါတယ်။ အွန်းဘီက မကွယ်လွန်ခင် သူနဲ့နောက်ဆုံးပြုလုပ်ထားတဲ့ အင်တာဗျူးမှာ သူဟာ မိသားစုနဲ့နေဖို့အချိန်များများ ရချင်ကြောင်း ပြောကြားခဲ့သူဖြစ်ပါတယ်။

---




# အခွန်ရှောင်ကြတဲ့ ကိုရီးယားအနုပညာရှင် သန်းကြွယ်များ

Korea Herald က စက်တင်ဘာလဆန်းပိုင်းက ဖော်ပြခဲ့တဲ့သတင်းအရ ချမ်းသာအောင်မြင်တဲ့ ကိုရီးယားအနုပညာရှင်များဟာ အခွန်များစွာ ရှောင်ခဲ့ကြတာကို တွေ့ရပါတယ်။ လတ်တလောမှာ သတင်းထွက်ခဲ့တဲ့ အခွန်ရှောင်တဲ့အနုပညာရှင်များကတော့ ထိပ်တန်းမင်းသမီး ဆောင်ဟေးကျို (အွန်စော)နဲ့မင်းသားဂျန်ဒွန်ဆော့ တို့ဖြစ်ကြပါတယ်။

ဆောင်ဟေးကျိုဟာ အခွန် ၃.၇ သန်းကို ရှောင်ခဲ့ကြောင်းနဲ့ ဒါနဲ့ပတ်သက်ပြီး အမျိုးသား အခွန်အေဂျင်စီက ဈေးကြီးတဲ့ အိမ်ခြံမြေပိုင်ဆိုင်မှုတွေကို ပိုင်ထားတဲ့ များစွာသောနာမည်ကျော်တွေရဲ့ အခွန်ဆောင်ခြင်း၊ရှောင်ခြင်းများကိုပါ စစ်ဆေးလျက်ရှိတယ်လို့သိရပါတယ်။ အခွန်ရှောင်တဲ့ စာရင်းထဲမှာ အနည်းဆုံး နာမည်ကျော် ၇ ဦးကိုပါ ထည့်သွင်းစစ်ဆေးနေကြောင်း ဂမ်နမ်က အခွန်ရုံးကပြောကြားခဲ့ပါတယ်။ ဂျန်ဒွန်ဆော့ရဲ့ အေဂျင်စီကတော့ သူတို့ဟာ တရုတ်ဖျော်ဖြေပွဲကရတဲ့ ကန်ဒေါ်လာ ၁.၉ သန်းကို စာရင်းမတင်ရသေးကြောင်း ထုတ်ပြန်ခဲ့ပါတယ်။

အခွန်ရှောင်မှုနဲ့ပတ်သက်လို့ စစ်ဆေးခံနေရ သူတွေလို့ လူအများပြောနေကြသူများထဲမှာ မင်းသမီး ဂျွန်ဂျီဟွန်း၊ မင်းသား ဆောင်ဆန်ဟွန်း (ဂျွန်စော )၊ အဆိုတော် ရိန်းတို့လည်း ပါဝင်ပေမဲ့ တရားဝင်သတင်းများမှာတော့ အတည်ပြုထားခြင်းမရှိပါဘူး။

**ဇင်မြင့်စံ**



## ဩဂုတ်လအတင်းချုပ်

ပြီးခဲ့တဲ့ဩဂုတ်လအတွင်း လူပြောအများဆုံး အတင်းများကို ကတ်သီးကတ်သတ်ချွန်နယ်မှ တောက်တဲ့မက တင်ပြသွားပါ့မယ်။

**မင်္ဂလာသတင်းများမှာ**

ဟိုတစ်လောက တန်းစီပြီး မင်္ဂလာဆောင်လိုက်တဲ့ မင်းသမီးလေးတွေထဲမှာ နှစ်ယောက်က ကိုယ်ဝန်ရှိနေပြီ။ သရုပ်ဆောင် တစ်ယောက်လည်း နောက်ထပ်ကလေးတစ်ယောက် ကိုယ်ဝန်လွယ်နေပြီလို့ သိရပါတယ်။ ဒါဟာ ဖြုတ်ပြည်က အပ်တစ်စင်းနဲ့ လူ့ပြည်က အပ်တစ်စင်း ဆိုတာကို မှားယွင်းကြောင်း ခပ်ရှင်းရှင်းသက်သေထူလိုက်ဟန်ပါပဲ။ ဒါပေမဲ့ ကိုယ်ဝန် နုစဉ်မှာ ဘယ်သူမှ သတင်းမထုတ်ပြန်လို သေးတာလည်း သဘာဝကျတယ်လို့ တော့ တောက်တဲ့မတို့က နားလည်ကြပါတယ်။

ငယ်စဉ်က အိမ်ထောင်ရေးမှာ ဖြစ်တတ်တဲ့ ကတောက်ကဆများကို ကျော်လွှားလို့ မင်္ဂလာသက် ၃၃ နှစ်ဆင်နွှဲတဲ့ မင်းသားကြီးအတွက်လည်း သူ့ပရိသတ်များကဝမ်းမြောက်နေကြပါတယ်။

မြန်မာပြည်က ရောခ့်အဆိုတော်ကြီးတောင် နောက်ထပ်မြေး တစ်ယောက်ထပ်ရနေပါပြီ။

**သစ်ီရသတင်းများကို ဆက်လက်ကြေညာပါ့မယ်**

သရုပ်ဖုပြန်အတောင်းခံရတဲ့ မော်ဒယ်ကြောင့်လည်း အမြဲမရှိနိုင်တဲ့ သရုပ်ဖုရဲ့ မမြဲတဲ့အနိစ္စသဘော၊ ဟိုတုန်းက National Director နဲ့ ဝမ်းသာ အယ်လဲ ချစ်ခင်ပုံများဟာလည်း မမြဲတဲ့ အနိစ္စသဘော၊ ပကတိကို ဝိကတိ လုပ်တယ်ဆိုရင် လည်း နဂိုနဲ့မတူ ပြောင်းလဲသွားတဲ့ အနိစ္စသဘောလေးများ ကို ရှုမှတ်ရပါတယ်။

မင်းသမီးလေးတချို့ဟာ ခန္ဓာကိုယ်ကြီးရဲ့ အစိုးမရတဲ့ အပုပ်ကောင် ရုပ်ဆောင်သဘော တရားတွေကို သိထားတော့ ဘာအဝတ်အစားမှလည်း လုံလုံခြုံခြုံဝတ်မနေကြတော့ဘဲ မိမွေးတိုင်း အလှတရားနဲ့ နေကုန်ကြပါပြီ။ ဒါပေမဲ့ အဝတ် မလုံသော်လည်း သိက္ခာတော့လုံတယ်ဆိုလား အဆိုရှိပြန်တော့ တောက်တဲ့မတို့ မှတ်သားရပါတယ်။ ဒိုင်အိုဂျီးနိစ်ကြီးကို အပြည့်အဝထောက်ခံ လိုက်သလိုပါပဲ။

နိုင်ငံကျော်မင်းသမီးကြီးတစ်ယောက်ရဲ့ ခင်ပွန်းဟောင်း ဒါရိုက်တာကြီး က သူ့ယောက်မ နာရေးမှာ ဝိုင်းဝန်းအားပေးနှစ်သိမ့်ရပြန်တော့ လည်း ပြောင်းလဲခြင်း၊ အစိုးမရခြင်း ဖြစ်ပျက် သင်္ခါရသဘောတို့ကို ရှုမြင်ကြပါ ကုန်။



**ခေတ်စားနေတဲ့သတင်းများကို ကြေညာပါ့မယ်**

စုံးစုံးနှစ်မြုပ်နေတယ်လို့ ယူဆတဲ့ ခေါင်း လောင်းကြီးကိုဖော်တဲ့ သတင်း ဟာလည်း ခုချိန်မှာတော့ ပြန်ပြီးစုံးစုံးမြုပ်သွားပြန်ပါပြီ။ ဘယ်တော့များ တစ်ယောက်ယောက်က အမှတ်မရှိ ပြန်တူးဦးမလဲဆိုတာတော့ တွေးမိကြမယ် ထင်ပါတယ်။

ပရိသတ်တွေမျှော်လင့်တကြီး ပွဲဆူခဲ့တဲ့ ထူးအိမ်သင်အမှတ်တရ ပွဲဟာ လည်း ကျေနပ်သူ၊ မကျေနပ်သူတွေ မည်သို့ပင်ရှိစေကာမူ မျှော်လင့်ချက် သာမထားခဲ့ရင် ငါ ဒီလိုခံစားရမှာမဟုတ်ဘူးဆိုပြီး အသံတွေတိုးလို့ တိတ်ဆိတ်ငြိမ်သက်ကာ သက်ငြိမ်အနေအထား ပြန်လည်ရောက်ရှိသွားပြီ ဖြစ်ကြောင်းပါ။

ကိုရီးယားမှ 2NE1 ဂီတအဖွဲ့ မြန်မာပြည်မှာ လာဖျော်ဖြေတော့



မြန်မာဝတ်စုံကို ဆင်မြန်းပြီး ပရိသတ်ကို ဖမ်းစားခဲ့ပါတယ်။ အဲဒီကာလတွေမှာပဲ လေဒီဂါဂါက တစ်ကိုယ်လုံး ထွင်းဖောက် မြင်နေရတဲ့ အကြည်ရောင်ဝတ်စုံနဲ့ ကမ္ဘာကို ကိုင်လှုပ်နေတော့ကာ လေဒီဂါဂါများ မြန်မာပြည်ရောက်လာရင် မြန်မာဝတ်စုံကို အကြည်ရောင်လေးများထွင်သွားမလားလို့ မျှော်လင့်နေကြပါသတဲ့။

ကိုယ်လက်အင်္ဂါပြည့်စုံသူ တချို့က 'ကျတတ်လွန်းတဲ့ စိတ်ဓာတ်မြေလွှာ ကိုဖောက် ထွင်းပြီး အဝီစိထိဆင်းဖို့ ကျင့်ကြံနေသောအခါ'ဆိုတဲ့ သီချင်း လေးဟစ်ကြွေးလို့ စိတ်ကျပြီး အလုပ်မဖြစ်ကြပေမဲ့ လက်မရှိတဲ့ မစုပုံချစ်တို့၊ တွံတေးက ကိုချစ်ပိုင်ပိုင်တို့ ကတော့ 'ဗေဒါပျံ့ အံကိုခဲ ပန်းပန်လျက်ပဲ' ဂီတနဲ့ စိတ်ဓာတ်ခွန်အားတွေကို ပြနေကြလို့ ရှက်တတ်သူတွေ ရှက်ကြပါလို့။

**အဆုံးသတ်အနေနဲ့ အဝါရောင်သတင်းများကို ကြေညာရရင်တော့**

မြန်မာနိုင်ငံမှာ အပေါ်များဆုံးတွေဟာ ကောလာဟလ၊ စိတ်ကြွဆေး၊ ပြည်တွင်းဖြစ် အရက်၊ မစာနာမှု၊ စည်းကမ်းမဲ့မှုတွေလို့ပြောရင် မမှားပါ။ ဒီလိုအရာတွေကို ချိန်ညှိပေးဖို့က အနုပညာသမားတွေမှာလည်း တစ်စိတ် တစ်ပိုင်း တာဝန်ရှိပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အနုပညာသမားကို မြတ်နိုး ချစ်ခင်တဲ့ ပရိသတ်ထုကြီးက တစ်ပြည်လုံးပါ။ နိုင်ငံတော်အလံကို ရှေ့က ကိုင်ဆောင်ကြတဲ့ အနုပညာသမားတွေဟာ အင်အားချည့်နဲ့ နေလို့ မဖြစ်ပါ။

မင်းသား၊ မင်းသမီးတွေကြားမှာ ဖူးစာရေး နတ်လုပ်တတ်တဲ့ ဒါရိုက်တာ တစ်ယောက်လည်း အသည်းကွဲမင်းသား တစ်ယောက်နဲ့အတူ မူးယစ်ဆေးကို သုံးနေလိုက်တာ သူ့မိန်းမကလွဲလို့ တစ်လောကလုံး သိပါသတဲ့။



စွယ်စုံနီးပါးရတဲ့ အဆိုတော်လေး တစ်ယောက်လည်း ဝါသနာရှင် အစ်ကိုကြီး တစ်ယောက် (နာမည်ကြီးသူဌေးသား တစ်ဦးပါပဲ)နဲ့ စွယ်စုံ နှစ်ပါးသွားလေးကြဲလိုက်တာ မိန်းမက မိသွားလို့ ကွာရှင်းခွင့်တောင်း ထားပါသတဲ့။ သူကတော့ သူဌေးသားကြီးရဲ့ငွေနဲ့ အပေါက်ခံရတာပါ။ ဟိုဟာခံတယ်လို့ မမြင်ပါနဲ့လို့တော့ ဆင်ခြေတက် ထားသတဲ့။

နာမည်ကြီးမင်းသားလေးတစ်ယောက်လည်း အရွယ်ရလာတော့ တက်သစ်စလေးတွေကို အလွတ်မပေးချင်တဲ့ ရောဂါရလာနေပါပြီ။ သူ့ချစ်သူကိုတော့ ကိုယ်ဒီတစ်ခါ မရှောင်နိုင်လို့ ပါဆိုပြီး ဝန်ခံသတဲ့။ သူ့ချစ်သူလေးမသိလိုက်တာက 'တစ်ခါတည်းပါ ခိုးသားငါးရာနဲ့' ဆိုတာကိုပါ။

မီဒီယာပိုင်ရှင်ကြီးကို ချိတ်မိနေတဲ့ မင်းသမီး လေးတစ်ယောက်ကတော့ သူ့ကိုယ်သူ သတင်းတွေဖြစ်အောင် လုပ်တတ်လာတာဟာ မီဒီယာ အစ်ကိုကြီးရဲ့ လမ်းညွှန်မှုတွေရယ်၊ အလှူငွေတွေ ပံ့ပိုးပေးမှုရယ်တွေကြောင့် ပါလို့ ခပ်ကြွားကြွားလေး ပြောပါတယ်။

**မပြောရဲပုံများကတော့**

ပြီးခဲ့တဲ့လအတွင်းမှာ လူတကာ စိတ်အဝင် စားဆုံးက နဂါးတွေပဲလေ။ တောက်တဲ့မတို့ တစ်အိမ်သားလုံးလည်း စိတ်ဝင်စားကြသပေါ့။ ဇာတ်လမ်းစတာကတော့ ရန်ကုန်မြစ်ထဲက ဓမ္မ စေတီခေါင်းလောင်းကြီးကို ဆယ်တာဖြစ်ပေမဲ့ ဇာတ်လမ်းရဲ့ အလယ်လောက်မှာတော့ နဂါးတွေက ခေါင်းလောင်းကို လွှမ်းသွားတော့တာပဲ။ ဇာတ်လမ်းဆုံးတော့ ဘာမှလဲမတွေ့ပါဘူး။

ခေါင်းလောင်းဆယ်တာကို သွားကြည့်ကြတဲ့ သူတွေကလည်း တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘော သွားကြတာပေါ့။ ခေါင်းလောင်းကြီး ဆယ်တင်တာ မတွေ့တောင် ခေါင်းလောင်းကို စောင့်ရှောက်နေကြတယ်ဆိုတဲ့ နဂါးတွေများ တစ်ကောင်တလေ ရေပေါ်တက်လာမလားဆိုတဲ့ မျှော်လင့်ချက်လေးပါကြတယ်။ ခေါင်းလောင်းကြီးကိုတွေ့ပြီ. . . ဆယ်ဖို့ပဲ ကျန်တော့တယ်လို့ ကြေညာချက်လည်း ထွက်ကရော တောက်တဲ့မတို့လည်း တစ်ညလုံး ကိုယ်နဲ့နီးစပ်တဲ့ဆီတွေကို ဖုန်းတွေဆက်ဆက်ပြီး မေးရတော့ပြန်တာပဲ။ ဘယ်တော့ဆယ်တင်မှာလဲ၊ ဆယ်လို့ရောရရဲ့လား၊ ရေပေါ်ရောက်ပြီလား၊ ဘယ်လိုအခြေအနေရှိပြီလဲ . . . အစရှိသည်ဖြင့် ပေါ့လေ။


ဒါပေမဲ့ မိုးသာလင်းသွားတယ် ဘာမှ ရေရေ ရာရာမသိရပါဘူး။ ခေါင်းလောင်းကြီးလည်း ပေါ်မလာသေးဘူး။ ကြေညာချက်မှာကိုက နဂါးတွေရဲ့ ခွင့်ပြုချက်ကြောင့် ခုမှကြေညာရတာ လို့ကလည်း ပါထားသေး ဆိုတော့. . . အင်း. . . ခုလည်း နဂါးတွေဆီက ခွင့်ပြုချက်ပါ မစ်ယူနေရတုန်းပဲ မို့လို့ မဆယ်သေးတာလားပေါ့။ နဂါးက ဝင်ပူးပြီးပြောတယ်ဆိုတာ တွေကလည်း ရှိလာပြန်သကိုး။ ခေါင်းလောင်းထက် နဂါးက ပိုခေတ်စား လာပြီလေ။ ဒီကြားထဲ နိုင်ငံခြားက အင်နာကွန်ဒါလို့ခေါ်တဲ့ မြွေအကြီးစား တစ် ကောင်ရေထဲ ကဖမ်းမိတဲ့ အင်တာနက်က ဓာတ်ပုံကို ရန်ကုန် မြစ်ထဲမှာ ပေါ်လာတဲ့ နဂါးဆိုပြီး ပုံမိတ္တူတွေကို တစ်ပုံတစ်ရာနဲ့ရောင်းလို့ ရဲကခေါ်တား လိုက်တယ် ဆိုလားကြားမိ ပါသေးရဲ့။ အခွင့်အရေးကို မလွှတ်တမ်း အသုံးချ တတ်တယ်ခေါ်မလား၊ စီးပွားရေး လာဘ်မြင်တယ်ပဲပြောရမလား ပေါ့နော်။

ဘယ်လိုပဲဖြစ်ဖြစ် လူတကာပါးစပ်ဖျားမှာ နဂါးတွေဟာ လှောင်စရာ၊ ပြောင်စရာ တစ်ခုလို ဖြစ်လာတာကိုတော့ စိတ်မကောင်း မိတာအမှန်ပဲ။ စာနဲ့ ရေးပြီး လှောင်ပြောင်တဲ့သူနဲ့၊ ကာတွန်းရေးပြီး လှောင်ပြောင်တဲ့သူနဲ့ စုံလို့ပါပဲလေ။ ခေါင်းလောင်း

သာမတွေ့တာ နဂါးတွေကတော့ လှောင်စရာပြောင်စရာကိုဖြစ်လို့။ နဂါးစာပေလဲမနေရ။ နဂါးဆေးပြင်းလိပ်လဲမနေရ။ နားရွက်ကားတဲ့သူလဲမချန်။ ဖြစ်နေကြပုံများ. . . .။ဒါကတော့ ခေါင်းလောင်းဖော်တာကို ရိုးရိုးမဖော်ဘဲ လက်ဆုပ်လက်ကိုင်ပြလို့မရတဲ့ နဂါးတွေကို ဖြစ်ရပ်ထဲ ဆွဲထည့်ကြသူတွေရဲ့ တာဝန်ကတော့ အင်မတန် ကြီးသွားပါပြီ။ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဟောကြားချက်တွေမှာ နဂါးဆိုတာ ရှိတယ်လို့လည်း အခိုင်အမာ ပါထားပြန်သေးသကိုး။ ဒီတော့ကာ ကံ-ကံ၏ အကျိုးအရ ကိုယ့်တာဝန် ကိုယ်ယူကြရတော့မှာ ပါပဲ။

သို့သော်လည်းပေါ့လေ. . . သူတို့နောက်တာ ပြောင်တာတွေက ရယ်စရာလည်း အလွန်ကောင်းနေပြန်တော့ အဲဒါတွေကြည့်ပြီး လူတိုင်းရယ်မိကြမှာ သေချာပါတယ်။

အစ်ကိုဖြစ်တဲ့ တောက်တီးကတော့ "သူ့ဟာသူ တကယ်ဟုတ်တာမဟုတ်တာက သူ့ကိစ္စ။ ခေါင်းလောင်း မတွေ့တာကလဲ သူ့ကိစ္စ။ အအဒါပေမဲ့ သူတို့ လုပ်တာကြောင့် ငါ့မှာ အနောက်အပြောင်ခံ ရမှာစိုးလို့ စနေသားဖြစ်တာကိုတောင် ရဲရဲ မပြောရဲဘူး" တဲ့လေ။ ကဲ . . .။



## အအေးပတ်တာပဲ အဖတ်တင်မယ်

မောင်တောက်တီးတစ်ယောက် ကော်ဖီဆိုင်တစ်ဆိုင်ရောက်။ သူငယ်ချင်းများကို စောင့်နေ။ ကျောချင်းကပ်လျက်စားပွဲတွင် အမျိုးသမီးကြီးတစ်ဦးက ကောင်မလေးတစ်ဦးကို ဆုံးမနေသံများကြားရ။

"သမီးရယ် ညည်းတို့မလည်း အရွယ်ရောက်တာနဲ့ မော်ဒယ်လုပ်ချင်ကြရတာနဲ့၊ မယ်ဝင်ပြိုင်ချင်ကြရတာနဲ့။ ငတို့ခေတ်တုန်းကလည်း မယ်ပြိုင်ပွဲတွေ ရှိပါတယ်ဟယ်။ ဒါပေမဲ့ ညည်းတို့လို ရူစိတက်ပြီး လုပ်ချင်နေကြတာ မဟုတ်ပါဘူး။ ကာယအလှ ဝါသနာ ပါသူတွေသာ ဝင်ပြိုင်ကြတာပါ။

ခုခေတ်ကျမှအေ. . . မိန်းကလေးငယ်ငယ်ပိန်ပိန် အတော်များများ ဒီမော်ဒယ်ပဲ လုပ်ချင်နေကြတယ်။ ဒီမယ်ပဲ ဝင်ပြိုင်ချင်နေကြတယ်။


ဘယ့်နှယ်မပြောတတ်ပါဘူး။ နာမည်မကြီးခင်မှာလည်း ဟိုအန္တရာယ်ကို ကြောက်ရ၊ ဒီအန္တရာယ်ကိုကြောက်ရ၊ စားနေကျကြောင်ဖား တွေကိုကြောက်ရ၊ ကြောင်ဖားနောက်ဆွဲတွေကို ကြောက်ရ။ နာမည်ကြီးလာပြန်တော့လည်း သတိထားရနဲ့အေ။ ထစ်ခနဲရှိ ညည်းတို့ ဖေ့စဘုတ်ဆိုတာကြီးကလည်း အင်မတန် အပုပ်ချပြန်ဆိုတော့ အဲဒီဖေ့စဘုတ်မှာ နာမည်မပျက်ရေးကိုပါ သတိထားရပြန်ရော။ ဟိုတစ်လောကလည်း ဟိုကောင် မလေးမယ်ဝင်ပြိုင်ခါနီး ဟိုအဘိုးကြီးမြေးနဲ့ နူတ် ဆက်မိလို့ဆိုပြီး အရေးမပါတာကို ရေးကြီးခွင်ကျယ်လုပ်ပြီး အကြီးအကျယ်ပြောကြဆိုကြ သေးမဟုတ်လား။ ခုရောဘာထူးလို့လဲ။

ဟိုကောင်မလေးကို သရဖူပေးတုန်းကပေးပြီးတော့ ပြန်သိမ်းလိုသိမ်း။ ဒီဘက်ကလည်း မနေသာတော့ အကြောင်းစုံကို အထုပ်ဖြည်ပြရ။ ဟိုဘက် ကလည်း ဖေ့စဘုတ်မှာ ဘာတင်ညာတင်။ သတင်းစာတွေ ဂျာနယ်တွေက လည်း ဟိုဘက်က လိုလို ဒီဘက်ကလိုလိုနဲ့ရေးကြ။ အသက်မပြည့်တာ တွေရော၊ ရင်သားခွဲစိတ်ခိုင်းတယ်ဆိုတာတွေရော၊ ဆယ်ဒေါ်လာတန် ဘရာစီယာဝယ်ဖို့ ပိုက်ဆံချေးတယ် ဆိုတာတွေရော၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အဖော်အဖြစ်နေခိုင်းတယ်ဆိုတာတွေရော အေ. . . ရှုပ်နေတာပဲ။ ဖေ့စဘုတ်မှာက လည်း အမျိုးသားရေးလိုလို ဘာလိုလို ဟိုဘက်က မြှောက်ပေးသလိုလို ဒီဘက်ကို မြှောက်ပေးသလိုလိုနဲ့ ဟာတွေကရှိသေး။ ကြားနေရတာတွေက ငါဖြင့် နားကိုမလည်တော့ပါဘူးအေ။ ငတို့ခေတ်က ဒါမျိုးတွေ မကြားဖူးပါဘူး။အေးအေးနေပါဟယ်။ တော်ကြာ အဲယားကွန်းအခန်း ကြီးထဲမှာ အတိုအပြတ်လေးတွေ ဝတ်ပြီး ခဏခဏ ကိုယ်ဟန်ပြရတာကြောင့် အအေးပတ်တာပဲ အဖတ်တင်နေတတ်လိမ့်မယ်"

အဲသမှာ ကောင်မလေး ပြန်ပြောလိုက်ပုံက "အဲဒီလိုပြဿနာတွေ မဖြစ်ရအောင် ပြိုင်ပွဲ Organization ကို ဖေဖေက ထောင်၊ မေမေက National Director လုပ်၊ သမီးက သရဖူ ပြန်မအပ်ရအောင် ကြိုးစားမယ်၊ အပ်ရရင်လည်း လျော်ပေးနိုင်တဲ့ ဘဲတစ်ကောင်ရှာထားမှာပေါ့" တဲ့ဗျာ. . .။




ဒေါက်တာ ကျွန်တော့်မိန်းမ
ကလေးမွေးတော့ မယ်ထင်တယ်။
သူ့အခုစက္ကန့် ၃၀လောက်ခြားပြီးပဲ ဗျစ်တောက်
ဗျစ်တောက်လုပ်နိုင်တော့တယ်။




မိန်းမရေ နောက်ထပ် ကလေးထပ်မယူကြနဲ့စို့။



အဲဒါကျွန်မယောကျ်ားရဲ့ ကွန်ဒုံးလေ။

# facebook

# *Funny Page*














# FUNNY PHOTO


မင်းကိုဆေးလိပ်တွေ မသောက်ပါနဲ့လို့ ငါပြောသားပဲ



မိန်းမဆိုတာ


မင်းကြည့်ရတာပိန်လိုက်တာကွာ
အကွာရာအညွှန်းတွေ ထုတ်လိုက်ရတယ်လေ
© 2009 Sardonic Salad


ကိုယ့်ဘဝကိုယ်မုန်းလိုက်တာ
မမုန်းပါနဲ့ ဘဝက နေပျော်စရာကောင်းပါတယ်
အင်းလေ... အနည်းဆုံးတော့ ရာသီဥတုက သာယာသေးတာပဲ
ဟီး နောက်တာ


သား... အဖေ့ကို Facebookမှာ Friend အဖြစ် လက်ခံပေးကွာ
Sorry ဖေဖေ... သား Facebook မှာ မိသားစုတွေလက်မခံဘူး


ဖုန်းအားကုန်မှာ တော့မပူရ တော့ဘူး..အဝိုင်းလေး လည်နေတာရပ်ဖို့ ပဲလိုတော့တယ်...


CEO
Manager
Staff
Fun2Video.com


red SQUARE
red
SQUARE
RED
ICE
red ice
red
SQUARE
ABC
@RedSquareMyanmar

# LIVOLIN FORTE အသည်းအားဆေးဖြင့် ဆဲလ်များပျက်စီးခြင်းကိုကာကွယ်ပေးနိုင်






အရက်သာမက အဆီနှင့်အငန်စားသုံးမှု လွန်ကဲခြင်းများကလည်း အသည်းကို ဖျက်ဆီးစေနိုင်သဖြင့် အသည်းကျန်းမာရေးအတွက် အားဆေး သောက်သုံးရန်လိုအပ်သည်။ Livolin Forte သည် အသည်းဆဲလ်များ လိုအပ်သော အာဟာရများပါဝင်သော အားဆေးဖြစ်သည်။ အသည်းဆဲလ်များ၏ လုပ်ငန်းဆောင်တာများကိုကောင်းမွန်စေပြီး ပျက်စီးသွားသောဆဲလ်များကိုလည်း ပြန်လည်ပြုပြင် တည်ဆောက်ပေးနိုင်ကြောင်း သိရသည်။

# Revlon ချစ်သူများအတွက် စီစဉ်ကျင်းပသော COLORSTAY



Revlon ကိုစဉ်ဆက်မပြတ်အားပေးကြသော Exclusive Customer များအားကျေးဇူးတုံ့ပြန်သောအားဖြင့် ပြုလုပ်သော Revlon Colorstayပွဲကို ဩဂုတ်လ ၁၈ရက်နေ့က ရွှေဂုံတိုင် Ocean Promotion Area တွင် ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် Revlon New Product များကိုလည်း ရှင်းလင်းပြသကာ ပွဲတက်ရောက်လာသူများနှင့် ဝယ်ယူအားပေးသူများကို မိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။









# River Ayeyarwaddy တွင်ငြိမ်းချမ်းရေးအတွက် For the Peace Exhibition ပြပွဲကျင်းပ







အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် For the Peace Exhibition "ငြိမ်းချမ်းရေးအတွက်" ပြပွဲတစ်ရပ်ကို River Ayeyarwaddy တွင် စက်တင်ဘာလ ၁၃ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပြပွဲတွင် ပန်းချီဆရာ ၇၀ ကျော်တို့၏ပန်းချီကားများ၊ အင်စတော်လေးရှင်း၊ ပါဖောမန့်များ ပြသခဲ့ကြပြီးဖွင့်ပွဲနေ့တွင် အဆိုပါ ပြပွဲကိုစက်တင်ဘာလ ၁၃ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပပြုမည်ဖြစ်ပြီး ပြပွဲမှ လေလံတင်ရောင်းချ ရရှိသောငွေများကို ကချင်နှင့်ရှမ်းပြည်နယ်များရှိ စစ်ရှောင်ပြည်သူများ အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

# ယွန်းနဒီလွင်မိုးရဲ့၁၂နှစ်ပြည့်မွေးနေ့အလှူ





အကယ်ဒမီလွင်မိုးနှင့် မမေသူတို့၏သမီးငယ်ဖြစ်ပြီး ယွန်းဝတီလွင်မိုး၏ ညီမဖြစ်သူ ယွန်းနဒီလွင်မိုး၏ စက်တင်ဘာလ ၄ရက်နေ့တွင် ကျရောက်မည့် ၁၂ နှစ်ပြည့်မွေးနေ့အတွက် အလှူဒါနပွဲကိုစက်တင်ဘာလ ၆ရက်နေ့ နံနက် ၁၀ နာရီက ထောက်ကြံ့ရှိ မေတ္တာနန္ဒပရဟိတကျောင်းတိုက်တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။ အဆိုပါဒါနပွဲတွင် နံနက်ပိုင်း၌ သံဃာတော်များအား ဆွမ်းဆက်ကပ်ပြီးလှူဖွယ်ပစ္စည်းများကိုလည်း လှူဒါန်းကာ မွေးနေ့ရှင် ယွန်းနဒီလွင်မိုး ကိုယ်တိုင်ကိုယ်ကျ ဆွမ်းလောင်းလှူ ကုသိုလ်ယူခဲ့ပြန်သေးသည်။ ယွန်းနဒီလွင်မိုးကသူပိုင်ဆိုင်သော အရုပ်ကလေးများကို ကလေးငယ်များအား ဝမ်းသာပျော်ရွှင်စွာလှူဒါန်းခဲ့သည်ဟု သိရသည်။

# Hiruscar ချစ်သူများတွေ့ဆုံပွဲကျင်းပ




Hiruscar ချစ်သူများ တွေ့ဆုံပွဲအခမ်းအနားအစီအစဉ်တစ်ရပ်ကို ဩဂုတ်လ ၂၇ရက်ညနေ ၄နာရီခွဲက junction square တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် Life & Dance dancer group က အကဖြင့် ဖျော်ဖြေခဲ့ပြီး Talents &Model Agency မှ မော်ဒယ်လေးများက Product Road Show ကို တင်ဆက်ခဲ့ကြသည်။ Hiruscarချစ်သူများ တွေ့ဆုံပွဲတွင် Hiruscar Product နှင့် ပတ်သက်သော မေးခွန်းများကို မေးမြန်းပြီး အဖြေမှန်သူများအား ဆုလက်ဆောင်များချီးမြှင့်ခြင်း၊ Hiruscar Brand Colour ဝတ်ဆင်လာသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်း အစီအစဉ်များ ပါဝင်ကြောင်းသိရသည်။

# အကောင်းဆုံးနေထိုင်မှုဘဝကို ရရှိစေရန် ကြယ်စင်မြို့တော်က ဖန်တီးပေးနေ





ခမ်းနားသည့်အိမ်ဂေဟာကို မိသားစုအတွက် ဆောင်ကြဉ်းပေးလိုသော အိမ်ထောင်ဦးစီးများအတွက် စိတ်ဝင်စားဖွယ်ရာသတင်းတစ်ရပ်ကို ကြယ်စင်မြို့တော်၏ ဝက်ဘ်ဆိုက်ဖြစ်သော http://starcityyangon.com/myanmar/index.html တွင် ရှာဖွေဖတ်ရှုနိုင်ပြီဖြစ်သည်။ ကြယ်စင်မြို့တော်သည် ရန်ကုန်မြို့တစ်ဖက်ကမ်းဖြစ်သော သန်လျင်တွင် တည်ရှိပြီး မျှားမကြာလှသည့် အနာဂတ်တွင် မြန်မာနိုင်ငံ၏ အကောင်းဆုံး လူနေထိုင်မှုဝန်းကျင် တစ်ခုဖြစ်လာရန် တည်ဆောက်လျက်ရှိသည်။ ကြယ်စင်မြို့တော်တွင် စိမ်းလန်းသောဥယျာဉ်မြေများ၊ ရေပြင်ကျယ်ရှုခင်းများ တည်ရှိမည်ဖြစ်ပြီး အေးချမ်းဆိတ်ငြိမ်သော လူနေမှုဘဝကို ရရှိနိုင်မည်ဖြစ်သည်။ ကြယ်စင်မြို့တော်သည် ကိုးကျင်းပါ စကော့တလန်ပုံစံ Pun Hlaing ဂေါက်ကွင်းနှင့် တစ်ဆက်တည်း ထိစပ်လျက်ရှိပြီး ပတ်ဝန်းကျင်တွင် ပဲခူးမြစ်၊ စိမ်းလန်းသော မြက်ခင်းများ၊ အေးမြသောအသိုက်အဝန်း၊ စိတ်လှုပ်ရှားပျော်ရွှင်စရာ အပန်းဖြေနေရာများနှင့်အတူ ရွှေတိဂုံစေတီတော်ကိုပါ အဝေးမှ ဖူးမြော်နိုင်သည့် မြင်ကွင်းများပိုင်ဆိုင်နိုင်စေရန် ဆောင်ရွက်ထားသည်။ အဆိုပါ အဆင့်မြင့်လူနေဝန်းကျင်သည် အိပ်ခန်း ၁ ခန်းမှ ၄ ခန်းအထိ စတုရန်းပေ ၆၄၂ မှ ၃၃၇၄ပေအထိ တိုက်ခန်းများ၊ စတုရန်းပေ ၉၃၇မှ ၂၅၁၂ ပေအထိ တိုက်ခန်းများစကာ ခမ်းနားသောဒီဇိုင်းများဖြင့် အဆင့်မြင့်လူနေအိမ်များကို ရောင်းချပေးနေသကဲ့သို့ ငှားရမ်းလိုသူများအတွက်လည်း ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းသိရသည်။

# Mercedes Benz ၏မျိုးဆက်သစ် The New C-Class ကို မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်









မာစီဒီးဘန်ဇ်၏ မျိုးဆက်သစ် Mercedes Benz The New C-Class အမျိုးအစားကို မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်ခြင်းအခမ်းအနားကို စက်တင်ဘာလ ၁၂ ရက်က ဆီဒိုးနားဟိုတယ်၊ ရန်ကုန်တွင် ကျင်းပပြုလုပ်ခဲ့သည်။ C-Class အမျိုးအစား မျိုးဆက်သစ်ကို စတင်မိတ်ဆက်သည့်အနေဖြင့် စက်တင်ဘာလကုန်အထိ Mercedes Benz The New C-Class ကားများကို ဝယ်ယူသူတိုင်းကို USD 2000 တန်ဖိုးရှိသော Gift Voucher များ ပေးအပ်သွားမည် ဖြစ်သည်။ ယခုအသစ်မိတ်ဆက်ပေးလိုက်သည့် မာစီဒီး ဘန့်ဇ် C-Class အမျိုးအစားသည် ယခင် မာစီဒီးဘန့်ဇ်များထက် ခေတ်မီစတိုင်ကျပြီး ပိုမိုလျင်မြန်သော အားသာချက်များရှိကြောင်း သိရသည်။

# ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း HPA က မန္တလေးတိုင်းဒေသကြီးနှင့် မော်လမြိုင်မြို့ရှိ အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပခြင်းနှင့် သင်တန်းသားများအား အခမဲ့ပညာဒါနမျှဝေခြင်း




ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း Hari Professional Association (HPA) သည် ဩဂုတ်လက အသင်းအမှုဆောင်ကော်မတီဝင်များနှင့် မန္တလေး၊ ပြင်ဦးလွင်၊ မော်လမြိုင်မြို့တို့မှ အသင်းဝင်များနှင့်တွေ့ဆုံခဲ့ကာ အသင်းဝင်များအချင်းချင်း ပညာဖလှယ်မည့်အကြောင်းအရာများ၊ ပြည်တွင်းပြည်ပရှိ နည်းပြဆရာများဖြင့် သင်တန်းပေးကာ မြန်မာ့ဆံပင်လောကကို အဆင့်မြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။ အဆိုပါ HPA အသင်းမှ နည်းပြဆရာဒေါ်မိမိခိုင်က ၂၅ ရက်နေ့တွင် အနောက်ရွှေဂုံတိုင်လမ်းရှိ ယုဇနဟိုတယ်၌ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများအား ဆံပင်ညှပ်နည်း အထောက်အကူပြု အကြိုသင်တန်းနှင့် ဆံပင်ဆေးဆိုးနည်း သင်တန်း ပညာဒါနပြုသင်ကြားခဲ့ကြောင်းသိရသည်။

# Rock ဂီတသမားများစွာပါဝင်ဖျော်ဖြေမည့် Night of Light ဂီတဖျော်ဖြေပွဲ




Nine Planets Entertainment မှ စီစဉ်ကျင်းပမည့် Emperor Tribute ဂီတဖျော်ဖြေပွဲကို နိုဝင်ဘာလ ၆ လရက်နေ့တွင် ကျင်းပပြုလုပ်မည့်အကြောင်း စာနယ်ဇင်းအသိပေးပွဲကို စက်တင်ဘာလ ၈ ရက်၊ မွန်းလွဲ ၁ နာရီက Park Royal ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါဖျော်ဖြေပွဲသည် Emperor တီးဝိုင်းကို ဂုဏ်ပြုခြင်းနှင့်အတူ Rock သူရဲကောင်းများကို ဂုဏ်ပြုကာ ဖျော်ဖြေကြရန် စီစဉ်ကြခြင်းဖြစ်သည်။ Night of Light ဂီတဖျော်ဖြေပွဲတွင် မြန်မာ့ဂီတလောကမှ Underground Rock အဖွဲ့ပေါင်း ၁၈ ဖွဲ့ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။